www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၂၂၇/ ၂၀၀၁ (၃)
မျက်နှာဖုံးခွင့်ပြုချက် ၂၀၉/ ၂၀၀၁ (၃)

၂၀၀၁ ခုနှစ် မတ်လ
အုပ်ရေ ၅၀၀

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

**ထုတ်ဝေသူ**
ဒေါ်ရွှေအိမ် (တိုင်းလင်းစာပေ)
၈/၆၅၊ အောင်သိဒ္ဓိလမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်။

**အတွင်းပုံနှိပ်သူ**
ဦးမြတ်ကျော် (မြတ်ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၁၇၊ လမ်း ၃၀၊ ပန်းဘဲတန်း။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

**ကွန်ပျူတာ**
Trsan City

# သို့ချစ်ပြင်းသော




# ချစ်ခြင်း၏ခြေရင်း၌

မူညခင်

www.burmeseclassic.com

www.burmeseclassic.com

## "ဒို့တာဝန်အရေးသုံးပါး"

ည်ထောင်စုမပြိုကွဲရေး ဒို့အရေး
ိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
ချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## "ပြည်သူ့သဘောထား"

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC .com

ချစ်ခြင်းဆိုသည်မှာ . . . လွန်စွာ ကောက်ကွေ့တတ်သော . . ဆန်းကြယ်နက်နဲတတ်သော . . ၊ တစ်ခါတစ်ရံတွင် . . . မထင်မှတ်သော တစ်ထောင့်တစ်နေရာမှ ဘွားခနဲပေါ်လာတတ်ပြီး . . . တစ်ခါတစ်ရံ . . . မထင်မှတ်ဘဲလည်း ငုပ်လျှိုးပျောက်ကွယ်သွားတတ်သော . . . ၊ တည်ငြိမ်လျှင်လည်း အင်မတန် ခိုင်ခိုင်မတ်မတ် ရှိနေတတ်ပြီး . . . ဘာမဟုတ်တာကလေးနှင့်လည်း ယိမ်းယိုင်ပြိုလဲသွားတတ်သော သဘောသဘာဝများကို ပိုင်ဆိုင်ထားသည့် မာယာရှင်တစ်မျိုးဖြစ်ကြောင်းကို . . . သဒ္ဓါရုံရော သင့်သွေးပါ ဘယ်တုန်းကမှ . . . ကြုံတွေ့ မစဉ်း စားခဲ့မိတာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သဒ္ဒါရုံ

ဆံပင်နက်နက် လက်လက်ကလေးတွေကို အလယ်မှခွဲကာ၊ နားရွက်နှစ်ဖက်တွင် ဖိညှပ်ထားသဖြင့် ဘဲဥပုံမျက်နှာကျကလေး ထင်းထင်းပေါ်လွင်လျက်၊ ဆံပင်တိုစ တစ်စစာလေပင် ဝဲကျမနေသော နဖူးပြင်ထက်မှာ ... ဆံဦးစွန်း ဗွေရစ်ကလေးရှိနေသေးသော သဒ္ဒါရုံ မျက်နှာကလေးကို ... ဘယ်လိုလူမျိုးကမှ မလှဘူးဟု ငြင်းဆန်နိုင်မည်မထင်ပါ။ ပခုံးအောက်ရောက်နေသော ဆံပင်ကလေးများ ကော့ကော့ ပျံ့ပျံ့ ရှိနေတာတော်ပြီး၊ မျက်ခုံးမွေးတစ်ပင်တန်း ကလေးအောက်မှ ... မျက်ဝန်းဝိုင်းဝိုင်းကလေးတွေက ကလေးတစ်ယောက်လို အပြစ်ကင်းစင်ပါသည်။ ပြီးတော့ ... ပေမီဒေါက်မီအရပ်နှင့် အချိုးအစားကျနသော ခန္ဓာကိုယ်ကို ပင်ပင်ပန်းပန်း လေ့ကျင့်မယူရဘဲ ပိုင်ဆိုင်ခွင့်ရ ထားတာပါ ... ဘယ်လောက် ကံထူးထားသလဲ၊ အသားအရည်ကျတော့ အနောက်တိုင်းသူလို ဖြူဆွတ်ဆွတ် နီစပ်စပ်မဟုတ်ဘဲ ... မြန်မာပီပီ ဝင်းဝင်းဝါဝါကလေး ဖြစ်နေသည်။

အဲ့ဒီလောက်လှသည့် မိန်းကလေးက ... ကလေးဘဝမှစကာ ယောကျ်ားတစ်ယောက်ကို နက်နက်နဲနဲ မုန်းတီးရန်လို့ဖို့အတွက် အမုန်းကို ပိုးမွေးသလို မွေးယူလာခဲ့သူဟုဆိုလျှင် ... အလွယ်တကူ ယုံကြည်နိုင်မည့်သူ ရှားလိမ့်မည်။ သို့သော် ... သူမကတော့ သူမအင်မတန် သနားချစ်ခင်ရသော သူမရဲ့ ဦးဦးငယ်က ...



"သူ့ကို သေသေချာချာကြည့်စမ်း မိရုံ ... အဲ့ဒီ ကောင်က လေးဟာ 'သင့်သွေး' တဲ့၊ သူ့ကို ရုံမုန်းရမယ်၊ သူ့ကို ထိခိုက်နာကျင်သွားအောင် အကြိမ်ကြိမ် အရှက်တကွဲဖြစ်အောင် သမီးစွမ်းဆောင်နိုင်ရမယ်"

ဟု ... ပြောခဲ့စဉ်ကတည်းက ဆတ်ခနဲခေါင်းညိတ်ကာ "ဟုတ်ကဲ့ ဦးဦးငယ် ... စိတ်ချ၊ ရုံ သူ့ကိုမုန်းမယ်၊ အရှက်တကွဲဖြစ်အောင်လည်း လုပ်မယ်"ဟု မဆိုင်းမတွ ကတိပေးခဲ့ပြီးဖြစ်သည်။

သူမ သိပ်ချစ်သော ... သနားစိတ်ကဲရသော ဦးဦးငယ်ရဲ့ စကားကို သူမ ဘယ်တော့မှ ဆန့်ကျင်လိမ့်မည် မဟုတ်ပါ။ အဲဒီအချိန်ကတည်းက ဦးဦးငယ်ပြသည့် ကောင်ကလေးကို မှုန်ကုပ်ကုပ်စိုက်ကြည့်လိုက်ပြီး ချက်ချင်းပင် မျက်မုန်းကျိုးသွားရခြင်းက ဦးဦးငယ်ရဲ့အမိန့်ကို နာခံပြလိုက်ခြင်း၏ သက်သေပဲဖြစ်သည်။

ရုံ ... သင့်သွေးကို သိပ်မုန်းပါသည်။



**သိန်းမင်း စာပေ**

www.burmeseclassic.com

www.burmeseclassic.com



## သင့်သွေး

လူကြီးတော်တော်များများဟာ . . . နေရာတော်တော်များများမှာ လူငယ်တွေရဲ့ လွတ်လပ်ခွင့်ကို . . . အဓိပ္ပာယ်မဲ့ ပိတ်ဆို့ထားဆီး တတ်ပြီ၊ သူတို့အလိုပြည့်အောင်လည်း . . . အတင်းအကျပ် ဆုံးမညွှန်ပြ တတ်တာ အတော့်ကိုဆိုးရွားသည်ဟုတွေးကာ သင့်သွေးက . . . လူကြီး တွေစကားကို ဘယ်တော့မှအလွယ်တကူ နားခံလေ့မရှိခဲ့ပါ။ တချို့လူ ကြီးတွေဟာ . . . သူတို့အတ္တတွေကိုပဲ ရှေ့တန်းတင်တတ်ကြပါသည် ဥပမာ . . . သင့်သွေးရဲ့ဒက်ဒီကို ကြည့်ပါ။

"ဟော့ကောင်သင့်သွေး . . . မင်းဆံပင်မွေးတွေက နီကြောင် ကြောင်နဲ့ ငါနည်းနည်းမှ ကြည့်လို့မရဘူးနော် . . . စည်သူလွင် ဆံပင်ဆေးဆိုးတိုင်း မင်းက ဘာအတုခိုးတာလဲ . . . ဟိုက သီချင်းဆိုရင် ပိုက်ဆံရတဲ့စည်သူလွင် . . . မင်းကလမ်းဘေး အုတ်ခုံမှာ ဘယ်လောက်ကုန်းအော်အော် . . . ပိုက်ဆံတစ်ပြား မှမရတဲ့ သင့်သွေး၊ တခြားစီပဲ . . . သူများယောင်တိုင်း လိုက် ယောင်မနေနဲ့ . . . အလကားကောင်"

ကဲ . . . အဲ့ဒါကိုပဲကြည့်ပါ။ လူကြီးတွေရဲ့လူငယ်တွေအပေ နားမလည်နိုင်ခြင်းဟာ စိတ်ပျက်ဖို့ကောင်းအောင်ဆိုးပါသည်။ အလယ်





မှာ အဲဒီလို သတ်မှတ်ထားစမ်း၊ မင်း . . သဒ္ဒါရုံကို ခါးခါးသီးသီး မုန်းရမယ်၊ အဲဒါ ငါ့အမိန့်ပဲ . . . အေး . . . ဒါပေမဲ့ အပြင်ပန်း မှာတော့ ချစ်ချင်ယောင်ဆောင်ရမယ် . . . ပြီးတော့ သူ့ အသည်းကိုလည်း ခွဲရဦးမယ် . . . မင်းမုန်းတာကို သူမသိ အောင် ဖုံးဖိထားနိုင်ရမယ်။"

သူ ရှစ်နှစ်သားလောက်က ဒက်ဒီကပြောခဲ့တော့ . . . သူက မှုန်ကုပ်ကုပ်နှင့် ဒက်ဒီရှေ့မှ ချာခနဲလှည့်ထွက်လာခဲ့ဖူးတာကို သတိရ နေသေးသည်။ ဒက်ဒီက မုန်းခိုင်းရုံနှင့် ဘာမသိဘာမသိ မုန်းပစ်လိုက်ရ မှာ . . . တယ်လောက်ကြောင်သလဲ . . . သို့သော် . . . သဒ္ဒါရုံဆိုသည့် ခပ်ကြောင်ကြောင် ကောင်မလေးကတော့ သူ့ဒေါသကို ဆွသည့်အလုပ် တော်တော်များများကို လုပ်ခဲ့သည်မှာ . . . ခုချိန်ထိဖြစ်သည်။

ဒါကြောင့်ပဲ . . . ဒယ်ဒီ့စကားကို မနားခံလိုသောသူသည် သဒ္ဒါရုံ ကို တဖြည်းဖြည်းမျက်မုန်းကျိုးလာသည်။ သူ့ကို အကြိမ်ကြိမ် အသား လွတ် ရန်စတတ်သည့် သဒ္ဒါရုံကို သူ . . . အင်မတန်မုန်းခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရဲ့ အပေါ်ယံကလေး … ဆေးပါးပါးဆိုးထားတာ … စည်သူလွှင် မပေါ်ခင် ပဝေသဏီကတည်းက ဖြစ်သည်။ သို့သော် … ဒါကို ဒယ်ဒီက သေချာမတွေးဘဲ သူ့ကို အပြစ်တင်ချင်ဇောကပ်ကာ ပူပူမွှမ်မွှမ် လုပ်ဂနေလေသည်။

တကယ်တော့ … သင့်သွေးသည် ခေတ်ရေစီးကြောင်းနှင့် အမီလိုက်နေသည့် လူငယ်လေးတစ်ယောက်ဖြစ်သည်။ နားပေါက်ဖောက်၊ နားကွင်းဝတ်ရဲသည်အထိ သူကမလွန်ကဲ၊ သို့သော် ဆံပင်ဆိုးတား၊ အရှည်ထားတာလောက်ကိုတော့ ရှက်စရာဟု သူမထင်ပါ။ ဆံပင်တလှုပ်လှုပ် … အရပ်မြင့်မြင့် ကျစ်ကျစ်လျစ်လျစ်နှင့် ကြည့်ကောင်းသော သူ့ကို … ကောင်မလေးတော်တော်များများက … "အမိုက်စားလေး" ဟု တီးတိုးသတင်းပေး … ရင်ခုန်ကြသော်လည်း ဒက်ဒီကတော့ … သူ့ရဲ့ရေပန်းစားမှုကို မနာလိုမရှုဆိတ်နိုင်ပုံရသည်။ ဒက်ဒီငယ်ငယ်က … သူ့လို မထင်ရှားဘဲ ခပ်ငုပ်ငုပ်ရှိခဲ့သည် ထင်ပါရဲ့ …။

အဲဒီလိုမျိုး … အပြောအဆို မတတ်သော အရှည်အချင်းမျိုးကို ပိုင်ဆိုင်ကာ သွေးအေးအေးနှင့် တစ်ဖက်သားအပေါ် ညစ်တတ်သော ဒက်ဒီက …

"တွေ့တယ်မဟုတ်လား … ဟိုဘက်ခြံက ကောင်မလေးကို ခုကတည်းက ဒီလောက်ချစ်ဖို့ကောင်းနေတာ ကြီးလာရင် သိပ်လှလာမှာ၊ အဲဒီကောင်မလေးဟာ မင်းရဲ့ရှန်သူ၊ မင်းစိတ်ထဲ





အခန်း ( ၁ )

ရှဲ့ သေသေချာချာမှတ်မိနေသည်။ ရှဲ့ ရင်ထဲကို အမုန်းဆုံးပင်တစ်ချောင်း ဦးဦးငယ်ထည့်ပေးလိုက်သော ထို တစ်နေ့ကို ရှဲ့ဘယ်တော့မှ မမေ့ပါ။ ထိုနေ့က … ရာသီဥတု မသာမယာ၊ မှတ်စိုထိုင်းမှိုင်းနေတာကိုပင် ရှဲ့က မှတ်မိနေသည်။

မိုးဖွဲဖွဲကလေးတွေကျလာစဉ် ရှဲ့က ခြံထဲတွင်ရှိနေသော ဦးဦးငယ်ကိုသတိရကာ ခြံထဲသွားရန် ကွင်းထိုးကြိုးသိုင်းဖိနပ်ကလေးကို စီးနေဆဲတွင် …

"ရှဲ့ … မိရှဲ့"

ဟူသော ဦးဦးငယ်ရဲ့ လေသံထန်ထန်ကြီးကို ကြားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလေသံကြီးက ရှုကို ဘယ်လိုမှ စိတ်အနှောင့်အယှက် မပေးနိုင်တာတော့ သေချာပါသည်။ ရှုက ဂါဝန်ကလေး တလွင့်လွင့်နှင့် ရုံပြေးနိုင်သမျှ စွမ်းအားဖြင့် အားကုန်ပြေးထွက်လာကာ. . .

"လာပြီ ဦးဦးငယ် . . . ရှု လာနေပြီ"

"လာစမ်း . . . ဒီကို၊ မြန်မြန် . . . မြန်မြန်"

ဦးဦးငယ်က ပါးစပ်မှ အသော့ခေါ်နေသော်လည်း ရှုကို လှည့်မကြည့်ပါ။ တစ်ဖက်ခြံသို့သာ မျက်စေ့မျက်နှာမလွှဲ စူးစိုက်ကြည့်ရင်း သူ့ဘီးတပ်ကုလားထိုင်ကို သူ့ဘာသာလှိမ့်တွန်းသွားသည်။ ဦးဦးငယ်ကို ကြည့်ရတာ လွန်စွာစိတ်စောနေပုံရပါသည်။ ချောမွေ့နုပျိုဆဲဖြစ်သော ဦးဦးငယ်ဟာ မျက်မှောင်ခပ်ကျုံ့ကျုံ့နှင့် အံတင်းတင်းကြိတ်ထားတာကို ရှုက တအံ့တဩ ကြည့်မိခဲ့ပါသည်။ ဦးဦးငယ်ဘာဖြစ်နေတာလဲဆိုတာကို တွေးကြည့်လောက်သည့်အထိတော့ ရှုအသိဉာဏ်မရင့်ကျက်သေး။ ဆယ်နှစ်မပြည့်တပြည့် သဒ္ဓါရှုသည် ဘီးတပ်ကုလားထိုင်ကို သွားလိုရာ ကူတွန်းပေးရင်း . . .

"ဘာလဲ ဦးဦးငယ်၊ မိုးဖွဲတွေကျနေပြီလေ . . .။ ဦးဦးငယ်ကို စိုကုန်ပြီ၊ တော်ကြာ မေမေဆူနေဦးမယ်၊ မေမေ





က ဦးဦးငယ်ကို ငပေတဲ့၊ အစကတည်းက အပြစ်ပြောမလို့ မီးဖိုချောင်ထဲက စောင့်ချောင်းနေတာ၊ လာပါ အိမ်ထဲဝင်ရအောင်လေ"

"နေစမ်း မိရှု၊ စကားမရှည်နဲ့၊ ငါပြောတာနားထောင်စမ်း၊ ဟိုမှာ တွေ့လား . . . ဟိုဘက်ခြံထဲမှာ ဘောလုံးနဲ့ ဆော့နေတဲ့ ကောင်ကလေးဟာ အဲဒါ သင့်သွေးတဲ့ ရှုနဲ့ရွယ်တူပဲ၊ သူ့ကို ရှု မုန်းရမယ်၊ သူ့ကို ထိခိုက်နာကျင်သွားအောင်၊ အကြိမ်ကြိမ်အရှက်ကွဲအောင် သမီး စွမ်းဆောင်နိုင်ရမယ် ဦးဦးငယ်ရဲ့စကားဟာ အမြဲတမ်းအတွက်ပဲ အရွယ်ရောက်တဲ့အထိ သူ့ကို ငြိုးသူရန်ဘက်လို သမီးရဲ့ သဘောထားနိုင်ရမယ်"

ရှုက ပထမတော့ ထူးဆန်းအံ့ဩသွားကာ . . . ခြေဖျားကလေးထောက်၍ တစ်ဖက်ခြံထဲသို့ လှမ်းကြည့်သည်။ ရောင်စုံဘောလုံးကလေးကို ပုတ်ဆော့နေသော ကောင်ကလေး တစ်ယောက်။ ကြည့်ရတာ . . . ဂျစ်ကန်ကန်ကလေးဖြစ်သည်။ ရှုက ဦးဦးငယ် ဆန္ဒအတိုင်း ချက်ချင်းပင် မျက်မုန်းကျိုးသွားသည်။ ဦးဦးငယ်ကို ပြန်လှည့်ကြည့်မိတော့ ဦးဦးငယ်က မေးဆတ်ပြကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ရှဲ"

ဟု မေးသည်။ ရှဲက မဆိုင်းမတွ ခေါင်းညိတ်ကာ . . .

"ဟုတ်ကဲ့ ဦးဦးငယ်၊ စိတ်ချ ရှဲ သူ့ကို မုန်းမယ်၊ အရှက်ကွဲအောင်လည်း လုပ်မယ်"

ရှဲက . . . ရဲရဲဝံ့ဝံ့ကလေး ကတိပေးလိုက်ပါသည်။ ဦးဦးငယ်က ရှဲ့ခေါင်းကလေးကို ပုတ်ကာ . . .

"ဒီလိုမှပေါ့ ရှဲကလေးရဲ့"

ဦးဦးငယ်က ကျေကျေနပ်နပ် ပြုံးနေသည်။

"မှတ်မိအောင် ကြည့်ထားနော်"

"ဟုတ်ကဲ့ ရှဲ မှတ်မိပါတယ် . . . မျက်နှာလေး ဂျစ်ကန်ကန်နဲ့ မျက်ခုံးပေါ်မှာ မှဲ့တစ်လုံးနဲ့ . . . အသားကောင်လေး၊ မြင်ရုံနဲ့ မျက်မုန်းကျိုးတယ်"

ရှဲက . . . ခပ်ဆတ်ဆတ်ရေရွတ်တော့ ဦးဦးငယ်က သဘောကျနေသည်။ ဘာကြောင့် မုန်းနိုင်းတယ်ဆိုတာ ဦးဦးငယ် မပြော၊ ရှဲ ကလည်း မမေးပေ။ ဦးဦးငယ်က မုန်းဆိုရင်မုန်းလိုက်မှာပဲ။ ဦးဦးငယ်စကားကို ရှဲ ဘယ်တော့မှ မဆန့်ကျင်ပါ။ ဦးဦးငယ်ကို ရှဲ သိပ်ချစ်ပါသည်။ ငယ်ငယ်ရွယ်ရွယ် သနားကမားရုပ်ကလေးနှင့် ဒုက္ခိတဖြစ်ရရှာသည့် ဦးဦးငယ်ကို သနားစိတ်နှင့်





ဦးဦးငယ်က စိတ်တိုဒေါက်ငမ်းတတ်သောအခါတွင်လည်း ရှဲ ဘယ်တော့မှ စိတ်မဆိုးခဲ့မိပါ . . . ဦးဦးငယ်ကျေနပ်အောင် ရှဲက ဘာပဲမဆို လုပ်ပေးချင်သူတည်း။

"ဟို တူဝရီးတွေ . . . မိုးရေထဲမှာ ဘာလို့အိမ်ထဲ မဝင်သေးတာလဲ၊ လာစမ်း . . . လာစမ်း၊ ဝင်ခဲ့တော့ ရှဲ၊ တွန်းလို့ဖြစ်ရဲ့လား မေမေ လာရမလား"

အိမ်ဘက်မှ . . . မေ့မေ့ခေါ်သံထွက်လာသည်။

"လာပြီ . . . မေမေရေ၊ ရှဲတွန်းနိုင်ပါတယ်၊ ဦးဦးငယ်လည်း သူ့ဘာသာတွန်းနိုင်နေတာ၊ မိုးက ဒီလောက်ကြီးမရွာပါဘူး၊ ဖွဲဖွဲလေးပဲဥစ္စာ၊ ဟော . . . ဟော ပြောရင်းဆိုရင်းတောင် တိတ်သွားပြီ"

"အေး အေး ပြီးရော၊ ညည်းတို့ နှစ်ယောက်ဟာ ငါပြောရင် ဘယ်တော့မှ အသာတကြည် နားမထောင်ဘူး"

မေမေက စိတ်တိုသွားကာ အိမ်ထဲပြန်လှည့်ဝင်သွားသည်။ ရှဲက ဘီးတပ်ကုလားထိုင်ကိုလှည့်၍ အိမ်ဘက်သို့ ဦးတည်လိုက်သည်။ အဲသည့်အခိုက်မှာပင် ဦးဦးငယ်ရဲ့ ဆန္ဒကို ချက်ချင်းပြည့်ဝစေမည့် အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့ရတော့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့အသံ စူးစူးကို သင့်သွေးကြားကာ ဒီဘက်ခြံသို့ လှည့်ကြည့်လိုက်စဉ်တွင် သူ့လက်ထဲမှ ရောင်စုံလေမှုတ် ဘောလုံးကလေးမှာ ခြံပုဏ္ဏရိုက်စည်းရိုးကိုကျော်ကာ ရှုံတို့ ခြံထဲ လွင့်လာသည်။ သူက ဘောလုံးနောက်လိုက်ရင်း ခြံစည်းရိုးအစပ်ကို ရောက်လာကာ . . .

"ဟိတ် . . . ဟိတ် . . . ရှုတ် အဲဒီဘက်က ဘောလုံး ဒီဘက်ကို ပြန်ပစ်လိုက်စမ်းပါ"

"အေး အေး ရမယ် ခဏလေး"

ရှုံက ခပ်ရွှင်ရွှင်ဖြင့် ပြန်ပြောသောအခါ ဦးဦးငယ်က ရှုံ့ကို မကျေနပ်သလို ခပ်တင်းတင်းလှမ်းကြည့်သည်။ ရှုံသည် ဦးဦးငယ်ကို ဖျတ်ခနဲ မျက်စိတစ်ဖက်မှိတ်ပြခဲ့ပြီး ဘောလုံးလွင့်ကျရာ ပန်းအိုးများ နံဘေးသို့ ခုန်ဆွခုန်ဆွနှင့် ပြေးသွားသည်။ ထို့နောက် . . . ဘောလုံးကို ကောက်ကိုင်ကာ . . . လေရှူးပစ်လိုက်သည်။

"ဟာ . . . ဘာလုပ်တာလဲ၊ ပြန်ပေးလေ"

"ဘာလို့ပေးရမှာလဲ၊ ကိုယ့်ခြံထဲရောက်လာတဲ့ ပစ္စည်းကို ကိုယ့်စိတ်ကြိုက်လုပ်ပိုင်ခွင့်ရှိတယ် . . . မှတ်ထား"

"နင်တော်တော်ပုပ်စပ်ပါလား"





"အေး . . . ငါဘယ်လောက် ပုပ်စပ်တယ်ဆိုတာ နင်သိချင်သေးလား . . . ရမယ်"

ရှုံက ပန်းအိုးထဲထိုးစိုက်လျက်သား မြေဆွသည့် ခက်ရင်းခွကို သွားဆွဲယူကာ လေရှူးဘောလုံးကို မြေပေါ်ပစ်ချပြီး ခက်ရင်းခွချက်ပြီးတစ်ချက် ထိုးစိုက်ပစ်လိုက်သည်။

"ဟာ . . . ကွဲနိပါပြီ၊ အဲဒါ ငါ့မုန့်ဖိုးနဲ့ငါ ဝယ်ထားတာ"

"နင့်ဘာသာ ဘယ်လိုဝယ်ဝယ်ပေါ့ . . . ငါနဲ့ မဆိုင်ပါဘူး"

"အေး မှတ်ထား . . . ခု တစ်ကြိမ် သည်းခံလိုက်မယ်၊ နောက်တစ်ကြိမ် သည်းမခံတော့ဘူး"

"အံမယ် နင့်စကားက ကြီးကြီးကျယ်ကျယ်၊ ဟား ဟား"

ရှုံက ရှုံကြည့်ဖူးသည့် ရုပ်ရှင်တွေထဲက လူမိုက်ကြီးများ ခေါင်းမော့ကာ တဟားဟားရယ်ပြလိုက်သည်။ ကောင်လေးသူ့ဘောလုံးအပြဲအပေါက် ပြားချပ်ချပ်ကို တစ်ချက်စိုက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွားသည်။ ရှုံသည် အောင်မြင်စွာဖြင့် လက်နှစ်ဖက်ကို တဖြန်းဖြန်းရိုက်ခါကာ ဦးဦးငယ်ကို ကြည့်လိုက်သည်။ ဦးဦးငယ်က ကျေနပ်စွာပြုံးနေ‌ေသး



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ဦးဦးငယ်၊ ရှုံလုပ်ပြလိုက်တာ မိုက်တယ် မဟုတ်လား"

"မိုက်တာပေါ့ . . . ဟိုကောင် မျက်နှာကို မည်းမှုန်သွားတာပဲ၊ အဲဒီလိုပဲနော် . . . နောက်ကိုလည်း အဲဒီပုံစံအတိုင်းသာလုပ်၊ လုံးဝအလျှော့မပေးနဲ့ ကြားလား ရှုံ"

"ဟုတ် . . . ဦးဦးငယ်"

ရှုံက ဦးဦးငယ် ထောင်ဖြန့်ပေးသော လက်ဖဝါးကြီးကို ရှုံ့လက်ဖဝါးသေးသေးကလေးဖြင့် ရိုက်ကာ အောင်ပွဲခံလိုက်လေသည်။ မခံချိမခံသာဖြစ်နေပုံရသော ကောင်ကလေးမျက်နှာကို မြင်ယောင်ကြည့်တိုင်း ရှုံ့စိတ်ထဲမှာ အရသာရှိနေသည်။ အောင်ပွဲခံနေသည်။ သူ့အပေါ် အနိုင်ရချင်စိတ် . . . အရှက်ခွဲလိုစိတ်များ . . . မုန်းတီးသောစိတ်များက ထိုအချိန်ကတည်းက အစပျိုးခဲ့တာဖြစ်သည်။ ထိုအမုန်းကို ပြုစုပျိုးထောင်ပေးခဲ့သူက ရှုံ့ရဲ့ ဦးဦးငယ်ပဲ ဖြစ်သည်။

မေမေကတော့ ဦးဦးငယ်ကို သဘောမကျလှပါ။ ရှုံက အိမ်ထဲပြန်ဝင်လာတော့ ဦးဦးငယ်က ကုလားထိုင်ဘီးကို သူ ဘာသာတွန်းကာ သူ့အခန်းထဲဝင်သွားသည်၊ မေမေက ရှုံ့ အနားကပ်လာကာ ရှုံ့ကို ဦးဦးငယ်အခန်းနှင့် ဝေးရာကို ဆွဲခေ





သွားရင်း . . .

"ရှုံ . . . မေ့မေ့ကို မှန်မှန်ပြောစမ်း၊ ခုန ဟိုဘက်ခြံကို လှမ်းကြည့်ပြီး သမီးကို မင်းဒင်ဘာတွေပြောနေတာလဲ"

"ဟင် . . . ဘာပြောလို့လဲ"

"မညာနဲ့ မိရှုံ၊ မေမေမြင်တယ်နော်"

ရှုံ ဘောလုံးဖောက်ပစ်တာကို မေမေမမြင်တာဘဲ တော် သေးရဲ့ဟု ရှုံကတွေးမိပါသည်။ မေမေသာသိလျှင် ရှုံ အရိုက်ခံရဦးမည်။ မေမေက ရန်လိုတာကို မကြိုက်ပါ။

"ပြောလေ ရှုံ"

"ရှုံက ဘာပြောရမှာလဲ"

"ဟဲ့ ဘာပြောရမှာလဲ . . . ငါမေးတာကိုဖြေပေါ့ . . . ညည်းကို မင်းဒင် ဘာတွေပြောနေတာလဲ"

မေမေ စိတ်တိုလာကာလေသံထန်လာသည်။ ရှုံက မျက် တောင်တစ်ချက်နှစ်ချက်ခတ်ကာ မေမေ့ကိုမော့ကြည့်ရင်း . . .

"မေမေကလည်း ဦးဦးငယ်ကိုဆို အပြစ်ပြောဖို့ပဲ စောင့် နေတော့တာပဲ၊ ရှုံတို့ ဒီလိုပဲ ထွေရာလေးပါး ပြောနေကြ တာပဲ၊ ဘယ်သူ့အတင်းမှလည်း မပြောရပါဘူး . . . မေမေသာ ဒေါသကြီးနေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော မိရဲ့ ညည်းဟာ မင်းဒင့်လူသက်သက်ပါပဲလား။ မအေကို ဘယ်တော့မှ အကောင်းမပြောဘူး"

"ရှုံက ဦးဦးငယ်လူဖြစ်တာပေါ့ . . . ဦးဦးငယ်က ရှုံနဲ့ ချက်ခ်ထိုးတယ်၊ တီဗွီဂိန်းဆော့တယ်၊ ရှုံ့အတွက် အရုပ် လှလှလေးတွေ ဆွဲပေးတယ်၊ မေမေက အဲဒီလိုလုပ်လို့ လား"

"မေမေက မအားလို့ပါ သမီးရယ် . . ."

မေမေ့လေသံပြုန်ပျော့သွားသည်။

"အားရင်လည်း ရှုံနဲ့မဆော့ပါဘူး၊ မေမေ့ဘာသာ တက် တွင်း ထိုးနေပြီးတော့များ"

"ဩော် သမီးရယ် . . . မေမေ့မှာက အိမ်မှုကိစ္စတစ် ဖက်၊ အလုပ်ကိစ္စတစ်ဖက်နဲ့မို့လို့ပါ၊ ကဲ နောက်တစ်ခါ အားရင် မေမေသမီးနဲ့ ဆော့မယ်နော်"

မေမေက ရှုံ့ ပခုံးကိုဆုပ်ကာ နူးနူးညံ့ညံ့ ချော့မော့စကား ဆိုရင်း . . .

ဦးဦးငယ် အခန်းဘက် တစ်ချက်ကြည့်ကာ . . .

"ဒီမှာ သမီး . . . သမီးရဲ့ ဦးငယ်ဟာ မေမေ့ရဲ့ မောင် အရင်းပဲ . . . သမီးဦးငယ်ကို မေမေသိပ်ချစ်ရပါ





တယ်ကွယ်၊ ဒါပေမဲ့ မောင်လေးက ဒေါသကြီးလွန်း တယ်၊ ရန်လိုတတ်တဲ့ သမီးဦးငယ်ရဲ့စကားတွေ နားဝင် ပြီး တစ်ဖက်သားကို ရန်လိုမှာ မေမေစိုးရိမ်တယ်၊ ရန်လိုရင် ရန်မိုတယ်၊ ရန်မလိုမှ ရန်ငြိုတာ၊ သမီးရဲ့ . . . ဦးငယ်က တစ်ယောက်ယောက်ကို ရန်လိုခိုင်းရင် သမီးနားမထောင်ရဘူးနော်"

မေမေပြောနေပုံမှာ တစ်စုံတစ်ခုကို သိနေသလိုမျိုး ဖြစ်သည်။ ရန်လိုတာတွေ ရန်ငြိုတာတွေ ရှုပ်ကာ နားထွေး နေသည်။ ရှုံ သိပ်နားမလည်ပါ။ ရှုံက မေမေ့စကားကို ပြီးစလွယ် ခေါင်းညိတ်ပြလိုက်ပြီး . . .

"ရှုံကတော့ ဦးဦးငယ်ကို သိပ်စိတ်ချမ်းသာစေချင်တာပဲ၊ ဦးဦးငယ် ဒီလိုဖြစ်နေတာကိုလည်း ရှုံ သနားတယ်၊ သူ့ခမျာ သူသွားချင်ရာ မသွားရလို့ ဒေါသကြီးနေရတာ ဖြစ်မှာနော် မေမေ"

"အေး . . . အဲဒါလည်းပါတာပေါ့ကွယ်၊ ပြီးတော့ . . . ကဲ ဒါတွေသမီး နားမလည်ပါဘူးကွယ်၊ သွား ရေချိုးပြီး စာကျက်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျက်မှာပါ မေမေရဲ့ . . . ရုံ စာရမရ ဦးဦးငယ်ကို ကြည့်ခိုင်းရမယ်"

ရုံက မေမေ့ရှေ့မှ ခုန်ပေါက်ပြေးထွက်လာသည်။ ဦးဦးငယ် အခန်းရှေ့မှ အဖြတ်တွင် အခန်းတံခါးကို တစ်ချက်ပုတ်ကာ အသံအုပ်အုပ်နှင့် . . .

"ဦးဦးငယ်၊ ရုံ သင့်သွေးကို မုန်းလိုက်ပြီ သိလား"

"အေး အေး ကောင်းတယ်၊ ဪ . . . ဘယ်အထိလဲ"

"အမြဲတမ်းအထိ၊ အမြဲတမ်းအထိ . . . ရုံ မုန်းနေမှာ"

အခန်းထဲမှ ဦးဦးငယ် ရယ်သံအုပ်အုပ်ကို ကြားရတော့ ရုံ ပျော်သွားသည်။ ဦးဦးငယ် ဒီလိုမရယ်တာဖြင့် ကြာလှပြီ။

ထိုနေ့ကတော့ ရုံ့ကို အမြဲအမှတ်ရစေသောနေ့ . . . သင့်သွေးကို စတင် အနိုင်ပိုင်းခဲ့ရသော နေ့လည်းဖြစ်သည်။







သင့်သွေး ရှောင်ဖယ်ဖို့ ဆုံးဖြတ်ထားသည့် ကောင်မလေး၏ အခြောက်တိုက် ရန်စခြင်းခံလိုက်ရသောနေ့သည် . . . သင့်သွေးအတွက် ဂြိုဟ်ဝင်သောနေ့ပင် ဖြစ်သည်။ ထိုနေ့ ခတိုင်ခင် ရက်တွေကလည်း ဒီကောင်မလေးအတွက်ပဲ သူ့မှာ အကသိုလ်တက်ခဲ့ရတာ ဖြစ်သည်။ ဒက်ဒီ့ရဲ့ အဓိပ္ပာယ်မရှိသော စီမံကွပ်ကဲချက်ကြီးကို သူလက်သင့်မခံနိုင်ရာက ပြဿနာစခဲ့ရခြင်း ဖြစ်သည်။

"မင်း . . . သဒ္ဓါရုံကို ခါးခါးသီးသီး မုန်းရမယ် . . . အဲဒါ ငါ့အမိန့်ပဲ . . . အေး . . . ဒါပေမဲ့ အပြင်ပန်းမှာတော့ ချစ်ချင်ယောင်ဆောင်ရမယ်၊ ပြီးတော့ သူ့အသည်းကိုလည်း ခွဲရဦးမယ်၊ မင်းမုန်းတာကို သူမသိအောင် ဖုံးဖိထားနိုင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒက်ဒီကအမိန့်ပေးလာခဲ့ပါသည်။ သူက ပုဏ္ဏာရိုက်စည်းရိုးကိုဖြဲကာ . . . တစ်ဖက်ခြံသို့ချောင်းကြည့်မိ တော့ . . . ကျစ်ဆံမြီးတိုတိုလေး နှစ်ဖက်ခွဲကျစ်ထားသော သူ့အရွယ် ကောင်မလေးတစ်ယောက်ကို တွေ့သည်။ ကောင်မလေးကိုမြင်ပြီး သူ့စိတ်ထဲဘယ်လိုမှ မခံစားရပါ။ သူက ဆတ်ခနဲ ခေါင်းပြန်မော့ကာ . . . "ဒယ်ဒီ့အမိန့်က လုံးဝအဓိပ္ပာယ်မရှိဘူး . . . " ဟုခပ်ဝံ့ဝံ့အော်လိုက်သည်။ ဒယ်ဒီ့မျက်နှာမှာ ချက်ချင်းပင် ကျောက်သင်ပုန်းမျက်နှာဖြင့်လို မဲသွားသည်။ အရိုက်ကြမ်းသော သူ့အတန်းပိုင်ဆရာရဲ့ မျက်နှာလို မျက်နှာကြောတွေ တင်းတင်းရင်းရင်း ဖြစ်သွားသည်။

"ဟော့ကောင် . . . မင်းဘာပြောတာလဲ"

"အဓိပ္ပာယ်မရှိလို့ မရှိဘူးပြောတာ"

"အောင်မယ် . . . လူကလေး လက်တောက်လောက်နဲ့ . . . မင်းက"

"လူကလေးလက်တောက်လောက်ပေမဲ့ သွေးမှာ ဦးနှောက်ရှိသားပဲ . . . ဒက်ဒီပေါက်ကရတွေလာပြောနေတာ . . . သွေးသိတယ်"





"ဟော့ကောင် . . . မင်းပါးစပ်ပိတ်ထားစမ်း၊ မင်းငါပြောတာ နာခံမလား၊ မနာခံဘူးလား . . . ဒါပဲပြော"

" အဓိပ္ပာယ်ရှိရင်တော့ နာခံချင်ပါတယ် . . . ဒါပေမဲ့ ခု ဒယ်ဒီ့ဥစ္စာက အခြောက်တိုက်ကြီး "

"ခွေးကောင်၊ မင်းငါ့ကိုအာမခံနဲ့ . . . ငါ့အမိန့်ကို မင်းနာခံရမယ်"

ဒယ်ဒီက သူ့ပခုံးကို ခပ်နာနာ ဖိညှစ်လိုက်ရင်း မျက်လုံးကြီးနီလာကာ ဒေါသတကြီးအော်သည်။ သူကဒယ်ဒီလက်မှ ရုန်းထွက်ကာ ခပ်ဝေးဝေးသို့ ပြေးသွားပြီးမှ ဒက်ဒီကို ပြန်လှည့်ကြည့်ကာ . . .

"သွေးကတော့ . . . အဲ့ဒီဟာမလေးကို မုန်းလည်း မမုန်းဘူး၊ ချစ်လည်း မချစ်ဘူး ဒယ်ဒီ . . . ဒါပေမဲ့ သူက သွေးကို မုန်းစရာတွေလာလုပ်ရင် သွေးမုန်းမယ် . . . ချစ်စရာတွေလာ လုပ်ပြရင် ချစ်မယ်"

"ဟော့ကောင် . . . မင်းလာခဲ့စမ်း"

"မလာဘူး . . . ဒယ်ဒီက သွေးကိုရိုက်မှာ"

သူက ဒယ်ဒီကို အာခံခဲ့ပြီးနောက်မှာ ဒယ်ဒီ့မြင်ကွင်းမှ ပုန်းကွယ်နေလိုက်သည်။ သို့မဟုတ်လျှင် ဒယ်ဒီက သွေးကို



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် ရိုက်တော့မှာ သေချာသည်။ ဒယ်ဒီ့ဒေါသက ကြောက်ဖို့ကောင်းလှသည်။

တကယ်ဆို . . . အဲ့ဒီကိစ္စက အဲ့ဒီနေရာမှာပဲ ရပ်နေလိုက်လျှင် ရှေ့ဆက်ပြဿနာပေါ်စရာ ဘာအကြောင်းမှ မရှိပါ။ သို့သော် ဟိုဂြိုဟ်မက ပြဿနာကို မီးခွက်ထွန်း၍ ရှာခဲ့သည်။ တကယ်လို့သာ ဟိုဘက်ခြံထဲရောက်သွားသည့် ဘောလုံးကို ဂြိုဟ်မအလွယ်တကူ ကောက်ပေးလိုက်လျှင် သူ့မှာလည်း ဒေါသမဖြစ်ရ၊ ဒယ်ဒီ့ အဆူကိုလည်း ခံရမည်မဟုတ်ပါ။

"ဘာလို့ပေးရမှာလဲ . . . ကိုယ့်ခြံထဲရောက်လာတဲ့ ပစ္စည်းကို ကိုယ်စိတ်ကြိုက်လုပ်ပိုင်ခွင့်ရှိတယ် မှတ်ထား"

ဂြိုဟ်မရဲ့စကားတွေက တစ်ဆိတ်တော့လူပါးဝလွန်းသည်။ သူကအံကြိတ်ကာ ဂြိုဟ်မကိုကြည့်သည်။ စိတ်ထဲမှာလည်း ချဉ်သွားသည်။ သူ့ဘောလုံးကို ခက်ရင်းခွနဲ့ ထိုးစိုက်လိုက်စဉ်မှာတော့ သူ့ဒေါသက ငယ်ထိပ်သို့ တက်လာသည်။

အခြောက်တိုက်ရန်စကားမျိုးကို သူနည်းနည်းလေးမှ သည်းမခံချင်ပါ။ မိန်းကလေးမကလို့ ဘာကြီးဖြစ်ဖြစ် . . . လက်သီးနှင့် ဆွဲထိုးပစ်ချင်သည်။ လောလောဆယ်တော့ သူ့ရှေ့ကလူပါးဝဝကောင်မလေးရဲ့ ကျစ်ဆံမြီးတိုတုတ်တုတ် နှစ်ခုကို





တစ်ဖက်တစ်ချက်ကိုင်ကာ ဆွဲမြှောက်လွှင့်ပစ်ချင်သည်။ သို့သော် . . . တစ်ဖက်ခြံထဲအထိတော့ သူမဝင်ရဲ၊ ဂြိုဟ်မကလည်း အဝေးမှ ဂန့်ကျယ်နေသည်။

သူက ဒေါသတကြီး ကြိမ်းဝါးပြီး ချာခနဲလှည့်ထွက်လာတော့ ဂြိုဟ်မရဲ့ ရယ်သံကျယ်ကြီးကို ကြားရသည်။ သူ . . . ခဲလုံးတစ်လုံးကို ဒေါသတကြီးလှမ်းကန်လိုက်ချိန်မှာ . . .

"ဟေ့ကောင်"

ဟူသော ဒယ်ဒီအသံကျယ်ကြီးကို ကြားလိုက်ရသည် . . . သူက ဒယ်ဒီမျက်နှာကို မော့ကြည့်သည်။

"မင်းက ဒါလေးတောင် သည်းမခံနိုင်ဘူးလား၊ ဘောလုံးတစ်လုံးပေါက်သွားတာ ဘာဖြစ်လဲ . . . ဒယ်ဒီ နောက်ထပ် (၁၀)လုံး လောက်ဝယ်ပေးမယ်"

"ဒီဘောလုံးက ဘွားဘွား ပိုက်ဆံ မုန့်ဖိုးနဲ့စုဝယ်ထားတာ၊ ဒယ်ဒီဝယ်ပေးမယ့် ဘောလုံး (၁၀)လုံးထက် တန်ဖိုးရှိတယ် . . . အဲဒီဟာမလေး တော်တော်မုန်းစရာကောင်းတယ်"

"ကောင်းပြီ၊ မင်းတော်တယ်၊ ဟုတ်တယ် . . . မင်းမုန်းကိုမုန်းရမယ် . . . ဒါပေမဲ့သည်းခံရမယ်လေ . . ."



www.burmeseclassic.com

www.burmeseclassic.com



သည်းခံပြလိုက်၊ စိတ်ထဲမှာပဲ ခါးတူးနေအောင်မုန်း . . . မင်းက သည်းခံပြလိုက်ရင် ကောင်မလေးက မင်းကို ခွင်လာမှာ . . . အဲဒီတော့မှ”

“ဟာ . . . ဒယ်ဒီစကားတွေက ရှုပ်နေတာပဲ . . . ဒီစကားတွေက ပေါ့ကောင် . . . ငါ့သား၊ စာကျက်စမ်းဆိုတဲ့ စကားလို နားထောင်ချင်စရာ မကောင်းဘူးဆိုတာ သွေး သိတယ်”

“ဆင်ခြေဆင်လက်တွေ ငါမလိုချင်ဘူး . . . သင့်သွေး”

“သွေးကလည်း မပေးချင်ပါဘူး . . . မပေးမဖြစ်လို့သာ ပေးနေရတာပါ”

ထုံးစံအတိုင်း ဒယ်ဒီက ဒေါသတကြီး သူ့ဆန္ဒကို ရှေ့တန်းတင်ပြီး သူက ရဲရဲဝံ့ဝံ့ဆန့်ကျင်ကာ . . . နောက်ဆုံးမှာတော့ ထားဝယ်ကြိမ်နှင့် ငါးချက်အဆော်ခံလိုက်ရခြင်းသာ အကျော်တင်လေသည်။







ဦးဦးငယ်ကို ကတိပေးလိုက်ပြီးသည့်နေ့မှစကာ ရှုသည် ရှုံ့ကိုတွေ့တိုင်း မှုန်တေတေနှင့် ရှောင်ထွက်သွားတတ်သော၊ အဖက်မလုပ်သလို မခေါ်မပြောနှင့် နေနိုင်လွန်းလှသော သင့်သွေးကို ရန်စရန်သာပင် အမြဲချောင်းမြောင်းနေခဲ့တော့သည်။

ရှုံ့ တစ်ခါရန်စပြီးတိုင်း ဦးဦးငယ်ကို အသေးစိတ်ပြန်သည်တင်ပြရသောအလုပ်ကို ရှုံ့က နှစ်နှစ်ခြိုက်ခြိုက်လုပ်သည်။ မေမေ မသိအောင်တော့ တိုးတိုးတိတ်တိတ်ပြောရပါသည်။ ရှုံ့အနိုင်ရသည့်အကြောင်းတွေ ဦးဦးငယ်ကို ပြန်ပြောပြရတာ အင်မတန် ပါးစပ်အရသာရှိပါသည်။ ဦးဦးငယ်က ရှုံ့စကားတွေကို ကျေကျေနပ်နပ် နားထောင်ပြီး . . .

“ရှုံ့ကလေးက သိပ်တော်တာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ချီးမွမ်းလျှင် . . . ရှု ပို၍ကျေနပ်ရပါသည်။

"သိလား ဦးဦးငယ် အခုလောက်ဆို သင့်သွေးဆံပင်တွေ တစ်လက်မလောက်ကွက်ပြီး ရိတ်လိုက်ရပြီ၊ ဒီ . . . ဒီ"

ရှုသည် ဦးဦးငယ်ကို ပြန်ပြောပြရင်း တခိခိရယ်မိသည်။ သင့်သွေးပုံစံကို မြင်ယောင်ကာ ရှု အူမြူးနေသည်။ ရှု ရန်စခဲ့ပုံမှာ ရိုးရိုးကလေးပင်ဖြစ်သည်။

အဲဒီနေ့က ရှုတို့ ကားလမ်းသွယ်လေးအတိုင်း မောင်း ဝင်လာချိန်တွင် ရှေ့မလှမ်းမကမ်းလမ်းဘေးမှာ ရေခဲချောင်း စုပ်ရင်း ဖိနပ်ဆွဲလျှောက်လာနေသော သင့်သွေးကို တွေ့လိုက်ရ ခြင်း ဖြစ်သည်။

"ဦးလေးကြီး၊ ကားကို ဟိုကောင်လေးနားက ကပ်ပြီး ပွတ်ကာသီကာလေး မောင်းပေးစမ်းပါ"

ရှုက ပီကေပူဖောင်းမှုတ်ရင်း ဒရိုင်ဘာဦးလေးကြီးကို လှမ်းပြောလိုက်သည်။

"ညည်းက ဘာလုပ်ဦးမလို့လဲ"

"အို . . . ရှု့ဘာသာဘာလုပ်လုပ် . . . ဖြည်းဖြည်း . . . ဖြည်းဖြည်း ဟုတ်ပြီ၊ အရှိန်လေးလျှော့ပေး . . . အိုကေ . . . အ ဟိ ဟိ"





ရှုက ရှု့အကြံနှင့် အူမြူးနေသည် . . . ဦးလေးကြီးက ခဲ့သဘောကျ . . . ကောင်လေးအနားမှကပ်၍ မောင်းလိုက်ချိန် တွင် ရှုသည် ရှု့ပါးစပ်ထဲမှ မှုတ်လက်စ ပီကေပူဖောင်းကို စုလုံး ကာ ကောင်လေးခေါင်းပေါ်သို့ ပပ်ခနဲပစ်တင်လိုက်လေသည်။

"ဟာ ဘာတွေလဲ"

"ဦးလေးကြီး မောင်း . . . မောင်း အမြန်မောင်း"

ရှုက အော်လိုက်လျှင် . . . သင့်သွေးက ရှု့ကို လှမ်း ကြည့်၏။ ရှုက သူမခံချင်အောင် မျက်လုံးပြူး လျှာထုတ်၊ ပြောင်ပြ လိုက်ပြီး လက်ညှိုးကလေး ကွေးချည်ဆန့်ချည် . . . ကရော် . . . ကရော် လုပ်ပြလိုက်သည်။ ထိုခဏမှာ သင့်သွေးက လမ်း ဘေးမှ ခဲလုံးတစ်လုံးကို ကောက်ကိုင်ကာ လှမ်းပစ်၏။ ရှုက ဝုတ်ခနဲ ပုဝပ်နေလိုက်ပြီး . . . ကားကလည်း အရှိန်မြှင့်သွား သာမို့ သင့်သွေးခဲလုံးက ထိရောက်ခြင်းမရှိပါ။

ဆံပင်ထဲမှ ပီကေတွေကို လက်နှင့်ကုပ်ယူရင်း ဒုက္ခ ရောက်ကျန်ခဲ့သည့် သင့်သွေးကို နောက်ကြည့်မှန်ထဲမှ လှမ်း ကြည့်ကာ ရှုမှာ ရယ်လို့မဆုံး။

ဦးဦးငယ်ကို အစီရင်ခံနေချိန်အထိ . . . ရှုက ရယ်လို့ မဆုံးဖြစ်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးငယ် စကားကို နားထောင်တဲ့အတွက်"

"ဟိုက် ရှားပါး . . . တစ်ထောင်တန်ကြီးများတောင် . . . ဟော့ ဟော့ ပျော်စရာကြီး"

ဦးဦးငယ်ထောင်ပြသည့် အသစ်ကျပ်ချွတ် တစ်ထောင်တန်ကြီးကို ကြည့်ကာ ရုံထခုန်လိုက်သည်။ ဒီလောက် ပိုက်ဆံကို ရုံတစ်ခါမှမရဖူး၊ မကိုင်ဖူးပါ။ မေမေက ရုံ့ကိုတစ်ဆယ်ထက်ပိုပြီး ပေးမကိုင်ဖူးပါ။ ရုံ့မှာ မေမေဝယ်ကျွေးသမျှ မုန့်ကိုသာ စားရပါသည်။ ရုံတကယ်စားချင်တာက မေမေ တစ်ခါမှ ဝယ်မကျွေးဖူးသော အချဉ်ထုပ်များ၊ ရေခဲချောင်းများ လက်သုပ်စုံများကိုသာ ဖြစ်သည်။

"မြန်မြန်ယူ . . . ရုံ့မေမေ မြင်သွားဦးမယ်"

"ပေး . . . ပေး"

ရုံက ဦးဦးငယ်လက်ထဲမှာ ပိုက်ဆံကို ဖျတ်ခနဲဆွဲယူကာ မေမေမမြင်အောင် ဝှက်လိုက်သည်။ အချဉ်ထုပ် နှစ်ရာဖိုးဝယ်စားပစ်မည်ဟု ရုံကကြုံးဝါးဆဲပင် . . .

"ရုံရေ သမီး"

"ဟော . . . မေမေလာပြီ"

"ဟိတ် . . . ပိုက်ဆံဝှက်လိုက်လေ"





"ဟုတ် . . . ဟုတ်"

ရုံတို့ထံ လျှောက်လာနေသော မေမေ့ကိုတွေ့လျှင် ရုံသည် တစ်ထောင်တန်ကို ဘယ်ဆီတွင်ဝှက်ရမည်မသိဘဲ ပျာယာခတ်သွားသည်။ နောက်တော့ ရုံက ပိုက်ဆံကိုဂါဝန်အိတ်ထဲ ကပျာကသီ ထိုးထည့်လိုက်သည်။ ရုံထည့်ပုံက မသေသပ် သဖြင့် ဂါဝန်အိတ်က ဖောင်းကြွကြွဖြစ်နေတာကို ရုံသတိမပြုမိချေ။ မေမေက ရုံတို့အနားရောက်လာကာ . . .

"ရုံ ဘာဖြစ်နေတာလဲ"

"ဟင် . . . ရုံဘာဖြစ်လို့လဲ မေမေ . . . ရုံဘာမှမဖြစ်ပါဘူး"

"ရုံ တစ်ခုခုတော့ဖြစ်နေတယ် . . . မေမေသိတယ်၊ ဥပမာ . . . မေမေ မသိအောင်တစ်ခုခုကို ဖုံးကွယ်ထားတာမျိုးပေါ့ . . . သမီးက ကလေးပဲရှိသေးပါတယ် ကွယ် . . . ညည်း ဟန်မဆောင်တတ်သေးပါဘူး"

မေမေသည် . . . အမှန်တကယ် အကင်းပါးသူတည်း . . . မေမေက ရုံကိုစိုက်ကြည့်နေတော့ ရုံမလုံမလဲဖြစ်ကာ ဂါဝန်အိတ်ကလေးကို ခိုးငုံ့ကြည့်သည်။ ပြီးတော့ ဦးဦးငယ်ကို လည်း အကူအညီတောင်းသလို လှမ်းကြည့်သည်။ မေမေက



www.burmeseclassic.com

www.burmeseclassic.com



သှစ်ခနဲပြုံးကာ

"အိတ်ဆာပွရောင်းရောင်းနဲ့ . . . ဘာတွေထည့်ထားတာလဲ"

"ဟို မေမေ . . . စက် . . . စက္ကူပါ . . . ပိုက်ဆံမဟုတ်ပါဘူး"

"အင်း . . . ရှိ . . . သမီး ညည်းလူကြီးတွေကို ပိပိရိရိ မညာတတ်သေးဘူးကွယ့်။ ညည်းအဖြေထဲမှာ အမှန်တရားက ပါပြီးသားပဲ၊ ပိုက်ဆံမဟုတ်ဘူးဆိုတာလေ အဲဒါ ပိုက်ဆံပဲမဟုတ်လား . . . ရှိုဘယ်ကရသလဲ . . . မေမေသိချင်တယ်၊ ရှိမလိမ်ရဘူးနော် . . . မေမေက အမှန်ကိုသိပြီးသား သမီးဆီက ဝန်ခံစကားကို ကြားချင်ရုံသက်သက်ပဲ"

ရှိ . . . မငြင်းရဲတော့။ မေမေက ဦးဦးငယ်ကို ခပ်တည်တည်လှမ်းကြည့်နေသည်။ ဦးဦးငယ်ရဲ့ မျက်နှာလည်း ခပ်တင်းတင်း၊ ရှိသည် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ လူကြီးနှစ်ယောက်ကို တစ်လှည့်စီကြည့်နေသည်။

မေမေက ရှိ့ဂါဝန်အိတ်ကို အတင်းအဓမ္မနှိုက်မကြည့်ပါ။ အဲဒါကပဲ ရှိ့ကိုမလုံ့မလဲ ဝန်ခံရဲစေတာဖြစ်သည်။ ရှိသည်





ဆုံးဖြတ်ချက်ကိုချကာ ရှိ့အိတ်ထဲမှ ပိုက်ဆံကို နှိုက်ယူပြီး မေမေ့ထံ လှမ်းပေးလိုက်သည်။

"ဒီ . . . ဒီမှာပါ . . . မေမေ"

"အို . . . တစ်ထောင်တောင်ပါလား၊ ဒါ ဘယ်ကရသလဲ သမီး"

ရှိက မဖြေ . . . ဦးဦးငယ်ရဲ့မျက်နှာကို တစ်ချက်ကြည့်ကာ ခေါင်းငုံ့ချပြီး ဘီးတပ်ကုလားထိုင်၏ နောက်မှီကို လက်သည်းနှင့် ကုပ်ခြစ်နေသည်။

"သမီး . . . မဖြေနဲ့တော့ . . . မေမေသိပြီ၊ ဒီမှာ . . . မင်းဒင်ရယ်၊ ငါ့သမီးလေးဟာ အဖြူထည်လေးပါကွယ် . . . ငါ့သမီးကို မင်းမဖျက်ဆီးပါနဲ့"

"ကျုပ် . . . မမသမီးကို မဖျက်ဆီးဘူး . . . မုန့်ဖိုးပေးတာ ဘာဖြစ်လဲ . . . အဲဒါ ကျုပ်အပြစ်လား"

"ဟဲ့ မုန့်ဖိုး ဒီလောက်ပေးရအောင် ငါ့သမီးက ငတ်ပြတ်နေတာမှ မဟုတ်ဘဲ၊ ဒီပိုက်ဆံနဲ့ မတည့်တာတွေ ဝယ်စားနေမှာစိုးလို့ ပြောနေတာ"

"မမကိုက ကျုပ်ဘာလုပ်လုပ် အပြစ်မြင်နေတာ . . . ကျုပ်လို ဒုက္ခိတကို အိမ်မှာ လက်မခံထားချင်လို့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလေသံထွက်လာတာ မဟုတ်လား"

"မင်း . . . မဟုတ်တာမပြောနဲ့ မောင်လေး . . . မင်း မံမကို အချိန်တိုင်း ဒီလိုပဲစွပ်စွဲနေတယ် . . . မင်းရဲ့ အာဃာတတွေက ကြောက်စရာပဲ၊ ပြေချိန်တန်လို့မှ မပြေ . . . အေး . . . မမတစ်ခုပဲပြောမယ်ကွယ် . . . မင်းဒေါသတွေ မပြေသရွေ့ မင်းဘယ်တော့မှ စိတ်ချမ်းသာရမှာ မဟုတ်ဘူး . . . လာ သမီး"

မေမေက ရှုံ့လက်ကို ဖျတ်ခနဲဆွဲကာ . . . ဦးဦးငယ်ရှေ့မှ လှည့်ထွက်လာတော့ . . . ဦးဦးငယ်က တောက်တစ်ချက်ကို ခပ်ကျယ်ကျယ်ခေါက်လိုက်သည်။ ရှုံ့က မေမေ့လက်ထဲ ယက်ကန်ယက်ကန်ပါလာသည်။

"မစိန် . . . မောင်လေး တွန်းလှည်း . . . သွားတွန်းပေးလိုက်"

"ဟုတ်ကဲ့ မမ"

မေမေက ဒေါ်စိန်ကို ခြံထဲလွှတ်လိုက်ပြီး ရှုံ့ကို စူးစူးနစ်နစ်စိုက်ကြည့်နေသည်။ အဲ့ဒီလိုအကြည့်မျိုးက ရှုံ့ကို လိပ်ပြာမလုံစေခဲ့တာဖြစ်သည်။





"သမီး . . . သမီးကို ဦးဦးငယ်က ဘာအတွက် ဒီပိုက်ဆံပေးတာလဲ၊ မေမေထင်ထားတာတစ်ခုတော့ရှိတယ် . . . သမီးကို တစ်ခုခုလုပ်ခိုင်းပြီး ဆုချတဲ့အနေနဲ့ပေးတာမျိုး၊ အဲ့ဒါမျိုးပဲဖြစ်မယ် ထင်တယ်"

"ဟင့်အင်း၊ မဟုတ်ပါဘူး မေမေ . . . ဦးဦးငယ်က ရှုံ့ကို ဘာမှ မခိုင်းပါဘူး"

ရှုံ့ ဝန်ခံစကားကြောင့် မေမေနှင့် ဦးဦးငယ်ကို စကားများစေချင်ပါ . . . မေမေက ရှုံ့စကားကို သိပ်ယုံကြည်ပုံမရ၊ ယုံသကာ မျက်ဝန်းကြီးဖြင့် တစ်ချက်စိုက်ကြည့်ပြီး လှည့်ထွက်သွားသည်။

လှစ်နေအောင်ပါးသော မေမေကြောင့် ရှုံ့မကြာမကာ ငိုမောရသည်။ တကယ်လို့များ . . . ရှုံ့ရဲ့အတင့်ရဲမှုတွေကိုသာ မေမေသိလျှင် ရှုံ့ရိုက်ခံထိမှာ သေချာလေသည်။ သို့သော် . . . ဦးဦးငယ်ကို ထူးထူးကဲကဲသနားမိရသော ရှုံ့သည် မေမေ ရိုက်ခံထိမှာထက် ဦးဦးငယ် ဆန္ဒပြည့်အောင် ဖြည့်စွမ်းပေးဖို့ကိုသာ စိတ်စောနေသည်။ မေမေသည် . . . စီးပွားရေးလုပ်ငန်းများကို ကုမ္ပဏီတစ်ခုကို ကွပ်ကဲ၍ ထိန်းချုပ်နိုင်အောင်ပင် ထက်မြက်သော မိန်းမတစ်ယောက်ဖြစ်ပြီး ဦးဦးငယ်က ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



၌ မသွားမလာနိုင်ဘဲ၊ ဘီးတပ်ကုလားထိုင်ပေါ်တွင်သာ ဘဝဆုံး နေရသော ဒုက္ခိတတစ်ယောက်ဖြစ်နေခြင်းက ရှုံ့ကရုဏာကို ဦးဦးငယ်ဘက်သို့ ပိုပိုသာသာယိမ်းယိုင်စေခဲ့တာဖြစ်သည်။







"ဟား . . . ဟားမင်းရဲ့နောက်ဆုံးပေါ် ထိပ်ကွက်ကေ က အရမ်းမိုက်ပါလားကွာ"

ဒယ်ဒီရဲ့ ခပ်လောင်လောင်ရယ်သံကို သင့်သွေးခါးသီး သွားသည်။ ဂြိုဟ်မကို မုန်းတီးစိတ်ကလည်း ပိုလာသည်။ သင့်သွေးသည် ဒယ်ဒီကို မျက်လွှာတစ်ချက်ပင့် ကြည့်ပြီး မှန်ထဲသို့ လှမ်းကြည့်လိုက်တော့ . . . မှန်ထဲမှာ ပေါ်လာသော ထိပ်တစ်ကွက်ပြောင် ဆံပင်တွေ ရိတ်ထားရသည့် သူ့ကိုဒေါသတကြီး ကြည့်နေသည်။

"မထူးပါဘူးကွာ . . . ခေါင်းတုံးပဲရိတ်ပစ်လိုက်စမ်းပါ . . . ဘမြင့်ရေ . . . ခေါင်းရိတ်ဓားယူခဲ့စမ်းကွာ"

ဒရိုင်ဘာဦးကြီးက ခေါင်းရိတ်ဓားယူလာပြီး သူ့ခေါင်းကိုရိတ်ပေးတော့သည်။ သူ့ဆံပင်အုပ်အုပ်ထူထူကလေးတွေ တဖြုတ်ဖြုတ်ကျနေတာကိုကြည့်ပြီး၊ သင့်သွေး အံကြိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒယ်ဒီကသူ့ရှေ့မှာထိုင်ကာ ခြေချိတ်ထိုင်ကာ ခြေတလှုပ်လှုပ်နှင့် သူ့ကိုကြည့်နေသည်။ သူ့မျက်စိကို မှိတ်ပစ်လိုက်သည်။ သို့သော် . . . နားက ဒယ်ဒီအသံကို မကြားချင်၍ မရပါ။

"ကဲဟော့ . . . အခု ဟိုတာမလေးက မင်းကို ခပ်ကြမ်းကြမ်း စိန်ခေါ်နေပြီ မဟုတ်လား . . . အဲဒီတော့ မင်းဘက်က ဘယ်လိုတုံ့ပြန်မယ် စိတ်ကူးထားသလဲ"

"အဲ့ဒီဂြိုဟ်မရဲ့ မျက်ခွက်ကို လက်သီးနဲ့ ဟောဒီလို . . . ဟောဒီလို"

"ဟ . . . ဟ ဟော့ကောင်ရ၊ မားထိတော့မှာပဲ၊ ငါ့လခွီး" ဦးဘမြင့် အထိတ်တလန့်အော်တော့မှ . . . လေထဲကို တဝှစ်ဝှစ်ထိုးပြနေသော သင့်သွေးလက်တွေ ရပ်တန့်သွားသည်။

"မင်း . . . မှားနေပြီ သား . . . မင်းအဲဒီလို တုံ့ပြန်ရင် မှားသွားမှာပေါ့ . . . သား . . . ဒါလေးများ ခဏ သည်းခံလိုက်စမ်းပါကွာ . . . မင်းအဲဒီလို တုံ့ပြန်ရင် ကောင်မလေးတစ်ခါပဲ အသားနာမှာ . . . ငါလိုချင်တာက အဲဒီကောင်မလေး အရှက်ရပြီး တစ်ဘဝလုံး . . . ဖို့ပဲ၊ အဲဒါအဓိကပဲ"





"ဒယ်ဒီဘာတွေပြောနေတာလဲ . . . သွေး နားမလည်ဘူး"

"အေး . . . မင်း တစ်နေ့တော့ နားလည်လာမှာပါကွာ၊ လောလောဆယ်တော့ ငါပြောတဲ့အတိုင်းလုပ်"

မလုပ်ဘူး . . . မလုပ်ဘူး၊ အဓိပ္ပာယ်မရှိတာ သင့်သွေး မလုပ်ဘူးဗျ။ သင့်သွေးက စိတ်ထဲမှ အော်ပစ်လိုက်သည်။

ဂြိုဟ်မရဲ့ အခြောက်တိုက်ရန်စမှုကို ငုံ့ခံနိုင်လောက်အောင် သင့်သွေးက ရေမြွေလေးတော့ မဟုတ်ပါ။ ပြီးတော့ ဒယ်ဒီရဲ့ အကြောင်းပြချက်မရှိဘဲ စေခိုင်းနေခြင်းကို ဘုမသိဘမသိ လိုက်နာနိုင်လောက်အောင် သင့်သွေးဦးနှောက်က ချာတူးမလန့်ပါ။

နောက်တစ်နေ့တွင် သင့်သွေးသည် သူ့ရဲ့ကလဲ့စားချေမှုကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလေသည်။ သင့်သွေးက အမုန်းကို အမုန်းဖြင့် တုံ့ပြန်လိုသူဖြစ်သော်လည်း မိန်းမ ဆန်ဆန်လိမ်လည်လှည့်ဖြားခြင်းကိုတော့ မနှစ်သက်ပေ။

ခေါင်းတုံးပြောင်ကို ဦးထုပ်မဆောင်းဘဲ သင့်သွေးအိမ်မှ ထွက်လျှင် အော်သံတစ်သံက တောင်လေနှင့်အတူ ရှေ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတုံး . . . ခေါင်းတုံး တယ်လီဖုန်း . . . ရန်ကုန်မြို့ကို ဆက်ပါဦး၊ တစ်နာရီမှာ မိုင်ခြောက်ဆယ် . . . ခေါင်းတုံး ဖင်မှာအနာပေါက်တယ်"

"ဂြိုဟ်မ အဲဒီပါးစပ်ထဲမှာ အနာတွေအပြည့်ပေါက်ပါစေ"

ဂြိုဟ်မကိုက သင့်သွေးရဲ့ဒေါသကို တမင်ဆွနေတာဖြစ်သည်။ သူ့ခြံထဲကသူလှမ်းအော်နေတာမို့ . . . သင့်သွေးဘာမျှမတုံ့ပြန်နိုင်ပါ။ သင့်သွေးက သူမတို့ခြံထဲသို့ မျက်စိကစားကြည့်လိုက်သည်။ သူမက ကျောင်းဂိတ်ဝအရှေ့တွင် ရပ်ထားသောကားကို အတွေ့တွင် သင့်သွေးက ခပ်ညစ်ကျယ်ကျယ်ပြုံးလိုက်လေသည်။

နောက်တစ်မနက်မှာတော့ သင့်သွေးသည် ခြံစည်းရိုးမလွယ်ပေါက်ကိုတိုးကာ ဂြိုဟ်မတို့ခြံတွင် ရပ်ထားသောကားရှိရာသို့ ဝမ်းလျားထိုးသွားလျက် ရှိသည်။ အိမ်ထဲမှာတော့ ဂြိုဟ်မရဲ့ချေးများသံကို ကြားရဆဲ ဖြစ်သည်။

"ဟင့်အင်း အဲဒီအင်္ကျီမဝတ်ဘူး . . . မနေ့ကဝယ်တဲ့အသစ်ကလေးပဲ ဝတ်မယ်"

"ဒီအင်္ကျီလည်း သစ်တာပဲ သမီးရဲ့"





"ဟင့်အင်း . . . ဟင့်အင်း . . . အသစ်ပဲဝတ်မယ်။ ရှုံက အဲ့ဒီအင်္ကျီကိုမှ မကြိုက်တာ"

"အေး . . . အဲ့ဒီအင်္ကျီအသစ်ကလေးရော . . . နင့်ရဲ့ကျစ်ဆံမြီးကလေးကော မကြာခင် ငါ့လက်ချက်နဲ့တွေ့ရမယ်ဟေ့ . . ."

သင့်မသွေးက ကျိတ်၍ ကြုံးဝါးရင်း ကားနံဘေးသို့ရောက်လာသည်။ ပေါင်းမြက်နုတ်နေသော မာလီကုလားကြီးကသင့်သွေးကို မမြင်ချေ။ သင့်သွေးသည် ဘေးဘေးဘီဘီကိုအတဲခတ်လိုက်ပြီး ကားမှန်ဖွင့်ချထားသော ကားထဲသို့ လက်လျှိုကာ နောက်ခန်းမှ ထိုင်ခုံနောက်မှီတွင် ပီကေအလုံးသေးသေးလေးတွေ ကပ်လိုက်သည်။

ပြီးတော့ လက်နှင့်ဖိလိုက်သည်။ ပီကေများမှာ အဖြူကောက်ကလေးသာသာမို့ ချက်ချင်းသတိပြုမိစရာ အကြောင်းမရှိချေ။

သင့်သွေးသည် . . . သူ့အကြံအောင်လျှင် ဂြိုဟ်မတို့ခြံတွင်းမှ အောင်မြင်စွာ ဆုတ်ခွာလာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော့ ဦးလေးကြီးရေ ရုံထလို့မရတော့ဘူး"

ရုံ . . . အလန့်တကြားအော်ရင်း . . . ကျောပြင်နှင့် ကားကူရှင် နောက်မှီကို ခွာလိုက်သံတဖျစ်ဖျစ်မြည်ကာ . . . ရုံအင်္ကျီအသစ်ကလေးမှာ . . . နောက်မှီနှင့်ကပ်နေသည် . . .။ ကျစ်ဆံမြီး နှစ်ဖက်မှာလည်း . . . နောက်မှီနှင့်ကပ်ကျန်ခဲ့ပြီး . . . ရုံ . . . ဆတ်ခနဲအထမှာ တင်းခနဲဖြစ်သွားသည်။

ရုံသည် . . . အားခနဲ အော်မိရင်း . . . မျက်ရည်ဝဲလာလေသည် . . .။ ကားကူရှင်ကို တအားမှီပြီး ထိုင်လာတာမို့ နိုင်နိုင်မြဲမြဲကပ်၍ နေခြင်းဖြစ်သည်။

"ရုံ . . . ဘာဖြစ်လို့လဲ . . . ဟင်"

"အား . . . လုပ်ပါဦး . . . ဦးလေးကြီး၊ နောက်မှီမှာ ဘာတွေရှိလဲ ကြည့်ပေးပါဦး၊ ရုံ့အင်္ကျီရော ဆံပင်တွေရော ကပ်နေပြီ"





"မှန်းစမ်း . . . ဟ ပီကေတွေပါလား . . . ဘယ်သူလာကပ်သွားတာလဲ"

ရုံသည် ရုတ်တရက်ထူပူကာ အော်ဟစ်ငိုချင်လာသည်။ ဒုံအလှည့်ကျတော့ ခံနိုင်ရည်မရှိချေ။ ရုံကကျစ်ဆံမြီးကလေးကို ဆက်နှင့်ဆွဲကာ ရှေ့သို့ယူလိုက်တော့ ကပ်စေးစေးတွေ စမ်းမိသွားသည်။

"ဒုက္ခပဲ . . . ဒုက္ခပဲ၊ ရုံ့ဆံပင်တွေတော့ ပစ်ရပါပြီ . . . ဒါ . . . ဟိုကောင့်လက်ချက်ပဲ ဖြစ်မယ် . . . ဦးလေးကြီး . . . ရုံ ကျောင်းမတက်တော့ဘူး . . . အိမ်ပဲပြန်မောင်းပို့တော့ အီးအီး . . . ဟီး . . . ခွေးစုတ် . . . ခွေးပြတ် ငါ့ဆံပင်တွေ ကုန်ပါပြီ"

ရုံသည် ရုတ်တရက် ဝမ်းနည်းလာကာ တဟီးဟီး ငိုချလိုက်လေသည်။

ရုံမျက်စိနှင့်တပ်အပ်မမြင်သော်လည်း ဒါဟာ သင့်ခွေးသတ်ချက်ပဲဆိုတာ သေချာနေသည်။

ထိုနေ့တစ်ရက် ကျောင်းပျက်ပြီး နောက်တစ်နေ့ ကျောင်းပြန်အတက်၌ ရုံ့ကျစ်ဆံမြီးတုတ်တုတ်ကလေးနှစ်ဖက် ပြတ်ကာ ရုံ့ဆံပင်မှာ တိုကပ်ကပ်ကလေး ဖြစ်နေသည်။ ရုံ



www.burmeseclassic.com

www.burmeseclassic.com



နှမြောလှပါသည် . . . အကျီအသစ်ကလေးကိုကော . . . ရှုံ့ ဆံပင်နက်နက်ကလေးတွေကိုကော . . .

မေမေကတော့ ရှုံ့အဖြစ်ကိုအသိတွင် . . .

"ဒါ . . . တစ်ယောက်ယောက်က တမင်လာလုပ်သွားတာပဲ၊ သေချာပါတယ် . . . ဘယ်လိုလူမျိုးက အားအားနေ ဒီလိုလာအကောက်ကြံပါ့မလဲ . . . ရှုံ ဘယ်သူနဲ့ ရန်ငြိုးရှိသလဲ ပြောစမ်း"

ဟု ထုံးစံအတိုင်း . . . သက်ာမကင်း မေးခွန်းထုတ်သည်။ ထို့အတူ ရှုံကလည်း ထုံးစံအတိုင်း ဘူးခါစမြဲတည်း။

ဦးဦးငယ်သည် ရှုံ့ဆံပင်တိုလေးကို ဆွဲဖွကာ . . .

"ခွေးကောင် . . . အယုတ်တမာ"

ဟု ဒေါသတကြီး ရေရွတ်နေသည်။ ရှုံကတော့ သင့်သွေးကို မုန်းသထက်မုန်းသည့်အပြင် . . . ကြောက်ရ ကောင်းမှန်းလည်းသိကာ ငြိမ်ငြိမ်ကလေး ကုပ်နေသည်။ အဲဒီ ဟာကလေးဟာ မြွေဟောက်ကလေး။

"ရှုံ . . . ရှုံ့ဆံပင် တွေအတွက် သင့်သွေးကို လက်စားချေရမယ် . . . ကြားလား"





ဦးဦးငယ်က သူ့အပြောကို မလျှော့ဘဲ . . . ရှုံ့ကို မီးထိုးပေးသည်။

ရှုံသည်လည်း ဦးဦးငယ်ပြောသလိုပင် ကလဲ့စားချေရန် အခွင့်ကောင်းကို စောင့်နေမိလေသည်။

ရှုံ့အတွက် . . . အခွင့်အရေးက . . . မကြာမီမှာပင် . . . ကျရောက်လာပြန်သည် . . . ။ ထိုအခွင့်အရေးမှာ . . . ရှုံတို့ကားနှင့် လမ်းလျှောက်လာသော သင့်သွေးတို့ မျက်နှာချင်းဆိုင် . . . ဆုံမိခြင်းပင်ဖြစ်သည် . . . ။ ရှုံသည် . . . သူ့ကို တွေ့သည်နှင့် ချက်ခြင်းပင် . . . လွယ်အိတ်မှ ကွန်ပါဘူးကို ဆွဲထုတ်လိုက်သည် . . . ။ ရှုံတို့ကား . . . သူ့နံဘေးမှ ကပ်မောင်းလိုက်ပြီးလျှင် . . . သူ့ခေါင်းကို ကွန်ပါဘူးဖြင့် လှမ်းထုလိုက်သသည် . . . ။

"မှတ်ထား . . . အဲဒါ . . . ငါ့ဆံပင်တွေအတွက် . . ."

ရှုံက . . . တိုးတိုးရေရွတ်ဆဲတွင် . . . သူ့ခေါင်းထက်မှ . . . သွေးတွေဖြာကနဲကျလာသည် . . . ။ သူက . . . သူ့ခေါင်း . . . လက်နှင့်အုပ်ကိုင်လိုက်ချိန်တွင် ရှုံ့ရင်ထဲ ဒိန်းခနဲ ခုန်သွားသည်။ . . . ။ ရှုံ . . . လွန်သွားပြီးလား . . . ။

ရှုံတို့ကားသည် . . . သူ့နဘေးမှ လှစ်ခနဲဖြတ်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည် . . .။ ရှုံသည် . . . မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ကာ . . . လက်ဖျားတွေအေးလာပြီး . . . ကွန်ပါဗူးကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

"ဂြိုဟ်မ"

ရှုံတို့ကား ခြံထဲသို့ ချိုးကွေ့ဝင်လာလိုက်ချိန်တွင် သူ့ရဲ့ ဒေါသတကြီးအော်သံသဲ့သဲ့ကို ကြားရလေသည်။ ထိုအသံကြောင့် ရှုံတစ်ကိုယ်လုံးကြက်သီးဖုကလေးတွေ စိမ့်ဖြာလာကာ . . . ဆတ်ခနဲ တုန်သွားသည်။ ရှုံနောက်သို့လှည့်ကြည့်တော့ . . . အံကြိတ်ကာ ရှုံတို့ကားကို ခပ်စိန်းစိန်းကြီး စိုက်ကြည့်နေသော သင့်သွေးကို တွေ့ရလေသည်။

ကားရပ်လျှင် ရှုံသည် ဦးဦးငယ်ဆီသို့ပြေးသွားကာ. . .

"ဦးဦးငယ်၊ ရှုံ . . . ရှုံ . . . ဟိုကောင့် ခေါင်းကို ကွန်ပါဘူးနဲ့ ထုလာခဲ့တယ် . . . သွေး . . . သွေးတွေ အများကြီးပဲ၊ ဟီး . . . ဟီး"

ရှုံသည် ဘာကိုမှန်းမသိ ကြောက်ကာ အီးခနဲ ငိုချလိုက်သည်။

"ရှုံ ဘာဖြစ်လို့ ငိုရတာလဲ . . . တိတ်တိတ်စမ်း . . . ဒါ ငိုစရာ မဟုတ်ဘူး၊ ဝမ်းသာရမှာကွ"





ဦးဦးငယ်က အော်လိုက်တော့မှ ရှုံ တိခနဲ အငိုရပ်သွားသသည်။ ပြီးတော့ . . .

"ရှုံ သိပ်တော်တယ်"

ဆိုသော ဦးဦးငယ်ရဲ့ ချီးမွမ်းမှုက ရှုံကို ပြန်လည်ရွှင်လန်းလာစေသည်။ တကယ်တော့ ဒါဟာ ရှုံရဲ့ဝမ်းသာမှုကြောင့် ငိုမိတာပဲ ဖြစ်မည်ထင်ပါသည်။

အဲဒီနောက်ပိုင်းမှာတော့ ရှုံသည် အရင်ကလောက် မနွဲ့ယဲ်ငေါငေါ မဖြစ်မိတော့ပဲ . . . သင့်သွေးနှင့် မျက်နှာချင်းဆိုင်မိအောင် နေသည်။ လမ်းတွင် သူတို့အိမ်ကကားနှင့် ဆုံလျှင် ခေါင်းပုကာ ဝပ်နေလိုက်သည်။

ရှုံခေါင်းပြူကာ ချောင်းကြည့်နေမိသောတစ်ခါတွင် . . . ခေါင်းတွင် ပတ်တီးအဖွေးသား စည်းထားသော သင့်သွေးကို တွေ့ရလေသည်။

"အားရတယ်"

ရှုံက တီးတိုးရေရွတ်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းလေးကိုပါ မဲ့ပစ်လိုက်သည်။ သို့သော် . . . ဂျစ်ကန်ကန်မျက်နှာလေးနှင့် ရှုံတို့ကားကို လှမ်းကြည့်နေသော သင့်သွေးကို နောက်ကြည့်မှန်မှ တစ်ဆင့် လှမ်းမြင်ရသောအခါ . . . ရှုံ ပခုံးကလေးကျုံ့



www.burmeseclassic.com

www.burmeseclassic.com



ကာ ကြောက်ရွံ့သလို ဖြစ်သွားရပါသည်။

ထိုမြွေပေါက်လေးသည် ရုံထင်ထားသည့်အတိုင်းပင် . . . မကြာမီအချိန်အတွင်းမှာ ခြံထဲတွင်ရပ်ထားသော ရုံတို့ကားကြီး၏ဘော်ဒီ၌ မြင်မကောင်းအောင် ပိန်ချိုင့်သွားသည့်အထိ ခဲလုံးကြီးကြီးဖြင့် ပစ်ပေါက်လိုက်ခဲ့ခြင်းဖြင့် လက်စားချေ ပြန်လေသည်။

"ဒါ . . . ဘယ်သူ့လက်ချက်လဲ ဦးသိန်းဟန်၊ ရှင် သိလား"

မေမေသည် သူ့ကားအသစ်စက်စက်ကြီး ရုပ်ပျက်ဆင်ပျက်ဖြစ်နေတာကို မြင်လျှင် ဆွေ့ဆွေ့ခုန် ဒေါသကြီးနေသည်။

"ကျွန်မ မေးနေတယ်လေ ဦးသိန်းဟန်"

"ဟို . . . ကျွန်တော်မသိဘူး မမ . . . ကျွန်တော် မောင်းနေတုန်းက ကားကအကောင်းပဲ"

"ဒါဆို . . . ဘယ်သူ့လက်ချက်လဲ မိရုံ . . . ညည်း မသိဘူးလား"

"ဟင့်အင်း၊ ရုံဘယ်သိမလဲ"

"အေး . . . ညည်း မေးလိုက်ရင် ဘူးခါဖို့ပဲ"

ရုံသည် ရင်တထိတ်ထိတ်နှင့်ပင် ရေငုံနေလိုက်သည်။





သင့်သွေးလက်ချက်ဆိုတာကို မေမေသိလို့မဖြစ်၊ သိသွားလျှင် ခိုးခိုးမဆုံး မိုးမဆုံးဖြစ်ကာ ရုံ့ရန်စမှုတွေပါ ပေါ်သွားမှာ သေချာသည်။

"မိရုံ . . . ဂယောင်မ . . . နင်က သူများပြောရင် နားယောင်တယ် . . . မင်းဒင်က ကလေးကို မြှောက်ပေးပြီး ကိုယ့်လိုအင်ပြည့်ဖို့ ခိုင်းတာမျိုးဆို ဝါသနာထုံတယ် . . . ဦးသိန်းဟန် . . . ရှင်ကတော့ ဟိုလူ့ကြောက်ရသည်လူ့ကြောက်ရနဲ့ အမှန်ကို မပြောရဲ . . . ဘာမှမဆင်ခြင်တတ်တဲ့ လူပေါကြီး သက်သက်ပဲ၊ သုံးယောက်စလုံး ကြပ်ကြပ်သတိထား"

မေမေသည် ရုံတို့ကို ကြိမ်ဝါးကာ ကားကို ဝပ်ရှော့ပို့ဖို့ စီစဉ်ရလေသည်။ ဖေဖေဆုံးသွားကတည်းက အိမ်ကိစ္စ၊ စီးပွားရေးကိစ္စတွေကို တစ်ယောက်တည်းကျုံးလုပ်နေရသော မေမေသည် . . . စိတ်တိုလာလျှင် တွေ့သမျှလူကို သဟောက်သဟာ လုပ်စမြဲတည်း။

ရုံကတော့ ဒါတွေအားလုံးဟာ သင့်သွေးကြောင့်ပဲဟု အပြစ်ပုံချကာ သင့်သွေးကိုပင် ပိုပိုမုန်းလာသည်။ ကားကြီးကိုတော့ ရုံလည်း နှမြောသား။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက်တော့ . . . ရှုံသည်၊ ဦးဦးငယ်ဘာပဲ ပြောပြော၊ မြွေပေါက်ကလေးကို ခြေဖျားနှင့်လှမ်းမခတ်မိဖို့ ဆုံးဖြတ်ချက်ချလိုက်ပါသည်။







ရှုံက သင့်သွေးကို မေ့လျော့ထားခဲ့ပြီး နောက်တစ်ပတ်ခန့် အကြာတွင် ရှုံသည် လမ်းသွယ်ကလေးအတိုင်း ခပ်သုတ်သုတ်လျှောက်လျှက်ရှိသည်။ လမ်းထိပ်ဆိုင်မှ စတော်ဘယ်ရီရေခဲချောင်းကိုတော့ ရှုံအင်မတန်ခုံမင်ပါသည်။ ရှုံသည် ရေခဲချောင်း ဇောကပ်ကာ ခပ်သွက်သွက်လျှောက်ဆဲတွင် နောက်မှ ပြေးလိုက်လာသော ခြေသံတဖုတ်ဖုတ်ကို ကြားလိုက်ရသဖြင့် ချာခနဲလှည့်အကြည့် . . .

“ဟင် . . . မြွေပေါက်”

ဆံပင်လက်တစ်ဆစ်ခန့် ပြန်ပေါက်နေသော ခေါင်းတုံးဆံပင်ကလေးနှင့် ရှုံ့ထံသို့ ပြေးလာနေသော သင့်သွေးကို တွေ့လိုက်ရသည်။ ရှုံသည် . . . ရုတ်တရက်လန့်ကာ ရှေ့တူရှုသို့ လှည့်၍ ပြေးလေသည်။

“ဟိတ် ဂြိုဟ်မ မပြေးနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"နင် မလိုက်နဲ့ . . . ငါ့နောက်ကို မလိုက်နဲ့"

"ဟိတ် ခဏနေဦး . . . ငါပြောစရာရှိလို့"

လမ်းသွယ်ကလေးတွင် သူနှင့် ရုံနှစ်ယောက်တည်း ရှိနေတာမို့ ရုံကြောက်ရွံ့မိခြင်း ဖြစ်သည်။ သူ့ရဲ့ ကလဲ့စားချေမှုကို ရုံလန့်နေသည်။ ရုံသည် ပြေးရင်းက လမ်းကွေ့လေးအရောက်တွင် ခဲလုံးတစ်လုံးကို ခလုတ်တိုက်ကာ . . . ပစ်လဲကျသွားသည်။

"နင် . . . လိုက်မလာနဲ့ . . . နင့်ကို ငါဘာလုပ်လို့လဲ

နင် . . . ရှေ့မတိုးနဲ့နော်"

ရုံသည် ပြန်ထနိုင်ဖို့ ကြိုးစားရင်း၊ အာခေါင်ခြစ်၍ အော်သည်။ သင့်သွေးမှာ ရုံနှင့် တဖြည်းဖြည်းနီးလာပြီ။

"ဂြိုဟ်မ . . . စွတ်အော်မနေစမ်းနဲ့ . . . နင့်အသံမောင်းကွဲကို ကြားရတာတစ်စက်မှ နားမချမ်းသာဘူး၊ နင့်ကို ငါဘာမှ မလုပ်ဘူးကွ၊ မေးစရာရှိလို့ လိုက်လာတာ"

"ဘာမေးမှာလဲ"

"ငါမေးချင်တာ တစ်ခုတည်းပါ၊ နင်ဘာလို့ ငါ့ကို အခြောက်တိုက် ရန်လိုက်စနေတာလဲ . . . အဲဒါတစ်ခုပဲ ငါသိချင်တယ်"





"နင်ကကော ဘာဖြစ်လို့ ကားကူရှင်နောက်မှီမှာ ပီကေတွေ လာကပ်သွားသေးလဲ . . . အဲဒါ နင်ပဲမဟုတ်လား ပြီးတော့ ငါ့ကားကိုလည်း ခဲနဲ့ထုသေးတယ်"

"ဟ . . . အဲဒါ ငါစတဲ့အလုပ်လား . . . နင်ရန်စလို့ ကလဲ့စားပြန်ချေရတာကွ . . . ကြောင်မရ . . . ငါလုပ်တာက အဓိပ္ပာယ်ရှိတယ်၊ နင်လုပ်တာက လုံးဝ အဓိပ္ပာယ်မရှိဘူး"

"အံမယ် ငါလုပ်တာ ဘာလို့အဓိပ္ပာယ်မရှိရမှာလဲ . . . ငါကနင့်ကို မုန်းလို့လုပ်တာ . . . နားလည်ရဲ့လား . . . အစုတ်ပလုတ်ကလေး"

"နင်မုန်းအောင် ငါကဘာလုပ်မိလို့လဲ . . . နင့်ကို သေသေချာချာတောင် တစ်ခါမှ မကြည့်မိပါဘူး"

"နင့်ဘာသာ မုန်းအောင်လုပ်လုပ် . . . မလုပ်လုပ်ပေါ့ . . . ဦးဦးငယ်က နင့်ကိုမုန်းရမယ်လို့ငါ့ကို ပြောထားလို့ ငါမုန်းတာ"

"ဟား ဟား ဟား ကြောင်မ၊ အသုံးမကျတဲ့ အီးပေါလောမ"

"နင့်ပါးစပ်ပိတ်ထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရှုံက ထိုင်ရာမှ အားယူထရင်း ခဲလုံးကို ကောက်လိုက်သည်။

"ဘာလဲ၊ နင်က ငါ့ကိုခဲနဲ့ထုမလို့လား . . . အေး နင် ငါ့ကို တစ်ချက်ထုရင် ငါကနှစ်ချက်ပြန်ထုတာကို စက္ကန့်ပိုင်းအတွင်းခံရတော့မယ်ဆိုတာ နင်ရဲ့ခေါင်းနှောက်ထဲမှာထည့်ထား . . . နင် . . . ခံနိုင်တယ်ဆိုရင်တော့ ထုလေ . . . ရတယ်"

ကြောက်ဓာန်ကန်နေသောရှုံသည် သင့်သွေး၏ကြိမ်းဝါးစကားကြောင့် လန့်ဖျပ်ကာ ခဲလုံးကိုပြန်ချပစ်လိုက်သည်။ သင့်သွေးက ချော်လဲပြီးဒူးပြဲကာ ချွေးတပြိုက်ပြိုက်နှင့် ကြောက်ဒူးတုန်နေသော ရှုံကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မဲ့တဲ့တဲ့ပြုံးလိုက်သည်မှာ ဘယ်မင်းသားရဲ့စတိုင်လ်ကို အတုခိုးထားသည် မသိပါ။ သူကြည့်တော့ လူကလေးလက်တောက်လောက်နဲ့။

"ဂြိုဟ်မ . . . နင်မြဲမြဲမှတ်ထား လိုက်စမ်း၊ လူဆိုတာ ကိုယ့်ဦးနှောက်ကို ကိုယ်အသုံးချရတယ် . . . သူများပြောတိုင်း ယောင်တောင်ပေါင်တောင်လိုက်လုပ်တာ အရူးချေးပန်းအလုပ်၊ အဲဒီအလုပ်ကို နင်လုပ်နေတာ . . . မရှက်ဘူးလား . . . နင့်ဦးဦးငယ်မကလို့





ဘယ်ကဘိုးတော်ကြီးကပဲဖြစ်ဖြစ် သူ့ကို မုန်းရမယ်ဆိုတာနဲ့ နင်ကဘာမသိဘာမသိ မုန်းပစ်လိုက်ရောတဲ့လား အလကား . . . ပုစွန်ဦးနှောက်နဲ့ သဒ္ဒါရှုံပဲ၊ နင့်အစား ငါရှက်လိုက်တာကွာ . . . အဟက် . . . ဟက်"

"နင် . . . နင်"

သင့်သွေးလှည့်ထွက်သွားတော့ ရှုံနေရာမှာ ခပ်ကြောင်ကြောင် ရပ်ကျန်နေမိသည်။ ခဏကြာတော့ လမ်းထိပ်သို့ ဆက်သွားဘဲ အိမ်သို့ပြန်လာခဲ့ကာ . . .

"ဦးဦးငယ် . . . ဦးဦးငယ်၊ သင့်သွေးကို ရှုံက ဘာလို့ မုန်းရမှာလဲ . . . ရှုံ့ကို ပြောပြစမ်းပါ"

ဟု အမောတကောမေးလေသည်။

ဦးဦးငယ်သည် ရှုံကို စိုက်ကြည့်ကာ အံတစ်ချက်ကြိတ်လိုက်သည်။ ဦးဦးငယ်မျက်နှာတင်းသွားတော့ ရှုံဝမ်းနည်းသွားသည်။

"ဟို ဦးဦးငယ်မဖြေချင်လည်း နေပါ"

"ဖြေမှာပါ မိရှုံ၊ ဦးဦးငယ်ကလည်း မိရှုံမေးလာရင်ဖြေဖို့ အဆင်သင့်ပါပဲ . . . ရှုံ ငယ်သေးလို့ ဦးဦးငယ် အကြောင်းစုံ မပြောပြဖြစ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခု . . . ရုံ့အသက်က ဆယ်နှစ်တောင်ကျော်မှပဲ . . . သိပ်တော့မငယ်တော့ပါဘူး ဦးဦးငယ်ရဲ့"

ရုံက ဦးဦးငယ်ရဲ့ ဘီးတပ်ကုလားထိုင်ကို အရိပ်ကောင်းကောင်းသစ်ပင်အောက်ကို တွန်းရွှေ့သွားခဲ့သည်။ အဲသည်နောက်မှာတော့ ဦးဦးငယ်ရဲ့မျက်ဝန်းများဟာ ကြမ်းတမ်းခက်ထန်ခြင်းနှင့် ကြေကွဲဝမ်းနည်းခြင်းတို့ ပူးပေါင်းကာ ရုံ့မျက်စေ့ထဲတွင် ရင့်ရော်လာသယောင်ထင်လိုက်ရသည်။ ပြီးတော့ ဦးဦးငယ်ရဲ့ စကားတွေဟာ ရုံ့နှလုံးသားထဲသို့ နင့်၍ နင့်၍ ဝင်သွားသည်။

"ဦးငယ် . . . ဒုက္ခိတ ဘဝရောက်ရတာ . . . ဦးငယ်ရဲ့ ဘဝသေဆုံးသွားရတာဟာ သင့်သွေးအဖေရဲ့လက်ချက်ပဲ . . . ရုံ"

"ဟင် . . . တကယ်"

ရုံသည် ထိုစကားကိုကြားလျှင် သင့်သွေးအဖေဆိုသူကို ခါးခါးသီးသီးမုန်းသွားသည်။ နှုတ်ခမ်းမွှေးစစ မျက်နှာထား တင်းတင်းနဲ့ သင့်သွေးရဲ့ ဒယ်ဒီဟာ တကယ့်ကို ရုပ်ရှင်ထဲက လူဆိုးကြီးလိုပုံမျိုး ဖြစ်သည်။

"ဦးငယ် သူ့ရဲ့ကောက်ကျစ်မှုကို ခံရတယ် . . . တစ် ဘဝစာရှုံးနိမ့်သွားတယ်။ အဲဒီအတွက်သူ့ကို နာကျင်





ထိခိုက်သွားအောင် တစ်ခုခုတုံ့ပြန်ရမှ ဖြေသာနိုင်မယ် . . . သူ့မျိုးဆက်ကလေးကို နှိပ်စက်ရတာဟာ . . . သူ့ကို နာကျင်အောင်လုပ်တာပဲ၊ မိရုံ . . . ဦးငယ် ရဲ့ ဆန္ဒကို မိရုံဖြည့်မပေးနိုင်ဘူးလား"

"ဖြည့်မှာပါ ဦးဦးငယ်"

ရုံက မဆိုင်းမတွပြောသည်။

"မတွေဝေကြေး"

"ဟုတ်ကဲ့ပါ ဦးဦးငယ်ရဲ့"

"နောက်မတွန့်ကြေး"

"စိတ်ချ"

"အိုကေ . . . ကတိနော်"

"ကတိ . . . ကတိ"

ရုံသည် ဦးဦးငယ်ရဲ့ လက်ကိုဖျစ်ညှစ်ကာ ကတိရဲရဲပေးလိုက်သည်။

"ဒီအရွယ်မှာ ဒီလောက်သိထားရင် လုံလောက်ပြီနော် . . . ရုံ၊ နောက်ကို ဦးဦးငယ်ကို ဘာမှထပ်မမေးနဲ့တော့"

ရုံက ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစကာ . . . ရုံ့ရဲ့အကြောက်တရားများ ပျက်ပြယ်သွားခဲ့ကာ သင့်သွေးကို ရန်သူတော်အဖြစ်သတ်မှတ်ခဲ့ပြီး ကြုံသည့်နေရာမှာ အရှက်တကွဲဖြစ်ရအောင် လိုက်လုပ်ဖို့ ရုံ့ ဘယ်တော့မှ ဝန်မလေးတော့ချေ။

စင်စစ် . . . သဇ္ဇါရုံသည် သင့်သွေးအပေါ် မုန်းသည့် အမုန်းနှင့်အတူ အရွယ်ရောက်ခဲ့တာဖြစ်သည်။









## အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုးနှစ်ခန့်အကြာတွင် သဒ္ဒါရုံသည် လွန်စွာလှပကာ ညှို့ချက်ပြင်းသည်ဟု ယောကျ်ားလေးတော်တော်များများက သတ်မှတ်ထားသော အလှဘုရင်မတစ်ပါး ဖြစ်လာခဲ့ပြီး ....

သင့်သွေးသည်လည်း မိန်းကလေးအများစု၏ စိတ်ဝင်စားမှုကိုခံရသော သူ့ရဲ့လွတ်လပ်၍ ခေတ်မီပွင့်လင်းသော စတိုင်လ်ဖြင့် မိန်းကလေးများကို ရင်ခုန်လှုပ်ခတ်စေနိုင်စွမ်းသော ယောကျ်ားပျိုတစ်ဦး ဖြစ်လာခဲ့လေသည်။

သို့သော် ... သူတို့နှစ်ဦးကြားမှ အမုန်းတံတိုင်းကတော့ ခိုင်ခိုင်မာမာ တည်ရှိနေဆဲတည်း ...





## ၁၉၉၈ ဒီဇင်ဘာ (၃၁)



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ကူးညက အတော်ကို ရင်ခုန်ဖို့ကောင်းပြီး ပျော်စရာလည်း ကောင်းလေသည်။ နောက်နာရီပိုင်းမျှ စောင့်စားပြီးလျှင် သက္ကရာဇ်ဂဏန်းတစ်ခု တိုးလာရတော့မည်။ ဒါတိုင်း သဒ္ဒါရုံတို့ သူငယ်ချင်းတစ်စုက ရင်ခုန်မျှော်လင့်မိကြသည်မှာ နှစ်စဉ်နှစ်တိုင်းပင်ဖြစ်သည်။ ဆယ့်နှစ်နာရီ ဒင်ခနဲထိုးလျှင် နောက်တစ်နှစ်သို့ရောက်ပြီ . . . အဲဒီအချိန်ကို ရုံတို့က သီချင်းများ ဟစ်ကြွေး၍ ကြိုကြမည်။

"ဟယ် . . . လူတွေ ဒီနှစ် ပိုများလာတယ်တော့"

"ဟုတ်ပ့ါရှင် . . . နှစ်သစ်ကို ကြိုရကောင်းမှန်း သိကြပြီပေါ့"

"ရုံရေ . . . ကားရပ်တော့လေ"

"နေရာမရှိတော့ဘူးဟ"

"ဟိုမှာ . . . ဟိုမှာ နေရာလွတ်နေတယ် . . . ဝင်ရပ်လိုက်၊ ဟုတ်ပြီ အိုကေ"

"ဝေး . . . ဟေး . . . ဟေး"

တောင်းအော့စ်ကားမြင့်မြင့်ကြီးရဲ့ နောက်ခန်းထဲက သူငယ်ချင်းတစ်အုပ် ဟေးခနဲအော်ကာ တစ်ယောက်ပြီး တစ်ယောက်ခုန်ချလာသည်။

"ဟာ ရေလည်မိုက်တယ်ကွာ"

"သမိစ်ပဲ"

"မချောဆယ်ယောက် ကိုယ်တစ်ယောက်ကွ"

ရုံတို့တစ်ဖွဲ့လုံးက ဘောင်းဘီရှည် ကုတ်အကျႌကိုယ်စီ၊ ဦးထုပ်ခေါင်းစွပ်ဆင်တူတွေနှင့် အားလုံးကလည်း အချောအလှတွေချည်းပဲမို့ အနီးအနားရှိကားပေါ်မှ စနောက်သံတွေ လျှံထွက်လာသည်။ သို့သော် ဒါမျိုးတွေ ရိုးနေသော ရုံတို့အုပ်စုကတော့ . . . ခပ်တည်တည်ပင် . . . ။

IBC ရှေ့၊ သံရုံးရှေ့၊ ဒီဘက် အင်းလျားကန်ရှေ့ လမ်းတစ်လျှောက်မှာတော့ ကားတန်းကြီးကို တစ်မျှော် တစ်ခေါ် တွေ့ရလေသည် . . .





www.burmeseclassic.com

www.burmeseclassic.com



"ရုံ ရေ . . . ဟောဒီကားတန်းကြီးထဲမှာ သင့်သွေး
ကားပါနေရင် ရှင်ဘာလုပ်မလဲ"

"ကားဘော်ဒီမှာ ဒါအရှုးကားလို့ စာသွားကပ်ချင်တယ်
ပြီးတော့ ခဲလုံးချွန်ချွန်တစ်ခုရှာပြီး သူ့ကား ဘောနက်မှာ
အစင်းရာကြီး ထင်အောင်ဆွဲခြစ်မယ်"

"ရှင့်ရန်သူတော်ကြီးက ငြိမ်ခံမယ်များ ထင်နေသလား"

"မခံနိုင်ရင် လဲသေလိုက်ပေါ့"

"လဲမသေဘဲ ရှင့်လည်ပင်းလာညှစ်နေမယ်"

ဒီဒီ့စကားကြောင့် ရုံက ပခုံးတွန့်ကာ လက်ဖဝါးနှစ်ဖ
ဖြန့်ပြလိုက်သည်။ ဒီလို လူစည်းကားသော နေရာမှာများ အရ
တကွဲဖြစ်လိုက်လို့ကတော့ သင့်သွေးဘယ်လောက် နာကျင်လ
မလဲ . . .။ ရုံက ဒီဒီအစ မဖော်ခင်ကတည်းကပင် သင့်သွေး
သတိရနေခဲ့တာဖြစ်သည်။ ချစ်သူကို သတိရမိတာထက် မုန်း
ကို အမြဲသတိရမိတာက အတော့်ကိုဆိုးရွားပူလောင်ပါသည်

"ရုံရေ ဗိုက်ဆာပြီဟာ၊ ခုကတည်းက နည်းနည်းပါး
စားထားလို့ မရဘူးလား"

ကားနောက်ခန်းမှ မေရီတို့တစ်သိုက်က လှမ်းအော်
သည်။





"နိုး . . . နိုး မရဘူး၊ ရှင့်တို့ပါးစပ် သစ္စာမဖောက်ကြနဲ့
ဆယ့်နှစ်နာရီထိုးပြီးမှ စားရမှာ"

ရုံတို့ ကားနောက်ခန်းမှာတော့ စားစရာမျိုးစုံ ပါလာ
သည်။ ခေါက်ဆွဲကြော်၊ ငါးကင်၊ ကြက်သားကင်၊ အချိုရည်ဘူး
တွေ မနည်းလှ၊ မေရီတို့က စားစရာ အနံ့ပေါင်းစုံကို ရှူကာ
းစပ်တပြင်ပြင် ဖြစ်နေသည်။

ရုံသည် သိုးမွေးအဖြူရောင် နှင်းကာဦးထုပ်ကလေးကို
ဖိဖိဆောင်းလိုက်ပြီး ကားရှေ့ခန်းမောင်းသူနေရာမှ ခုန်ဆင်း
ကာ နောက်ခန်းသို့ လှသွားခနဲတက်လာခဲ့သည်။

ရုံတို့ကားရဲ့ ရှေ့နောက်ဝဲယာမှာတော့ ရုံတို့အရွယ်
ယောက်ျား၊ မိန်းမအတော်များများကို သူ့အုပ်စုနှင့် သူ တွေ့ရ
သည်။

ရုံတို့အဖွဲ့က ရှစ်ယောက်အုပ်စု၊ အုပ်စုတောင့်သဖြင့်
ည်း မေမေက ရုံတို့ကို ခွင့်ပြုပြီး စားစရာအပြည့်ထည့်ပေး
က်ခြင်းဖြစ်သည်။

မိန်းမအုပ်စုများသဖြင့် ထုံးစံအတိုင်း ကားထဲမှာ စကား
တွေ ကျွက်ကျွက်ညံနေသည်။

"ကျွန်မတို့ မြဝတီရုပ်မြင်သံကြားက ဗျူးပါရုံစ . . .



www.burmeseclassic.com

www.burmeseclassic.com



ခုလိုအချိန်မျိုးမှာ ဘယ်လိုခံစားရပါသလဲ၊ တစ်ဆိတ် ရှင်းပြပေးပါရှင်"

"ဟုတ်ကဲ့ . . . အသက်တစ်နှစ်ကြီးသွားတော့မယ် ဆိုတာ မသိချင်ဘဲ သိနေရတဲ့အတွက် သိပ်စိတ်ညစ်နေ ပါတယ်"

"ဒေါ်စန္ဒီစိုးကကော ရှင်"

"ဆယ့်နှစ်နာရီထိုးတာနဲ့တစ်ပြိုင်နက် ကြက်ပေါင်ကို အရင်စဖြုတ်ဖို့ စဉ်းစားနေပါတယ်"

"ဒေါ်မေရီကတော့"

"ဆယ့်နှစ်နာရီထိုးတာနဲ့ အသံအကျယ်ဆုံးသီချင်းဆိုဖို့ လည်ချောင်းရှင်းထားပါတယ်"

"ဒေါ်လွဲလွဲနှောင်းကကော . . . ဘယ်လိုခံစားရလဲ . . . ရှင်းပြပေးပါ"

"ခုလို နီယွန်မီးချောင်း အရောင်တွေဖြာကျနေတဲ့ ပြည် လမ်းမနံဘေးက ကားပေါ်မှာထိုင်ပြီး အင်းလျားကန် ဘောင်ကို တစ်လှည့်၊ သိပ်လှတဲ့ အိုင်ဘီစီအဆောက် အဦးကို တစ်လှည့် ငေးကြည့်ရင်း နှစ်သစ်ကိုကြို စောင့်စားနေရတဲ့ အချိန်ကာလလေးဟာ အင်မတန်





ဆွတ်ပျံ့ကြည်မွေ့စရာကောင်းလှပါတယ်ရှင်"

"ဟုတ်ကဲ့ . . . စာရှူး ကဗျာရှူးပီပီ . . . ခုလို တခမ်း တနား ပြောကြားပေးတဲ့အတွက် မလွဲလွဲနှောင်းကို ကျေးဇူးဥပကာရ တင်ရှိပါတယ်ရှင်"

"သရဲမ"

မေစိုးက လက်သီးဆုပ်ကို လူတကာ၏ပါးစပ်နားကို ကိုက်တေ့ပြီး ဖျူးနေတာမို့ ရုံတို့ ကားပေါ်မှာ ရယ်သံ၊ စကားသံ တွေ ဆူညံနေရခြင်းပင် ဖြစ်သည်။

ရုံသည် ကားနောက်မြီးတွင် ခြေချထိုင်ရင်း . . . သူတို့ ပြောသမျှကြားကာ တခိခိရယ်နေသည်။ ထိုအခိုက်မှာပဲ ဆိုင် ကယ် စတန့်သမားအုပ်စုက လူများရေး ကားတန်းကြီးရှိရာသို့ ဦးဆည်လာခဲ့ခြင်း ဖြစ်သည်။

သူတို့အုပ်စုတွင် လူငါးယောက်ပါပြီး . . . တစ်ယောက် က ရုံတို့အနားအရောက်တွင် ဆိုင်ကယ်ပေါ် မတ်တတ်ရပ်ကာ ပြသွားသည်။

"ရုံရေ . . . စတန့်သမားတွေ မနည်းပါလား"

"ဆပ်ကပ် အလကားကြည့်ရတာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လို့ကောင်းသား . . . ဟိုပုဂ္ဂိုလ်စီးသွားတာ မိုက်တယ်"

သူတို့ကို စိတ်ဝင်စားသွားကာ ရုံတို့မိန်းကလေးအုပ်စု အသံတိတ်သွားသည်။ ဆိုင်ကယ်ငါးစီးက ရုံတို့အနီးမှ ဝေါခနဲ ဝေါခနဲဖြတ်ကျော်သွားသည်။

ရှေ့နားဆီမှ လက်ခေါက်မှုတ်သံ၊ အော်ဟစ်အားပေးသံတွေ ကြားလိုက်ရသည်။

ဟိုနားဒီနားအုပ်စုဖွဲ့ကာ ကနေသော ပုဂ္ဂိုလ်များက လည်း အရှိန်မပျက်၊ ကားများမှ တက်ဆက်သံကို ကြားနေရသည်။

"ဟိုမှာ တစ်စီးလာပြန်ပြီဟေ့"

ဒီဆိုင်ကယ်စတန့်သမားကတော့ အဝေးကပင် ဆိုင်ကယ်မတ်တတ်ရပ်စီးလျက် . . . လက်နှစ်ဘက်ကို မြှောက်ထားသည်၊ အဲဒီဆိုင်ကယ်စတန့်သမားဟာ သင့်သွေးဖြစ်နေရခြင်းက ရုံကို သွေးပူစေခဲ့တာဖြစ်သည်။ သူ့ကို တွေ့လို့ကတော့ ရုံက ရန်မစဘဲ မနေချင် . . . ပြီးတော့ ခုလိုနေရာမျိုးက သူ့ကို အရှက်ရစေဖို့ ပိုပြီး သေချာပါသည်။

"ရုံရေ . . . ရှင့်ရန်သူတော်ကြီးပါလား"





"အေး . . . ရှင်တို့ ကျုပ်အော်သလို လိုက်အော်နော်"

ရုံသည် ကားပေါ်တွင် မတ်တတ်ရပ်လိုက်သည်။ သူ့ဆိုင်ကယ်လ်ရုံတို့ ကားနံဘေးကအဖြတ်တွင် . . .

"ဟား . . . ဟား . . . ဟား အလကား . . . သူများ ယောင်တိုင်း လိုက်ယောင်နေတာ . . . သူ့ကိုယ်သူ ဟီးရိုးလိုလို"

ရုံက စပေးလိုက်လျှင် . . . ကားထဲမှ မိဒီတို့အသံတွေ ထွက်လာသည်။ သူ့ဆိုင်ကယ်လ်မှာ ခါယမ်းကာ မှောက်တော့ လို ဖြစ်သွားသည်။ နောက်တစ်ကြိမ်ပြန်လှည့်အလာတွင် . . .

"ဟား ဟား ဟား"

သူ့ဆိုင်ကယ်လ်နှစ်ကျော့ပြန်သည်အထိ ရုံတို့ကဝိုင်းရယ်ပေးလိုက်ကြသည်။ အဲဒါရဲ့ အကျိုးဆက်ကတော့ သူ့ဆိုင်ကယ် ရုံတို့ကားရှိရာသို့ ဦးတည်လာခြင်း ဖြစ်သည်။

"ဒီမှာ . . . မင်းတို့ ဘယ်သူ့ကို လောင်နေတာလဲ"

"ရှင် . . . ဘယ်သူ့ကို လောင်မိလို့လဲ . . . ကျွန်မတို့ ဘာသာရယ်နေတာ"

"လုံးဝမဟုတ်ဘူး . . . ငါသိတယ်"

သင့်သွေးက မှောင်ရိပ်ကျသောနေရာတွင် ရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ရှို့ကို ချက်ချင်းမမြင်ပေ။

"နေပါဦး၊ ကျွန်မတို့ရှင့်ကို ရယ်တာဆိုရင်ကော ရှင်က ဘာလုပ်ချင်လို့လဲ"

မိဒီက ခါးထောက်ကာ ဟန်ပါပါမေးလိုက်သည်။

"မင်းတို့တစ်ယောက်စီရဲ့ မျက်နှာကို လက်သီးနဲ့ ဆွဲထိုး ချင်တယ်"

"ဩော် . . . တော်တော်သတ္တိကောင်းတဲ့ ယောကျ်ား ဘသားကြီးပါလား၊ မိန်းကလေးတွေကို လာရန်တွေ့ နေတာ . . . ရှင်မရှက်ဘူးလား"

"မင်းတို့စလို့ တုံ့ပြန်တာ . . . အဲဒါ ရှက်စရာ မဟုတ် ဘူး၊ မိန်းကလေးက စတာပဲဆိုပြီး ပြုံးပြုံးမြိန့်မြိန့်ခံ ဖြစ်သွားမယ် မထင်နဲ့၊ အဲဒါဖွန်ကြောင်တွေရဲ့အလု . . . လူတစ်ယောက် အရှက်ရအောင် ရန်ကြွေးမရှိ အော်ဟစ်အရှက်ခွဲတဲ့ အလုပ်ဟာ သိပ်ပြီး ရိုင်းစို့ တယ်ဆိုတာ မင်းတို့သတိရရင် ကိုယ့်လိပ်ပြာကိုယ်ရှ . . . မိန်းမယဉ်ကလေးတွေ ဒါမျိုးမလုပ်ဘူး"

ဆိုင်ကယ်လ်ပေါ်မှ ခြေတစ်ဖက်ထောက်ရပ်ကာ လှ ပြောနေပုံက အေးအေးဆေးဆေးပင်ဖြစ်သည်။ ဆံပင်ပျော့





ကို နောက်တွင်စုစည်းထားသဖြင့် မျက်နှာက ထင်းထင်းပေါ်လွ နေသည်။ နက်မှောင်သောမျက်ခုံးတစ်စုံက မသိမသာ ညှိပဲ ကွေးနေသည်။ ဒါကလည်း သူ့ရဲ့မှုန်ကုပ်ကုပ် စတိုင်လ်တစ် ဂါ သည်။ နီညိုရောင်ပေါ်တွင် အင်္ဂလိပ်စာတန်းတွေပါသော ဂါ နှင့် ဂျင်းဘောင်းဘီအဖြူက သူနှင့်လိုက်ဖက်တာကိုတော့ ဝ ဘ မည်ပင်။ တကယ်တော့ . . . သင့်သွေးဟာ ရည်မွန်အေးဆေ သော လူငယ်လေးနှင့်မတူဘဲ လွတ်လပ်ရဲရင့်သော လူငယ် တစ်ဦးဖြစ်သည်ဆိုတာကို မြင်ရုံနှင့် သိသာစေသည်။

တစ်ယောက်တစ်ပေါက်အသံများတိတ်ကာ သင့်သွေး ကို ကြောက်ရွံ့စပြုနေသော မိဒီတို့ရဲ့ အခြေအနေကြောင့် . . . ကားအောက်သို့ ဖုတ်ခနဲခုန်ဆင်းကာ သင့်သွေးနှင့် မျက်နှာ ချင်းဆိုင်လိုက်သည်။

"ဩော် . . . မင်းကို၊ ငါထင်တော့ထင်သား၊ ဒီလို အဓိပ္ပာယ်မရှိတဲ့အလုပ်တွေ လုပ်တတ်တဲ့အုပ်စုမှာ ခေါင်းဆောင်ဟာ မင်းပဲဖြစ်ရမယ်ဆိုတာ"

"သေချာတာပေါ့ . . . ငါလည်းထင်လိုက်ပါတယ် . . . မိန်းကလေးတွေကို နှုတ်သီးကောင်းလျှာပါးလာရန်တွေ့ ပြီဆိုကတည်းက နင်ပဲဖြစ်ရမယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ဆောင့်ကြွားကြွားပုံစံကိုကြည့်ကာ . . . သင့်[illegible]ုံးရဲ့လက်သီးတွေ ယားလာသည်။ ဒီဂြိုဟ်မဟာ သူ့ကို ရန်[illegible]ဘဲ မနေနိုင်ဘူးလား . . . ။ သူ့ကိုတုတ်နှင့်လာရိုက်လျှင် [illegible]ားနှင့်ပြန်ခုတ်မည်ဆိုတာကိုတော့ ဂြိုဟ်မ သိထားသင့်[illegible]။ နားရွက်တစ်ဖက်စီတွင် ဖက်ဆစ်ဂျပန်တွေရဲ့ ဦးထုပ်[illegible] နှင်းကာအဖတ်ကလေးနှစ်ဖက် တွဲလောင်းကျနေသော သိုးမွေးဦးထုပ်ကြောင့် သူမရဲ့ရှေ့မျက်နှာကွက်ကွက်ကလေးကိုပဲ မြင်နေရသည်။ နက်မှောင်ရှန်းစိုသော မျက်ဝန်းကလေး . . . နှာတံလုံးကလေး . . . နှုတ်ခမ်းပြည့်ပြည့်လေး . . . အဲဒီပစ္စည်းသုံးခုပဲ မြင်ရကာ . . . အဲဒါလေးတွေက သိပ်လှသည်ဆိုတာ ဘယ်သကောင့်သားမှ မငြင်းနိုင်ပါ။ သို့သော် သူကတော့ အဲဒီနှာခေါင်းရိုးအလယ်တည့်တည့်လောက်ကို လက်သီးနှင့် စွပ်ခနဲထိုးပစ်ချင်နေသည်။ သူမရဲ့ ခပ်မဲ့မဲ့နှုတ်ခမ်းကလေးဟာ သူမရဲ့မေးရိုးသွယ်သွယ်ကို လက်သီးနှင့်ထိုးပေးလိုက်မှ ပြန်တည့်သွားမည်ဟု ထင်ပါသည်။

"ဒီကိစ္စမှာ . . . ဘယ်သူလွန်သလဲဆိုတာ ဦးနှောက်ကောင်းရှိတဲ့သူတိုင်းသိတယ် ဂြိုဟ်မ . . . လူဆိုတာ တိုယ့် Crazy နဲ့ ကိုယ်စံ . . . သူများတစ်ဖက်သားကို





မထိခိုက်ရင် စိတ်တိုင်းကျ ရူးသွပ်ပိုင်ခွင့်ရှိတယ် . . . ဆိုင်ကယ်စတန့်စီးတာ ငါ့ Crazy ပဲ၊ အဲဒါရူးသွပ်တာပဲလို့ ဘယ်သူစွပ်စွဲမလဲ၊ ငါလုံးဝဂရုမစိုက်ဘူး . . . ငါ့လုပ်ရပ်ဟာ ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုတာ ငါယုံကြည်တယ် . . . ထိခိုက်လာခဲ့ရင် ငါကိုယ်တိုင်ကလွဲပြီး တခြားမရှိဘူး . . . နင်တို့ရဲ့ လှောင်ပြောင်သရော်သံတွေက ငါ့ကို အာရုံပျက်စေတယ် . . . အဆင်မသင့်ရင် ဆိုင်ကယ်လိမ့်မှောက်သွားနိုင်တယ် . . . ပြီးတော့ မိန်းကလေးတစ်ယောက်ရဲ့ ဝိုင်းဝန်းလှောင်ပြောင်ခံရတဲ့အဖြစ်ဟာ ငါ့ကိုအရှက်ရစေတယ် . . . အဲဒါ တွေ နင်တွေးမိရဲ့လား"

"တွေးမိတာပေါ့ . . . တွေးမိလို့လည်း တမင်လုပ်လိုက်တာ . . . နင်အရှက်ကွဲသွားအောင်လေ . . . ငါက နင် နာကျင်သွားအောင် လုပ်ချင်တာ"

"အဓိပ္ပာယ်မဲ့တွေ . . . အဲဒါ နင်ရူးနေတာကွ"

အချိန်နာရီတွေဟာ တရွေ့ရွေ့ကုန်ဆုံးနေခဲ့တာဖြစ်[illegible]ည် ဆယ့်နှစ်နာရီထိုးရန် သိပ်မဝေးလှတော့ပါ . . . ခဏကြာ[illegible]ာ့ နှင်းတွေ သိပ်သိပ်သည်းသည်း ကျလာသည်။ ရိုက

www.burmeseclassic.com

www.burmeseclassic.com



လောင်းကုတ်အကျႌထဲ လက်နှိုက်ကာ ကားကိုမှီရပ်နေသည်။ သင့်သွေးက ဆိုင်ကယ်ကို ဒေါက်ထောက်ရပ်ပြီး ဆိုင်ကယ်ဘေးမှာ ရပ်နေဆဲပင်။ တစ်ဦးနှင့်တစ်ဦး ရန်စွယ်ငေါငေါ စိုက်ကြည့်သည်ဆိုလျှင် ပို၍ မှန်ပါမည်။

"နှင့်ကိုငါ တစ်ခုခုတုံ့ပြန်ရမှာ ကျေနပ်နိုင်မယ် . . . သဒ္ဒါရုံ"

သင့်သွေးရဲ့ မျက်လုံးတွေဟာ ကျားရဲတစ်ကောင်လိုစူးရဲတောက်ပနေသည်။ ရုံသည် အဲဒီမျက်လုံးများကိုတွေ့လျှင် ရင်ထဲဒိန်းခနဲခုန်ကာ လန့်ဖျပ်သွားသည်။ သို့သော် . . . မကြောက်သလို ဆက်လက်ဟန်ဆောင်နေလိုက်ရင်း . . .

"နှင်တစ်ခုခု လုပ်ရဲလုပ်ကြည့်ပေါ့ . . . ငါအော်လိုက်ရင် လူအုပ်ကြားမှာ စိစိညက်ညက်ကြေသွားမယ် . . . ဘာမှတ်လဲ"

သင့်သွေးက နှုတ်ခမ်းလေးတွန့်ရုံ ပြုံးလိုက်သည်။ အဲဒီအပြုံးဟာ ညစ်ကျယ်ကျယ်လည်းနိုင်လှသည်။

ရုံကတော့ ဦးဦးငယ်ဆီ စိတ်ရောက်သွားသည်။ ရုံ၏ နှစ်သစ်ကူးညကို ပျော်ရွှင်စွာကျော်ဖြတ်နေချိန်မှာ ဦးဦးငယ်ကတော့ . . . ဘီးတပ်ကုလားထိုင်ပေါ်တွင် မလှုပ်မယှက် ထိုင်ကာ





. . . သူ့ဘဝကို သူ . . . မကျေနပ်နိုင် အံကြိတ်ပြီး တောက်ခေါက်နေမှာ သေချာသည်။ ဦးဦးငယ် ဒီလိုခံစားရတာတွေဟာ သင့်သွေးအဖေကြောင့် ဖြစ်သည်။ သင့်သွေးဖေဖေရဲ့ အပြစ်ကို သင့်သွေးလည်း မျှဝေယူနိုင်ရလိမ့်မည်။

ရုံသည် သင့်သွေးကို မုန်းတီးစွာစိုက်ကြည့်နေလိုက်သည်။ သင့်သွေးက စောင်းငဲ့ကာ နာရီတစ်ချက်ကြည့်သည်။ ဆယ့်နှစ်နာရီထိုးရန် နှစ်မိနစ် . . .။ အနီးတစ်ဝိုက်မှလူတွေ လှုပ်လှုပ်ရွရွဖြစ်လာသည်။

နှင်းထုကပို၍ . . . ပို၍သိပ်သည်းလာသည်။ အနီးဘဝန်းကျင်တွင် မှုန်ဝါးနေပြီ၊ မာကျူရီမီးရောင်က နှင်းကြားတွင် ခပ်မှိန်မှိန်ဖြစ်သွားသည်။

သင့်သွေးသည် ဘာစကားမှ မဆိုတော့ဘဲ၊ ဆယ့်နှစ်နာရီထိုးမည့်အချိန်ကိုသာ စောင့်စားရန်ဆုံးဖြတ်လိုက်ပြီး နေရာတွင်ပင် ရပ်တန့်နေသည်။

"ကိုသင့်သွေး . . . ပြန်ပါတော့ . . . ကျွန်မတို့ တောင်းပန်ပါတယ်၊ ဆယ့်နှစ်နာရီလည်းထိုးတော့မယ် . . . ရုံရေ . . . ရှင်လည်းလာတော့"

"ကျုပ်ကစပြီး ဘယ်တော့မှ မဆုတ်ခွာဘူး . . .



www.burmeseclassic.com

www.burmeseclassic.com



ငါ ကျေအေးစွာ လှည့်ထွက်သွားမယ်လို့လည်း မင်း မထင်နဲ့၊ မင်းကိုယ်တိုင် မတောင်းပန်မချင်း ငါမပြန်ဘူး”

“နှင့်ကိုများ . . . ငါကတောင်းပန်ရမယ် . . .၊ စောင့်နေပါ၊ အရိုးဆွေးတဲ့အထိ”

အဲဒီအချိန်မှာပဲ . . . ဆယ့်နှစ်နာရီထိုးသွားခဲ့ခြင်းဖြစ်သည်။ ရှေ့နားကျကျ ကားတွေဆီမှ . . .

“Happy New Year”

ဟု စုဝေးအော်လိုက်သံကြားလျှင် ရုံတို့အားလုံးနာရီကို ငုံ့ကြည့်လိုက်ပြီး ပျော်ရွှင်စွာစုဝေး၍ အော်ဟစ်လိုက်ကြသည်။ ရုံသည် ခဏတော့ သင့်သွေးကိုမေ့သွားသည်။ နှောင်းနှင့် မိဒီ မေရီတို့က ပါးစပ်ထဲတွေ့ရာသီချင်းတွေ တစ်ယောက်တစ်ပေါက် ဆိုဆဲတွင် . . .

“ဟိတ် . . . ကြက်ပေါင်ကို မိဒီဆွဲသွားပြီ”

“ငါးကင်က . . . ငါဦးထားတာနော်”

“အချိုရည် ငါ့ဖို့ချန်ထားဦး . . .”

အစားသမားအုပ်စုကြောင့် အားလုံးရှုတ်ရုတ်သဲသဲ ဖြစ်သွားချိန်တွင် မထင်မှတ်သောကံကြမ္မာတစ်ခုက ရုံ့ထံသို့ ရောက်လာခြင်း ဖြစ်လေသည်။





သီချင်းသံတွေ . . . အော်ဟစ်သံတွေ . . . တညံညံနှင့် ရုံတို့နံဘေးမှ ကားများထွက်ခွာသွားချိန် . . . မိဒီတို့အားလုံး ကားပေါ်ရောက်ကာ ဝရုန်းသုန်းကားဖြစ်နေချိန် အခြေအနေ အားလုံးရှုပ်ယှက်ခတ်နေချိန်တွင် နယူးရီးယားစ်သီချင်းတစ်ပုဒ်ကို သီဆိုနေသော ရုံ့နှုတ်ခမ်းအစုံသည် ဖျတ်ခနဲငွေးထွေးသွားပြီး ရုံ ကြက်သေသေသွားသည်။

ရုံက . . . နှုတ်ခမ်းကလေးကို လက်နှင့်အုပ်လိုက်ချိန်တွင် သင့်သွေးကဆိုင်ကယ်ကို စက်နှိုးနေပြီဖြစ်သည်။

“အဲဒါ . . . မင်းအတွက်ငါရဲ့ Happy New Year Present ပဲ သဒ္ဒါရုံ . . . မင်းသေတဲ့အထိ သိမ်းထား လိုက်”

ရုံအသည်း ဆတ်ဆတ်ခါ နာကျင်သွားသည်။ ပြီးတော့ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ငိုချလိုက်သည်။ သင့်သွေးရဲ့ လှည့်စားချေမှုက . . . အတော့်ကို ဆိုးရွားပြင်းထန်ပြီး ရုံ့စိတ်ကို အနာတရ ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com



အဲဒီဖြစ်ရပ် မတိုင်မီကတည်းက ရှုံနှင့် သင့်သွေးတို့နှစ်ဦး ကြားတွင် အမြန်အလှန်ပညာပြိုင်မှုများ ရှိခဲ့တာဖြစ်သည်။

ထိုပညာပြိုင်မှုများမှာ ပထမနှစ်စတက် ရချိန်ကတည်းက စပါသည်။ အထက်တန်းကျောင်းသားဘဝက ကျောင်းချင်းမတူ သဖြင့် တစ်ယောက်နှင့်တစ်ယောက်လမ်းမှာတွေ့လျှင် ... အချိန်ကြာကြာရန်စဖို့ အခွင့်မရခဲ့၊ ကိုယ့်ကျောင်းကိစ္စ၊ ကျူရှင် ကိစ္စများဖြင့် ရှုပ်ကာ ဆယ်တန်းစာမေးပွဲအတွက် အပြင်းအထန် ကြိုးစားနေခဲ့ရသည်။ ထိုအတောအတွင်း ဦးဦးငယ်နဲ့ စကား ကြာကြာမပြောဖြစ်တာကလည်း ရှုံကို တစ်နည်းတစ်ဖုံ ဒေါသွးအေး စေခဲ့တာဖြစ်သည်။

သို့သော် ... တက္ကသိုလ်နယ်မြေသို့ ခြေချမိသော တစ်နေ့တွင် ရှုံနဲ့သင့်သွေးဟာ ကံဆိုးစွာပဲ မေဂျာတစ်ခုတည်း





ဆက်ရှင်တစ်ခုတည်းဖြစ်နေခဲ့တာကို တအံ့တသြသိလိုက်ရ သည်။ ဘယ်လောက်ဆိုးဝါးတဲ့ တိုက်ဆိုင်မှုလဲနော် ...။

သူ့ကိုနေ့တိုင်း မြင်နေရခြင်းက ရှုံ့သွေးတွေကို ပူနွေးဆူ ပွက်စေခဲ့တာဖြစ်သည်။ သူရဲ့ဂျစ်ကန်ကန် ဆောင့်ကြွားကြွား ...က အင်မတန် မျက်မုန်းကျိုးစရာကောင်းပါသည်။ ရှုံဆည် ... ငယ်ငယ်တုန်းက ရန်စနှင့် သူ့ကိုပို၍ပို၍ မုန်းတီးလာ သည်။ တစ်နေ့တွင် ... ရှုံကပဲ စတင်၍ သူ့ကိုစိန်ခေါ်သော ...ပ်ရပ် တစ်ခုကို အစပျိုးခဲ့သည်။ ထိုလုပ်ရပ်မှာ သူ့ကို အများ အလယ်တွင် ပထမဦးဆုံးအရှက်ရစေခဲ့သော လုပ်ရပ်တစ်ခု ...ည်း ဖြစ်သည်။

ထိုအဖြစ်အပျက်သည် ကျောင်းရှေ့အုတ်ခုံတစ်ခုအနီး ...င် ဖြစ်သွားခဲ့တာဖြစ်သည်။

ဆိုင်ကယ်ကို ရပ်ထားခဲ့ပြီး ဆံပင်ကြက်တောင်စည်းနှင့် ...ုံးဖတ်လပ်ကြိုးတွဲလောင်းကျနေသော ကျောပိုးအိတ်ကိုလွယ် ... ခပ်မတ်မတ်လျှောက်လာသောသင့်သွေးက အုတ်ခုံတွင် ဝိုင်း ...ိုင်နေသော ရှုံတို့ရှေ့မှ ဖြတ်အလျှောက်တွင် ရှုံက ... မသိ ...ာ ခြေထိုး၍ခံလိုက်သည်။ သင့်သွေးသည် ရှုံ့ခြေထောက်ကို ...တ်တိုက်ကာ ရှေ့သို့ဟပ်ထိုးဟပ်ထိုးဖြစ်သွားသည်။

www.burmeseclassic.com



"ဝါး . . . ဟား . . . ဟား"

မိဒီတို့က တက်ညီလက်ညီ ရယ်လိုက်ကြသည်။ အနီးအနားမှ ကျောင်းသူတချို့က ပြုံးစိစိဖြစ်နေသည်။ သင့်သွေးသည် အရှိန်ပြင်းပြင်း ဟပ်ထိုးဖြစ်ကာ မြေပြင်တွင် လေးဘက်ထောက်လျက်သား ကုန်းကွကြီးဖြစ်နေပုံမှာ ရယ်စရာကောင်းလှသည်။ သို့သော် . . . သင့်သွေးသည် ရုံတို့ထင်သလို ရှက်ရှက်နှင့် လှည့်ထွက်မသွားဘဲ ချာခနဲပြန်လှည့်လာသဖြင့် အဝေးဂန်ကျယ်နေသော မိန်းကလေးအုပ်စုမှာ တိခနဲ အသံတိတ်သွားသည်။

"မင်းတို့ထဲက . . . ငါ့ကို ခြေထိုးခဲ့တာ ဘယ်သူလဲ"

"အား . . . နာလိုက်တာ . . . ငါ့ခြေထောက်တော့ ကျိုးပါပြီ . . . ငါ့ခြေထောက်ကို ခလုတ်ဝင် တိုက်သွားတာ နင် မဟုတ်လား . . . အ . . . ကျွတ်ကျွတ် . . . ငါ့ခြေထောက် ဘာဖြစ်သွားပြီလဲ မသိဘူး"

ရုံရဲ့ ညည်းတွားမှုက သူ့မေးခွန်းနှင့် ထပ်တူကျသည်။ ရုံသည် ခြေထောက်ကိုဖိနှိပ်ကာ တဖွဖွညည်းတွားရင်း သူ့ရန်တွေ့လိုက်လေသည်။





"သွားစမ်းပါ။ မာယာတွေ . . . ရိုးနေပြီကွ၊ မင်းခြေထောက်က ဘာမှမဖြစ်ဘူး . . . ဖြစ်တာက ငါ"

"အောင်မယ် . . . နင်ကတစ်ပြန် . . . ၊ နင်ပဲ မျက်စိကန်းပြီး ငါ့ခြေထောက်ကိုဝင်တိုက်သွားတာ၊ အဲဒီမျက်စိကို ပုလင်းဖင်လောက်ထူတဲ့မျက်မှန်တပ်လိုက်ဦး"

"တော်စမ်း . . . ဂြိုဟ်မ . . . ၊ မိန်းမပီပီ ပစိပစပ်တွေ လျှောက်ပြောမနေနဲ့။ ဒါ . . . နင်တမင်လုပ်ကြံတာ၊ ငါသိတယ်"

"နင် . . . ငါ့ကို အော်စရာမလိုဘူး သင့်သွေး၊ အ . . . ခြေထောက်ကနာလာပြန်ပြီ . . . နင်ကလည်း ဝင်တိုက်သေး . . . နင်ကပဲ သဟောက်သဟာနဲ့ . . . ၊ နင့်ကို မော်ကွန်းထိန်းနဲ့တိုင်မယ် . . ."

"သွားတိုင် . . . ငါကလည်း နင့်ရဲ့ လီဆည်လုပ်ကြံမှုကြီးကို ဖွင့်ချလိုက်မယ်"

ရုံသည် . . . ထိုနေ့က တကယ်ပဲ မော်ကွန်းထိန်းနှင့်တိုင်လေသည်။

မနာသည့်ခြေထောက်ကို နာချင်ဟန်ဆောင်ပြရတာ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ ပင်ပန်းသား၊ မော်ကွန်းထိန်းရုံးခန်းထဲဝင်လာသော သင့်သွေးကတော့ တစ်ချက်မညှိုးပါ။

"သူ . . . ခြေထိုးခံလိုက်လို့ . . . ကျွန်တော်ချော်လဲရတာပါ ဆရာ" . . . အဲ့ဒါကို သူကတစ်ပြန် လီဆည်ပြီး လာတိုင်တာပါ"

"သူက ကျွန်မကို အရှက်ရအောင် . . . လူလယ်ကောင်မှာ အော်ငေါက်ပြီး အရှက်ခွဲသေးတယ် ဆရာ"

"သူက စပြီး ကျွန်တော့်ကို အရှက်ခွဲခဲ့တာပါ ခင်ဗျ"

"ကဲ . . . တော်ပြီ၊ ဆရာရှေ့မှာ . . . ဆက်အငြင်းပွားမနေနဲ့တော့၊ ဒီကိစ္စဟာ မတော်တဆဖြစ်ရတဲ့အမှုပဲ တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးတွေ ထားမနေနဲ့ . . . ကျေအေးလိုက်ကြပါကွယ် . . ."

ဆရာက မကြီးမငယ် ငြင်းခုံနေသော ရုံတို့ကို ရယ်ချင်ဟန်လည်း ရှိသည်။

နောက်ဆုံးမှာတော့ နှစ်ယောက်စလုံး ဘယ်သူ့ဘယ်သူမှ အပြစ်မရဘဲ ဆုံးမစကားကို နားထောင်ကာ ရုံးခန်းထဲမှ ပြန်ထွက်လာသည်။ ရုံးအခန်းအပြင်သို့ ရောက်လျှင် သင့်သွေးက ရုံ့အနား ဖျတ်ခနဲ ဝင်ကပ်လာကာ . . .





"မိန်းမတွေများ ကလိမ်ကကျစ် လုပ်ရမယ်ဆို . . . နည်းနည်းလေးမှ နောက်မတွန့်ဘူး . . . ဒီတစ်ပွဲအနိုင်ရတယ်ဆိုပြီး ပျော်မနေနဲ့ဦး၊ မကြာခင် . . . နင်ရှုံးရဦးမယ် . . . ခံနိုင်ရည်ရှိအောင် အားမွေးထားလိုက် . . ."

ဟု ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။

နောက်တစ်နေ့တွင် သူ့ကို ရုံ့ကားရပ်ထားသည့်နေရာ လမ်းမကမ်း လက်ဖက်ရည်ဆိုင်တွင် အေးအေးဆေးဆေးထိုင်နေတာ တွေ့ရလေသည်။ ရုံကသူ့ကိုမြင်တော့ ချာခနဲ မျက်နှာလွှဲကာ . . . ကားတံခါးကို ဆောင့်ဆွဲဖွင့်လိုက်သည်။ ကားစက်နှိုးနေချိန်တွင် နောက်ကြည့်မှန်မှတစ်ဆင့် သူ့ရဲ့ မချိုမချဉ် မျက်နှာကို မြင်ရတော့ ရုံ့ရင်ထဲ ထိတ်သွားရသည်။ ဒင်း . . . တစ်ခုခုတော့ ကြံစည်ထားပြီ။

ထင်သည့်အတိုင်းပင် ရုံကား မောင်းထွက်လိုက်သည်နှင့် ဆူဆူညံညံအသံတွေ ထွက်လာသည်။

"ဂလုံ . . . ဝွမ် . . . ကလုံ . . . ဂလုံ"

"ဘုရားရေ"

ရုံသည် ကားဘရိတ်ကို ဆောင့်အုပ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံကားပေါ်မှ ဒရောသောပါးဆင်းကာ ကားနောက်သို့ လှမ်း ကြည့်သည်။ နို့ဆီခွက်တွေ . . . တစ်သီတစ်တန်းကြီးမှာ ကြိုး တန်းလန်းနှင့် ရုံ့ကားနောက်မှ တွဲလောင်းကျနေလေသည်။

ရုံက ကြိုးကိုဆောင့်ဆွဲဖြုတ်ပြီး လက်ဖက်ရည်ဆိုင်ဆ လှမ်းကြည့်တော့ သင့်သွေးကို မတွေ့ရတော့ပါ။

"ဖုတ်သဘက်ကောင်"

ရုံက အံကြိတ်၍ ကျိန်ဆဲလိုက်လေသည်။







"ဘယ်လိုလဲ ဟော့ကောင်၊ မင်း ငါပြောတာကို လက်ခံဖို့ စဉ်းစားပြီးပြီလား"

သင့်သွေးသည် ဒယ်ဒီမေးခွန်းကို မကြားဟန်ပြုကာ ဆံပင်တွေကို ဖိမ်ဆွဲ၍ ဖြီးလျက်ရှိသည်။

"အဲဒီ ဆံပင်တွေကိုလည်း ငါနည်းနည်းမှ ကြည့်မရဘူး" ဆိုတာ . . . ဒယ်ဒီဘောင်ကျော်လာပြီ။

အားမနာတမ်း ဝေဖန်ရလျှင် ဒယ်ဒီသည် လွန်စွာ ပစိ ပ်များသူဖြစ်ပြီး လူကြီးတစ်ယောက်တွင် ထားသင့်သော ဆင် င်တုံတရားကို ခပ်ဝေးဝေးသို့ လွှင့်ပစ်ထားသည်ဟု သင့်သွေး ဆပါသည်။

သူတို့သားအဖနှစ်ယောက်တွင် ဒယ်ဒီက အရာရာကို သဘော သူ့ဆန္ဒအတိုင်း ပုံသွင်းလိုသူဖြစ်ပြီး သူကတော့ ဒီပြောသမျှကို ခေါင်းညိတ်လက်မခံနိုင်သူ ဖြစ်သည်။ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



. . . ဆန့်ကျင်မှုတွေကပဲ သူတို့သားအဖနှစ်ယောက်ကို မကြာ ခဏ သဘောထား ကွဲလွဲစေပါသည်။

"မင်း . . . ဆံပင်တွေကို ညှပ်ရင်ညှပ် . . . မညှပ်ရင် ငါ့လက်သီးချက်မိမှာပဲ . . . ယောက်ျားဖြစ်ပြီး ဆံပင် ကြက်တောင်စည်းနဲ့၊ မင်း . . . မရှက်ဘူးလား"

"ဒါ . . . ခေတ်လူငယ်တစ်ယောက်ရဲ့ ရွေးချယ်မှု တစ်ခု ပဲ ဒယ်ဒီ . . . အဲဒီအတွက် ဘယ်သူ့ကိုမှ မထိခိုက် ပါဘူး . . . ပြီးတော့ ဒါဟာ အကျင့်စာရိတ္တ ပျက်ပြား တာလည်း မဟုတ်ဘူး"

"ငါပြောသမျှကို ဆန့်ကျင်ဖို့ မင်းမှာ ဆင်ခြေတွေ အပြည့်ပါလား သင့်သွေး"

"ဒယ်ဒီစကားတိုင်းကို ကျွန်တော်မဆန့်ကျင်ပါဘူး ဒယ်ဒီ၊ ကျွန်တော်ဆန့်ကျင်တာက ဆံပင်ကိစ္စနဲ့ သဒ္ဓါ ကိစ္စ၊ အဲဒီနှစ်ခုတည်းပါ"

"အေး . . . အဲဒီနှစ်ခုက ငါ့အတွက် သိပ်အရေးကြီး တယ် သင့်သွေး၊ ဒီဆံပင်နဲ့ မင်းကို နေ့တိုင်းမြင်နေရ အတွက် ငါဘဝင်မကျဘူး၊ နောက်တစ်ခု အရေးကြီး က သဒ္ဓါရုံနဲ့ပတ်သက်ပြီး ငါခိုင်းတဲ့အတိုင်း မင်းလုပ်ဖို့





ဒယ်ဒီက တစ်ဆိတ်တော့အတ္တကြီးလွန်းသည်။ သင့် သွေး ဆယ်နှစ်လောက်အရွယ်ကတည်းက တဖွဖွ ခိုင်းစေလာ သော သူ့ကိစ္စကြီးကို ခုထိမမေ့လျော့ဘဲ အညိုးကြီးနေသည်။

သင့်သွေးကတော့ ဒါဟာအဓိပ္ပာယ် မရှိဘူးဟု ယုံကြည် သည်။ ဒယ်ဒီခိုင်းတဲ့အတိုင်းလည်း သင့်သွေးလိုက် မလုပ်နိုင်ပါ။

ကိုးနှစ်တာကာလမှာ သင့်သွေး ဖွံ့ထွားအရွယ်ရောက် သာသည့်နည်းတူ ခပ်ပိန်ပိန် ဒယ်ဒီသည်လည်း အထူးသဖြင့် ိက်ကစလို့ သင့်သွေးနှင့်အပြိုင် ဖွံ့ဖြိုးလာပါသည်။ သို့သော် . . . ဒယ်ဒီရဲ့အတ္တက လျော့မသွားပါ။

သင့်သွေးက သပ်ရပ်စွာ စည်းထားသော သူ့ဆံပင်တွေ ကို လက်ဖြင့်သပ်ရင်း ဒယ်ဒီကို လှည့်ကြည့်မိတော့ . . . ဒယ်ဒီ ဆိုဖာပေါ်တွင် ခြေချိတ်ထိုင်ကာ သင့်သွေးကို သူပိုင်ပစ္စည်း စ်ခုလို ပိုင်စိုးပိုင်နင်း ကြည့်နေသည်။

"အရွယ်ရောက်နေတဲ့ ယောက်ျားတစ်ယောက်အတွက် ငါခိုင်းတဲ့ကိစ္စဟာ အပမ်းမကြီးပါဘူးကွာ . . . မင်း ယောက်ျားမှန်ရင် လုပ်ရဲရမယ်"

"ကျွန်တော် . . . မလုပ်ချင်ဘူး ဒယ်ဒီ၊ မလုပ်နိုင်တာ မလုပ်ရဲတာတော့ မဟုတ်ပါဘူး. . . မလုပ်သင့်ဘူးထင်



www.burmeseclassic.com

www.burmeseclassic.com



လို့ မလုပ်တာ"

"မင်း အန်တီလေးအတွက် မင်းရဲ့ ရန်စခံရမှုတွေ အတွက် မင်းလုပ်သင့်တယ် ... မင်းက ကြောက် နေလို့လား ... မိန်းကလေးတစ်ယောက်ကို နိုးပြေး တဲ့ကိစ္စဟာ ယောက်ျားတစ်ယောက်အတွက် မခက်ပါ ဘူးကွာ... အိမ်ထောင့်တာဝန်ကြီး ပိသွားအောင် မင်းကို အတည်ယူနိုင်းနေတာမှ မဟုတ်ဘဲ၊ တစ်ညခေါ် ထားပြီး ပြန်လွှတ်လိုက်ရမှာပါကွ၊ အဲဒီ ကောင်မလေးနဲ့ သူ့အုပ်ထိန်းသူတွေ အရှက်ကွဲရင် ... ငါကျေနပ်ပြီ"

"ကျွန်တော် အဲဒီလောက် မယုတ်မာဘူး ဒယ်ဒီ"

"မင်းက ငါ့ကိုတော့ ယုတ်မာတယ်လို့ ဆိုလိုတာလား"

"ကျွန်တော်ပြောတာ အဲဒီလိုသဘောမျိုး သက်ရောက် သွားလို့လား"

"ဟော့ကောင် မင်းငါ့ကို ပြန်မမေးနဲ့"

ဒယ်ဒီကထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ပြီးတော့ သင့်သွေးကို မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ ...

"ဒီမှာ ... မင်း သေသေချာချာ သိထားဖို့က ... မင်းသိပ်ချစ်တဲ့ မင်းရဲ့အန်တီလေးကို သဒ္ဓါရုံရဲ့ ဦးလေး





သီဟမင်းခင် သတ်တာ ... မင်းအမေဟာ အဲဒီကိစ္စ အတွက်ကြောင့် စိတ်ထိခိုက်ပြီး သေရတာ"

"အဲဒါဆို ... အဲဒီသီဟမင်းခင်ဆိုတဲ့ လူကြီးကို ဒယ်ဒီ သွားသတ်ပါလား"

"ဟော့ကောင်"

"ကျွန်တော်ပြောတာက တရားနည်းလမ်းကျပါတယ် ဒယ်ဒီ၊ ဒယ်ဒီတို့လူကြီးတွေကိစ္စနဲ့ သဒ္ဓါရုံ ဘာမှမဆိုင်ပါ ဘူး"

"မင်းက ဒီလောက်ထိ ဖီဖီခါဖြစ်နေတာ သဒ္ဓါရုံ ကို မင်းချစ်နေပြီလား"

"မုန်းတောင်မုန်းသေးတယ် ဒယ်ဒီ"

"မုန်းရင် ငါပြောသလို မင်းလုပ်နိုင်ရမှာပေါ့ကွ"

"မဆိုင်ဘူး ဒယ်ဒီ၊ တစ်ကဏ္ဍစီပဲ"

အဲဒီ အငြင်းပွားမှုဟာ ဘယ်တော့မှ အဆုံးသတ်မည် မဟုတ်ပါ။ ဒယ်ဒီကလည်း အခွင့်ရရင် ရသလို တောင်းဆိုနေမှာ ဖြစ်ပြီး... သင့်သွေးကလည်း ခေါင်းမာမာနှင့် ငြင်းဆန်နေဦး မှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ . . . ဒယ်ဒီ့ရှေ့က ထွက်လာခဲ့တော့ . . . ဒယ်ဒီရဲ့ တက်ခေါက်သံကို ကြားရသည်။ ဒယ်ဒီရဲ့ အလိုမကျမှုတွေဟာလည်း ဘယ်တော့များမှ အဆုံးသတ်မည် မသိချေ။

သင့်သွေးသည် သဒ္ဓါရုံကို မုန်းသည်မှန်သော်လည်း လှည့်ဖြားသည့်အလုပ်ကိုတော့ မလုပ်ချင်ပါ။ အဲဒါဟာ သင့်သွေးရဲ့ စင်ကြယ်မှုသက်သက်ပဲ ဖြစ်သည်။

လူကြီးတွေရဲ့ အတ္တဆန္ဒကို သူမိုက်မိုက်မဲမဲ ဖြည့်မပေးချင်ပါ။ အဲဒီအတွက် သူ့ကိုသားမိုက်ဟု သမုတ်လျှင်လည်း သူကျေကျေနပ်နပ် ခံယူဖို့ အသင့်ပင်။

ထိုညအဖို့တော့ . . . သင့်သွေးဟာ ဂစ်တာကို ခပ်ဖွဖွ ခေါက်ရင်း . . . လရောင်ကို မော့ကြည့်ကာ . . . သဒ္ဓါရုံကို သတိရနေသည်။

အဲဒီအခိုက်မှာပဲ နှစ်သစ်ကူးညခင်းက သူ့အာရုံထဲမှာ ပေါ်လာသည်။ တကယ်ဆို. . . အဲဒီလောက်အထိ နာကျင်သွားအောင်လုပ်ဖို့ သူမရည်ရွယ်ခဲ့ပါ။ သို့သော်. . . ရန်စမှုတစ်ခုအတွက် တုံ့ပြန်မှုတစ်ခုခုတော့ ရှိရမှာပဲ ဖြစ်သည်။ သူ . . . မလွန်ပါဘူး။





သင့်သွေးက သူ့နှုတ်ခမ်းတွေနှင့် ဂစ်တာကြိုးကို တို့ထိလိုက်ရင်း ဂစ်တာကို ပိုက်ထားလိုက်သည် . . . စည်းနှောင်ထားသော သူ့ဆံပင်တွေက မျက်နှာရှေ့သို့ ဖြာခနဲကျလာသည်။ သူ . . . ဆံပင်တွေကို သပ်တင်လိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



"မိရုံ . . . ရှင့်ဦးဦးငယ်က ခုထိချောတုန်းပဲနော်"

ဦးဦးငယ်ကို ခုမှမြင်ဖူးသော ရုံ့သူငယ်ချင်းမက တအံ့တသြ ပြောလေသည်။ တစ်ဆက်တည်း . . .

"ချောပေမယ့် မျက်နှာပေါက်ကတော့ နည်းနည်းဆိုးတယ်"

ရုံသည် သက်သက်စကားကြောင့် သဘောတကျ ရယ်လိုက်မိသည်။ သက်သက်ပြောချင်လောက်အောင်လည်း ဦးဦးငယ်က အမှန်တကယ် မျက်နှာထားဆိုးပါသည်။

ဆံပင်ခပ်တိုတိုကို နောက်လှန်ဖြီးထားသဖြင့် ဦးဦးငယ်ရဲ့ မျက်နှာဟာ ရင့်ကျက်မှုဖြင့် ချောမွေ့နေသည်။ ငယ်ငယ်ကတော့ ဒယ်ဒီထက်မက ပိုပြီးကြည့်ကောင်းခဲ့မှာပါပဲ . . . သက်သက်သည် ရုံအနားတိုးကပ်လာကာ . . .

"မိရုံ . . . ဟို . . . ဦးဦးငယ်ခြေထောက်က"





"အောက်တစ်ပိုင်းလုံး သေသွားတာပါ သက်သက်"

"ဘာဖြစ်တာလဲဟင်"

"ကားအက်ဆီးဒင့်"

ထိုမေးခွန်းမျိုးကို ဖြေရတိုင်း . . . ရုံ့ရင်ထဲနာလှသည်။ တစ်ချိန်တည်းမှာ ရုံ့စိတ်တွေ တင်းကျပ်လာသည်။ သင့်သွေးကို မေ့ထားလို့လည်း မရပါလား။

အမုန်းစိတ်ဖြင့် သတိရနေခြင်းကိုလည်း ရုံက မလိုလားပါ။ ရုံ့စိတ်ထဲမှာ သူမရှိပါရစေနဲ့။ ရုံသည် အောက်နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။ နှစ်သစ်ကူးညကို ရုံဘယ်တော့မှ သတိရရင် သိပ်ကောင်းမှာပဲ . . .။ သို့သော် . . . ရုံရဲ့ ထိုဆုံးရှုံးမှုကြီးက အတွေးထဲမှာ စွဲမြဲနေသည်။

ရုံသည် . . . နှစ်သစ်ကူးညမှစကာ . . . သင့်သွေးကို သတိထား၍ ရှောင်လေသည်။ သူ့ကိုအဝေးမှ တွေ့လိုက်လျှင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ရုံဒေါသထွက်လာမြဲပင်။ တစ်နေ့နေ့တော့ နင်နဲ့ငါ တွေ့ကြသေးတာပေါ့ . . .။

"သနားစရာပဲနော် . . . မိရုံ ဦးဦးငယ်က ရှင့်မေမေ့ကို မောင်လား"

"ဟုတ်တယ် သက်သက် . . . မေမေ့မောင် အငယ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . အရင် ကားအက်ဆီးဒင့် မဖြစ်ခင်က ဦးဦးငယ်က သိပ်တက်ကြွတာ . . . သူ့မှာ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေလည်း အများကြီးပဲ၊ ခုတော့ သူ့ လုပ်ငန်းတွေကို ပြန်ရောင်းပြီး ဘဏ်တိုးနဲ့ပဲ သုံးနေရတာ မေမေနဲ့ ဦးဦးငယ်က ဘာဖြစ်လို့မှန်း မသိဘူး၊ သိပ် အစေးမကပ်လှပါဘူး"

ရှုံသည် မေမေနဲ့ ဦးဦးငယ်ရဲ့ စကားပြောအဆင်မပြေမှုတွေကို တကယ်ပဲ မသိနားမလည်ချေ။

ဖေဖေသည် ရှုံငယ်ငယ်ကတည်းက ဆုံးပါးခဲ့တာ ဖြစ်သည်။ ဘာကြောင့် ဆုံးသည်ဆိုတာ ရှုံမမှတ်မိ၊ မေမေကလည်း ရှုံ့ကို မပြောခဲ့ပါ။

ဦးဦးငယ်ဟာ မုဆိုးမ မေမေ့ကို ဘာကြောင့်များ ကေ . . . ကော မသက်ရတာလည်းမသိ၊ မေမေကရော ဒုက္ခိတ ဦးဦးငယ် ကို ဘာကြောင့် အပြစ်မြင်နေရတာပါလိမ့်။ ရှုံ့အမြင်မှာတော့ . . . မေမေတို့ မောင်နှမဟာ နွေးနွေးထွေးထွေး ကြင်ကြင် နာနာမရှိ . . . တာဝန်ကျေရုံသာ ခေါ်ပြောဆက်ဆံနေကြသည်။

ဦးဦးငယ် အပြောအရ တစ်ဖက်ခြမ်း သင့်သွေးဒယ်မ်း လုပ်ကြံမှုကြောင့် သူဒုက္ခိတ ဖြစ်နေသည်ဟုသာ ရှုံသိထားသည်။





သို့သော် . . . မေမေ့ကိုကြည့်ရသည်မှာ တစ်ဖက်ခြမ်း သင့်သွေး ကို့ သားအဖကို အငြိုးအတေးရှိပုံ မပေါ်ပါ။

"ရှုံရေ . . . မိရှုံ"

"ဟော . . . ဦးဦးငယ် ခေါ်နေပြီဟ"

"သွား . . . သွား ကျုပ်လည်း ပြန်တော့မယ်။ လမ်းကြုံ လို့ ဝင်လာတာ မာမီမျှော်နေတော့မယ်"

ရှုံသည် ဦးဦးငယ်ရှိရာ အိမ်တံခါးဝသို့ အပြေးအလွှား ဆောက်သွားသည်။

"ဦးဦးငယ် ခြံထဲသွားချင်လို့လား . . . ရှုံလိုက်ပို့ရမလား"

"မလိုဘူး . . . အိမ်ထဲသွားမယ်။ နင့်ကို မေးစရာရှိ တယ်"

ဦးဦးငယ်သည် ရှုံတွန်းပေးတာကိုပင် မစောင့်တော့ဘဲ ... အသာတွန်းလှိမ့်ကာ အိမ်ထဲလှည့်ဝင်သွားသည်။ ဦးဦးငယ် ... တို့အလိုမကျရပြန်ပါလိမ့် . . . ။

ရှုံက မျက်နှာရှေ့သို့ ပြိုကျလာသည့် ဆံပင်နက်ကော့ ... တွေကို လက်ဖြင့်သပ်သည်။ ပြီးတော့ ခပ်ချောင်ချောင် ... နေသော ဘီးကုပ်ကိုဆွဲယူကာ ခပ်တင်းတင်းပြန်ကုပ်လိုက်ပြီး ... ဦးဦးငယ်နောက်မှ လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းသို့ရောက်လျှင် ဦးဦးငယ်ရဲ့ရှေ့မှာရပ်ကာ. . .

"ဘာမေးမှာလဲ ဦးဦးငယ် . . . မေးလေ"

"သင့်သွေးကို နင်ဘယ်နှခါ အနိုင်ရပြီးပြီလဲ မိရုံ"

ရုံသည် ရုတ်တရက်ဆွံ့အသွားသည်။ ရုံဘယ်လို ဖြေ မှာပါလိမ့်. . .။ ဦးဦးငယ် ကျေနပ်အောင်တော့ ရုံဖြေချင် သည်။ သို့သော် . . . သရေပွဲများကိုတော့ ဦးဦးငယ် စိတ်တို ကျနိုင်မည် မထင်ပါ။

"ဖြေလေ . . . မိရုံ၊ သင့်သွေးနဲ့ပတ်သက်ပြီး နင်ငါ့ စကားမစတာ ကြာပြီ"

"ရုံ . . . သူ . . . အရှုက်ရအောင် . . . အခွင့်ရတိုင်း လုပ်ခဲ့တာပဲ ဦးဦးငယ် . . ."

"အဲ့ဒီတော့ . . ."

"သူက . . . ကလဲ့စားပြန်ချေတယ်၊ ရုံ . . . တင်း မနိုင်ခဲ့ပါဘူး"

"သရေပွဲပဲ ဆိုပါတော့"

"ဟုတ်ပါတယ်" . . .

ဦးဦးငယ်သည် . . . မျက်မှောင်ကြုတ်ကြုတ်နှင့် ဆိတ်ကာ . . . ရုံကို စိုက်ကြည့်နေသည်။ ခဏကြာတော့ . . .





ခပ်မဲ့မဲ့ပြုံးလာပြီး . . .

"ရုံ . . . ညံ့သေးတာပဲ"

ဟုရေရွတ်လိုက်သည်. . ရုံက မခံချင်ဖြစ်သွားကာ. . .

"ရုံ ဘယ်မှာညံ့လို့လဲ . . . ရုံ့ကြောင့် . . . သူ့မှာ ထိခိုက်မှုတွေရှိခဲ့တာပဲ"

"ဒါပေမဲ့ . . . သူက . . . ရုံကို ထိခိုက်အောင် ပြန်လုပ် နိုင်တာပဲ မဟုတ်လား . . . အဲဒါ . . . ညည်းရဲ့ . . . နည်းဗျူဟာ အမှားကြောင့်ပဲ ရုံ . . ."

"ရုံနားမလည်ဘူး"

ဦးဦးငယ်သည် . . . သူ့မေးစေ့ကို တစ်ချက်ပွတ်ကာ . . ပြုံးလိုက်သည်။ ဦးဦးငယ်ရဲ့ မျက်ဝန်းများကတော့ . . ပြုံးမနေကြပါ။ ဦးဦးငယ်ရဲ့ မျက်ဝန်းတွေဟာ . . . သိပ်ခက်ထန်တာပဲ။ အဖြူထည်မျက်ဝန်းတွေလို သန့်စင် မနေဘဲ အမြဲလို အရောင်တစ်ခုခု ဆိုးထားသည်။

"စိတ်ဓာတ် မာကျောခက်ထန်တဲ့ ယောကျ်ားတစ်, ယောက်အတွက် ခန္ဓာကိုယ်ထိခိုက်နာကျင်မှုဆိုတာ အသေးအဖွဲ့ပဲ . . . ရုံ၊ အဲဒါကို . . . သူတို့ ခံနိုင်ရည် ရှိတယ်. . . သူတို့ကို အကြမ်းနည်းနဲ့ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



အလဲထိုးလို့ မရဘူး။ သူတို့ကို အလဲထိုးနိုင်တာ တစ်ခု
ရှိတယ် . . . အဲဒါ အချစ်ပဲ . . .။ အချစ်ဆိုတာ . . .
နူးညံ့တယ် . . . သိမ်မွေ့တယ် . . . အဲဒီမမြင်ရတဲ့ ခံစား
ချက်က . . . သူတို့နှလုံးသားကို ထိခိုက်သွားပြီဆိုရင်
. . . ဘယ်တော့မှ နာလန်မထူတော့ဘူး . . .
အသည်းကွဲတယ်ဆိုတာ . . . တင်စားချက်သက်သက်
မဟုတ်ဘူး . . . ရှုံ။ အဲဒါ . . . တကယ့်နာကျင်မှုတင်း
ပဲ။ အသည်းတွေ . . . နှလုံးတွေ . . . မီးပြင်းထိုးခံ
သလို ပူပြင်းလောင်မြိုက်နေတာ . . . ဦးဦးငယ် ကိုယ်
တွေ့ပဲ။ ယောက်ျားတစ်ယောက်ကို . . . ဘဝပျက်
အောင် ဖန်တီးနိုင်တာ . . . အချစ်ပဲ . . . မိရုံလေးရဲ့
သံတုံးသံခဲကို . . . သံစားနဲ့ ခုတ်ဖို့မလွယ်ဘူး . . .
မီးနဲ့မြိုက်မှ ပျော့ကျသွားသလိုပေါ့ . . . နှလုံးသား
. . . မီးလောင်တိုက်သွင်းပေးနိုင်ရင် . . . အရာရာ
. . . ကြိုက်သလို ပုံသွင်းနိုင်ပြီပဲ . . .”

ရှုံသည် . . . ဦးဦးငယ်ကို ငေးကြည့်ရင်း . . .
တလှုပ်လှုပ်တုန်လာသည်။ ဦးဦးငယ်စကားတွေကို . . . သဘော
ပေါက်စပြုလာသည်။





“ရှုံက . . . သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ပဲ . . .
ဦးငယ်ပြောရဲတယ် . . . ရှုံ့အလှဒဏ်ကို . . . ဘယ်
ယောက်ျားမှ မခံနိုင်ဘူး . . . သင့်သွေးကို ရှုံ့ဘက်က
. . . တစ်ချက်ကလေး . . . ပျော့ပျော့ပျောင်းပျောင်း
ဆက်ဆံကြည့် . . . သင့်သွေး ကြွေမလာရင် . . .
ဦးငယ်ကို ကြိုက်သလိုပြော . . .”

“သူကြွေတော့ . . . ရှုံကဘာလုပ်ရမှာလဲ . . . သူ့ကိုမှ
ရှုံ မချစ်တာ . . .”

“ချစ်ချင်ယောင်ဆောင်တယ် ဆိုတာ . . . မခက်ပါဘူး
မိရှုံလေးရဲ့။ ရုပ်ရှင်တွေထဲမှာ တွေ့တယ် မဟုတ်လား၊
မင်းသားနဲ့မင်းသမီး သိပ်ချစ်ပြနေကြတာ . . . ဘယ်
လောက်အသက်ဝင်သလဲ၊ အဲဒီ မင်းသား၊ မင်းသမီး
တွေက . . . အပြင်မှာ . . . တစ်ယောက်နဲ့တစ်ယောက်
မျက်မုန်းကျိုးနေကြတဲ့သူတွေလည်း ဖြစ်ချင်ဖြစ်နေ
တတ်တာ . . .”

“ရှုပ်နေတာပဲ . . . ရှုံဖြင့် စိတ်ညစ်လာပြီ . . .”

“မရှုပ်ပါဘူး . . . ဦးဦးငယ် ပြောသလိုသာလုပ် . . .
သိပ်မကြာပါဘူးကွ . . . သူ . . . ရှုံ့ကိုခွဲလာရင် . . .



www.burmeseclassic.com

www.burmeseclassic.com



ရှဲဘက်က သစ်စိမ်းချိုးချိုးလိုက်ရှဲပဲ "

"ရှဲကြောက်တယ် ဦးဦးငယ် . . . ပြီးတော့ . . . ရှဲ . . . ရှဲက . . . ရည်းစားလည်း မထားဖူးတော့"

"ရှဲ့ဆီက ဆင်ခြေတွေကို . . . ဦးငယ်မလိုချင်ဘူး . . . ဦးငယ်လိုချင်တာ . . . ရှဲ့ရဲ့ ခေါင်းညိတ်နာခံမှုပဲ . . ."

"ရှဲ . . . ဦးဦးငယ်စကားကို . . . အမြဲနာခံခဲ့တာပဲ. . . ဒီတစ်ခါကတော့ . . ."

"တော်ပြီ . . . မိရှဲ၊ အကြောင်းပြချက်တွေ အမျိုးမျိုးနဲ့ ဆင်ခြေပေးမနေနဲ့ . . . ရှဲ့အစွမ်းကို . . . ရှဲ မယုံဘူး လားကွ . . . မိန်းမတိုင်းမှာ . . . မာယာဆိုတာရှိ တယ်။ ရှဲက အဲဒါကို မသုံးတတ်ဘူး . . . သုံးကြည့် လိုက်စမ်း . . . မိရှဲ . . . သိပ်အစွမ်းထက်တာကွ . . ."

"ဟင့်အင်း . . . ဦးဦးငယ် . . . ရှဲ . . . အဲဒါတွေ နားမလည်ဘူး . . . ရှဲရှက်လာပြီ . . . ဦးဦးငယ် ဆက် မပြောပါနဲ့တော့ . . ."

ရှဲသည် . . . တကယ်ပဲ ရှက်လာကာ. . . မျက်နှာ လက်ဖဝါးနှင့် အုပ်လိုက်သည်။ ရှဲက. . . တကယ့်ကို အရိုးဆ သူ ဖြစ်သည်။ ယောကျ်ားတစ်ယောက်ကို ဖြားယောင်းညို့ငင်





ရမည်မှာ. . . ရှဲ့အတွက် . . . ဝန်လေးစရာ ဖြစ်သည်။ ပြီးတော့ . . . ဒါဟာ . . . အန္တရာယ်ရှိသည်ဟုလည်း ရှဲ ကြိုသိနေသည်။ ရှဲ့ကို ချစ်တယ်ဆိုပြီး . . . သူဖြစ်ချင်ရာကိုသာ ရှေ့တန်းတင် တောင်းဆိုတတ်သော . . . ဦးဦးငယ်ကို . . . ရှဲ အံ့ဩမိသည်။

"မိရှဲ . . ."

ဦးဦးငယ်ထံမှ . . . တုန်ခါနေသော အသံကို ကြား လိုက်ရခြင်းက . . . ရှဲကို အထိတ်တလန့်ဖြစ်စေခဲ့ပြီး . . . ရှဲက ဆတ်ခနဲတုန်သွားကာ . . . လက်ဖဝါးနှစ်ဖက်ကို မျက်နှာရှေ့မှ ဖယ်လိုက်သည်။ ဦးဦးငယ်ကို ကြည့်မိတော့ . . . ကြေကွဲနာကျင် သော မျက်ဝန်းတွေနှင့် ဆုံသည်. . .။

"အသက်ရှင်လျက်နဲ့ ဘဝဆုံးနေတဲ့ လူတစ်ယောက်မှာ . . . စိတ်ကျေနပ်မှု တစ်ခုခုတော့ ရှိသင့်တယ်လို့ . . . ရှဲမထင်ဘူးလား . . . အဲဒါဟာ ထွက်ပေါက်တစ်ခု လည်းဖြစ်တယ်. . . ရှဲ။ ဦးငယ်အတွက် ထွက်ပေါက် တစ်ခုကို ရှဲဖန်တီးမပေးနိုင်ဘူးလား"

ရှဲက ဦးငယ်ရဲ့ ခြေထောက်တွေကို ဖျတ်ခနဲငုံ့ကြည့်ကာ ငြိမ်သွားနှင့်သွားသည်။ ဦးငယ် ဒီနိုင်ကွက်တစ်ခုတည်းနဲ့ပဲ ရှဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



စေစားနေတော့မှာလား။ သေချာသည်။ ရှုံသည် တံတွေးတစ်ချက်မျိုချကာ. . .

"ရှုံ့ကို အချိန်နည်းနည်းတော့ပေးပါ ဦးဦးငယ်၊ တစ်လလောက်ပါ . . . ရှုံ တစ်လလောက်တော့ စဉ်းစားပါရစေ . . . ပြီးရင် . . . ဦးဦးငယ်ခိုင်းတဲ့ အတိုင်းလုပ်ဖို့ ရှုံအတတ်နိုင်ဆုံး ကြိုးစားမှာပါ။ ခုနေတော့ ရှုံ့စိတ်တွေ တင်းကျပ်နေသေးတယ် . . . ရှုံ . . . သူ့ကို သိပ်မုန်းနေတာ. . . ၊ ဟန်ဆောင်နိုင်ဖို့ သိပ်မလွယ်သေးလို့ပါ. . . "

"ကောင်းပြီလေ . . . ရှုံ . . . ကတိတော့ တည်ပါစေ . . . ဦးဦးငယ် အချိန်တိုင်း မျှော်လင့်နေတယ်ဆိုတာ . . . ရှုံခေါင်းထဲထည့်ထား . . . "

"ဟုတ်ကဲ့"

ဦးဦးငယ်သည် . . . သူ့ဝိုးချဲကို လှိမ့်တွန်းကာ. . . ရှုံ့နံဘေးမှ ထွက်ခွာသွားသည်။

ထိုအချိန်မှစကာ . . . ရှုံ့စိတ်တွေ. . . လေးလေးလံလံရှိလှသည်။ ဦးဦးငယ် . . . ပြောသလို ရှုံ . . . မလုပ်နိုင်ဘူးဆိုတာ သေချာနေသည်။ နှစ်သစ်ကူးညအပြီးမှာ . . . ရှုံက





. . . သင့်သွေးကို မုန်းတီးရုံမက . . . ရှက်ရွံ့နာကြည်း၍လည်း နေသေးသည်။

သင့်သွေးရဲ့ ကလဲ့စားချေမှုတွေကို . . . ရှုံ မခံမရပ်နိုင်ဘူးဆိုတာ သေချာနေပြီမို့ . . . ရန်စရန် ဝန်လေးနေပြီး . . . ခပ်ကင်းကင်း ခပ်ရှောင်ရှောင်နေဖို့ကို ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

အဲ့ဒီလို အနေအထားမျိုးမှာ . . . ရှုံ့ဘက်က ဘယ်လိုနည်းလမ်းမျိုးဖြင့် သင့်သွေးကို ဖြားယောင်းရပါမည်နည်း။

ဦးဦးငယ်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာဟာ . . . ရှုံ့ရဲ့သနားကြင်နာမှုသက်သက်သာဖြစ်ပြီး . . . သင့်သွေးရဲ့ကလဲ့စားချေမှုတွေကို . . . လက်သင့်မခံရဲတာက ရှုံ့ရဲ့ပျော့ညံ့မှုကြောင့်သာ ဖြစ်ပါသည်။ နှစ်သစ်ကူးညတစ်ညကတော့ ရှုံ့ကို ခြိမ်းခြောက်လှန့်နေခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါရုံရဲ့ ပြောင်းလဲမှုကတော့ ... မယုံနိုင်စရာပင် ဖြစ်သည်။ သူ့ကိုတွေ့ဖိုင်း တစ်ခုမဟုတ်တစ်ခု ... ရန်စလိုက်ရမှ ကျေနပ်တတ်သော သူမက ... နှစ်သစ်ကူးည၏ နောက်တစ်နေ့မှစကာ ... သူ့ကို ဂရုမစိုက်သလို နေတတ်လာသည်။ တစ်ခါတစ်ရံ ... အကြည့်ချင်းဆုံသွားလျှင် ... ခါးခါးသီးသီး တစ်ချက်စိုက်ကြည့်ပြီး ... မျက်နှာလွှဲသွားသည်။ သူမဟာ ... သူ့ကို ... မျက်နှာချင်းမဆိုင်ချင်လောက်အောင်ပင် ... မုန်းတီးသွားသည်ထင်ပါရဲ့။

နှစ်သစ်ကူးညက ... သူ့ရဲ့အနမ်းတစ်ပွင့်ဟာ ... သူမကို စိတ်ဒဏ်ရာရစေသည်ဆိုလျှင်တော့ ... သူ ... စိတ်မကောင်းပါ။ အဲ့ဒီညက ... သူ့ရဲ့အပြုအမူဟာ ... ယောကျ်ားတစ်ယောက်ရဲ့ ... မခံချင်မှုသက်သက်ကြောင့် ဖြစ်





ခဲ့ရတာဖြစ်ပြီး ... ညစ်ညမ်းသောဆန္ဒတစ်ခု မဟုတ်တာကိုတော့ ... သူသစ္စာရေသောက်ပြီး ဝန်ခံရဲပါသည်။

သင့်သွေးရဲ့စိတ်ဟာ ... သဒ္ဒါရုံကို မုန်းတီးနေသည်ဟု သင့်သွေးကိုယ်တိုင်ယူဆထားခဲ့သည်။ ထိုမုန်းတီးမှုဟာ ... သူမရဲ့ ရန်စမှုတွေကြောင့်ဖြစ်သည်။ သို့သော် ... ခုလို အခြေအနေမျိုးတွင် ... သဒ္ဒါရုံထံမှ ဂရုတစိုက်ရန်စမှုကို မခံရသောအခါ ... သင့်သွေးမှာ ... မနေတတ် မထိုင်တတ် ဖြစ်လာသည်။ တကယ်တော့ ... သူတို့နှစ်ဦးဟာ ... မုန်းတီးမှုဖြင့် တစ်ယောက်ကို တစ်ယောက် အမြဲအမှတ်ရနေခဲ့ကြသူများ ဖြစ်သည်။

သူမဘက်က ဆိတ်ငြိမ်မှုကို ... သင့်သွေး သည်းမခံနိုင်တော့သည့်အဆုံးတွင် ... သူ့ကို သတိထားမိစေရန် ... ...င်ကြိုးပမ်းတော့သည်။

တစ်တန်းတည်း၌ စာသင်နေချိန်တွင် ... သင့်သွေးသည် ... သူမ၏ဦးခေါင်းသို့ချိန်ရွယ်ကာ ... သားရေပင်ဖြင့် ...သာသာဆွဲပစ်လိုက်သည် ...။

"ဟင် ဘယ်ကပစ်တာလဲ"

သဒ္ဒါရုံသည် ... နောက်သို့ ချာခနဲလှည့်ကြည့် လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမရဲ့သက်ာမကင်းမျက်ဝန်းတွေဟာ . . . သင့်သွေး ထံသို့ တန်းခနဲရောက်သွားသည်။ သင့်သွေးကတော့ . . . မသိ ချင်ယောင်ဆောင်ကာ . . . စာလိုက်ကူးနေသည်။

"နှောင်း . . . ကျုပ်ကိုပစ်တာ ဘယ်သူလို့ရှင်ထင်လဲ"

"နောက်ဘက်က ယောင်တစ်ယောက်ယောက်ပဲ ဖြစ် မှာပေါ့"

"သင့်သွေးကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး . . . အဲ့ဒီမြွေဟောက်က ရှင်ကစမှ တန်ပြန်လာတာ . . . ဘယ်တုန်းက သူအရင်စလို့လဲ"

"ဟိုတ် . . . နှောင်း . . . ရှင်အဲဒီလိုတရားသေမတွက် နဲ့လေ . . . အရင်က . . . မိရုံက အရင်စပေမယ့် . . . အခု . . . မိရုံမစတော့ သူကစရင် စမှာပေါ့"

မိဒီနှင့် နှောင်းအငြင်းပွားနေချိန်တွင် . . . ရုံသည် . . . စိတ်ထဲတွင် သင်္ကာမကင်းဖြစ်လာကာ . . . နောက်သို့ လှည့်ကြည့်လိုက်မိခြင်းက . . . အဖြေမှန်ပေါ်စေခဲ့ပါသည်။ ရုံ လှည့်ကြည့်ချိန်တွင် . . . သားရေပင်နှင့် ရုံ့ထံ . . . ချိန်ရွယ် နေသော သင့်သွေးနှင့် တန်းခနဲဆုံလေသည်။

အဲ့ဒီအချိန်၌ စူးရှတောက်ပသောမျက်ဝန်းနှစ်စုံတို့ . . .





ကြည့်နေမိကြသည်မှာ . . . ကျောက်သင်ပုန်းပေါ်တွင် စာ နေသောဆရာမ . . . ဒီဘက်သို့ပြန်လှည့်မလာခင် အချိန်ထိ သည် . . .။

ဆရာမ ပြန်လှည့်လာတော့ ရုံက . . . မိဒီနား ကပ်ကာ

"ရှတ် . . . မိဒီ၊ ကျုပ် . . . သားရေပင် . . . မဒိုးကွင်း ကြီးကြီးလိုချင်တယ် . . . အဲဒါ . . . ဘယ်မှာဝယ်ရလဲ . . . ရှင်သိလား"

"ကျောင်းကအပြန် . . . စတိုးဆိုင် တစ်ဆိုင်ဆိုင်မှာ ဝင်ဝယ်ရင်ရတယ် . . . "

ရုံသည် . . . နောက်တစ်ချိန်အားလပ်လျှင် . . . စတိုး ကို တကူးတကရှာဖွေကာ မဒိုးကွင်းဆယ့်ငါးကွင်းလောက် က်သည်။ ထို့နောက် သားရေပင်များကို . . . လွယ်အိတ် ည့်ကာ . . . အတန်းထောင့်ချိုးကွေ့တွင် ရပ်ရင်း သင့်သွေး ကို စောင့်ကြိုနေလိုက်သည်။

နောက်တစ်ချိန်စတက်လျှင် . . . ကြက်တောင်စည်း ကလေးနှင့် သင့်သွေးသည် . . . ရုံ ရှေ့သို့ရောက်လာ သည် . . .။



www.burmeseclassic.com

www.burmeseclassic.com



သင့်သွေး . . . ရှုံရှေ့နား မလှမ်းမကမ်းသို့ရောက်လျှင် . . . ရှုံသည် သားရေပင်များဖြင့် စတင်ပစ်ခတ်လေသည် . . .

"ဟ . . . ဟ . . . ဘာလုပ်တာလဲ . . ."

"အဲဒါ . . . ကလဲ့စားချေတာလေ သင့်သွေးရဲ့ . . . နင့်လိုပေါ့"

ရှုံက ပါးစပ်ကလည်းပြောရင်း . . . လက်ကလည်း မ နားတမ်း ပစ်ခတ်ရာ . . . သင့်သွေးလက်နှင့် ကာနေသည့် ကြားမှ . . . မျက်နှာနှင့်လည်ပင်းကို တည့်တည့်ထိမှန်လေ သည်။ သင့်သွေးရဲ့ဖြူဖွေးသောပါးပြင်ထက်မှာ . . . ချက်ချင်းလို နီရဲလာတာကိုတွေ့လျှင် ရှုံကျေနပ်၍သွားပါသည်။

"သဒ္ဒါရှုံ . . . မင်းတော်တော်လွန်နေပြီ"

"ဒါ . . . နင်စတဲ့ဇာတ်လမ်းပဲ သင့်သွေး . . . ငါကငြိမ် နေရက်နဲ့ နင်တမင်ရန်စတာ. . . ငါ. . . ဘယ်တော့ မှ ခေါင်းငုံ့ခံမယ် မထင်နဲ့"

"အေး . . . မင်းလိုစိတ်မျိုး လူတိုင်းမှာရှိတယ်ကွ . . . မှတ်ထား၊ မင်း . . . အခု ခံပြင်းနေတယ် မဟုတ်လာ . . . ဒေါသထွက်နေတယ် မဟုတ်လား . . . မင်းရှုံ ခဲ့တုန်းကလည်း . . . ငါလည်း မင်းလိုပဲ ခံစားခဲ့ရတာ





. . . မင်းနည်းနည်းလောက် ကိုယ်ချင်းစာ ကြည့်လိုက် စမ်းပါ . . . အပြစ်တစ်စုံတစ်ရာမရှိဘဲ . . . အငြိုးထား ခံခဲ့ရတာ ဘယ်လောက်မခံချင်စရာကောင်းလဲ . . ."

"မခံချင် . . . လဲသေလိုက် . . ."

ရှုံက . . . သင့်သွေးရှေ့မှ . . . ချာခနဲလှည့်ထွက်လိုက် သည်။ သင့်သွေးက . . . သူမနောက်မှ လိုက်လာကာ. . .

"ဟေ့ . . . ခဏနေဦး"

ဟု လှမ်းခေါ်လိုက်သည် . . . ။ သဒ္ဒါရှုံက လှည့်မကြည့် . . . ရှေ့မှ ခပ်သွက်သွက်လျှောက်နေသည်။

"အေး . . . ငါ့ကို ကြောက်ရင် . . . လှည့်မကြည့်နဲ့"

ရှုံခြေလှမ်းတွေ တန့်ခနဲရပ်ကာ ဒေါသဖြင့် လှည့်ကြည့် လိုက်ရင်း. . .

"ဘာလို့ကြောက်ရမှာလဲ . . . နင့်ကိုများ . . ."

"မကြောက်ရင် . . . ငါ့ပြောတာနားထောင်သွားစမ်း သဒ္ဒါရှုံ၊ အပေးအယူဆိုတာ မင်းကြားဖူးတယ် မဟုတ် လား . . . အပေးအယူသဘောကို မင်း . . . သဘော ပေါက်ထားစမ်းပါ . . . မင်းက ငါ့ကိုအမုန်းတွေပေး ခဲ့လို့ . . . ငါ့ဆီက အမုန်းကို မင်းပြန်ရတာ၊ မင်းကသာ



www.burmeseclassic.com

www.burmeseclassic.com



. . . ငါ့ကို အချစ်တွေပေးခဲ့ရင် . . . ငါ့ဆီက . . . အချစ်ကိုပဲ မင်းပြန်ရမှာ သေချာတယ်ကွ . . . ဒီနေ့ . . . မင်းကို ငါစလိုက်တဲ့လုပ်ရပ်ဟာ . . . အမုန်း သက်သက်ကြောင့် မဟုတ်ဘူး သဒ္ဒါရုံ၊ ငါ့ကို ဂရုစိုက် အောင် ကျီစယ်ရုံသက်သက်ပဲ၊ မင်းကို နာကျင်အရှက် သွားဖို့ မရည်ရွယ်ဘူး။ ဒါကို မင်းက အမုန်းနဲ့ တုံ့ပြ တာကတော့ တစ်ဆိတ် . . . မလွန်လွန်းဘူးလားကွ"

"သေ . . . အဲဒီမှာ လဲသေလိုက် . . ."

"ဒီမှာ ကြည့်စမ်း . . . ငါ့မျက်နှာမှာ ဖူးရောင်လာပြီ . . . မျက်လုံးကိုလည်း ထိသွားတယ် . . . ငါခွင့် လွှတ်နိုင်အောင် . . . မင်း . . . ဘာဖြစ်လို့ လုပ်ရ လဲ"

"ယောကျ်ားမဟုတ်တဲ့အတိုင်းဘဲ . . . ဒီလောက် . . . နင်သေမသွားပါဘူး . . ."

"ငါခွင့်မလွှတ်နိုင်အောင် . . . မင်းဘာဖြစ်လို့ လုပ် တာလဲ သဒ္ဒါရုံ"

"နင်လည်း . . . ငါခွင့်မလွှတ်နိုင်အောင် လုပ်ခဲ့တာ"

"အဲဒီနှစ်သစ်ကူးညက . . . မင်းကရန်စခဲ့လို့ . . .





"တိတ်စမ်း . . . နင့်ပါးစပ်ပိတ်ထားလိုက်"

ရုံသည် . . . ရုတ်တရက် . . . မျက်နှာတစ်ပြင်လုံး ပူ နွေးလာကာ . . . ဒေါသတကြီး အော်ဟစ်တားမြစ်လိုက်ပြီး . . . လှည့်ထွက်လာလျှင် . . .

"ဟော့ . . . သဒ္ဒါရုံ၊ ငါ့မျက်နှာပေါ်မှာ . . . နာကျင်မှု တွေမပျောက်သရွေ့ . . . မင်းကိုငါ ပြင်းပြင်းထန်ထန် သတိရနေမှာ သေချာတယ်၊ မင်း . . . ဒီနေ့ကစပြီး ဝဋ်လည်ပြီဆိုတာ . . . မှတ်ထားလိုက်၊ ငါရန်စရင် . . . ဘယ်လိုကလဲ့စားချေမယ်ဆိုတာ စဉ်းစားထား"

သင့်သွေးက . . . သူ့မျက်နှာတို အုပ်ကိုင်ရင်း . . . ကြိတ်သံဖြင့် လှမ်းပြောလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုညက သူမသိပ်လှနေသည်ဆိုတာကိုတော့ သူအ

လိုမှ မငြင်းနိုင်ပါ။ အမုန်းမျက်မှန်စိမ်းနှင့် တပ်ကြည့်တာတော

သူမက ပြစ်မျိုးမဲ့ မထင်လှပနေသည်။

သူမရဲ့ ဆံပင်ကော့ကော့ကလေးတွေဟာ ပခုံးသား

ဝင်းကလေးကို ထိနမ်းနေသည်။ ရှေ့ဘက်ဆံပင်တွေကို ဘီး

ဖြင့် ပင့်သိမ်းထားသဖြင့် မျက်နှာလေးက ရှင်းရှင်းပေါ်နေသ

သိပ်လှတဲ့မျက်နှာကလေး. . . ။ သို့သော် ထိုမျက်နှာကလေး

သူနဲ့တွေ့တိုင်း ခပ်ရွဲ့ရွဲ့ဖြစ်သွားတတ်တာ အတော့်ကို ဆိုးရွ

သည်။

သင့်သွေးတို့ မေဂျာရဲ့ နှုတ်ဆက်ပွဲမှာတော့ သူမ

ယောက်သာ အလှဆုံးဖြစ်လေသည်။

"စနိုးဝှိုက် . . . စနိုးဝှိုက်"





ကျောင်းသားအုပ်စုရဲ့ အော်ဟစ်သံကို ကြားရသည်။

ဒါဟာ သဒ္ဒါရုံ့ကို ရည်ရွယ်တာပဲဆိုတာ သေချာနေသည်။

အဖြူရောင်လက်ပြတ်ရင်စေ့ . . . ခါးတိုအင်္ကျီကလေး

နှင့် ထဘီခပ်ရှည်ရှည်က အဖြူရောင်ဖြစ်ပြီး လေဒီရှူးကလည်း

အဖြူပဲဖြစ်သည်။ ဓာကယ့်ကို ပုံပြင်ထဲက မနှင်းဖြူကလေး

အတိုင်း . . .။

"သင့်သွေး"

"ဘာလဲကွာ"

"ကြည့်စမ်း. . . သိပ်လှတာပဲကွာ၊ ရက်ရက်စက်စက်ပဲ"

"ဒီလောက်လည်း မဟုတ်ပါဘူးကွာ"

"မင်း မျက်စိကြီးကမှ အမြင်မကြည်လင်တာ"

မိုးကြီးက သင့်သွေးကို တံတောင်နှင့် တွက်ကာ လူအုပ်

ကြားမှ သဒ္ဒါရုံကို မျက်ခြည်မပြတ်တမ်း လိုက်ကြည့်နေသဖြင့်

အမြင်ကတတ်လာသည်။ အလကား . . . မှန်ကြောင်း။

သူကတော့ သဒ္ဒါရုံ့အလှထံမှ မျက်နှာခပ်လွှဲလွှဲလုပ်ထား

သည်။ သို့သော် ခုနကတည်းက သူ့ဇသေသေချာချာကြည့်လိုက်

သောပုံရိပ်က မျက်စိထဲက တော်တော်နှင့်မထွက်ဘဲ ရုတ်

တွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . ကြည့်စမ်းပါကွ၊ မင်းကလည်း အိုက်တင်ခံမနေစမ်းပါနဲ့"

"စိတ်မဝင်စားပါဘူးကွာ. . မင်းဘာသာကြည့်စမ်းပါ"

"နေကွာ"

မိုးကြီးသည် လူကြားထဲတွင် ခြေဖျားထောက်လိုက် . . ခေါင်းငဲ့လိုက်နှင့် အလုပ်ရှုပ်ကာနေသည်။

"ဟော့ကောင် . . . သိပ်သဲမနေနဲ့ . . . ငါနောက်က ဆောင့်ကန်လိုက်မယ်"

"အလှဘုရင်မဖြစ်မယ်ဆိုလည်း ဖြစ်ထိုက်ပါပေတယ် ကွာ"

"ကဲ"

"ဟ . . . ဟ ဟော့ကောင် မင်းကလည်းကွာ . . . . . . ဟဲ"

မိုးကြီးမှာ သင့်သွေး ဆောင့်တွန်းလိုက်သဖြင့် မိန်းကလေးအုပ်စုထဲ ငိုက်စိုက်ငိုက်စိုက် ဖြစ်သွားသည်။

"အို . . . ဘယ်လိုဖြစ်လို့ တွန်းနေတာလဲ"

"အဟဲ . . . ဟဲ . . . ဟို ဆောရီးဗျာ . . . အငမ်း . . . အဲ . . . အငေးလွန်သွားလို့ပါ"





မိုးကြီးဖြစ်ပုံကို ကြည့်ကာ . . . သင့်သွေးက ကျိတ်ရယ်လိုက်သည်။ မိုးကြီးက ခွေးကောင်ဟုဆဲကာ . . . သူ့ကို လက်သီးနှင့် ထိုးလေသည်။ အဲဒီညမှာပဲ သင်္ဘောခါရုံကို စ နောက်လိုက်ဖို့ သူ့တွင် စိတ်ကူးရလာခြင်းဖြစ်သည်။

သူမသည် သူငယ်ချင်းများ အတင်းတွန်းတင်လိုက်ခြင်းဖြင့် စင်မြင့်ပေါ် ရောက်သွားကာ မြနန္ဒာသီချင်းဖြင့် ကနေချိန်တွင် သူအကြံအစည်အစပျိုးခဲ့သည်။ ကျောင်းသားတစ်ယောက်က ပန်းသရဖူလေးလာစွပ်ပေးနေချိန် . . .

"စနိုးဝိုက် . . . စနိုးဝိုက်"

ဟူသော အားပေးသံများ ဆူညံနေချိန်တွင် သူ့မျက်လုံးသည် ခန်းမထောင့်စားပွဲပေါ်မှ ပန်းအိုးကလေးဆီ အကြည့်ရောက်သွားသည်။

သူက . . . တစ်ချက်ပြုံးကာ . . . ပန်းအိုးထဲမှ နှင်းဆီပွင့်ကို ဆွဲနုတ်လိုက်ပြီး . . . ခန်းမအပြင်ဘက်သို့ ထွက်လာသည် . . . အပြင်ဘက်တွင် မိုးတဖွဲဖွဲရွာနေပြီး သူလိုချင်သော ဖားကပ်သေးသေးလေးကို မြက်ခင်းစပ်၌ အလွယ်တကူ တွေ့ရသည်။

ဖားကပ်ကလေးကို နှင်းဆီပန်းငုံထဲထည့်ရတာ . . .

www.burmeseclassic.com



သိပ်တော့မခက်လှပါ။ အဲဒီနောက်မှာတော့ သူက အငမ်းလွ
နေသော မိုးကြီးနံဘေးသို့ ပြန်လာကာ . . .

"ဟော့ကောင် . . . ရော့ . . ငါပန်းအိုးထဲက သွား
လာတာ၊ မင်းသွားပေးချင် သွားပေးလိုက်"

"ရှိ . . . အိုကေ . . . ကျေးဇူးကမ္ဘာ . . . ကျေး
ကမ္ဘာ"

မိုးကြီးက ဆတ်စလူးခါကာ . . . စင်မြင့်ပေါ်တက်သွား
တော့ သူကညစ်ကျယ်ကျယ်ပြုံးကာ စောင့်ကြည့်နေလိုက်သည်

သဒ္ဒါရိုက မိုးကြီးပေးသော နှင်းဆီပန်းကို လက်ခံ
လိုက်ချိန်တွင် သူရင်ခုန်လာသည်။ ခဏကြာတော့ သူတွက်
ထားသည့်အတိုင်းပင် သူမက နှင်းဆီပွင့်ကလေးကို မျက်နှာ
မြှောက်ယူကာ လက်ချိုး၍ ကလိုက်ချိန်တွင် . . .

"အမလေး"

"ဟယ်"

"ဟာ"

ခန်းမထဲတွင် သူမရဲ့အလန့်တကြားအော်သံက ကျ
လွှင့်စွာ ပေါ်ထွက်လာသည်။ ဖားကပ်ကလေးမှာ သူမမျက်နှာ
ပေါ်သို့ ဖျတ်ခနဲ ခုန်ကပ်လိုက်ပြီးနောက်တွင် သူမရဲ့ အသ





အကြား အော်သံ . . . ကျောင်းသားများ၏ အုံ့ဩရေရွတ်သံ
. . .။

"မိုးကြီး . . . နင် . . . ဒါဘာလုပ်တာလဲ . . ."

ကြောက်လန့်လဲကျသွားသော သူမနံဘေးသို့ သူမရဲ့
သူငယ်ချင်းများ ဝိုင်းအုံသွားသည်။ ကျန်သည့် စွာတေးလန် သူ
ငယ်ချင်းများမှာ မိုးကြီးရှိရာသို့ ချီတက်လာသည်။

"ဟို . . . ဟို . . . ငါမသိ . . . မသိ"

"ဘာ မသိရမှာလဲ . . . ဒါ . . . နင်တမင်သက်သက်
အကျင့်ယုတ်တာ"

စွာတေးလန်တို့ အုပ်စုလယ်၌ မိုးကြီးကြောက်ဒူးတုန်နေ
ချိန်တွင် သူအသာလေးလစ်ထွက်လာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းမှာတော့ သူမထံမှ တန်ပြန်ရရှိရမည့် ကလဲ့စားတစ်ခုကို သူစောင့်မျှော်လင့်နေခဲ့သည် . . . သို့သော် . . . သူမထံမှအာတုံ့ပြန်မှုမှ ရောက်ရှိမလာသောအခါ သင့်သွေး စိတ်တွင် စနိုးစနောင့်ဖြစ်လာရပြန်သည်။ ထို့မှမက အတန်းထဲ သူမထိုင်နေကျနေရာတွင် တွက်လပ်တစ်ခုဖြစ်နေခြင်းက သူ့ အမြဲခြောက်လှန့်နေသည်။ သူ့ကြောင့် သူမတစ်စုံတစ်ရာ ထိခိုက် သွားမှာကို သူစိုးရိမ်လာသည်။

သူမကို မုန်းသည်မှန်သော်လည်း အမြဲရန်ဖြစ်နေရခြင်း ကို သူ မငြီးငွေ့ခဲ့မိပေ။

"ဟော့ . . . သွေး"

ကော်ရစ်ဒါတွင် လျှောက်လာသောသင့်သွေးမှာ ခေါ် သံကြောင့် နောက်သို့လှည့်ကြည့်မိသောအခါ . . . သူ့ အမေ အမြဲလို လိုက်လှဲဖော်ရွှေစွာ ဆက်ဆံတတ်သော ဘရဏီကို ...





ရလေသည်။ သူ အလွန်စိတ်ပျက်သွားသည်။ အဲဒီမိန်းမဟာ အင်မတန်မာယာများပါသည်။ မျက်လုံး အလွန်ကစားတာ ညှို့မြူသလို ပြုံးပုံကို သူကြည့်မရဆုံး။

"သွေးကို ရှာလိုက်ရတာကွာ . . . မောနေတာပဲ"

"ဒါတော့ . . . အစကတည်းက ဘရဏီဘာသာ အမောမလုံလို့ မောတာနေမှာပေါ့ . . . ငါက ငါ့ အခန်းထဲမှာ ရှိနေတာပဲ . . . ဘရဏီ မောလောက် အောင် လိုက်ရှာဖို့ မလိုပါဘူး"

"ကြည့် . . . သွေးတို့ကတော့ ပြောလိုက်ရင် ဘုချည်းပဲ၊ ဘရဏီက အကောင်းပြောမလို့ ဥစ္စာ"

လာပြီ အဲဒီလက်က။ ရိုက်လား ပုတ်လား လုပ်လာသည့် ဘရဏီ့လက်တစ်ဖက်ကို သူအချိန်မီ တိမ်းရှောင်လိုက်ရသည်။

"ဘရဏီ့ကို ရုပ်ရှင်လိုက်ပြကွာ . . . နော် . . . သွေး"

မိန်းမတွေများ အဲဒါခက်ပါသည်။ နည်းနည်းလေး ရင်းနှီးလာတာနဲ့ ဟိုလိုက်ပို့ပါ . . . ဒီလိုက်ပို့ပါ . . . တောင်းဆို လာသည်။ အကူအညီတွေ တောင်းလာသည်။ သင့်သွေးသည် ဘရဏီကို စိတ်ချဉ်ပေါက်လာကာ . . . .



www.burmeseclassic.com

www.burmeseclassic.com



"နင့် သူငယ်ချင်းတွေ ရှိသားပဲ. . . သူတို့နဲ့ သွားကြည့်ပါလား"

"ဟင့်အင်း. . . ဘရဏီက သွေးနဲ့ပဲကြည့်ချင်တာ"

"ငါ လိုက်မပြနိုင်ဘူး"

"ဘာဖြစ်လို့လဲဟင်. . . သွေး မအားလို့လား. . . သွေး အားတဲ့အချိန်ကျပြောလေ. . . အဲဒီတော့မှ ဘရဏီ ကြည့်မှာပေါ့. . ."

"မအားလို့ မဟုတ်ဘူးကွ၊ ငါ အားနေသားပဲ၊ လိုက်ကို မပြချင်တာ၊ စိတ်ကိုမပါတာ"

ဘရဏီ့မျက်နှာမှာ ချက်ချင်းလို ငိုမဲ့မဲ့ဖြစ်သွားသည် သူက ဘရဏီ မျက်ရည်ကျပြတာကို မစောင့်တော့ဘဲ . . . လှည့်ထွက်လာသည်။ အဲဒီလက်နက်ကြီးကို ထုတ်သုံးလို့ကတော့ သူကအရေးစိုက်မည် မဟုတ်ပါ။ မိန်းမတွေမှာ လက်နက်ဆိုလို့ အဲဒီမျက်ရည်တွေပဲ မကုန်နိုင် မခမ်းနိုင်ရှိနေပုံရပါသည်။

သူက ပျင်းပျင်းနှင့် မိန်းထဲအလည်သွားရန် ကျောင်းထဲမှ ထွက်လာခဲ့သည်။ ကားမစီးတော့ဘဲ ခြေကျင်လျှောက်လာခဲ့ပြီး ခြောက်မိုင်ခွဲလောက်အရောက်တွင် သူ့နံဘေးသို့ ကားတစ်စီး ထိုးရပ်လာကာ . . .





"သွေး. . . ဘယ်သွားမလို့လဲ"

"သြော်. . . မမမေ"

ကားပေါ်က မမမေက သူ့ကိုလှပစွာ ပြုံးကြည့်နေသည်။ မမေက သူ့သူငယ်ချင်း ကိုဦးရဲ့အစ်မဖြစ်ပြီး အီကိုတတိယနှစ်. . .ောင်းသူဖြစ်သည်။ စပရိန်တွေလို ကောက်ထားသော ဆံပင် . . . တလှုပ်လှုပ်. . .၊ နေကာမျက်မှန် နှင့် မမမေကိုကြည့်ရတာ . . .ောင်းသူနှင့် မတူဘဲ မော်ဒယ်လ်ဂဲလ်နှင့် တူနေသည်။ မမမေ . . .ပြုံးကတော့ တစ်ဖက်သားကို လွှမ်းမိုးလိုသော အပြုံးမျိုး . . .သည်။

"သွေး. . . ဘယ်သွားမလို့လဲ"

"မိန်းဘက်သွားမလို့ပါ မမမေ"

"သြော်. . . လမ်းကြုံသားပဲ. . . လိုက်ခဲ့လေ"

မမမေက ကားတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်ပေးလိုက်သည်။

"ကျွန်တော် လမ်းလျှောက်သွားမလို့"

"သြော်. . . ပြောစကား နားထောင်စမ်းကွယ်၊ လိုက်ခဲ့လို့ ပြောနေမှပဲ . . . လာတက်လေ"

တကယ့်ကို စိတ်ပျက်စရာ ဩဇာပေးတတ်သော မိန်းမ. . . စိတ်ညစ်လာကာ ကားပေါ် တက်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအစ်မမို့ ဒီလောက်လိုက်လျောတာ။

အဲဒီနောက်မှာတော့ မမမေက ခဏခဏ လှပစွာပြုံး ကာ စကားများစွာ ဆိုလေသည်။

"သွေး . . . စာမှန်မှန်ကျက်ရဲ့လား"

"မကျက်ပါဘူး . . စာမေးပွဲနီးမှပဲ ကျက်မယ်"

"အဲဒါဆို . . . သွေးပင်ပန်းမှာပေါ့"

"ကိစ္စမရှိပါဘူး"

"ကိုဦးကပြောတယ် . . . သွေးတ ကျောင်းမတက်ဘ ကစားကွင်းတွေ လျှောက်သွားတတ်တယ်ဆို"

"တစ်ခါတလေပါ"

"ဘာသွားလုပ်တာလဲ"

"တိုက်ကား သွားစီးတာ"

"ကလေးမဟုတ် ဘာမဟုတ်"

"လူကြီးတွေလည်း စီးတာပါပဲ"

"လူကြီးဆန်ဆန်နေစမ်းပါ . . . သွေးရယ်"

"ကျွန်တော်မှ လူကြီးမဖြစ်သေးတာပဲ . . . မမ ကျောင်းသားပဲ ရှိသေးတာ၊ ဒီလိုပဲ . . . လွတ်လွ လပ်လပ်လျှောက်သွားတာပေါ့"





"တော်တော်ခက်တဲ့ သွေးပဲ"

တော်တော်သောက်မြင်ကတ်စရာကောင်းတဲ့ မိန်းမပဲ၊ ဟု သွေးက စိတ်ထဲက အားမနာတမ်းကောင်းချီးပေးလိုက် သည်။ လူကို တရားခံစစ်စစ်နေတာကို သူနည်းနည်းလေးမှ မခံ ချင်ပါ။ ဩဇာပေးတာကိုလည်း သူသိပ်မုန်းပါသည်။

သူ့မှာ ကျောင်းထဲရောက်သည်အထိ ငရဲကျသွားသည်။ အပေါ်ကဆင်းတော့ သူကလွတ်ပြီ၊ ကျွတ်ပြီ ဟု စိတ်ထဲက ကြွေးကြော်နေဆဲတွင် . . .

"လာ သွေး . . . အင်းလျားမှာ ဘူးသီးကြော်သွားစားရ အောင်"

"ကျွန်တော် မစားချင်ဘူး"

"လာစမ်းပါကွယ် . . . ဘူးသီးကြော် မစားချင်လည်း အအေးသောက်ပေါ့"

မမမေက သူ့လက်ကို ခပ်ပိုင်ပိုင်ဆွဲခေါ်သွားသည်။ ချင်းအစ်မမို့ သည်းခံနေတာ၊ ဘုရားသိသာဆို သူ့လက်ကို ဆောင့် ပြီး . . .

"လိုက်ချင်စိတ်မရှိလို့ မလိုက်ဘူးကွာ"

ဟုအော်ပစ်ခဲ့မိမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတွေ့ဖူးသောမိန်းမ အတော်များများဟာ လှပသော်လည်း စိတ်ဓာတ်တွေ မူမမှန်ကြပါ။ မျက်ရည်ကျပြကာ နိုင်လိုမင်းထက်နိုင်းစေချင် သူကတစ်မျိုး၊ အထက်စီးက အာဏာပါဝါနှင့် နိုင်လိုမင်းထက်ဩဇာပေးချင်သူကတစ်မျိုး . . .။

မိန်းမဆိုတာ တကယ်ပဲ မြစ်လိုကောက်ကွေ့နေတတ်ပါသည်။

အင်းလျားတွင် မမမေထံမှာ တစ်နာရီနီးပါး ဝဋ်ဆင်းရဲခံနေရသော သင့်သွေးသည် မမမေရဲ့လှပသော မျက်ဝန်းတွေရဲ့ အဓိပ္ပာယ်ကိုလည်း သဘောပေါက်နေသည်။ မမမေဟာ သူ့အပေါ် ယိမ်းယိုင်ချင်သူတစ်ဦးလည်း ဖြစ်သည်။ (ဒါကို အလိုလိုသိနေတာဟာ ယောကျာ်းတွေရဲ့ မွေးရာပါဗီဇတစ်ခုပဲဖြစ်သည်) သို့သော် သူကတော့ မမမေလို ဩဇာပေးတတ်သော၊ ပစ်ပစ်များသော မိန်းမကိုဘယ်တော့မှ ချစ်ရေးဆိုမည်မဟုတ်ပါ။ တကယ်တော့ မမမေဟာ ဒယ်ဒီနဲ့ပဲ ပေးစားဖို့ကောင်းသည်။ သူတို့နှစ်ယောက်ဟာ တကယ်ပဲအကျင့်စရိုက်ကတူပါသည်။

အဲဒီလို မမမေဟာ ကတ်သီးကတ်သပ်ကိစ္စတစ်ခုကို အတင်းအဓမ္မ တောင်းဆိုလာချိန်မှာတော့ သူဘယ်လိုမှ သည်းညည်းမခံနိုင်တော့ပါ။ မမမေ တောင်းဆိုခဲ့တာက သူ ဘယ်လို-





လိုက်လျောနိုင်သော ကိစ္စတစ်ခုပဲဖြစ်သည်။

"သွေး မင်းဆံပင်တွေသိပ်လှတယ် . . . ပျော့ပျော့ကလေးရယ်၊ နည်းနည်းလည်းညှိနေသလိုပဲ၊ မမမေ ဖြီးကြည့်ရအောင် . . . Please နော်၊ ခဏလေးပဲ သွေး၊ ငြိမ်ငြိမ်ကလေးနေလိုက်"

"ဟာ . . . အဓိပ္ပာယ်မရှိတာ"

မမမေက သူ့လွယ်အိတ်ထဲမှ ဘီးလှလှကလေးကို ထုတ်ကာ သူ့ခေါင်းဆီလက်လှမ်းလိုက်သည်တွင် သူခပ်ဆတ်ဆတ် အော်မိပြီး ခေါင်းကိုနောက်သို့ ဆုတ်၍ခပ်မြန်မြန်ရှောင်လိုက်သည်။

"အို . . . ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ . . . မကြီးကျယ်စမ်းပါနဲ့ကွာ၊ ဒါကလေးလိုက်လျောရတာ မင်းအတွက် ဘာအပန်းကြီးလို့လဲ . . . ဘာလဲ ဒီမှာ လူတွေများလို့ ရှက်နေတာလား . . . ဒီလိုဆိုလည်း ကားပေါ်ရောက်မှ ဖြီးပေးရမယ်"

"မဖြီးနဲ့ . . . ဘယ်တော့မှ ဖြီးမပေးနဲ့ . . . ကျွန်တော့်ခေါင်းကို မိန်းမကိုင်တာ ကျွန်တော်မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သွေးက အာဂကောင်လေးပဲ . . . မင်းလေသံကသိပ် မြင့်တာပဲ၊ မမမေကို ပြန်အော်ဖူးတာ . . . မင်း တစ်ယောက်ပဲရှိသေးတယ်"

"ကျွန်တော်ကို ခေါင်းဖြီးပေးမယ်ပြောတာလည်း . . . မမမေတစ်ယောက်တည်းပဲ ရှိသေးတယ် . . . ဝမ်းနည်းပါတယ် . . . ၊ ကျွန်တော်က ကျွန်တော်မကြိုက်တဲ့ အလုပ်တစ်ခုကို ခေါင်းငုံ့ငြိမ်ခံမနေတတ်လို့ပါ . . . မမမေ သိပ်ပြီး ခေါင်းဖြီးပေးချင်တယ်ဆိုရင် ကိုဦးပဲ ဖြီးပေးလိုက်ပါ . . . ကိုဦးဆံပင်တွေက လိမ်ကောက်ကောက်ဖြစ်နေပေမယ့် ပျော့ပါတယ် . . . ဖြီးလို့ကောင်းမှာပါ . . . ကျွန်တော့်ကို ခွင့်ပြုပါဦး မမမေ"

သူက ခပ်မြန်မြန်ပြောပြီး ထိုင်ရာမှထကာ . . . လှည့်ထွက်လိုက်ချိန်တွင် တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိ၏။ ထိုတစ်စုံတစ်ယောက်မှာ သူအလွန်တွေ့ချင်နေသော မိုးကြီး ပင်တည်း။

"ဟဲ ဟဲ မင်းတို့အတွဲကို ကြည့်ကောင်းကောင်းနဲ့ ရပ်ကြည့်နေတာ၊ မင်းရဲ့မမက မိုက်သားပဲကွ၊ မင်းကတော့ ပေါ်များလိုက်တာကွာ . . . ငါတို့များကျတော့"





"ဟော့ကောင် . . . ရမ်းပြောမနေနဲ့ . . . ဒီမှာ မင်းကို ပြောစရာရှိလို့ကွ . . . ခုပဲ လိုက်ရှာတော့မလို့ . . . မမဂျပန် မူလီနဲ့တွေ့နေလို့ မင်းကလည်းတွေ့ချင်ပါမှ ဘယ်သွားသေနေတယ် မသိဘူး"

"ငါလည်း ကျောင်းထဲက မမတစ်ယောက်ကို ရလိုရငြား လာရစ်နေတာ"

မိုးကြီးက စပ်ဖြဲဖြဲနှင့်ဖြေသည်၊ သူက မိုးကြီးမျက်နှာကို စေ့စေ့ကြည့်ကာ . . .

"မင်း . . . သဒ္ဒါရှိနဲ့ တွေ့သေးလား"

"မတွေ့ဝံ့ကြောင်းဖါခင်ဗျာ . . . မယ်ဘုရားက ငါ့ကို တွေ့ရာသင်္ချိုင်းဓားမဆိုင်းဖြစ်နေတာ . . . အဲဒါ မင်း ဖြိုဟ်မွှေသွားတဲ့ ပြဿနာပဲ၊ အခု အဲဒီပြဿနာက ငါ့ ခေါင်းပေါ်ရောက်နေတာ"

"အဲဒါ မင်းအတာပဲ၊ အဲဒီနေ့က ငါလုပ်ခိုင်းတယ်ဆိုတာ မင်းမပြောလိုက်ဘူးလား"

"ပြောမနေတော့ဘူး . . . မင်းတို့ချင်းက အစကတည်းက ရန်စောင်နေကြတာ . . . ငါပြောလိုက်ရင် ပိုဆိုးသွားမှာပေါ့ကွာ . . . မင်းကို သနားလို့မှတ်ပေါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ . . . တွေးလိုက်မှဖြင့် တလွဲချည်းပဲ . . . အဲဒါ ပြောရတယ်ကွ၊ ငါလုပ်ခိုင်းတာလို့ပြောလိုက် လား . . . ငါက မင်းပြောပါစေဆုတောင်းနေတ . . . ကျွတ် . . . ခက်တာပဲ"

သင့်သွေးသည် သူ့နဖူးသူ ဖျတ်ခနဲပုတ်ကာ ညည်းတွ လိုက်သည်။ မိုးကြီးက သူ့ကို အံ့ဩထူးဆန်းသလို စိုက်ကြ ရင်း . . .

"ဟာ တစ်မျိုးကြီးပါလား . . . ငါက မင်းတို့ချင်း အေးအေးဆောင် အနစ်နာခံပေးတာ . . . မင်းကသဒ္ဒါ ရန်ဖြစ်ရတာကို ပျော်နေတာလား . . . ဟုတ်လား"

"ပျော်တာတော့မဟုတ်ဘူး . . . ဒါပေမဲ့ သူငါ့ မုန်းတီးစိတ်နဲ့ အမြဲသတိရနေတာကို ငါကြိုက်တ . . . ရန်လိုတဲ့မျက်စိနဲ့ အမြဲသတိထားနေ၊ ဂရုစိုက် တာကို ကျေနပ်တယ် . . . ဒါမှ အမြဲ ပွဲဆူ သွေးပူ မှာကွ၊ သွေးအေးကျောခိုင်းနေရတာ ပျင်းစရာပဲ။ အ လိုဆို ငါမနေတတ်တော့ဘူး"

"ဆိုက်ကိုပဲ"

မိုးကြီးက သူ့ခေါင်းကို လက်ညှိုးနှင့်ထောက်ကာ မဲ့





လိုက်တော့ သူခပ်ဟက်ဟက်ရယ်မိသည်။

"ဒီနေ့ သဒ္ဒါရဲ့ ကျောင်းမတက်ဘူး မိုးကြီး"

"ဟုတ်တယ် . . . လန့်ဖျား ဖျားသွားတာတဲ့ . . . ခုပဲ သူ့သူငယ်ချင်း စွာကျယ်မတို့အုပ်စု ငါ့ကို ဝိုင်းရန်တွေ့ လိုက်သေးတယ်"

"ဒီတစ်ခါ အဲဒီအုပ်စုနဲ့တွေ့ရင် . . . ပြောလိုက်စမ်းကွာ . . . အဲဒီကိစ္စ ငါလုပ်ခိုင်းတယ်ဆိုတာ"

"ကောင်းပြီလေ . . . မင်းဒီလောက်ပြောစေချင်နေတာ . . . ငါဆက်ဆက်ပြောလိုက်ပါ့မယ်"

"သိုင်းကျူး မှန်ကြောင်"

"ခွေးကောင်"

မိုးကြီးက ထိုသတင်းမှန်ကို သဒ္ဒါရဲ့သူငယ်ချင်းများကို အမြန်ဆုံးသွားပြောတော့မှာကို သင့်သွေးကြိုသိနေခဲ့သည်။ ကြီးသည် မိန်းကလေးများနှင့် အင်မတန်ပြေလည်ချင်ရှာသူ သည်။

သဒ္ဒါရဲ့အတွက်တော့ သူစိတ်မကောင်းပါ။ သူမရဲ့ ရန်စ တွေ အရှိန်သေလာချိန်မှာ သူကတစ်ဖန် ရန်စခဲ့ခြင်း ရန် များရန် တာစူနေတာကို သူတွက်ဆမိပါသည်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာမလေးကို ရန်မစမိဖို့ ဆုံးဖြတ်ခဲ့ခြင်းက စာနာမှုသက်သက်ကြောင့် ဖြစ်သည်။

တကယ်ဆို . . . သဒ္ဓါရဲ့ဟာ အင်မတန်သနားစရာကောင်းလောက်အောင် ပျော့ညံ့နုံချာသူဖြစ်သည်။ ဦးဦးငယ်ဆိုသူ ရဲ့ သွေးထိုးမှုကို မဆင်မခြင်ယုံစားကာ သူ့ကိုမုန်းတီးနေခဲ့သူ ဖြစ်သည်။ သူမရဲ့ မုန်းတီးစိတ်ကို ထိန်းချုပ်ကိုင် စေ့ဆော်နေသူက ဘီးတပ်ကုလားထိုင်ပေါ်မှ မျက်နှာထားတင်းတင်းနှင့် သနားစရာ လုံးဝမကောင်းသောသူတစ်ယောက်ပင်တည်း။

သူမဟာ ယောကျ်ားတစ်ယောက်ထံမှ ပြန်လည်ရရှိနိုင်မည့် တန်ပြန်မှုတွေကို မသိနားမလည်စွာ ဆင်ကန်းတောတိုးပြုမူခဲ့တာဖြစ်သည်။ ယောကျ်ားမာနကို ထိပါးလျှင် ကျားနာပမာဆတ်ဆတ်ခါတုံ့ပြန်တတ်သော သင့်သွေးရဲ့ စိတ်ဓာတ်ကို သိသိနှင့် အမျိုးမျိုးရန်စခဲ့သော မိန်းမငယ်လေးဟာ သတ္တိရှိချင်ယောင်ဆောင်ခဲ့သူဖြစ်သည် . . . ကျားယောင်ဆောင်သော ထိုကြောင်မလေးသည် ဘယ်အချိန်အထိ သူ့ကို မုန်းတီးနေဦးမည်မသိ . . .

ဖားကပ်ကိစ္စကို သူမ သိလျှင် . . . သင့်သွေးကို ဘယ်လောက်မုန်းဦးမလဲ. . . ဘယ်လောက်အမှတ်တရရှိလိုက်မလဲ။ သူမတစ်ခုခုတုံ့ပြန်လာလျှင်တော့ . . . သူမမျက်နှာကို သေသေ





ချာချာမြင်ခွင့်ရဦးတော့မှာပဲ၊ ဒီတစ်ပွဲပြီးလျှင်တော့ စစ်ပြေငြိမ်းလိုက်ဖို့ . . . သူဆုံးဖြတ်လိုက်ခဲ့သည်။ ပြီးတော့ လူကြီးပြောတိုင်းယုံဖို့၊ မလိုက်နာဖို့ . . . လူကြီးတွေရဲ့အတ္တကို သူမ ပြတ်ပြတ်သားသားသိမြင်လာဖို့ . . . သူပြောပြချင်သည်။ ခင်မင်မှုဖြင့်ရင်းနှီးမှုကိုပဲ သူလိုလားတော့သည်။

နောက်တစ်နေ့တွင် သင့်သွေးသည် လွန်စွာလှပသောငြိမ်ပန်းခြင်းလှလှကလေးဖြင့် စည်းနှောင်လျက် . . . မိုးကြိုးမှတစ်ဆင့် သူမထံသို့ပို့ပေးခဲ့ပါသည်။ အဲဒါဟာ သူမကို ချော့ချင်သရော်လို့မှ သက်သက်ကြောင့် မဟုတ်ခဲ့တာကို သူ သိစွာ သိရသည်။ စစ်ပြေငြိမ်းရန်အတွက် ရှေ့ပြေးတမန်တော်အဖြစ် ပို့ပေးခဲ့တာဖြစ်သည်။ ဒါကို . . . သူမဘက်ကအဓိပ္ပာယ်ကောက် လွဲလိမ့်မည် . . . ဆိုတာကို သူနည်းနည်းလေးမှ မမျှော်လင့်ခဲ့မိပါ။

သို့သော် . . . နောက် . . . ရက်များအကြာမှာပင် မမျှော်လင့်မထားသော အဖြစ်အပျက်များ ဆက်တိုက် ပေါ်ပေါက်လာခဲ့ပြီး . . . သူ့ကို ကျားနာတစ်ကောင်အဖြစ်သို့ ပြောင်းလဲပြောင်းစေခဲ့တော့သည်။





www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် လှလှပပရှိနေသော ပန်းခြင်းကလေးက သဒ္ဓါရုံကို လှောင်ပြောင်သရော်နေသည်။ ရုံသည် ကြည့်နေရင်းကပင် ဇင်ဒါသစ်ခွများကို လွမ်းသူ့ပန်းခွေမှပန်းပွင့်များ ထင်မြင်လာသည်။ ရုံလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိလေသည်။

"ဒါ . . . ရှင့်ကို သက်သက်လှောင်ပြောင်တာ၊ သရော်လိုက်တာပဲ မိရုံ ဘယ်နည်းနဲ့မှ စေတနာသန့်သန့် မဖြစ်နိုင်ဘူး . . . ဒီပန်းခြင်းရဲ့အဓိပ္ပာယ်ဟာ ရှင်သေပြီဆိုတဲ့အဓိပ္ပာယ်ပဲ . . . ရှင့်ကို သေလူလို့သတ်မှတ်ပြီး ပို့ပေးလိုက်တာ . . . ဒီကောင် သက်သက်ညစ်စုတ်တာ"

"နှင်းဆီပန်းထဲ ဖားကပ်ထည့်ပေးလိုက်တာလည်း ဒင်းပဲ။ မိုးကြီးမပြောခင်ကတည်းက ကျုပ်တို့ထင်ပါတယ်





. . . မသေချာလို့သာ မပြောရဲတာ . . . ခုတော့သေချာနေပြီ၊ ရုံ . . . ရှင် ငြိမ်မနေနဲ့၊ နေကောင်းရင် . . . တန်ပြန်မှုတစ်ခုပေးလိုက်စမ်း"

ရုံ့သူငယ်ချင်းများရဲ့ တစ်ယောက်တစ်ပေါက် ပြောနေသံများက ရုံရဲ့ဒေါသမီးတောက်ကို လေပြင်းတိုက်ပေးခဲ့တာဖြစ်သည်။ ရုံ သင့်သွေးကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့ပါ။ သင့်သွေးက ရုံကို ခွင့်မလွှတ်နိုင်အောင် ပြုမူခဲ့လေပြီ . . .။ ရုံ သူ့ကိုတန်ပြန်ကလဲ့စားမချေဘဲ ဘယ်တော့မှမနေ၊ ရုံရဲ့ ကလဲ့စားချေမှုဟာ အပြင်းစားဖြစ်ရမည်။ သူ့လုပ်ရပ်ထက် အဆပေါင်းများစွာ သာလွန်စေရလိမ့်မည်။

"သွားစမ်း"

ရုံသည် ကြိမ်ပန်းခြင်းကို လက်ဖြင့် ရိုက်ချလိုက်လျှင် ဇင်ဒါပွင့်ကြီးများ ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲသွားသည်။ မိဒီက အလန့်တကြားအော်ကာ . . .

"ဇင်ဒါတွေ နမြောစရာဟယ်"

"နမြောရင် နင်တို့ပဲပန် . . . ကျုပ်ကတော့ အဲဒီကောင်စုတ်ပေးတဲ့ပန်းကို ခြေဖျားနဲ့တောင် မထိဘူး . . . သနလို့"



www.burmeseclassic.com

www.burmeseclassic.com



ရုံ့အသံသည် တုန်ခါနေသည်။ ရုံ့မျက်လုံးတွေ ခ
ထန်လာသည်။ စင်မြင့်ပေါ်တွင် လဲကျသတိလစ်ခဲ့ရသောအဖြ
ကို ရုံဘယ်တော့မှမမေ့။

"သင့်သွေးဟာ သူ့အဖေလိုပဲနေမယ်။ အဖေတူသား
ဒီလောက်တော့ရိုင်းစိုင်းယုတ်မာမှာပေါ့ . . . သူ့အ
လည်း ကျုပ်ဦးဦးငယ်ကို ဒုက္ခရောက်အောင်
ကောက်ကြံခဲ့ဖူးတာ၊ ကျုပ် သူ့ကိုခပ်ရှောင်ရှောင်နေ
ဆုံးဖြတ်ပြီးသား၊ လုံးဝကို အဖက်မလုပ်ချင်တော့
. . . အဲဒီတော့လည်း ဒင်းက လိုက်ရန်စပြန်တ
. . . ကျုပ်ကတုံ့ပြန်တော့ ကျုပ်ကို စိန်ခေါ်တ
နောက်ထပ်ဘာတွေကြံစည်ဦးမယ် မသိဘူး . .
တစ်ခါဆိုရင်တော့ သူ့အနာကျင်ဆုံး အထိခိုက်ဆုံး
အောင် ကျုပ်အစွမ်းကုန် ကလဲ့စားချေမှာပဲ"

သဒ္ဒါရုံသည် ကြမ်းပြင်ပေါ်မှ ဖင်ဒါသစ်ခွမျာကို
ကြည့်ရင်း . . . ထိုဆုံးဖြတ်ချက်ကို ချခဲ့သည်။ မိဒီတို့ မသိ
. . . ဖွင့်ပြော၍လည်း မဖြစ်သော ဒဏ်ရာအနာတရ တ
ရုံ့ရင်ထဲတွင် ရှိနှင့်ပြီးခဲ့သည်။ လူမသိသူမသိ ရှုံးနိမ့်ရ
နှစ်သစ်ကူးညကို ရုံ့ဘဝထဲမှ ဖယ်ထုတ်ထားလိုက်ချင်ပါ





ရုံ နေကောင်း၍ ကျောင်းပြန်တက်သောနေ့တွင် သင့်
သွေးကို ရုံအပြင်းအထန်သတိရနေခဲ့သည်။ သတိရခြင်းနှင့်
ယှဉ်တွဲနေခဲ့တာက အမုန်းနှင့် နာကျင်ခြင်းဖြစ်သည်။ ရုံသည်
. . . သင့်သွေးကို တစ်ရေးနိုးလည်းသတိရ . . . ထမင်းစား
လည်းသတိရ . . . တီဗွီကြည့်နေရင်းနဲ့လည်း သတိရ . . . အမြဲ
လို သတိရနေသည်။ သတိရတိုင်းလည်း လက်သီးကျစ်ကျစ်ပါ
အောင်ဆုပ်မိပြီး တစ်စုံတစ်ခုကို ပစ်ပေါက်လိုက်မိမြဲဖြစ်သည်။

ထိုအတောအတွင်း ဦးဦးငယ်ထံတွင် ပေးထားခဲ့ရသော
ကတိတစ်ခုကို ရုံမေ့လျော့ခဲ့မိတာ သေချာပါသည်။ ယောကျ်ား
တစ်ယောက်ကို အသည်းခွဲရမည့်အလုပ်ကို ရုံမကျွမ်းကျင်၊
စိတ်မဝင်စား . . .၊ အဲဒီအလုပ်ဟာ ရုံအတွက် ဝန်လေးစရာပင်
ဖြစ်သည်။ တစ်လအကြာတွင် ဦးဦးငယ်ကို ပေးရမည့်အဖြေ
. . . ရုံတွင် မရှိသေးပါ။ ရုံ ဦးဦးငယ်ကို သိပ်ချစ်သော်လည်း
[illegible]ကိစ္စကိုတော့ အလွယ်တကူလိုက်လျောချင်စိတ် မရှိခဲ့ . . .။
မာယာများသော မိန်းမတစ်ယောက်လည်း မဟုတ်ခဲ့ပေ။

သို့သော် . . . များမကြာမီကာလတစ်ခု၌ ရုံ့စိတ်တွေ
ပြောင်းလဲသွားစေမည့် အဖြစ်အပျက်များကို ဆက်တိုက်ကြုံရ
မည်ဆိုတာကို ကြိုမသိခဲ့တောကြောင့်လည်း ရုံက ဦးဦးငယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အလိုကျ . . . လိုက်လျောလိုစိတ်မရှိခဲ့တာဖြစ်မည်။ ထိုအဖြစ်အပျက်များမတိုင်မီက ရှုံ့တွင် သင့်သွေးအပေါ်ထားသည့် အာဃာတများများစားစား မရှိခဲ့တာကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ရှုံ မလွဲမသွေကြုံမည့် အဖြစ်အပျက်များမှာ တစ်ခိုင်းတည်း တစ်ပြိုင်တည်း. . . စုပြုံ၍ ပေါ်ပေါက်ခဲ့သည်မဟုတ် . . . တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ရစ်ပြီး တစ်ရစ်၊ ဖြည်းဖြည်းချင်း ဖြစ်ပေါ်လာပြီးမှ စုပြုံပေါက်ကွဲခဲ့ရခြင်း ဖြစ်သည်။

သားရေပင်ပြဿနာက ပထမဖြစ်ပြီး၊ ဖားကပ်ပြဿနာက ဒုတိယဖြစ်ကာ . . . ပန်းခြင်းပြဿနာက တတိယဖြစ်သည်။ နောက် . . . စတုတ္ထ၊ ပဥ္စမအဆင့်များသို့ မြင့်တက်လာခဲ့သည်မှာ . . .။







ထိုနေ့က ရာသီဥတုသာယာပြီး . . . အင်းလျားကန် . . . စ်ဝိုက်တွင် လူသူရှုပ်ထွေးစည်ကားနေချိန်လည်း ဖြစ်သည်။

သင့်သွေးသည် အကြော်ဆိုင်မှ ထလာခဲ့ပြီး အိမ်ပြန်ချင် . . . တ်မရှိသေးသဖြင့် အင်းလျားကန်ပေါင်ပေါ်တွင် ဟိုလျှောက် . . . လျှောက် လမ်းသလားနေသည်။ ကောင်မလေးအတော်များ . . . ကို မျက်စိစားပွဲထိုင်ရတာဟာ ဦးနှောက်ကိုအနည်းနှင့်အများ . . . ာ ကြည်လင်စေပါသည်။ သူက . . . ခုံတန်းလွတ်ကို ရှာ . . . ည်။ သို့သော် ညနေစောင်းချိန်ဖြစ်၍ . . . ခုံတန်းများမအား . . . နောက်တော့ သင့်သွေးက အုတ်ပေါင်လေးပေါ်တွင် လက် . . . ရုပ်ပြီး ဟိုငေး ဒီငေးလုပ်နေသည်။ အပေါင်းအသင်းများနှင့် . . . လိုတွေ့ကြား . . . မျက်စိကစားသည်။

အဲဒီအချိန်မှာပဲ သဒ္ဒါရုံက သူ့မြင်ကွင်းထဲသို့ ဝင်လာခြင်း . . . သည်။ ဆည်းဆာ . . . ကော်ခံနှင့် သူမကို မြင်ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကျော်ပန်းချီဆရာ လီယိုနာဒိုဗင်ချီ၏ မိုနာလီဇာအပြုံးပန်း
ကားကြီးကို ကြည့်နေရတာထက် ရသမြောက်ပါသည်။

သူ့ကို မမြင်သေးသဖြင့် . . . ရန်စွယ်ငေါ်မလာသေး
သော သူမရဲ့မျက်နှာဟာ ကြည်လင်နေသည်။ မျက်ဝန်းတေ
တွေ ရွှန်းလက်နေသည်။ ဆံပင်ကော့ကော့ လက်လက်ကလေ
မှာ နေရောင်အောက်တွင် တောက်ပနေသည်။ စကတ်လို
ထဘီလိုလို လုံချည်ရှည်ပျော့ပျော့ကလေးနှင့် ခါးတွင် စုထုံးချ
နှောင်ထားရသော ဂျင်းအကျီမိုးပြာရောင်လေးက သူမနှ
လွန်စွာလိုက်ဖက်ညီသည်။ ခပ်ရိုင်းရိုင်းစိုက်ကြည့်တာမျိုး မဟု
သော်လည်း မျက်လုံးတစ်ချက်အဝင့်မှာ သူမ နည်းနည်းပိန်သွ
တာကို သတိပြုမိသည်။

ဒီနေ့မှ ကျောင်းပြန်တက်လာခဲ့သောသဒ္ဓါရုံဟာ သူ
ခပ်တည်တည်စိုက်ကြည့်တတ်ပြီး နှုတ်ခမ်းတွေကို အားနှင့်မ
နှင့် တင်းတင်းစေ့ထားခဲ့သည်။ အစာမကြေပုံမှာ အသိသာ
. . . သူ့ရဲ့တောင်းပန်တိုးလျှိုးဟန် မျက်ဝန်းတွေကိုတော့ သူမ
ဂရုစိုက်ပုံမရပါ။ သို့သော် သူကတော့ သူမရဲ့ အကြည့်စူးစူးရှ
ကို နှစ်နှစ်ခြိုက်ခြိုက်ရှိလှပါသည်။ သူမရဲ့ဂရုစိုက်ခြင်းဟာ သူ
အတွက် လှပသောလက်ဆောင်တစ်ခုလည်းဖြစ်သည်။ ထိုလ





ဆောင်ရဖို့ အမုန်းနှင့် အာဃာတတွေနှင့် ရင်းနှီးယူခဲ့ရတာမို့
ဘော်တော့်ကို တန်ဖိုးကြီးသည့် လက်ဆောင်လည်းဖြစ်သည်။

သူ . . . လှမ်းကြည့်နေဆဲတွင် . . . ကန်ပေါင်ပေါ်
တွင် စကိတ်စီးနေသည့် ကောင်လေးနှစ်ယောက်က သူမကို
ခင်လည်ပြန်ကြည့်သွားသည်။ နောက် . . . တစ်ခေါက်ပြန်
ကြည့်လာကာ . . . မျက်နှာချင်းဆိုင်၍ စေ့စေ့ကြည့်ပြန်သည်။
စကိတ်စီးသွားပုံမှာ ခပ်နွဲ့နွဲ့ . . .။ အလကားကောင်တွေ၊
သင့်သွေးက မေတ္တာပို့ပြီး ထိုနှစ်ကောင်ကို မိုက်ကြည့်ကြည့်လိုက်
သည်။

တဖြည်းဖြည်းနှင့် သဒ္ဓါရုံမှာ သင့်သွေးနှင့်ပို၍ နီးကပ်
ခဲ့သည်။

သင့်သွေးသည် ကန်ပေါင်အစွန်းတွင် လက်ပိုက်ရပ်
ကာ သူမကို လှမ်းကြည့်နေသည်။ ထိုအခိုက်အတန့်ကာလ
တစ်ခုတွင် ဒယ်ဒီသည် သင့်သွေးရဲ့ စိတ်ကိုဘယ်လိုနည်းနှင့်မှ
ချုပ်ချယ်ကိုင်လို့ရမည်မဟုတ်ပါ။ ဒယ်ဒီရဲ့အမိန့်အာဏာကို
ဆန့်ကျင်ခဲ့သဘောတူရန် သူ လုံးဝစဉ်းစားခဲ့မိတာ . . . သေချာ
ခြင်း တစ်ခုလည်းဖြစ်သည်။ ပန်းလှလှလေးကို သူ ရက်ရက်
စက်စက်ခြွေခူးခြေမွဖို့ ဘယ်တော့မှစိတ်မကူး။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါရုံသည် လက်ပိုက်ရပ်နေသော သင့်သွေးကို တွေ့သည်နှင့် အံတစ်ချက်ဖိကြိတ်လိုက်သည်။ သင့်သွေးမျက်နှာပေါ်သို့ ဝေ့ကာဝဲကာကျနေသော ဆံပင်တွေကြောင့် ခပ်ဝေးဝေးမှ သတိမပြုခဲ့မိတာဖြစ်သည်။ ရုံက တုံ့ခနဲ နှေးသွားသော ခြေလှမ်းတွေကို သတိထားပြီး ဆက်လျှောက်လာသည်။

တစ်ယောက်တည်းဖြစ်၍ အားငယ်သွားသော်လည်း လက်သီးကို ခပ်ကျစ်ကျစ်ဆုပ်ကာ အားတင်းပြီး ဆက်လျှောက်လာခဲ့သည်။ ရုံ့ကို တစ်ခုခုရန်ပြုလာလျှင်တော့ ရုံလက်တုံ့ပြန်ရမှာပဲ၊ ပြီးတော့ သူ့ကို ရုံကဘယ်လိုစတင်ရန်ပြုရင်ကောင်းမလဲဟု အကြံထုတ်လိုက်သည်။ သို့သော် အကြံဉာဏ်က ချက်ချင်းထွက်မလာ၊ ရုံသည် သင့်သွေးနှင့် တဖြည်းဖြည်းနီးကပ်လာသည်။

အမှန်ကို ဝန်ခံလျှင် ရုံက မိန်းမပီသစွာ သူ့လက်တုံ့ပြန်မှုတွေကို ကြောက်ရွံ့မိခဲ့တာဖြစ်သည်။

သင့်သွေးသည် သဒ္ဓါရုံကို စိုက်ကြည့်နေမိသော်လည်း နှုတ်ခမ်းတစ်စုံကိုတော့ ခပ်တင်းတင်းဖိစေ့ထားသည်။ သဒ္ဓါရုံအပေါ်တွင် အမုန်းအငြိုးတွေ ကင်းစင်စပြုသော်လည်း သူက လူပေါ်ကြီး သက်သက်မဟုတ်သဖြင့် သဒ္ဓါရုံကို ပြုံးပြနှုတ်ဆက် မျက်နှာချိုသွေး အရောတဝင်လုပ်ဖို့၊ မျက်နှာပြောင်တိုက်ပြီး





တောင်းပန်လိုက်ဖို့ နည်းနည်းလေးမှ စိတ်မကူးခဲ့ပါ။ မျက်နှာဖုံးတစ်ခုကိုတော့ သူစွပ်ထားသေးသည်။ ထိုမျက်နှာဖုံးက ဟန်ဆောင်မှု မျက်နှာဖုံးဖြစ်သည်။

သင့်သွေးနှင့် သဒ္ဓါရုံသည် တစ်ဦးကိုတစ်ဦးက ဂရုစိုက်ရှိနေချိန်တွင် တရွေ့ရွေ့နီးကပ်လာခဲ့ပြီဖြစ်သည်။ သဒ္ဓါရုံသည် သတိအနေအထားဖြင့် သူမရဲ့ ခြေလှမ်းများကို ရွေ့လျားခဲ့တာဖြစ်ပြီး သင့်သွေးကတော့ သဒ္ဓါရုံအပေါ် အာဃာတကင်းစင်မှုဖြင့် ရပ်တန့်ငေးကြည့်နေခဲ့တာ ဖြစ်သည်။

သင့်သွေးရဲ့ အနေအထားဟာ သဒ္ဓါရုံ့အတွက် သံသယဖြစ်စရာဖြစ်နိုင်မည်ဆိုတာကို သင့်သွေးထည့်မတွက်ခဲ့မိတာက သင့်သွေးရဲ့အမှားဖြစ်သည်။ ထိုအမှားတစ်ခုက ကြီးမားသော ပြဿနာတစ်ခုကို ဖြစ်ပွားပေါ်ပေါက်စေခဲ့တော့သည်။

သဒ္ဓါရုံ သင့်သွေးအနီးသို့ ရောက်လာချိန်နှင့် ကျောင်း...တစ်သိုက် သဒ္ဓါရုံ နောက်ကျောနားသို့ ရောက်လာချိန်မှာ ...တိကျနေသည်။ ထိုအခိုက်မှာပဲ စကိတ်စီးနေသည့် လူငယ်...က်မှာ သူမနောက်သို့ ရောက်လာခဲ့ပြီ။

"အိုး . . . အမေ့"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သင့်သွေးမှာ ရုတ်တရက်အလန့်တကြားအော်လိုက်မိပြီး အံ့အားသင့်နေသည်။ သူ့ရှေ့ခြေနှစ်လှမ်းစာလောက် ကျော်လွန်သွားပြီးမှ ရုပ်ပျက်ဆင်းပျက် မှောက်ရက်လဲကျသွားသော သဒ္ဒါရုံကို ဖေးကူထူပေးရကောင်းနိုး လက်တပြင်ပြင် ကုန်းကုန်းကွကွဖြစ်နေသည်။

"သင့်သွေး"

သူ့နာမည်ကို အေးစက်နာကျင်စွာ ရေရွတ်သံကို သူ နားမလည်၊ သူ့ကို သမင်လည်ပြန်ကြည့်လာသော အေးတောက်ပသည့် မျက်ဝန်းလက်လက်တွေကိုလည်း သူနားမလည်။ သူနားလည်တာက . . . လူပုံအလယ်တွင် ရုပ်ပျက်ဆင်းပျက် လဲကျသွားသော အနေအထားမှ သူမအမြန်ဆုံး လွတ်မြောက်ရန်ပင် ဖြစ်သည်။ သူက လေသံတိုးတိုးဖြင့် . . .

"ဟိတ် . . . ထ . . . ငါ့တို့ လက်ကိုဆွဲလိုက်"

"ဖြန်း . . . ဖြန်း . . . ဖြန်း"

"ဟာ . . . ဟေ့"

ရုတ်တရက် သူ့ပါးဝေ့ ထူပူနာကျင်သွားခဲ့ရသော အဖြစ်အပျက်ကတော့ မယုံနိုင်စရာပဲ ဖြစ်သည်။ သူ မမျှော်လင့်ခဲ့သောအဖြစ် . . .။ သူ့တွင် ဘာအပြစ်မှ မရှိတာကို သေချာနှ





သော . . . သင့်သွေးသည် . . . ဆတ်ခနဲခေါင်းထောင်လာသော မြွေဟောက်ပမာ . . . နောက်တစ်ကြိမ်ထပ်ရိုက်ရန် ယ်နေသော . . . သူမရဲ့ လက်ကို ဖျတ်ခနဲ ဖမ်းလိုက် သည်။

"အ . . . လွှတ် . . . လွှတ်စမ်း . . . အယုတ်တမာကောင်"

"အယုတ်တမာကောင် ဟုတ်လား . . . ငါ မင်းကို ဘာယုတ်မာသလဲ . . . မင်းငါ့ကို ဘာဖြစ်လို့ အသားလွှတ်လာစော်ကားတာလဲ . . . မင်းခုချက်ချင်းပြော . . . ပြောစမ်း သဒ္ဒါရုံ"

"နင် . . . ခုမှ သူရပ်ဆောင်ကောင်းမနေနဲ့ သင့်သွေး၊ နင် ငါ့ကို နောက်ကဆောင့်တွန်းလိုက်တာ ငါ့ကို လူလယ်ကောင်မှာ အရှက်တကွဲဖြစ်အောင် လုပ်လိုက်တာ . . . ငါသိတယ် နင်မညာနဲ့ . . . မညာနဲ့"

". . . မင်းမြင်သလား၊ မင်းမျက်စိနဲ့ တပ်အပ်မြင်လို့ ဒီလောက်ထိ သေသေချာချာပြောရဲတာလားကွ . . . ဟင် . . . ခုန စကိတ်စီးသွားတဲ့ ငနာနှစ်ကောင်ထဲက တစ်ကောင်က ကျောင်းသားအုပ်စုကြားမှာ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရင်း ဝင်တိုက်သွားတာ၊ သွား . . . မင်းလိုက်မေး
. . . မယုံရင် အဲဒီငနာကို လိုက်မေးလိုက် . . . ငါ့
တော့ အသားလွတ်မစော်ကားနဲ့ . . . မစွပ်စွဲနဲ့"

"အို . . . သူများကို လွှဲချမနေပါနဲ့ . . . နင်တွန်းလို
တာ ငါသိတယ် . . . ငါ့မှာ ရန်သူဆိုလို့ နင်ပဲရှိ
. . . ခုန စကိတ်စီးသွားတဲ့တစ်ယောက်က သူတို့
တာဆိုရင် . . . သူပြန်လှည့်လာပြီး တောင်းပန်မှာ
သူ မတိုက်လို့သာ . . . ပြန်လှည့်မလာတာ . . .

"မင်းက လူတိုင်းကို လူယဉ်ကျေးတွေချည်းပဲ ထင်မနေ
နဲ့ သဒ္ဒါရှုံ ကိုယ့်အပြစ်နဲ့ကိုယ် မတောင်းပန်ချင်
ကိုယ်လွှတ်ရှန်းသွားတဲ့ လူတွေအများကြီး"

"အေး . . . အဲဒါ နင့်လိုပေါ့ သင့်သွေးရဲ့"

"ငါ . . . နင့်ကို ပြန်တောင်းပန်လောက်အောင်
တစ်ခုမှ မလုပ်ခဲ့ဘူး သဒ္ဒါရှုံ နင်ရန်စလို့ ငါတုံ့ပြန်ခဲ့
တွေပဲ ရှိတယ်"

"မျက်နှာပြောင်နဲ့ ညာမနေစမ်းပါနဲ့ . . . ပန်းထဲ
ကပ်ထည့်ပြီး အရှက်ခွဲခဲ့တာ . . . အဲဒါနင့်ရဲ့ နေ
သက်သက်ပဲ၊ အခုလည်း ငါ့ကို အနာတရ ဖြစ်အော





အရှက်ကွဲအောင် ထပ်စော်ကားပြန်ပြီ၊ နင်သိပ်ရိုင်း
စိုင်းပါလား သင့်သွေး"

"ဟိတ် . . . shut up . . . shut up . . . မင်းပါးစပ်
ပိတ်ထားစမ်း သဒ္ဒါရှုံ၊ ငါဒီလောက် ရှင်းပြနေတာ မင်း
လက်မခံဘူးလားကွ၊ နှင်းဆီပန်းကိစ္စ ငါဝန်ခံတယ်
. . . အဲဒါ ငါ့ရဲ့ ရန်စမှုပဲ၊ အဲဒီအတွက် နင်ငါ့ပါးကို
ရိုက်လိုက်တာ ကျေရုံမကဘူး . . . ပိုတောင်နေသေး
တယ်၊ ငါ့ပါးကို ငါ့အမေတောင် မရိုက်ခဲ့ဖူးဘူး . . .
လူလယ်ကောင်မှာ ပါးရိုက်ခံရတဲ့ကိစ္စဟာ ယောကျ်ား
တစ်ယောက်အတွက် သိပ်ကိုရှက်စရာ ကောင်းတဲ့ကိစ္စ
ပါ သဒ္ဒါရှုံ မင်း တော်တော်သတ္တိကောင်းတယ်။ မင်းကို
ငါကရေမြွေပဲ ထင်နေတာ . . . မင်းကအဆိပ်တော့
ပြင်းသားပဲ"

သင့်သွေးသည် စပ်ဖျဉ်းနေသော သူ့ပါးပြင်နှစ်ဖက်ကို
ထိနှင့်ပွတ်လိုက်ရင်း သဒ္ဒါရှုံကို နာကြည်းစွာ စိုက်ကြည့်သည်။
ကြုံလည်တော့မယ့် အခြေအနေတစ်ခုကို မင်းမိုက်မိုက်မဲမဲ ဖြိုခွဲ
တာ . . . သိမ်မွေ့တဲ့ ကျားတစ်ကောင်ကို ဒဏ်ရာအနာတရ
ဖြစ်အောင် မင်းလုပ်ခဲ့တာ . . .။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို စွပ်စွဲနေတဲ့ကိစ္စကို ခုချက်ချင်း ရုပ်သိမ်းလိုက်စမ်း သဒ္ဒါရှံ၊ ငါ မင်းကို မတွန်းဘူး . . . အဲဒ့ါကို မင်းယုံရမယ်"

သင့်သွေးက ကျားတစ်ကောင်လို ဟိန်းဟောက်လိုက်သောအခါ သဒ္ဒါရှံသည် အံတင်းတင်းကြိတ်ကာ . . . အားတင်း[illegible]လိုက်သည်။ ရှံ့ သူ့ကို ဘာလို့ကြောက်ရမှာလဲ၊ အနီးတစ်ဝိုက်မှာ လူတွေအများကြီး၊ သို့သော် ရှံသည် ထိုလူတွေရဲ့အကြည့်များ[illegible] ရှက်ရွံ့ကာ ဒူးတဆတ်ဆတ်တုန်နေသည်။ ရှက်စိတ်နှင့် ဒေါသ[illegible] စိတ်ရောနှောကာ ရှံ့ရင်ထဲဆောက်တည်ရာမရ ဖြစ်နေသည်။

ချော်လဲထားသဖြင့် ဒူးခေါင်းတစ်ဝိုက်မှ စပ်ဖျဉ်းဖျဉ်းဖြစ်နေသဖြင့် ရှံမျက်ရည်ဝဲလာသည်။ ရှံသည် မေးစေ့မှ သွေးတချို့ကို လက်ခုံနှင့် ပွတ်ရင်း

"မယုံဘူးဟေ့ . . . ငါ့ကို တွန်းလိုက်တာ . . . နင်[illegible] . . . မိန်းမလို ပိန်းပရ အကောက်ကြံလိုက်တာ နင်[illegible] သေချာတယ်၊ အဲဒီအတွက် နင့်ပါးကို ငါ နောက်[illegible] လေး၊ ငါးချက်လောက် ထပ်ရိုက်ချင်သေးတယ်"

"အေး . . . ရိုက်လေ လာရိုက် . . . မင်းက [illegible] လေးငါးချက်လာရိုက်ရင် ဟောဟိုမှာ လူတွေအများကြီး





ပဲ တွေ့လား . . . အဲဒီလူတွေရှေ့မှာ ငါက မင်းကို အခါခြောက်ဆယ်လောက် ဖက်နမ်းပစ်လိုက်မယ်"

ကျားနာတစ်ကောက်လို ရိုင်းစိုင်းသွေးဆာလာသော သင့်သွေးသည် သူ့မျက်နှာကို လက်ညှိုးထိုးကာ ခပ်ဆတ်ဆတ်[illegible]န်အော်လိုက်သည်။ ထိုအခါ သဒ္ဒါရှံသည် ချက်ချင်းပင် မျက်[illegible]တွေထဲမှ မီးတောက်မီးလျှံများ လျှံထွက်မတတ် သင့်သွေးကို [illegible]ကြည့်ကာ ကြက်သေသေသွားသည်။ ထို့နောက် ရှေ့သို့ဆတ်[illegible]ကာ . . .

"ကဲ ဟယ်"

"ဗွမ်း"

သဒ္ဒါရှံရဲ့ မထင်မှတ်သော တိုက်တွက်တစ်ခုမှာ . . . [illegible]သွေးကို အားကုန်ဆောင့်တွန်းခြင်းဖြစ်ပြီး သင့်သွေးသည် [illegible]ာက်ခိုင်းထားသော ကန်ရေပြင်ထဲသို့ ဗွမ်းခနဲ ပစ်ကျသွား[illegible]သည်။

ရေထဲမှ သင့်သွေး၊ ဘွားခနဲပြန်ပေါ်လာသောအခါ [illegible]သည် ကန်ပေါင်ပေါ် ခပ်မတ်မတ်ရပ်လျက် ရေထဲမှ [illegible]သွေးကို အပေါ်စီးမှ ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ့ကို တွန်းပစ်တဲ့အတွက်၊ ငါ့ကို နှုတ်နဲ့စော်ကား ခဲ့တဲ့အတွက် . . . ငါရဲ့ တုံ့ပြန်မှုပဲ၊ ငါ့ကို သေလု သဘောထားပြီး ပန်းခြင်းပို့ပေးခဲ့တဲ့အတွက် နင် နော ထပ်တုံ့ပြန်မှု တစ်ခုရယူဖို့ အသင့်ပြင်ထားလိုက်"

ရှုက ပြောပြီး ချာခနဲလှည့်ထွက်လာသည်။ ကန်ပေ ပေါ်သို့ကုပ်တွယ်တက်သော သင့်သွေးကတော့ . . .

"ကျားတစ်ကောင်ရဲ့ ဝှက်ထားတဲ့လက်သည်းတွေ ထွက်အောင်လုပ်တဲ့အတွက်တော့ မင်းနောင်တ ပါစေနဲ့ . . . လို့ ငါဆုတောင်းပေးလိုက်တယ် သ ဟု လှမ်းအော်ပြောလိုက်လေသည်။







ထိုအဖြစ်အပျက်များဖြစ်ပွားပြီးနောက် သဒ္ဓါရှုသည် သင့်သွေးကို ရှေ့ကထက် အဆရာထောင် မုန်းတီးလာသည်။ သင့်သွေးကို ထိခိုက်နာကျင်အောင်လုပ်ရန် နည်းလမ်းများကို ာ ရှာဖွေကြံဆခဲ့သည်။ ရှု့ထံတွင် သည်းခံစိတ်များ ပျောက်ဆုံး ခဲ့သည်။ ဒီတစ်ခါ အာဃာတကတော့ ငယ်ငယ်က ရန်ငြိုးတွေ က် နက်ရှိုင်းပြင်းထန်ပါသည်။ အပျိုစင်တစ်ယောက်အတွက် တော့ နှုတ်ဖြင့် စော်ကားခံလိုက်ရခြင်းသည်လည်း နစ်နာမှုတစ်ခု သည်။

ရှုသည် တစိမ့်စိမ့်တွေးတိုင်း နာကြည်းနေသည်။ တ ယ်တော့ ရှုစိတ်တွေ ခက်ထန်သွေးဆာလာအောင် သွေး ောင်ခဲ့သူက သင့်သွေးကိုယ်တိုင်ပဲ ဖြစ်သည်။ ရှုသည် တွေး း်နှင့် ဒေါသဖြစ်လာရသောအခါ ထွက်ပေါက်တစ်ခုမ ခုကို ဖန်တီးမိဖြစ်သည်။ ခုတစ်ခါ . . . ရှုဖန်တီးသော ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှာ ကတ်ထူစာရွက်ပေါ်တွင် . . . 'သင့်သွေး'ဟု ဆော့ပင် အနီဖြင့် စာလုံးကြီးကြီး ရေးချလိုက်ပြီး ခွေးကလေးရော်ကီကို လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။

"ရော်ကီ . . . ရော်ကီ အို့ . . . အို့ . . . အို့"

"ဝုတ် . . . ဝုတ်"

"ဟောင်မနေနဲ့ . . . မြန်မြန်လာမှာသာ လာစမ်း ရော်ကီ"

ရုံက ရော်ကီကိုပင် မအော်စဖူးအော်လိုက်ပြီး ရော်ကီ လည်ပင်းတွင် ကတ်ထူပြားကို ချိတ်ဆွဲပေးလိုက်သည်။

"မှတ်ထားစမ်း ရော်ကီ၊ နင့်နာမည် ဒီနေ့ကစပြီး ရော်ကီ မဟုတ်တော့ဘူး . . . သင့်သွေး၊ မှတ်ထားနော် . . . နင့်နာမည် သင့်သွေး၊ နင့်ကို ဒီနေ့ကစပြီး နာမည် ပြောင်းတယ် ကြားလား"

"ဝုတ်"

"အေး . . . ဒီလိုမှပေါ့ . . . ခွေးသင့်သွေးရဲ့ သွား . . . ခေါ်မှလာ၊ ခွေးစုတ်"

"ကိန်"

ရုံသည် ခွေးသင့်သွေးရဲ့ ခေါင်းတိုဖျတ်ခနဲပိတ်ရိုက်ပြီး





နှင်ထုတ်ပစ်လိုက်သည်။ သည်တော့ . . . ခွေးသင့်သွေးက ခပ်ဝေးဝေးတွင် သွားထိုင်ပြီး ငြိမ်ကုပ်နေသည်။ ခဏကြာတော့ ရုံက အသားတုံးတစ်တုံးသွားယူလာကာ ရုံ့ရှေ့တွင် ချထားပြီး လက်ဖျစ်တီးကာ . . .

"သင့်သွေး . . . အို့ အို့ လာခဲ့စမ်း"

"ဝုတ် . . . ဝုတ်"

"ဟုတ်ပြီ . . . အိုကေ"

ခွေးကို အသားတုံးပြပြီး နှစ်ခါမလေ့ကျင့်ရပါ။ နာရီဝက်အတွင်းမှာ ရော်ကီသည် သူ့ရဲ့နာမည်သစ်ကို မှတ်မိသွားလေသည်။ ထိုအခါ ရုံစိတ်ကျေနပ်မှုရသွားပြီး ရော်ကီကို တစ်ဖက်ခြံစပ်သို့ မောင်းထုတ်ထားလိုက်သည်။

ညသို့ရောက်လျှင် . . . တယ်လီဖုန်းသံမြည်လာသည်။ မေရီက ရုံ့ထံသို့ တယ်လီဖုန်းဆက်ကာ . . .

"ရုံရေ . . . ရှင်ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"

"ချော်လဲပြီး ဒူးနာနေလို့ပါဟာ"

"ကျုပ်သတင်းရတယ် . . . ရှင်တို့ပြဿနာဖြစ်ကြတယ် ဆို . . . ကျုပ်ကို ရှင်းစမ်းပါဦး"

"ရှင်က ဘယ်က ဘယ်လိုသတင်းရတာလဲ မေရီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည်ဆိုင်မှာ ကျောင်းသားသုံးလေးယောက် ပြောနေကြတာ. . . ကြားရတာ၊ သေချာတော့မသိဘူး၊ ရှင်ချော်လဲတာ၊ သင့်သွေးပါးရိုက်ခံရတာ၊ ရေထဲပြုတ်ကျတာ၊ အဲဒီလောက်ပဲ အကြမ်းဖျင်းသိတာ"

လူပုံအလယ်တွင် ဖြစ်ခဲ့ရတာမို့ သတင်းပျံ့နှံ့မှုက လွယ်ကူလှသည်။ ရှုံသည် ဒေါသဖြစ်လာရကာ . . .

"အဲဒီကောင် တမင်သက်သက်ရန်စခဲ့တာပဲ မေရီ၊ သူတွန်းလိုက်လို့ ကျုပ်ချော်လဲတာ ခုထိဒူးနာတုန်း၊ မေးစေ့လည်းကွဲသွားတယ်။ ကျုပ်သိပ်ရှက်တာပဲ၊ ဒေါသလည်း ဖြစ်တယ်"

"ဒီကောင်တော်တော် အတင့်ရဲနေပါလား၊ ခက်တာပဲ"

"အဲဒါကျုပ် ဘယ်လိုတုံ့ပြန်ရင်ကောင်းမလဲ စဉ်းစားနေတာ"

"ဟဲ့ . . . ရှင်ပါးရိုက်ခံပြီးပြီ မဟုတ်လား . . . ရေထဲလည်း တွန်းချခဲ့သေးတာ"

"ဒါပေမဲ့ ကျုပ်မကျေနပ်သေးဘူး မေရီရယ် . . . ကျုပ်ဆီကို ပန်းခြင်းပို့ပေးတဲ့အတွက် တုံ့ပြန်ရဦးမယ်"

"ရှင်တို့ဥစ္စာက ဆုံးပဲမဆုံးနိုင်တော့ဘူး . . . သံသရာ





လည်နေပြီ၊ ဟိုကစလိုက် ရှင်တုံ့ပြန်လိုက်၊ ရှင်ကစလိုက် ဟိုက ကလဲ့စားချေလိုက် ရှုပ်နေတာပဲ"

"ဘယ်လိုလဲ မေရီ . . . ရှင် ဒီလိုပဲ ကျုပ်ကိုရွတ်ချနေတော့မှာလား။ အကြံကောင်း ဉာဏ်ကောင်းမပေးနိုင်တော့ဘူးလား၊ ဒီတစ်ခါတော့ နောက်ဆုံးဖြစ်နိုင်ပါတယ်. . . သူ ထပ်ပြီး ရန်မစလာရင်ပေါ့"

"ကဲ. . . ဒီလိုဆိုလည်း လွယ်ပါတယ်ရှင်. . . သင့်သွေးက သူ့ဆံပင်တွေကို သိပ်သ တာ. . . ဒီတစ်ခါ သူ့ဆံပင်တွေ စည်းထားတာတွေ့ရင် နောက်ကနေ ကတ်ကြေးနဲ့ တိခနဲသွားဖြတ်ချလိုက်ပေါ့"

"အိုကေ . . . ဂွတ်ဒီအိုင်ဒီယာပဲ၊ ကျေးဇူး မေရီ၊ ကျေးဇူး"

ဖုန်းခွက်ကိုချလိုက်ပြီး ရှုံအတွေးနှင့် ပျော်မြူးသွားခဲ့သည်။ ခဏာအကြာတွင် ရှုံက အခန်းထဲဝင်မည့်ဆဲဆဲတွင် ဦးဦးငယ်က ရှုံနံဘေးသို့ သူ့ဗိုးချဲလ်ကို လိမ့်တွန်းလာပြီး . . .

"မိရှုံ . . . ဦးဦးငယ်ကို ပေးထားတဲ့ကတိ မှတ်မိသေးရဲ့လား"

"ရှုံ မှတ်မိပါတယ် ဦးဦးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ဆို တစ်လပြည့်ပြီ မိရဲ့၊ ရုံအဖြေပေးမဲ့နေ့ပဲ"

"စိတ်ချပါ ဦးဦးငယ်"

တစ်ရစ်ပြီးတစ်ရစ် ခိုင်မာလာသော မုန်းတီးမှုတွေဟာ ဦးဦးငယ်အတွက် လှပသော အဖြေတစ်ခုကို ဖြေဆိုရန် . . . တွန်းအားပေးခဲ့တာဖြစ်သည်။ ခုရက်ပိုင်းကလေးအတွင်းမှာ ရုံက ထိုအဖြေကို စဉ်းစားခဲ့မိသည်။ ဟိုယခင်အချိန်တွေကတော့ မေ့မေ့လျော့လျော့ရှိခဲ့တာကို ရုံဝန်ခံရလိမ့်မည်။ ဘာပဲဖြစ်ဖြ မနက်ဖြန်ဆိုလျှင်တော့ ရုံအဖြေတစ်ခုခုကို အတည်ပြုရတော့ မည်။ ရုံနည်းနည်းတော့ ဝန်လေးပါရဲ့၊ သို့သော် သင့်သွေးကို များများမုန်းလာခြင်းက ရုံဝန်လေးသောအလုပ်ကို လုပ်မိစေရန် ပံ့ပိုးပေးခဲ့တာဖြစ်သည်။

ရုံသည် မေးစေ့မှ ပလာစတာလေးကို ဖွတ်သပ်လိုက် ပြီး ခြံထဲသို့ဆင်းလာခဲ့ကာ . . .

"သင့်သွေး . . . အို့ . . . အို့ . . . လာခဲ့ . . . ထမင်း စားဖို့လေ"

ရုံက လက်ဖျစ်တီး၍ ခေါ်လိုက်လျှင် ရော်ကိုတစ်ဖြစ် သင့်သွေးမှာ ရုံ့ထံသို့ အမြီးနန့်၍ ပြေးလာလေသည်။





"ခွေးစုတ် . . . ခွေးပဲ့ . . . ကဲကွာ"

"ကိန် . . . ကိန် . . . ကိန်"

သင့်သွေးသည် သူ့နာမည်ချိတ်ဆွဲထားသော ခွေးစုတ် တလေးကိုတွေ့သည်တွင် ထောင်းခနဲ ဒေါသထွက်လာကာ ရဲ့နံဘေးကို ခပ်ပြင်းပြင်း ပိတ်ကန်ပစ်လိုက်သည်။ သေ တွာ . . .။

ခွေးသည် . . . တကိန်ကိန် အော်မြည်ကာ ခြံစည်းရိုး တ်သို့ ပြေးထွက်သွားလျှင် . . .

"သင့်သွေး . . . အို့ အို့ လာခဲ့စမ်း"

ဟူသော ခေါ်သံက တစ်ဖက်အိမ်မှ ထွက်ပေါ်လာ ည်။ သူပိတ်ကန်လိုက်သော ခွေးမှာ ခေါ်သံကြားသည်နှင့် အိမ်အောက်ကာ အမြီးနန့်၍ ပြေးထွက်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း . . . ဘယ်လောက် စော်ကားထားလိုက်သလဲလို့"

"တောက်"

သင့်သွေးသည် တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ပြီး လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

သဒ္ဒါရုံသည် . . . သူ့ကို အမျိုးမျိုးစော်ကားတိုက်ခိုက်နေတော့တာပဲ။ အဲဒီအတွက် သူ့ဘက်က သူမ နောင်ကြဉ်သွားလောက်သည့်အထိတော့ . . . ဆုံးမရလိမ့်မည်။ အဲဒီလို ဆုံးမမှုဟာလည်း သူ့ဆုံးဖြတ်ချက်သက်သက်သာဖြစ်ရမည်။ ဒယ်ဒီ့အမိန့်ကို နာခံမှုမျိုး ဘယ်တော့မှ မဖြစ်စေရပါ။

သူ့ကို ပုတ်ခတ်စွပ်စွဲပြီး ပါးရိုက်ခဲ့တဲ့ လုပ်ရပ်ဟာ အိပ်နေသော ကျားတစ်ကောင်ကို ပုတ်နှိုးလိုက်ခြင်းဆိုတာ သူမသိပုံမရသေးပါ။ အဲဒီအတွက် ရလဒ်ကတော့ သူ့တွင်ရှိနှင့်နေသော ငြိမ်းချမ်းရေးတစ်ခုကို ပျက်သုဉ်းစေခဲ့ခြင်းပင် ဖြစ်သည်။ ဒီလောက်ထိ စော်ကားလာသည့် မိန်းမတစ်ယောက်ဟာ သင့်သွေးထံမှ ညင်သာနူးညံ့မှုတွေကို မခံယူထိုက် . . .။ သူမနှင့်တန်တာက သင့်သွေးရဲ့သွေးဆူရိုင်းစိုင်းမှုများသာ ဖြစ်သည်။

သို့သော် သူအချိန်နည်းနည်းတော့ စောင့်လိုက်ဦးမည်။





သူမထံမှ နောက်ထပ်စော်ကားရန်စမှုတွေ ရောက်မလာသေးသရွေ့ သူသည်းခံလိုက်ဦးမည်။

သင့်သွေးသည် တလှိုက်လှိုက်ဆူပွက်နေသော သူ့ရဲ့သွေးတွေကို အေးစက်သွားအောင် ကြိုးစားထိန်းချုပ်လိုက်ပြီး နောက်တွင်အိပ်ပျော်အောင် ကြိုးစား၍ တစ်ညတာကို ကုန်ဆုံးစေလိုက်ပါသည်။ သူ့အိပ်မက်ထဲမှာတော့ သဒ္ဒါရုံရဲ့မဟုတ်တရားစွပ်စွဲသံတွေဟာ ဇော်လည်းသံလို ဆူညံနေသည်။ သူ့တွင် အပြစ်မရှိဘဲ မိုးဘိုမိုက်မဲမဲ စော်ကားလိုက်သောအခါ သဒ္ဒါရုံကို သူက ကိုင်ပေါက်လွှင့်ပစ်လိုက်သည်။ အိပ်မက်ထဲမှာတော့ . . . သဒ္ဒါရုံဟာ ဖက်ရွက်ကလေးတစ်ရွက်လို ပေါ့ပါးနေပါသည်။

နောက်တစ်နေ့မနက် စောစောတွင် မိုးကြီးက သူ့ထံ ဖုန်းဆက်ပြီး . . .

"ဟေ့ကောင် . . . သင့်သွေး . . . မင်းဒီနေ့ကျောင်းတက်မှာလား"

"မင်း ဘာသဘောနဲ့ ဒီမေးခွန်းကို မေးတာလဲ၊ ငါက ဘာဖြစ်လို့ ကျောင်းမတက်ရမှာလဲ"

"မသိဘူးလေကွာ ဖျားများနေသလားလို့"

"ကိုယ် ဒီလောက်မနုဘူး သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါး ဘယ်လိုနေသေးလဲ"

"အရာမယွင်းပါဘူး၊ နေစမ်းပါဦး၊ မင်းဒီသတင်းတွေ ဘယ်ကရသလဲ"

"သဒ္ဒါရုံသူငယ်ချင်း စွာကျယ်မတို့ဆီကပေါ့၊ အဲဒီဟာမ တွေက မင်းနဲ့သဒ္ဒါရုံတစ်ခုခုဖြစ်ပြီဆို ငါ့ပဲလာရန်တွေ့ နေကြတာ၊ မင်းကလည်းမင်းပဲ၊ ဒီလောက်ဆိုးဆိုးရွား ရွား အရှက်တကွဲဖြစ်အောင် ရန်စဖို့မသင့်ဘူး"

"ဟေ့ကောင် မိုးကြီး၊ လူတစ်ယောက်စွပ်စွဲတယ်ဆိုတာ ကျိုးကြောင်းခိုင်လုံမှ စွပ်စွဲရတယ်ကွ၊ ကြားလား . . . သူများပြောတိုင်း ရှော့ပြီး ငါ့ကိုတရားလာမဟောနဲ့ အဲဒီ ကိစ္စမှာ ငါ့အပြစ်လုံးဝမပါဘူးဆိုတာ သဘောပေါက် ထားလိုက် . . ."

သင့်သွေးက ဖုန်းခွက်ကို ဒေါသတကြီးဆောင့်ချလိုက် သည်။ ဆတ်ခနဲခေါင်းခါမိသောအခါ ဆံပင်တွေမျက်နှာရှေ့မှာ ဝဲသွားသည်။ သူကဆံပင်ပျော့တွေကို ဘီးနှင့်တစ်ချက်နှစ်ချက် ဖြီးပြီး ဆွဲစုချည်လိုက်သည်။

ကျောင်းကိုရောက်လာသည်အထိ သူ့မျက်နှာထားက မှုန်ကုပ်ကုပ်ဖြစ်နေဆဲပင်။ သူမောင်းယူလာသော ကားကို ကား





ပ်သည့်နေရာတွင် ရပ်ပြီးသော်လည်း သူအောက်သို့ မဆင်းချင် သး။ ကားမှန်များကို လျှောခနဲချကာ တံခါးပေါင်ကိုမှီကာ အေး ိုက်အနေအထားဖြင့် ခြေဆင်းထိုင်နေလိုက်သည်။ သိပ်မကြာ ကျရောက်လာတော့မည့် ကံကြမ္မာဆိုးညှိုးညှိုးတစ်ခုကို ကြိုတင် သိခဲ့တာကြောင့်လည်း သူဒီလို အေးအေးဆေးဆေးရှိနေခဲ့တာ စ်သည်။

သူက အေးဆေးစွာပင် ကားကက်ဆက်ခလုတ်ကို မ်းနှိပ်ပြီး သီချင်းလိုက်ညည်းကာ သားရေရှူးဖိနပ်ဝတ်ထား သာ သူ့ရဲ့ခြေထောက်တွေကို တလှုပ်လှုပ်စီးချက်လိုက်နေ ည်။ သူ့ရဲ့ မျက်စိတွေကိုတော့ စေ့ပိတ်ထားခဲ့သည်။

အဲဒီအခိုက်မှာပဲ . . . သူ့အာရုံထဲသို့ စပရေးနံ့ မွှေးမွှေး င်းသင်းကလေးက ဖျော့တော့စွာ ဝင်ရောက်လာခဲ့ပြီး သူ့ဦး င်းနောက်ပိုင်းတွင် ပေါ့ပါးလပ်ဟာသွားသလို ခံစားလိုက်ရ ည်။ သူက ဖျတ်ခနဲ ခုန်ထလိုက်ချိန်တွင် စပို့ရှပ်ကော်လံကြားမှ င်ငုံးတိတိ ကလေးများမှာ ဖြာခနဲဝေ့ကျလာသည်။

သူက ဟာခနဲအော်ပြီး နောက်သို့လှည့်ကြည့်လိုက် ည်။ သူမျက်နှာချင်းဆိုင်မိသူမှာကား စတီးလ်ကတ်ကြေး သေး လေးကိုကိုင်၍ သူ့ထိမထင်ပြုံးကြည့်နေသော သဒ္ဒါရုံပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

"သဒ္ဒါရုံ . . . မင်း . . . မင်း ဒါဘာလုပ်"

သင့်သွေးမှာ စကားတစ်စုံတစ်ရာမဆိုနိုင်လော… အောင်ပင် မွှန်ထူဆွံ့အသွားသည်။ သဒ္ဒါရုံလက်ထဲမှ သူ့ဆံ… စုစုကလေးကို စိုက်ကြည့်ရင်း သူစိတ်တွေ အေးခဲထုံကျင်… သည်။ မင်းတော်တော်ရက်စက်တဲ့မိန်းမပဲ သဒ္ဒါရုံ။ ဒီတစ်ခါ… မင်း . . . ကံဆိုးတော့မယ်။

ဒယ်ဒီအကြိမ်ကြိမ်ညှပ်ပစ်ခိုင်းသော်လည်း သူငြင်… ၍ မညှပ်ခဲ့သော ဆံပင်တွေကို သူအင်မတန်ခုံမင်စွဲမက်ပါသ… သူဟာသူ တော်ရုံသင့်ရုံကလေးရှည်နေသည့် ဒီဆံပင်မှာ … အပြစ်မှ မရှိပါ။ သူ့ရဲ့ ဦးထိပ်ဆံစ အညွန့်အဦးကိုမှ တိခနဲ… ချပစ်ရဲသော မိန်းမတစ်ယောက်ကို ခွင့်လွှတ်စရာ ဘာ… ကြောင်းရှိမည်နည်း။

"နင့်ဆံပင်တွေ . . . သိပ်နှမြောနေလား၊ နင့်မိုက်… နင်ပဲကွယ်။ နင်က ငါ့ကို အရှက်ခွဲခဲ့တာကိုး. . . … တစ်ယောက်လို သဘောထားပြီး ပန်းခြင်းပို့ပေး… အတွက်ရောပေါ့ . . . ဒါ ငါ့ရဲ့တုံ့ပြန်မှု တစ်ခုပဲ… စွပ်စွဲလိုစိတ်တွေနဲ့ပဲ နပန်းလုံးချင်နေတဲ့မိန်းမ။ သူ…





စိတ်ထဲမှ အော်ဟစ်လိုက်ပါသည်။ ပန်းခြင်းပို့ပေးခဲ့တာဟာ ငြိမ်းချမ်းရေး တမန်တော် စေလွှတ်ခြင်းပဲဖြစ်တယ်ဆိုတာ ခုချိန်မှာပြောဖို့ မလိုအပ်တော့ပါ။ ပြောချင်စိတ်လည်း မရှိတော့။

သူ သဒ္ဒါရုံ့ကို စိုက်ကြည့်လိုက်သည်။ ပြီးတော့ ဖြည်းဖြည်းချင်း နူးညံ့စွာဖြင့် သူ့နှုတ်ခမ်းတွေ ပြုံးလာသည်။ ထို့နောက် သူ့ဆံပင်ငုံးတိုတိလေးကို လက်နှစ်ဖက်ဖြင့် သပ်တင်လိုက်ရင်း . . .

"ကျေးဇူးပဲ သဒ္ဒါရုံ ကိုယ်ဒီဆံပင်တွေကို ညှပ်ပစ်ချင်နေတာကြာပြီ. . . အခု မင်းညှပ်ပေးမှပဲ အဆင်ပြေတော့တယ်၊ ညှပ်ဖြစ်သွားတာပေါ့ . . . ခပ်တိုတိုညှပ်ပြီး ရှေ့ဘက်ကဆံပင်တွေကို အနီရောင်ဆိုးလိုက်ရင် ဘယ်နှယ့်လဲ၊ ကိုယ်နဲ့ကြည့်ကောင်းပါ့မလား . . . မင်း မြင်ယောင်ကြည့်လိုက်စမ်း"

"နင် ရူးနေသလား"

သဒ္ဒါရုံ သင့်သွေးကို တအံ့တသြစိုက်ကြည့်ရင်း ခပ်ကြောင်ကြောင်အော်လိုက်ကာ နောက်လှမ်းဆုတ်သွားသည်။ …တ်ချင်းကြီးပြောင်းလဲသွားသည့် သင့်သွေးရဲ့ ဆက်ဆံရေးကို …ကြည်နိုင်ပုံမရပါ။ ဒါပေမဲ့ မိန်းမတစ်ယောက်ကို အယုံသွင်း



www.burmeseclassic.com

www.burmeseclassic.com



ရတာဟာ သိပ်တော့မခက်ခဲလှပါဘူး။

"သဒ္ဒါရုံ အံ့ဩနေသလား၊ ကိုယ် ခုလိုပြေပြေလည်လည် ဆက်ဆံချင်တာ ကြာပါပြီကွ၊ မင်းက ကိုယ့်ကို မြင်တိုင်း ရန်လိုဖို့ပဲ စဉ်းစားနေတော့ ကိုယ့်စိတ်ကို ဘယ်ရိပ်မိ လဲ။ တကယ်တော့ သိပ်လှတဲ့မိန်းကလေး တစ်ယော နဲ့ ဘယ်လိုယောက်ျားမျိုးက ရန်သူဖြစ်ချင်ပါ့မလဲ။ ချင်စိတ်နဲ့သာ ဟန်ဆောင်ထားရတာ . . . ဒီက တော့ ကိုယ့်ရဲ့ ဟန်ဆောင်မှုမျက်နှာဖုံး ကွာကျသွား နေ့ပဲ၊ အဲဒါတစ်ခုကိုတော့ မင်းအသိအမှတ်ပြုပေ ကိုယ်တောင်းဆိုပါတယ် . . . မင်းသိပ်လှတယ်ရုံ ဒီ အလှဆုံးပဲ၊ ကိုယ့်ကိုခွင့်ပြုပါဦး။ မင်းနဲ့ကိုယ် ခုလို ခဏခဏနီးနီးကပ်ကပ် စကားပြောခွင့်ရချင်ပါ တယ်"

သင့်သွေးသည် အကျီမီးခိုးရောင်၊ အနက်ရောင် စကာ ရှည်ဖြင့် ဝံ့ဝံ့စားစားလှပနေသော သဒ္ဒါရုံကို တစ်ချက်စိုက်ကြ ကာ ကားကို အရှိန်ပြင်းပြင်းမောင်းထွက်လာခဲ့သည်။ နေ့အဖို့တော့ သူကျောင်းတက်ဖို့ စိတ်မပါတော့ နောက်ကြည့် ထဲတွင် မြင်နေရဆဲဖြစ်သော သဒ္ဒါရုံမှာ မျက်မှောင်တွန့်တွန့်





သူ့ကားကို လှမ်းကြည့်နေသည်။ သဒ္ဒါရုံ့ပုံရိပ်ကို စိုက်ကြည့်မိ သော သင့်သွေးရဲ့မျက်နှာပြင်ကတော့ ချက်ချင်းပင် အေးစက် ကျ်ထန်လာသည်။ မင်းကိုငါသိပ်မုန်းတယ် သဒ္ဒါရုံ . . .

ငါ့သဘောနဲ့ ငါမုန်းတယ်။ ပြီးတော့ ငါ့သဘောနဲ့ငါ သတ်မှာတော့မယ်။ ဒါဟာ ဒယ်ဒီရဲ့တိုက်တွန်းမှုကြောင့်တော့ ဟုတ်ဘူး သဒ္ဒါရုံ။ ငါ့စိတ်ကိုဘယ်လိုလူမျိုးတမှ ချုပ်ကိုင်လို့ ရဘူး။

သင့်သွေးသည် ဆံပင်ညှပ်ဆိုင်သို့ ကားကိုတန်းမောင်း ကာ အထစ်ထစ် ဖြစ်နေသော သူ့ဆံပင်တွေကို ခပ်တိုတို ညှပ်ပစ်လိုက်သည်။

ခပ်ရှည်ရှည်ချန်ထားသော ရှေ့ဆံပင်စတချို့ကိုတော့ အနီခပ်ပါးပါး ဆိုးလိုက်လေသည်။ ဒီဆံပင်တိုကို စိတ်တိုင်း ကျသော်လည်း သူသည်းခံရတော့မည်။ စိတ်တိုင်းကျမှ ဖြစ် တော့မည်။ သူက ရှေ့ဆံပင်တွေကို ခပ်ဆတ်ဆတ်ပင့်ခါရင်း ကြိတ်လျက် ဆံပင်ညှပ်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

နောက်တစ်နေ့မှစကာ သဒ္ဒါရုံ့သူငယ်ချင်းများနှင့် အ တဝင်ရှိလှသော မိုးကြီးကို စတင်၍ အယုံသွင်းလိုက်ခြင်း သဒ္ဒါရုံနားသို့ ပေါက်ကြားသွားအောင် သင့်သွေးက ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



ကြံဆောင်လေသည်။ မိုးကြီးကို အယုံသွင်းရတာ သိပ်တော
မခက်လှပါ။

မိုးကြီး သူ့အိမ်သို့ အလည်လာချိန်တွင် သင့်သွေး
သူ့ အခန်းတွင်းမှ ကိတ်ဝင်းစလက်ပုံဝေါရှိ(တ်)ကို အမှုမဲ့အမှတ်
စိုက်ကြည့်ရင်း လေပူတစ်ချက်မှုတ်ထုတ်ကာ . . .

"သိပ်လှတဲ့မိန်းကလေးတစ်ယောက်နဲ့ ရန်သူတွေ
နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ဘဝဟာ အင်မတော်
အဖြစ်ဆိုးတာပဲကွာ"

ဟု ညည်းညူလိုက်ပါသည်။ ထိုအခါ မိုးကြီးက
စပ်စပ်ရုပ်ဖြင့် သူ့ကိုကြည့်ကာ . . .

"သိပြီ၊ ဒီလောက်ဆိုသဘောပေါက်ပြီ။ မင်းသဒ္ဓါ
စစ်ပြေငြိမ်းချင်နေပြီ မဟုတ်လား"

"ဘယ်လိုယောကျ်ားမျိုးက မိန်းမလှလှကလေးနဲ့
ရန်ဖြစ်ချင်နေပါ့မလဲ"

"အမုန်းတွေ ပြေသွားပြီလား"

"ဆိုပါတော့"

"ဟဲ ဟဲ မင်း သဒ္ဓါရုံကို ကြိုက်နေပြီထင်တယ် . . .
ဒီလိုပဲကွ ဖယောင်းဆိုတာ မီးနဲ့ခဏခဏ တိုက်





လိုက်ရင် အရည်ပျော်လာတာပဲ၊ တို့ယောကျ်ားတွေ
ဟာ မိန်းမတွေကို ဘယ်လောက်မုန်းမုန်း နောက်ဆုံး
တော့ ဖယောင်းတုံးဟာ ဖယောင်းတုံးပါပဲကွာ"

သူက မိုးကြီးစကားကို နားထောင်ရင်း ပြုံးနေလိုက်
သည်။ ဒီစကားတွေဟာ မနက်ဖြန်ဆို သဒ္ဓါရုံရဲ့ သူငယ်ချင်းများ
ထဲသို့ ပေါက်ကြားသွားတော့မှာလည်း သူကြိုသိနေသည်။
ကြီးမှာ သင့်သွေးနှင့် သဒ္ဓါရုံကို ပြေပြေလည်လည် ဖြစ်စေချင်
ဖြစ်ပါသည်။

နောက်တစ်နည်း အယုံသွင်းခြင်းမှာလည်း ပိရိသေသပ်
ပြီးဆုံးခဲ့သည်။ ထိုအယုံသွင်းခြင်းမှာ စာရွက်တစ်ရွက်ပေါ်
"သဒ္ဓါရုံကို ချစ်တယ်" ဟူသော စာလုံးများ၊ စေ့သိပ်နေ
အောင်ရေးချကာ ထိုစာရွက်ကို သင့်သွေးစာအုပ်ကြားထဲမှ ထွက်
သယောင်ဖြင့် မိုးကြီးမြင်အောင် ဖန်တီးပေးလိုက်ခြင်းဖြစ်
သည်။

သင့်သွေး မျှော်လင့်သလိုပင် မိုးကြီးက ထိုစာရွက်ကို
ကောက်ယူဖတ်ပြီး ပြုံးစိစိလုပ်ကာ သူ့ရုပ်အကျႌအိတ်ထဲ ထည့်
လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစာရွက်ဟာလည်း မကြာမီမှာပင် . . . သဒ္ဒါရဲ့ သူငယ်ချင်းများလက်သို့ ရောက်သွားမှာ သေချာပါသည်။ ပြီး တော့ သဒ္ဒါရဲ့လက်ထဲသို့ . . .

ဒီအတောအတွင်းမှာတော့ သင့်သွေးသည် မျက်နှာပိုး သေသေဖြင့် သဒ္ဒါရဲ့နှင့် မျက်လုံးချင်းဆုံအောင် ကြိုးစားခဲ့သည် သဒ္ဒါရဲ့ရှေ့တွင် ခပ်မှိုင်မှိုင် ကြွေပြခဲ့သည်။ သူ့ရဲ့မျက်လုံးတွေက ရီဝေမှေးစင်းစေခဲ့တာဟာ တကယ်တော့ ဘာများခက်လို့လဲ

အိမ်သို့ပြန်ရောက်လျှင်တော့ မှန်ရှေ့တွင်ရပ်ကာ သူ့ ဆံပင်တွေကို ဆွဲဖွရင်း၊ သူ့ပါးပြင်နှစ်ဖက်ကို ပွတ်သပ်ရင်း . . . သူ့မျက်လုံးတွေ စူးရဲတောက်ပလာစမြဲ ဖြစ်သည်။ အစွပ်စွဲခံ ခြင်းကို သူသိပ်မုန်းပါသည်။

ဒယ်ဒီကတော့ သူ့ဆံပင်တွေကို ကြည့်ကာ . . .

"ဆေးနီတွေကို ကြည့်မရပေမဲ့ . . . ဆံမင်တိုသွားတာ ကတော့ မဆိုးပါဘူး။ မင်းတော်တယ် . . . ငါ့စကား နားထောင်ရကောင်းမှန်းသိလာပြီ"

ဟု ပြောခဲ့သည်။ သူကချက်ချင်းပင် နှုတ်တုံ့ပြန်ခဲ့ သည်။





"အကြောင်းတစ်စုံတစ်ခုရှိလို့ ကျွန်တော်ညှပ်ဖြစ်ခဲ့တာ ပါ ဒယ်ဒီ၊ ဒယ်ဒီညှပ်ခိုင်းလို့ ညှပ်ခဲ့တာ မဟုတ်ပါဘူး။ ဒယ်ဒီ သဘောနဲ့ ကျွန်တော့်လုပ်ရပ် တိုက်ဆိုင်သွားတာ ပါ။ တစ်ခြားကိစ္စတစ်ခုခုကို ကျွန်တော်လုပ်ဖြစ်ခဲ့ရင် လည်း အကြောင်းတစ်စုံတစ်ရာကြောင့်ပဲ ဖြစ်မှာပါ ဒယ်ဒီ . . .၊ ဒယ်ဒီ့တိုက်တွန်းမှု တစ်ခုတည်းကြောင့် တော့ မဖြစ်နိုင်ပါဘူး"

"ကောင်းပြီလေ . . . ငါ့သဘောနဲ့ မင်းလုပ်ရပ် တိုက် ဆိုင်သွားရင်တော့ ဝမ်းမြောက်စရာပဲပေါ့ကွာ"

ဒယ်ဒီက ခပ်ငေါ့ငေါ့ပြောပြီး သူ့ရှေ့မှ လှည့်ထွက်သွား လေသည်။





www.burmeseclassic.com

www.burmeseclassic.com



သင့်သွေးထံမှ နူးညံ့သော တုံ့ပြန်မှုကို လက်ခံရရှိက် သောနေ့နှင့် ဦးဦးငယ်ကို အဖြေပေးရသောနေ့တို့ တစ်နေ့တည်း ဖြစ်နေခဲ့ခြင်းက အံ့သြဖွယ် ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခု လည်း ဖြစ်ပါသည်။

ဦးဦးငယ် အလိုကျ ခေါင်းညိတ်လိုက်တော့မည်ဟု စဉ်းစားထားခဲ့သော်လည်း ပိန်းကလေးဘက်က စတင်အလျှော့ ပေးရမှာကို ဝန်လေးနေခဲ့သော ရှုံ့အတွက်တော့ သင့်သွေး၏ ပြောင်းလဲခြင်းက အံ့သြဝမ်းမြောက်ဖွယ်ပင် ဖြစ်သည်။ ရှုံ့အကြ အစည်အောင်ဖို့ သင့်သွေးရဲ့ စတင်ခြင်းတွေထဲမှာ အလိုက်သင့် မျှောသွားရုံပဲ။

ထိုနေ့က ရှုံ့သည် ဦးဦးငယ် ကျေနပ်လောက်သည့်အဖြေ ကတိပေးခဲ့ပါသည်။





"စိတ်ချပါ ဦးဦးငယ် . . . ရှုံ့ကတိပေးပါတယ်၊ သူ အသည်းကွဲပြီး ဘဝပျက်တဲ့အထိ ရှုံ့လုပ်ပါမယ်။ ရှုံ့သူ့ကို သိပ်မုန်းတယ် ဦးဦးငယ်"

"ကောင်းပြီ ရှုံ့ . . . ဦးဦးငယ်စကားကို လက်ခံတဲ့အ တွက် မိရှုံ့လေးကို သိပ်ကျေးဇူးတင်တယ် . . . ဒါပေ မဲ့ တစ်ခုတော့ သတိပေးလိုက်မယ် မိရှုံ့၊ အမုန်းကို တည်မြဲအောင် ထိန်းထား . . . စိတ်ခိုင်ပါစေ၊ ကိုယ့် အန္တရာယ်ကို အမြဲကြည့်ရှောင် . . . လိုတာထက်ပိုပြီး မလိုက်လျောမိစေနဲ့၊ အရေးကြီးတာက ကိုယ့်မြားဦး ကိုယ့်ဆီပြန်လည်မလာဖို့ဘဲ"

"ဟုတ်ကဲ့ပါ ဦးဦးငယ်"

ရှုံ့တို့ တူဝရီးဟာ ထိုစကားတွေကို မေမေအိမ်မှာ မရှိ သည့်အချိန်ကျမှ တိုးတိုးတိတ်တိတ်ပြောခဲ့ခြင်း ဖြစ်သည်။ မေမေ ရှုံ့တို့အကြံကိုသိလျှင် တားဖြစ်အောင်တားမှာ သေချာ သည်။

ရှုံ့ရဲ့ အကြံအစည်သည် ပွဲဦးထွက်မှာပဲ အခြေအနေ ကောင်းခဲ့သည်။ သင့်သွေးရဲ့ မျက်ဝန်းတွေသည် စကားများစွာ ပြောနေခဲ့ပါသည်။ ဒါဟာ ရှုံ့အကြံအစည်ကို ခပ်မြန်မြန် အထ



www.burmeseclassic.com

www.burmeseclassic.com



မြှောက်စေမယ့် လက္ခဏာပေပဲ။ နောက်သတင်းစကားတစ်ခုကို လည်း သင့်သွေးသူငယ်ချင်း မိုးကြီးမှတစ်ဆင့် လက်ခံရရှိခဲ့ပါ သည်။

"မိုးကြီး သေသေချာချာပြောသွားတာ ရုံရဲ့၊ သင့်သွေးက ရှင့်ကို ကြွေနေတာတဲ့"

"ဟုတ်ပါ့မလား မိဒီရဲ့ . . . ဒီလောက် ကျုပ်ကို ရန်ရှာ မုန်းတီးနေတဲ့သူက"

"ရှင်က ရန်စခဲ့တာတွေ များလာလို့သာ သင့်သွေးက တုံ့ပြန်ခဲ့တာ မဟုတ်လား။ ရှင့်လို အလှပဂေးကို ဘယ် လို ယောကျ်ားမျိုးက ကြာကြာမုန်းနိုင်ပါ့မလဲရှင်"

"မှုတ်တယ်ရုံရဲ့ . . . ရှင့်ကို သူကြိုက်နေတာတော့ ကြာပြီဖြစ်မယ်။ ဒါကြောင့် သူ တသသလုပ်နေတဲ့ ဆံ ပင်တွေကို ရှင်သွားညှပ်ပစ်လိုက်တာတောင် ဘာမှ ပြန် မလုပ်ဘဲ သည်းခံနေတာ"

ရုံ့အကြံအစည်ကို မသိသော သူငယ်ချင်းများကတော့ ရုံတို့နှစ်ယောက်ကို ကြားဝင်စေ့စပ်ပေးခဲ့ပါသည်။ ရုံကတော့ သူတို့ဘာပဲပြောပြော ခေါင်းတွင်တွင်ခါကာ . . .





"မဖြစ်နိုင်ပါဘူး . . . သင့်သွေးလား ကျုပ်ကိုကြိုက်မှာ . . . အလကား . . . မိုးကြီးအာချောင်သွားတိုင်း ရှင်တို့ ပဲ ယုံနေ"

ဟု တွင်တွင်ပြောခဲ့သည်။ တကယ်တော့ ရုံက ဟန် ဆောင်ခြင်းဖြင့် သေချာမှုယူနေခြင်း ဖြစ်သည်။

သိပ်မကြာခင် တစ်ရက်မှာတော့ မိုးကြီးကိုယ်တိုင် ရုံ့ ရှေ့မှောက်သို့ ရောက်လာခဲ့ကာ . . .

"မယုံချင်နေ . . . အဲဒါသက်သေပဲ၊ သူ့စာအုပ်ကြား ထဲက ထွက်ကျလို့ ငါတိတ်တိတ်ကလေး ကောက်ယူ ထားတာ"

မိုးကြီးလှမ်းပေးသော စာရွက်ကလေးကို နှောင်းတို့ ...သိုက် အလုအယက်ဆွဲယူသွားခဲ့သည်။ ရုံကတော့ စိတ်မဝင် စားသလို ပြုံးတေ့တေ့လုပ်နေသည်။ ချက်ချင်းပင် မေရီရဲ့ ဟေး ...နဲ့ အော်သံကြီးထွက်လာပြီး "သဒ္ဒါရုံ့ကို ချစ်တယ်" ဟူသော ရေရွတ်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။ သူတို့အား ...က စာရွက်ကို ကြည့်ပြီး ရေရွတ်နေကြခြင်းဖြစ်သည်။ ရုံက စိတ်ဝင်စားလာကာ သူတို့ကို မျက်လုံးပြူးကြည့်ရင်း စာရွက်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရွက်မှာ ဒိုင်ယာရီထဲမှ ဖြဲထားသော စာရွက်မျိုး ဖြစ်သည်။ စာရွက်ပေါ်တွင် "သဒ္ဒါရုံ့ကို ချစ်တယ်" ဟူသော စာလုံးများ အပြည့်အသိပ်ရှိနေသည်။ တချို့က စောင်းစောင်း၊ တချို့က ကွေ့ကွေ့ကောက်ကောက်၊ ဒေါင်လိုက်ရေးလိုက်၊ အလျားလိုက်ရေးလိုက်၊ ကြီးလိုက်၊ သေးလိုက်နှင့် ကပေါက်ကချာဖြစ်နေသည်။ ဒီစာလုံးတွေကို ကြည့်ပြီး သုံးသပ်ရလျှင်တော့ ဒါဟာ . . . စိတ်မှတည်မငြိမ်နှင့် ရေးချထားတာပဲ ဖြစ်ရမည်။

ရုံသည် ထိုစာရွက်ကိုကြည့်ကာ ကျေနပ်သွားသည်။ သူ့ထံမှ အရှုံးအမူး စွဲလမ်းခြင်းကို ရုံအလိုရှိပါသည်။

"ကဲလေ . . . ကဲ . . . ယုံပြီ မဟုတ်လား"

"ဟော့အေး . . . မယုံပါဘူး။ ဒီလိုစာမျိုးတော့ လူတိုင်းရေးတတ်တယ်။ စိတ်ထဲကမပါဘဲရေးလည်း ဖြစ်တာပဲနော်"

ရုံက ငွတ်ပင်ငြင်းလေသည်။ ရုံကသေချာသည်ထက် ပို၍ သေချာချင်သူ ဖြစ်သည်။ သင့်သွေးရဲ့ ပြောင်းလဲခြင်းဟာ လွယ်ကူမြန်ဆန်လှတာမို့ ရုံအပ်ချမပ်ချ မယုံရဲသေးပါ။

မိုးကြီးက သူငယ်ချင်းအတွက် ရှေ့နေလိုက်ပုံမှာ . . .





"ဒီကောင် မသိစိတ်ကနေ . . . သဒ္ဒါရုံ့ကို ကြိုက်ချင်နေတာဖြစ်မယ်ကွာ။ သဒ္ဒါရုံနဲ့ ကင်းကင်းကွာကွာနေလို့ကို မရတာ၊ အမြဲမျက်နှာချင်းဆိုင် ရန်ဖြစ်ရင်း နီးကပ်ပတ်သက်နေရတာ တစ်ယောက်ကိုတစ်ယောက် ဂရုတစိုက်ရှိနေတဲ့ အနေအထားမျိုးကို လိုချင်နေတာ"

"မဖြစ်နိုင်ပါဘူး . . . သူက ကျွန်မကို မုန်းနေတာပဲ မိုးကြီးရဲ့၊ အဲဒါကြောင့်ပဲ ကျွန်မကို ရက်ရက်စက်စက် တွန်းပစ်ရက်တာပေါ့"

"သူတွန်းတာ မဟုတ်ဘူး သဒ္ဒါရုံ၊ သူ့ငါ့ကို သေသေချာချာ ရှင်းပြတာ၊ စကိတ်စီးသွားတဲ့ကောင် တွန်းလိုက်တာ . . . သူမြင်လိုက်တာပဲ"

"မယုံပေါင်ရှင်"

ရုံသည် ခပ်ပေါ့ပေါ့ပြန်ပြောလိုက်သော်လည်း စိတ်ထဲမှာ မျက်တက်တက်ဖြစ်လာရပါသည်။ သင့်သွေးကို ရုံသိပ်နာတာ . . . နှလို မိန်းကလေးတစ်ယောက်ကို ရက်ရက်စက်စက် အရှက်ခွဲ . . . တာသည်။

မှောက်ရက်လဲကျရသော အဖြစ်ကိုရော . . . စင်မြင့် . . . တွင် လဲကျသွားရသည့်အဖြစ်ကိုရော ရုံဘယ်တော့မှ မေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်ပါ။ သင့်သွေးရဲ့ ငြင်းဆိုစကားကို ရှုံမယုံကြည်နိုင် ထို့အတွက်ရှုံက ဦးဦးငယ်အလိုကျ ခေါင်းညိတ်ခဲ့ခြင်းဖြစ်သည်

ရှုံ့ရဲ့ ရည်ရွယ်ချက်မှာ သင့်သွေးကို အသည်းခွဲဖို့တ တည်းသာတည်း။

မိုးကြီးမှာ ခေါင်းတကုတ်ကုတ်နှင့်ပင် ရှုံ့ကို လက်ယ သွားခဲ့သည်။ မိုးကြီး ရှုံတို့အုပ်စုနံဘေးက ခွာလုဆဲဆဲမှာမှ ရှုံ လှမ်းခေါ်ကာ . . .

"ဟိတ် ကိုမိုးကြီး ရှင့်သူငယ်ချင်းကို ပြောလိုက်စ . . . ဖိနပ်လှလှကလေးတစ်ရန်ဝယ်ပြီး ရှုံ့ကို သူကို တိုင်စီးပေးမှ ရှုံက ကျေအေးနိုင်မယ်လို့၊ သက် သောအနေနဲ့ မနက်ဖြန်မနက် နှင်းကွဲစအချိန်ကို ချယ်လိုက်မယ် . . . နေရာကတော့ အင်းလျား ပေါင်ပဲပေါ့ . . . ရှင့် သူငယ်ချင်းရှက်မှာစိုးလို့ လူရှင် အချိန်ကို ရွေးလိုက်တယ်မှတ်ပ"

ဟု . . . လှမ်းအော်ပြောပါသည်။ ထိုအခါ ရှုံ့သူငယ်ချင်းမ "ဝေး ဟေး ဟေး" ဟု အော်ကာ ဝိုင်းဝန်းလက်ခုပ်တီးပေး သည်။





ရှုံသည် သူ့ကိုကျောရရှုံ ပါးစပ်ထဲတွေ့ရာပြောလိုက် သော်လည်း သိပ်တော့မမျှော်လင့်လှပါ။ သင့်သွေးဟာ မိန်းက လေးတစ်ယောက်အတွက် ဒီလောက်အောက်ကျနောက်ကျ နိုင်သည့် အလုပ်မျိုးကိုလုပ်မည်မထင် . . . သို့သော် ရှုံ့ထင်မြင် ချက်ကို အကြီးအကျယ်မှားယွင်းစေသည့် ဖြစ်ရပ်တစ်ခုမှာ နောက်တစ်နေ့မနက် နှင်းကွဲစအချိန်မှာ ဖြစ်ပွားခဲ့တော့သည်။





www.burmeseclassic.com

www.burmeseclassic.com



လည်ဟိုက် ... ကိုယ်ကျပ်အင်္ကျီအနက်ကလေး
တွင် ... အင်္ကျီကော်လံကြီးကြီးပွပွကို ဖားဖားလျားလျား
ဝတ်ကာ ... လက်ခုံပေါ် ... အင်္ကျီလက်ဖျားတွေပုံကျ
... ဆံပင်တွေပွယောင်းနေသော မိန်းမငယ်ကလေးရဲ့ မျက်
မှာ ... အနည်းငယ် ညှိုးဖျော့သလိုရှိသည်ဟု မှန်ထဲသို့
ကြည့်ပြီး ... သဒ္ဒါရုံ မှတ်ချက်ချမိသောအခါ ... သူမ
သူမ ... ဒေါသများတောင် ထွက်မိပါရဲ့ ... ကိုယ်မှန်
ယောကျ်ားတစ်ယောက်ကို အနိုင်ရတော့မယ့် မိန်းမတစ်ယော
ရဲ့ မျက်နှာဟာ ဒီလိုတော့ မဖြစ်သင့်ပါဘူး ...။

သဒ္ဒါရုံက ... ကိုယ့်ကိုယ်ကို စိတ်တိုင်းမကျ
တွင် ...

“သဒ္ဒါရုံ ... နင် ... သင့်သွေးကိုမုန်းရမယ် ...
သင့်သွေးဟာ ... နင့်ရန်သူပဲ ... နင့်ကို ...
... အကြိမ်ကြိမ်အရှက်ရအောင် လုပ်ခဲ့ဖူးတာ ...
အဲဒါကို နင်ဘယ်တော့မှ မမေ့နဲ့ ... နင်ဘာလုပ်ရ
မယ်ဆိုတာ ... နင့်ခေါင်းထဲ အမြဲထည့်ထား ...
နင် စဉ်းစားကြည့်စမ်း ... အခုပဲ အောင်ပွဲက တဖြည်းဖြ
ဖြည်းနီးလာပြီ ... ဒီကောင် ... နင့်ကို တကယ်ပဲ
စွဲလမ်းနေခဲ့တာ ... အဲဒါလည်း သေချာတယ်
... သိပ်မကြာခင်ကာလ တစ်ခုမှာ ... နင်ရော နင့်
ဦးဦးငယ်ပါ ... ပျော်ရွှင်မှုတွေကို လက်သင့်ခံရတော့
မယ် ...”

သဒ္ဒါရုံသည် ... သူမကိုယ်သူမ ... ဘယ်နှကြိမ်
မြောက်မှန်းမသိ ... သတိပေးလိုက်ပါသည်။ အဲ့ဒီ
နောက်တော့ ... အခန်းနံရံကို နွမ်းဖျော့စွာ မှီရပ်
လျှက် ... လက်ပိုက် ခေါင်းငုံ့ ငြိမ်သက်နေလေသည်
...။





www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ . . . မင်းလုပ်နိုင်ပါ့မလား"

မိုးကြီးရဲ့ မေးခွန်းက သင့်သွေးဒေါသကို တိုးသည်ထ တိုးလာအောင် ဆွသည်နှင့်တူပါသည်။ ကျောခိုင်း၍ရပ်နေသော သင့်သွေးရဲ့ ခက်ထန်မာကျောသော မျက်နှာကိုတော့ မိုးကြီး မမြင်နိုင်ပါ။

အင်မတန်အကြောကြီးတဲ့ မိန်းမ။ သင့်သွေးရဲ့ မာ ချိုးရှုံသက်သက် ဒီကိစ္စကိုစေခိုင်းခဲ့ခြင်းဆိုတာ သေချာ သည်။ သို့သော် အဲဒါဟာလည်း သင့်သွေးအတွက် အ ကောင်းတစ်ရပ်ပဲ ဖြစ်သည်။ မိန်းမအတော်များများဟာ သူ စိတ်ကျေနပ်ညွတ်နူးသွားအောင်ရိုကျိုး ဒူးထောက်ပြ အနိုင်ရနိုင်သည်ဆိုတာ သင့်သွေးသိပြီးဖြစ်သည်။ သူမ အချစ်ကို ရပြီးလျှင် ပွဲသိမ်းပြီ။ အဲဒီအခါ သူမတို့က တ ပြန်လည်ဒူးထောက်ရိုကျိုးရတော့မည်ဖြစ်သည်။ သင့်သွေး





ယောက်ျားများကတော့ နည်းနည်းအရှုံးပေးလိုက်ရုံနှင့် များများ အနိုင်ရမည့်သူများပင်တည်း။ အံကြိတ်ထားသော မျက်နှာထား ကိုပြင်ကာ မိုးကြီးဘက်သို့ လှည့်လိုက်သည်။ ထိုအခါ သူ့မျက်နှာ မှာ ခပ်ရွှင်ရွှင်ဖြစ်သွားပါသည်။

"ငါ ဘာလို့မလုပ်နိုင်ရမှာလဲ . . . ကိုယ်ချစ်တဲ့ မိန်းမ တစ်ယောက်အတွက် ယောက်ျားတွေဟာ ဘာမဆို လုပ်ရဲနေတာပဲ"

သူက ပထမဆုံး . . . မိုးကြီးကို အရင်အယုံသွင်းလိုက် သည်။

"အိုကေ . . . ကြိုက်သွားပြီ၊ အဲဒီလိုလုပ်စမ်းပါကွာ၊ မင်းတို့နှစ်ယောက်ပြေလည်မှ ငါနဲ့နှောင်းလည်း ပြေလည်ကြမှာ . . . နှောင်းက သဒ္ဓါရဲ့ဘက်က ရပ် တည်ပြီး မင်းကိုရော ငါ့ကိုပါ မျက်မှန်းကျိုးနေတာ"

မိုးကြီးကတော့ သူတို့နည်းနည်းလေးမှ သံသယမရှိပေ၊ သူကလည်း သူ့ရဲ့အကြံအစည်ကို တစ်ဦးတစ်ယောက်မျှ မရိပ်မိ အောင် ပိရိသေသပ်စွာ ဖုံးအုပ်ထားမည့်သူ ဖြစ်သည်။

"ငါ ဖိနှပ်သွားဝယ်လိုက်ဦးမယ်"

"အိုကေ . . . အိုကေ . . . လှလှလေးဝယ်နော် . . .



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် မင်းကိုယ်တိုင်စီးပေးမှာ သေချာတယ်နော်"

"သေချာပါတယ်"

သူက မိုးကြီးကို လှမ်းအော်ပြောခဲ့ပြီး တက်ကြွသော ခြေလှမ်းများဖြင့် ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ သို့သော် ခြေတစ်လှမ်း လှမ်းတိုင်းလှမ်းတိုင်း သူ့ဒေါသတစ်ရစ်တိုးခဲ့၏။ မချစ်မနှစ်သက်သော သူစိမ်းမိန်းမတစ်ယောက်ကို ကိုယ်တိုင်ဖိနပ်စီးပေးရမယ့်ကိစ္စဟာ ယောကျ်ားတစ်ယောက်ရဲ့ မာနကိုကျိုးပျက်စေပါသည်။

သို့သော် . . . သူ လိုချင်သောအနိုင်ရမှု တစ်ခုအတွက် ဒီလောက်တော့ ရှုံးနိမ့်ရလိမ့်မည်။







သင့်သွေးနှင့် သဒ္ဒါရုံသည် . . . နှင်းကွဲစ မနက်ခင်းတစ်ခုမှ အစပြုကာ လမ်းကြောင်းတစ်ခုပေါ်သို့ အတူတကွ ခြေချမိကြလေသည်။

သူတို့ရဲ့မျက်နှာပေါ်မှာတော့ . . . ဟန်ဆောင်မှုမျက်နှာဖုံးကိုယ်စီ စွပ်ထားခဲ့သည့် တူညီသောအကြံအစည်ဖြင့် သူတို့လျှောက်ခဲ့သောလမ်းမှာ အင်မတန်မာယာများ၍ လှို့ဝှက်ဆန်းကြယ်သော ဝက်ပါလမ်း ဖြစ်နေခဲ့တာကို သူတို့မသိခဲ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးလွှာလွှာကလေးဝေ့ဝဲနေဆဲဖြစ်သော နှင်းမှုန်များကြားမှ တိုးထွက်လာသော လူရိပ်တွေကို စောင့်ကြည့်ရင်း . . . သဒ္ဒါရုံ ရင်ခုန်နေခဲ့သည်။ ဒီနေ့မနက် ရှေ့ဆက်ရမည့်လမ်း တင်ခုအတွက် . . . အဖြေပေးမည့်နေ့ဖြစ်သည်။ သင့်သွေးဘက်ရုံ့အလိုကျလိုက်လျောတောင်းပန်ခဲ့လျှင် ရုံ့ရဲ့အောင်မြင်မှုအတွက် ကိုးဆယ့်ကိုးရာခိုင်နှုန်းလောက်သေချာသွားပြီဖြစ်သည်။ ယောကျ်ားတစ်ယောက်ဟာ တော်ရုံအချစ်မျိုးနှင့်တော့ လောက်ခယ္ယဝပ်တွားရမည့် အလုပ်မျိုးကို ဘယ်တော့မှ မလုပ် ရုံ ယုံကြည်ပါသည်။

သဒ္ဒါရုံသည် ကုတ်အင်္ကျီကို ဆွဲစေ့ကာ လက်ပိုက်လ ခုံတန်းတစ်ခုကို မှီရပ်နေသည်။ မလှမ်းမကမ်းပန်းအိုးကြီးတွေ နောက်နားမှာတော့ မိဒီတို့၊ နွှောင်းတို့တစ်တွေ ပုန်းအော စောင့်နေကြလေသည်။ သူတို့တစ်တွေကတော့ ရုံနှင့် သင့်သွေး





ပြေလည်စေချင်သူများဖြစ်သည်။ ရုံ့အကြံကိုတော့ သူတို့ စွန်းတစ်စပင် သိခွင့်မရခဲ့ပါ။

နံနက်ခင်းလေညင်းသည် ပြေပြေကလေးတိုက်ခတ်နေသည်။ ရုံ့ဝတ်ထားသော အညိုကွက်ကျဲစကတ်ရှည်ရှည်ရဲ့ ားနောက်နားစတွေဟာ တဖျပ်ဖျပ်လူးလွန့်နေသည်။ ရုံသည် ငွေ့ဖြူဖြူတွေကို ဟူးခနဲမှုတ်ထုတ်လိုက်ရင်း ကန်ပေါင် ကေ်စွန်းဆီလှမ်းကြည့်လျှက် . . .

"ဟိတ် သူငယ်မတွေ . . . ရှင်တို့လူလာမှာမဟုတ်ပါဘူး . . . ရှင်တို့လူက မာနခပ်ကြီးကြီးရယ်"

ဟု ပန်းအိုးအကွယ်မှာ မိဒီတို့ကြားအောင် လှမ်းအော်က်သည်။

"ဟိတ် လာကိုလာမှာ . . . သေချာတယ် . . . မိုးကြီးဆီကသတင်းရပြီးသား . . . ရှင်စိတ်ကို ရှည်ရှည်ထားစမ်း"

မေရီ့ကအသံကျယ်ကြီးထွက်လာကာ အသံကျယ်ကြီး ရုံ့ကို လှမ်းဟောက်လေသည်။

"ညောင်းတယ်ကွ . . . ကျုပ် အရမ်းညောင်းနေပြီ၊ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညောင်းရင်ထိုင်နေပါလား သရဲမရဲ့"

"ထိုင်နေရင်ပိုတောင် ညောင်းသေး"

"ရှင့်ဘာသာရှင် ရှုံးပြချင်လို့ ရပ်နေပြီးတော့များ"

"လုံးဝပဲ၊ ကျုပ်က ရှင်တို့လူကိုစိတ်မဝင်စား"

"ဟိတ် . . . ရွှတ် . . . ရွှတ်"

သူတို့အုပ်စုဘက်မှ တရွှတ်ရွှတ်အသံများထွက်လာပြီး စကားစ တိခနဲပြတ်သွားသည်။ ရှုံက တစ်ဖက်ကန့်ပေါင်စွန်းသို့ ယောင်နနလေးလှမ်းကြည့်မိလျှင် တရွှေ့ရွှေ့လှမ်းလာနေသော ပုံရိပ်တစ်ခုကို တွေ့ရလေသည်။

ထိုပုံရိပ်မှာ . . . သင့်သွေးပဲဆိုတာ . . . သေချာလျှင် ရှုံသည် ပါးစပ်ကလေးအဟောင်းသားပွင့်သွားသည်။ ရှုံ အငြိုးထားမုန်းတီးခဲ့တဲ့ သည်ယောကျ်ားသားဟာ ရှုံ့ထံမှာ ဝပ်တွားတော့မယ်ဆိုတာ တစ်ဆိတ်တော့ ပုံပြင်ဆန်လွန်းသည်

သင့်သွေးရဲ့ ဆံပင်ညိုပျော့ပျော့များမှာ ဖြောက်သေ အဝေ့တွင် သူ့မျက်နှာပေါ်ဝဲကျလာသည်။ ရှေ့ဆံပင်ရှည်ရှည် ရွှေညိုရောင်လိုလို အနီရောင်လိုလိုအရောင်ဟာ သူနဲ့ တော်ပဲ ကြည့်ကောင်းသည်ဆိုတာ ရှုံရိုးသားစွာပြောရဲသည် ကော်လာအပြားကြီးကြီးနှင့် ကုတ်အကျႌရှည်ထံ လက်နှိုက်





ခပ်မှန်မှန်လှမ်းလာနေပုံက နိုင်ငံခြားရုပ်ရှင်မင်းသားတစ်ယောက်နှင့် တူသလိုရှိသည်။ သူလည်ပင်းမှာ တလွင့်လွင့်လှုပ်ခတ်နေတာကတော့ . . . ခရမ်းရောင် ပိုးပပါစကလေး ဖြစ်သည် . . .။

"မိရှုံ ရှင် ရှေ့ကို တစ်လှမ်းနှစ်လှမ်းထွက်ပြီး ကြိုလိုက်စမ်း . . . ဒီလောက်အလျှော့ပေးတဲ့သူကို အဲဒီလောက်ကလေးတော့ တုံ့ပြန်သင့်တယ်"

နှောင်းက ခပ်အုပ်အုပ်လှမ်းပြောလိုက်သောအခါ ရှုံသည် ယောင်နနနှင့် ရှေ့သို့တစ်လှမ်းနှစ်လှမ်းလျှောက်ထွက်သွားမိသည်။ ထိုအခိုက်မှာပဲ သင့်သွေးသည် ရှုံနှင့် တရွှေ့ရွှေ့ နီးကပ်လာသည်။

သင့်သွေးသည် သဒ္ဒါရှုံရဲ့ အံ့သြတကြီး မျက်ဝန်းများကို တွေ့သည်တွင် စိတ်ထဲ၌ကျိတ်၍ပြုံးနေပြီးဖြစ်သည်။ ဘာအတွေ့အကြုံမှရှိပုံမရသော သူမအတွက်တော့ . . . သင့်သွေး ရဲ့ လုပ်ရပ်ဟာ အံ့သြဘနန်းဖြစ်စရာပင်၊ ယောကျ်ားတို့ရဲ့ ရည်ရွယ်ချက်ကို သူမ ကျေညက်ပုံမရပါ။

သဒ္ဒါရှုံသည် ယောင်နနဖြစ်သွားပြီး ခဏမှာပဲ . . . သတိဝင်လာကာ စိတ်ထဲကျိတ်၍ ရယ်သွမ်းသွေးလိုက်သည်။ ယောကျ်ားတစ်ယောက်ဟာ ဘယ်လောက်ပဲ စိတ်ဓာတ်မာကျော



www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်နေပါစေ . . . နောက်ဆုံးတော့ မိန်းမတစ်ယောက် ယောက်ရဲ့ရှေ့မှာ ဒူးထောက်ရမှာပဲ မဟုတ်လား။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦးအဓိပ္ပာယ်ပြည့်လွှမ်းသော မျက်ဝန်းများဖြင့် ကြည့်မိကြသည်။ ထိုခဏမှာ သဒ္ဒါရုံ့ရှေ့မှောက်သို့ရောက်လာပြီဖြစ်သော သင့်သွေးသည် သူ့ကုတ်အင်္ကျီရှည်ကြီး၏ အိတ်နှစ်ဖက်ထဲသို့ လက်နှစ်ဖက်လျှိုသွင်းလိုက်သည်။ လက်ပြန်အထုတ်တွင် အင်မတန်လှပသော ဖန်အကြည်ဒေါက်ဖိနပ်ချွန်ချွန်ကလေး နှစ်ဘက်ပါလာသည်။

"တစ်ဆိတ်လောက် မင်းဖိနပ်ကလေး ချွတ်လိုက်ပါ"

ဟု သင့်သွေးက ခပ်တိုးတိုးပြောလျှင် ရုံသည် ခြေဖမိုးအပြည့်ကြိုးများ သိုင်းထားသောဖိနပ်အထူကြီးကို ချွတ်ပစ်လိုက်သည်။

သင့်သွေးရဲ့ လှုပ်ရှားမှုတွေကိုကြည့်ရင်း . . . ရုံ့စိတ်ထဲတွင် အိပ်မက်မက်သလို ဖြစ်နေသည်။ အရင်လူနဲ့အခုလူဟာ တခြားစီလိုပဲ . . .

သင့်သွေးသည် ရုံချွတ်လိုက်သော ဖိနပ်တစ်စုံကို ခါးကိုင်း၍ ကောက်ယူလိုက်ပြီး ရေထဲသို့လွှင့်ပစ်လိုက်သည်။ ပြီးမှ ရုံ့ရှေ့တွင် ဒူးထောက်ထိုင်ချလျက် . . . ဒေါက်ဖိနပ်ကလေး





ရုံ့ခြေထောက်နားတွင် ချလိုက်သည်။ အကြောစိမ်းတချို့ ရေးရေးပေါ်နေသော ရုံ့ခြေထောက်ပြည့်ပြည့်ကလေးပေါ် သက်တစ်ဖက်အုပ်ကိုင်လိုက်ချိန်တွင် ရုံ့ရင်ထဲ လှပ်ခနဲခါသွား ည်။ အိပ်မက်ပင် မမက်ဖူးသောအဖြစ်တစ်ခုကို ကြုံလိုက်ရ ာ ရုံ့နှလုံးသားကို တဆတ်ဆတ်တုန်ရီလာစေခဲ့သည်။

သို့သော် ဒါဟာဝမ်းသာစိတ်ကြောင့် ဖြစ်မှာပဲ . . . ို အနိုင်ရတော့မှာဖြစ်၍ ရုံဝမ်းသာခြင်းပဲဖြစ်သည်။ သူ့ထံမှ အမူးတွယ်ငြိမှုကို ရုံတကယ်ပဲ လက်ခံရရှိခဲ့ပြီဖြစ်သည်။

ရုံက ခြေထောက်တွေကို အလိုက်သင့်ကွေပေးခဲ့ပြီး သူ ်းပေးတာကို ငြိမ်သက်စွာခံယူခဲ့သည်။ ပြီးတော့ ရုံ့မျက်နှာ တဖြည်းဖြည်းပြုံးလာသည်။

သင့်သွေးမှာ အနိုင်ရလိုမှုတစ်ခုအတွက် ရင်းနှီးလိုက်ရ သူမာနများကို နှမြောသလို ဖြစ်မိသော်လည်း သဒ္ဒါရုံရဲ့ ျက်နှာကိုကြည့်ပြီး ကျေနပ်သွားခဲ့သည်။ အဲဒီကျေနပ်မှုဟာ ားလိုမှု သက်သက်ပဲ ဖြစ်သည်။

သင့်သွေးသည် ရင်ဘတ်နားတွင် လက်ဖဝါးနှစ်ဖက် ထိကပ်ကာ ခေါင်းငုံ့ဒူးညွှတ်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးအတွက် ကိုယ်တောင်းပန်ပါတယ် ...
ကျေနပ်ပါတော့သဒ္ဒါရုံ ..."

သင့်သွေးရဲ့ အဲဒီအမူအရာက ရုံ့ကို တုန်လှုပ်စေပြန်[illegible] သည်။ ရုံ့ ရင်ထဲတွင် လျှပ်စီးလက်သလို ခတ်လိုက်ခံရသ[illegible] ... မီးမြှိက်ခံရသလို တလှပ်လှပ်ဖြစ်လိုက် ... တဆတ်ဆ[illegible] တုန်ယင်လိုက် နွေးလိုက် အေးလိုက်ဖြစ်နေသည်။ ရုံသ[illegible] ပြင်းထန်စွာစိတ်လှုပ်ရှားနေခဲ့သည်။ အဲဒါဟာ ဘာကြောင့်လဲ[illegible] တာ ရုံ သရုပ်ခွဲမကြည့်ခဲ့မိပါ။

"ကျွန်မ ခွင့်လွှတ်ပါတယ်"

ဟု ရုံကတိုးတိုးပြောသောအခါ သင့်သွေးရဲ့ ဦးခေါ[illegible] ပြန်မော့လာပြီး ...

"ကျေးဇူးတင်ပါတယ် သဒ္ဒါရုံ"

ဟုပြောကာ ရုံ့ကို ပြုံးပြလာသည်။ ထိုအချိန်တွင် ရုံ့သူငယ်ချ[illegible] များမှာ လက်ခုပ်တဖြောင်းဖြောင်းတီးကာ ရုံတို့နှစ်ယောက်အ[illegible] တွင် ဝိုင်းလာကြသည်။ တံတားဖြူလှေကားထစ်များ[illegible] ရပ်တန့်ကာ စောင့်ကြည့်နေသော မိုးကြီးမှာလည်း တဟေး [illegible] အော်ကာ ရုံတို့အုပ်စုထံ ခုန်ပေါက်ပြေးထွက်လာသည်။





"ဟော့ကောင် သဒ္ဒါရုံ့ဖိနပ်ကြီး နှမြောပါတယ်ကွာ ... [illegible]ဖြစ်လို့လွှင့်ပစ်လိုက်ရတာလဲ ... ငါ့ပေး ပြီးရော"

"မင်းက ဘာလုပ်မလို့လဲ"

"နှောင်းကို လက်ဆောင်ပေးမလို့"

"ဟဲ့ ... အစုတ်ပလုတ်ကောင် ... နင်ပဲဒီး"

[illegible]သံများမှာ ဆောင်းနှင်းမှုန်များနှင့်အတူ လွင့်ဝဲနေသည်။ ရုံ[illegible]သည် သူတို့နှင့်အတူရော ပျော်ရတော့မလို၊ ကြောင်စီစီဖြစ်နေ[illegible]သည်။

မည်သို့ပင်ဖြစ်စေ ... သင့်သွေးနှင့် သဒ္ဒါရုံတို့ရဲ့ ... [illegible]ဆောင်ပွဲကြီးကတော့ ပီရိသေသပ်စွာ ပြီးမြောက်ခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများရဲ့ ကူညီပံ့ပိုးမှုများကြောင့်ပင် . . . သင့်သွေးနှင့် သဒ္ဒါရှုတို့ရဲ့ ရင်းနှီးမှုမှာသည်မျှ မြန်ဆန်ခဲ့ ဖြစ်သည်။ နှစ်ဦးစလုံးသည် အကြွကိုယ်စီဖြင့် ဟိုသွား ဒီ တတွဲတွဲဖြစ်လာခဲ့ကြသည်။ သူငယ်ချင်းများမှာ သိသိသာသာ ရှောင်ဖယ်ပေးကြပြီး ရှုတို့နှစ်ဦးကို မကြာခဏစနောက်နေ သည်။

သိပ်မကြာခင်ကာလတစ်ခုမှာ သင့်သွေးသည် သဒ္ဒါ ချစ်ရေးဆိုခဲ့လေသည်။ သူချစ်ရေးဆိုပုံမှာ သမားရိုးကျ မဟုတ်ခဲ့ပါ။ သူ့ဒယ်ဒီ ခရီးထွက်လျှင် ဆောင်သွားတတ် ဗီဒီယိုကင်မရာအသေးလေးကို ဒေါက်ပေါ်တင်ကာ ချိန် သူက ကင်မရာရှေ့တွင်ရပ်ကာ ကင်မရာကို တည့်တည့် ကြည့်ပြီး . . .





"မင်းကို အမြဲသတိရနေတာ . . . မင်းအကြောင်းတွေး နေတဲ့အချိန်တွေမှာ . . . ရင်ထဲတလှိုက်လှိုက်နဲ့ လွမ်း ဆွတ်လာတတ်တာ၊ မင်းရဲ့အမုန်းတွေ . . . မင်းပေးတဲ့ ဒဏ်ရာတွေကို ကျေကျေနပ်နပ်လက်ခံယူချင်ခဲ့တာ . . . မင်းနဲ့ပတ်သက်မိတိုင်း ကိုယ် လက်ခံယူနေရတဲ့ ခါးသီးမှုတွေကို ချိုမြိန်ခြင်းအဖြစ် ပြောင်းလဲပစ်နိုင်ခဲ့ တာ၊ ကိုယ် . . . အင်မတန်တန်ဖိုးထားတဲ့ ကိုယ့်ရဲ့မာန တွေကို မင်းရဲ့ခြေဖဝါးအောက်မှာ တစ်စစီကြွေမွသွား တဲ့အထိ ကြည်ကြည်ဖြူဖြူနင်းခြေခံနိုင်ခဲ့တာ၊ အဲဒါတွေ အားလုံးပေါင်းရင် ဘာဖြစ်လာနိုင်မလဲ သဒ္ဒါရှု . . . မင်းနည်းနည်းလောက် တွေးကြည့်ပြီး ကိုယ့်ကိုပြောစမ်း ကွာ . . . တစ်ခုတော့ရှိတယ်၊ မညာကြေးလေ . . . မင်း အမုန်းအတိုင်းတော့ ဖြေပေါ့ ဟုတ်ပြီလား"

အဲဒီစကားလုံးတွေကို သူကခံစားမှုအပြည့်ဖြင့် ရေရွတ် နိုင်ခဲ့တာဖြစ်သည်။ ပြီးတော့သူ့မျက်လုံးတွေဟာ ရီဝေညို့ဝင် နေသေးသည်။ သူ့ရဲ့အဲဒီလိုအကြည့်မျိုးတွေကို မိန်းကလေး အတော်များများ ကြွေတတ်ကြတာကိုတော့ သူယုံကြည်စိတ်ချ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားလုံးတွေဟာ သူ့ကိုယ်သူပိုင်နိုင်ပြီးသား၊ အထင်ကြီးပြီးသား ခပ်ကြောကြောစကားလုံးမျိုးတွေ ဖြစ်နေတာကိုတော့ . . . သူဝန်ခံချင်သည်။ တကယ်တော့ . . . ဒီစကားတွေကို သူအစီအစဉ်တကျပြောနိုင်ဖို့ ခဲယဉ်းသားပင်။ သူက အဲဒီလောက်ကဗျာဆန်ဆန် ဖွဲ့နွဲ့တတ်သည့် ယောကျ်ားမျိုးလည်း မဟုတ်ပါ။ သင့်သွေးသည် ထိုစကားလုံးများကို စာရွက်ပေါ်တွင် စီကာစဉ်ကာချရေးပြီးမှ အလွတ်ကျက်မှတ်၍ ရေရွတ် ပြခြင်း ဖြစ်သည်။ ပြီးတော့ အဲဒီစကားလုံးတွေကို အချစ်ဝတ္ထုတချို့နှင့် ဗီဒီယိုကားတချို့မှ မှီငြမ်းပြုခဲ့ရပါသေးသည်။

ထိုစကားလုံးများတွင် သူ့ခံစားချက် တစ်မှုန်တစ်စပင် မပါခဲ့သည်မှာ သေချာခြင်းတစ်ခုဖြစ်သည်။

သူကစိတ်ကြိုက် သရုပ်ဆောင်ပြီးသောအခါ . . . အခွေကူး၍ကြည့်၏ . . .

“အိုကေ”

သူကသူ့ရုပ်ကိုသူ စိတ်တိုင်းကျစွာ မြူးပျသွားသည်။

ဒီပုံအတိုင်းဆို . . . ရုပ်ရှင်မင်းသားလုပ်ရတာ ဘာများခက်လိမ့်မလဲ၊ သူတောင်အလွယ်တကူ လုပ်ပြနိုင်သေး။

သင့်သွေးသည် . . . အခွေကိုပန်းစက္ကူများဖြင့် ရစ်ပတ်





၍ လှလှပပထုပ်ပိုးပြီး သဒ္ဒါရုံရဲ့ မွေးနေ့တွင်လက်ဆောင်ပေးခဲ့တာ ဖြစ်သည်။

“ရုံကလေး . . . ဒါမင်းအတွက် ကိုယ့်ရဲ့လက်ဆောင်ပဲ . . . မင်းသိပ်သဘောကျမှာ . . . ကိုယ်ပြောရဲတယ်သိလား . . . အဲဒီအခွေကလေးက မင်းအတွက် ပျော်ရွှင်မှုတွေကို သယ်ဆောင်ပေးလိမ့်မယ် . . . စိတ်လှုပ်ရှားမှုတွေကိုလည်း ပေးလိမ့်ဦးမယ် . . . အိမ်ရောက်ရောက်ချင်းဖွင့်ကြည့်နော် ကြားလား . . . ဩော် . . . ဒါပေမဲ့ မင်းတစ်ယောက်တည်းပဲ ကြည့်ရမှာနော်”

“အို . . . ဘယ်ဖြစ်မှာလဲ၊ အိမ်မှာတီဗွီက ဧည့်ခန်းထဲမှာထားထားတာ၊ ပြီးတော့ရုံ့အခွေကြည့်ပြီဆို အိမ်ကလူတွေအားလုံး တီဗွီရှေ့ရောက်လာရော . . . အထူးသဖြင့် ရုံ့ ဦးဦးငယ်ပေါ့ . . . သူက အားအားရှိ တီဗွီရှေ့ပဲရောက်နေတာ . . . လူက မှုန်တည်ကြီးပေမယ့် တီဗွီတော့အကြိုက်သားရှင်”

“ဟာ . . . ပြဿနာပဲကွာ . . . ပြဿနာပဲ၊ အဲဒါမှ တကယ့်ပြဿနာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ . . . အဲဒါက ဘာဖြစ်တာတုံး၊ ရုံ့ ဦးဦး
ငယ်ဘာသာ တီဗွီကြိုက်တာနဲ့ ပြဿနာဖြစ်ရော
လား"

"သူ့ဘာသာတီဗွီကြည့်ရုံမကလို့ . . . မျက်နှာနဲ့ပဲ အ
ကော်နဲ့ကပ်နေနေ . . . အကြောင်းမဟုတ်ဘူးကွ၊ အ
ကိုယ်ပေးတဲ့အခွေကို သူမကြည့်မိဖို့ပဲ အရေးကြီးတာ"

"ဘာခွေမို့လို့လဲ . . . သင့်သွေးရဲ့ ရှင်နော် ဆင်ဆာ
ကားတွေလား . . . ဟုတ်လား ရှင် မယုတ်ပတ်နဲ့နော်"

"ကျွတ် . . . ပေါက်ကရတွေ . . . လျှောက်မတွေးစမ်း
ပါနဲ့ကွာ၊ ကိုယ်က အဲဒီလို အောက်တန်းကျမယ့်အ
လား၊ နည်းနည်းပါးပါးလည်း ဦးနှောက်သုံးစမ်းပါ"

"မသိဘူးလေရှင် . . . ရှင်က ဒီလောက်စိုးရိမ်နေတော့
ကျုပ်လည်း လျှောက်တွေးကြည့်တာပေါ့"

"ဟုတ်ပြီ အဲဒီလိုဆို . . . တွေးလက်စနဲ့ ဆက်တွေး
လိုက်စမ်းပါကွာ"

"ဘာကို တွေးရမှာလဲ"

"တခြားသူတွေရှေ့မှာ မင်းကိုကောင်လေးတစ်ယော
က ရည်းစားစကားပြောရင်ကွာ . . . အဲဒါဆို မင်း







ဘယ်လိုနေမလဲ တွေးကြည့်လေ"

"အာ . . . ရှက်တာပေါ့ . . . ကျွန်မရှက်တာပေါ့ . . .
ရုံ ရှက်တာပေါ့ရှင် . . ."

ရုံသည် အလန့်တကြား ရေရွတ်ရင်း မျက်နှာကို လက်
ချောင်းကလေးများဖြင့် ခပ်ကျဲကျဲအုပ်လိုက်သည်။ တစ်ဆက်
တည်း ရုံဝန်ခံလိုက်ပါဦးမည်။ အဲဒါဟာ ရုံရဲ့မာယာတစ်ခုပဲရှင်
. . ။ ချစ်စဖွယ်ဖြစ်နေမှာတော့ သေချာပါသည်။ ရုံကလည်း
ပင်ပင် အိုက်တင်ထုတ်ပြလိုက်ခြင်းသာတည်း။

ငေးခနဲဖြစ်သွားသော သင့်သွေးရဲ့မျက်ဝန်းတွေကို
တော့ ရုံကလက်ချောင်းကလေးများကြားမှ မြင်လိုက်ရသည်။
သိပ်ပျော်သွားသည်။ ဦးဦးငယ်ရေ . . . ဦးဦးငယ်ပြောသလို
သာ . . . ရုံတော့မာယာတွေ ထုတ်သုံးနေပြီ သိလား။

"သဒ္ဒါရုံရယ် . . . မင်း အဲဒီလိုသိပ်ရှက်တတ်နေမှတော့
ကိုယ်ပေးတဲ့အခွေကို တစ်ယောက်တည်းမကြည့်လို့
ဖြစ်ပါတော့ မလားကွာ ဟင်"

သင့်သွေးသည် ပျော်ရွှင်မြူးပျနေပုံရသော သူမကို
ငေးငေးစိုက်ကြည့်ကာ လေသံကလေးနှင့် နည်းနည်းညို
ညို့လိုက်သည်။ မိန်းမတွေကို အဲဒီလို ဆွဲဆောင်ညို့ငင်ရသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို သူတော်တော်ပဲ မုန်းတီးလာပါသည်။

သို့သော် . . . သည်တစ်ကြိမ်တော့ဖြင့် . . . ယောကျ်ား တိုင်း တတ်မြောက်ထားသော အတတ်ပညာတစ်ခုကို သူအသုံး ချရမည် . . . အဲဒါဟာ သူ့ရဲ့မာနတွေအတွက်လေ . . .

"ရှင်ကလည်း . . . ပဟေဠိ လုပ်နေလိုက်တာ . . . ရှင် အဲဒီလိုတွေပြောနေတော့ . . . ရုံသိချင်တာပေါ့ . . . သင့်သွေး ရဲ့"

"သိချင်ရင် အိမ်ရောက်ရောက်ချင်း ဖွင့်ကြည့်ပေါ့ . . . တစ်ယောက်တည်းနော် . . . တစ်ယောက်တည်း ပဲကြည့် . . . မပြောမရှိနဲ့"

သူ့မရိုးသားမှုကို ရိပ်မိနေပုံရသော သဒ္ဒါရုံဟာ အနည်း ငယ်ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ သူ့ရဲ့ မျက်ဝန်းအကြည့်တွေ ထဲမှာ နွေးထွေးနူးညံ့မှုတွေ အပြည့်ထည့်ထားတာ ဒါကို သူမ လည်း သိမည်ပင်။

ခဏချင်းမှာပင် . . . သူမတိတ်ဆိတ်သွားသည် ပြီးတော့, ခေါင်းငုံ့ငြိမ်သက်နေသည်။ အဲဒါဟာ ရင်ခုန်ခြင်း၏ အရိပ်လက္ခဏာပဲ ဖြစ်သည်။





သင့်သွေးမှာ သဒ္ဒါရုံကို စိုက်ကြည့်ရင်း . . . သူ အောင် ခြင်မှုအတွက် ကျေနပ်သွားသည်။ မင်းများများရင်ခုန်လေ . . . အနိုင်ရဖို့ ရာခိုင်နှုန်းများလေပဲ သဒ္ဒါရုံ . . .

"အဲဒီအခွေကို ကြည့်ပြီး မင်းကိုယ့်ကို မုန်းမသွားဖို့တော့ ကိုယ်ကြိုတင်တောင်းပန်ထားမယ်။ သဒ္ဒါရုံ . . . မင်း အမုန်းကို ကိုယ်ခံနိုင်ရည်မရှိဘူးဆိုတာ . . . မင်းလည်း သိမှာပါ"

လဲ သေလိုက်ပေါ့ရှင် . . . ရုံကစိတ်ထဲကျိတ်ကာ နှန်ဆဲလိုက်သည်။ ဒီလောက်ပြောနေတာကိုတောင် မရိပ်မိရ လောက်အောင် ရုံက ငတုံးငအမဟုတ်ပါ။ သူ့မျက်ဝန်းတွေ ကြည့်ရုံနှင့်တောင် ရုံက သူ့စိတ်ကို သိနေပြီ၊ ရုံ ပျော်လိုက်ပါဘိ တော့ ရှင်၊ ရှင် ရုံ့ကို ကြွေနေတာ . . . အသိသာကြီး၊ သေချာ သည် ရုံအနိုင်ရတော့မှာ၊ ဦးဦးငယ်ကို ဝမ်းသာစေရတော့မှာ . .

သဒ္ဒါရုံလည်း ရှက်ကိုးရှက်ကန်းကလေးဖြင့် ခေါင်းငုံ့ ငြိမ်သက်နေလိုက်သည်။ တစ်ခါတစ်ရံမှာ မိန်းမတစ်ယောက်ရဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းက ယောကျ်ားတစ်ယောက်ကို အလွယ် ဖြားယောင်းနိုင်သည် ထင်ပါရဲ့ . . . ဘယ်တုန်းကမှ မယ်ယာ အသုံးချရကောင်းမှန်း မသိတဲ့ သဒ္ဒါရုံဟာ ခုတော့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို ကိုယ့်ဘက်ယိမ်းအောင် ဘယ်လို ပြုမူရမည်ဆိုတာ . . . သိနားလည်နေခဲ့ပြီ၊ ဒီတစ်ပွဲမှာတော့ သူခံစတမ်းပေါ့ရှင်။

"ရှဲ သွားတော့မယ်နော်"

နောက်ဆုံးမှာတော့ . . . သဒ္ဒါရှုံသည် လေသံတိုးတိုး ကလေးဖြင့် သင့်သွေးကို နှုတ်ဆက်ကာ ထွက်ခွာသွားခဲ့သည် မင်းစိတ်တွေလှုပ်ရှားနေမှာ သေချာပါတယ် သဒ္ဒါရဲ့နှယ် . .

"ဟော့ . . . ရှုံကလေး . . . မနက်ဖြန်ကျ ဖုန်းဆက် တုံ့ပြန်မှုတစ်ခုခုကို ကိုယ်အရမ်းမျှော်လင့်နေမှာနော်"

သူက သူမနောက်မှ မြူးပျပျလေသံဖြင့် လှမ်းအော် လိုက်သေးသည်။ သဒ္ဒါရှုံက နောက်သို့လှည့်မကြည့်ဘဲ၊ ခေါင်း ကလေးခပ်ဖြည်းဖြည်း ညိတ်ပြခဲ့သည်။ သဒ္ဒါရှုံ့ မျက်နှာပေါ် မှာတော့ မဲ့ပြုံးကလေး ခပ်ရေးရေးရှိနေသည်။

ထို့နည်းတူ . . . သင့်သွေးရဲ့ မျက်နှာပြင်ပေါ်မှာ အေး စက်သော အပြုံးတစ်ခုထင်ကျန်ခဲ့သည်။ သူတို့နှစ်ဦးရဲ့ စိတ်ထဲ အမှန်ကိုတော့ ဘုရားမှ သိနိုင်မှာပဲ။







"ရော့ ဦးဦးငယ် အဲဒါရှုံရဲ့ ပထမဦးဆုံး အောင်မြင်မှု တစ်ခုဖြစ်မှာ သေချာတယ် . . . ရှုံလောင်းရဲတယ် သိလား"

ရှုံက လှပသေသပ်စွာ ချည်နှောင်ထားသော ဗွီဒီယို အခွေလေးကို ဦးဦးငယ်ထံ လှမ်းပေးရင်း ထိုစကားတွေကို ရဲရဲတင်းတင်း ပြောခဲ့ခြင်းဖြစ်သည်။

ရှုံ့စကားကိုကြားတော့ ဦးဦးငယ်ရဲ့ ခပ်မှိန်မှိန်မျက်ဝန်း တွေဟာ တဖျပ်ဖျပ်တောက်ပလာသည်ဟု ထင်ရသည်။ စက္ကူ ပတ်ကို ခွာနေသည့် ဦးဦးငယ်ရဲ့လက်တွေဟာ စိတ်လှုပ်ရှားမှု ကြောင့် ထင်ပါရဲ့၊ မသိမသာ တုန်ယင်နေပါသည်။

"မြန်မြန်ဖွင့်စမ်း ရှုံ၊ သွား ခွေသွားထည့်လိုက် . . . ပေး ပေး အဲဒီ ရီမုတ်(တ်) ဦးငယ်ဘက်လှမ်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးငယ်ဖို့လည်း လောလိုက်တာ . . . ဖြည်းဖြည်း ပေါ့ . . . ခုကျမှ ဖွင့်ယူလေ"

ဦးဦးငယ်ရဲ့ စိတ်စောမှုကို သိနေသော ရှုံက ပြုံးစိစိနှင့် ကိုယ်စာ အစီခွက်ကို စားတီးလှီးရှင်ကလေးပေါ် လှမ်းတင်ပြ ပြုလိုက်သည်။

"ခွေးမလေးနော် . . . ဦးငယ် ညအထိမစောင့်နိုင်ဘူး ကွ၊ သိပ်သိချင်နေပြီ . . . ဒီလိုအခြေအနေတစ်ခုကို ဦးငယ် စောင့်နေခဲ့ရတာ"

"ရှုံ့ကို မုန့်ဖိုးပေးမှ ရှုံ ခုချက်ချင်းဖွင့်မှာ"

"ပေးတယ်ကွာ ရော့ . . . အဲဒီမှာ အကုန်ယူလိုက် ကျေနပ်တယ်နော် သွား အခွေထည့်လိုက်တော့"

"ဟိုက် ရှားပါး . . . ငါးထောင်ကြီးများတောင်တော့ . . . ဟင် ဒါပေမဲ့ အဲဒီပိုက်ဆံက ရှုံဈေးတစ်ခါဝယ် တောင် မရှိဘဲနဲ့များ"

ရှုံသည် ဦးဦးငယ် စားပွဲပေါ်ပစ်တင်ပေးလိုက်သော ပိုက်ဆံတစ်ထပ်ကို ရေတွက်ရင်း ထပ်၍ ငွေညှစ်လိုက်ပြန်သော အခါ ဦးဦးငယ်ခမျာ သူ့စိတ်ကို ဘယ်လိုမှဆွဲဆန့်ထားနိုင်ပုံ မရ တော့ဘဲ . . .





"မိရှုံ ငွေစကားသိပ်မပြောနဲ့ကွ၊ ဒီအချိန်မှာ ငွေဟာ အရေးမပါဘူး ဦးဦးငယ်ရဲ့ လိုအင်ဆန္ဒတစ်ခုတည်းပဲ အရေးပါတယ်။ အဲဒီအတွက် ဘဝနဲ့ပဲ လဲရလဲရ . . . လဲနိုင်တယ် . . . ဦးငယ်ဆန္ဒတွေပြည့်ဝဖို့ ဘယ်လောက် စောင့်ခဲ့ရသလဲ . . . မိရှုံလည်း အသိပဲ မဟုတ်လား . . . ညည်း ဘာလိုချင်သလဲ၊ ဦးငယ် အကုန်ပေးမယ် . . . လိုသလောက်ရစေရမယ် . . . ဟုတ်လား ကဲ ဖွင့်တော့ ရှုံ၊ ဦးငယ်ရဲ့ ဒုက္ခိတဘဝကို အခွင့်ကောင်းယူ ပြီး ဦးငယ်အလွယ်တကူ ထမလုပ်နိုင်တဲ့အလုပ်တစ်ခု ကို အကျပ်ကိုင်အချိန်မဆွဲပါနဲ့၊ ဦးငယ် တောင်းပန်ပါ တယ် မိရှုံ၊ ခုချိန်မှာ ညည်းက အခွေကိုယူပြီး ထွက်ပြေး လည်း ကျုပ်လိုက်မလုနိုင်ဘူး"

"အို . . . အို . . . ဦးငယ်၊ အဲလိုတော့ မပြောပါနဲ့၊ ရှုံက အကျပ်ကိုင်နေတာမဟုတ်ပါဘူး . . . ဦးငယ်ကို စနေတာပါ၊ ရှုံဖွင့်ပြမယ်နော် ခုပဲ ဖွင့်လိုက်မယ်နော်"

ရှုံသည် ပျာပျာသလဲဖြစ်သွားကာ အခွေကို အောက် . . . ထဲသို့ ခပ်မြန်မြန်ထည့်လိုက်သည်။ ရှုံထည့်ပြီးသည်နှင့် . . . ငယ်က ရီမု(တ်)ကို နှိပ်၍ဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ တီဗွီဖန်သားပြင်ပေါ်တွင် ထင်လာသော ပုံရိပ်တစ်ခုကို စိုက်ကြည့်ရင်း ဦးငယ်ကော ရုံပါ ငြိမ်သက်သွားခဲ့ကြပါသည်။ ရီဝေညို့ငင်သော သင့်သွေးရဲ့မျက်ဝန်းတွေကို စိုက်ကြည့်ရင်း တိုးဖွဖွအသံကို နားထောင်ရင်း ရုံ့ခန္ဓာကိုယ်ထဲရှိ သွေးတွေတဖြည်းဖြည်း ပူနွေးလာရသောအခါ ရုံသည် ထိတ်လန့်တကြားဖြစ်ကာ တီဗွီဖန်သားပြင်မှ ကပျာကယာ မျက်နှာ လွှဲလိုက်လေသည်။ ဦးဦးငယ်ကတော့ သင့်သွေးရဲ့ပုံရိပ်ကို ကျေကျေနပ်နပ်စိုက်ကြည့်ရင်း နှုတ်ခမ်းဖျားကလေး လှုပ်လှုပ်ပြုံးနေခဲ့သည်။ ပြီးတော့ . . . ခေါင်းကိုထောင် မသိမသာညိတ်နေလိုက်သေး။ သေချာပါတယ် ဦးဦးငယ်သိပ်ကို ကျေနပ်နေမှာ . . . ။

ရုံကတော့ ဘဝင်မကျစွာပင် နှုတ်ခမ်းတွေတင်းတင်းစေ့နေသည်။ သင့်သွေးရဲ့စကားတွေဟာ ကွေ့ကွေ့ဝိုက်ဝိုက်နှင့် ရုံ့ကိုချစ်တယ်ပြောမလိုနှင့် ဝေ့လည်လည်လုပ်ကာ ရုံကချစ်တယ်လို့ပြောအောင် အစ်အောက်ထားသည့် စကားတွေ . . . အကျင့်ပုပ်ကောင် . . . လူလည်ကျလိုက်တာ . . .

"ကွန်ဂရက်ကျူလေးရှင်း . . . ရုံကလေး၊ ညည်း သိပ်တော်တယ်။ အချိန်တိုတိုကလေးအတွင်း ဒီကောင်





လေးရဲ့ ပျော်ဝင်မှုကို ရအောင်ယူနိုင်တာ ညည်းသိပ်တော်လို့ပဲ . . ."

"ဦးငယ်ပြောတဲ့မာယာတွေကို ရုံထုတ်သုံးလိုက်တာကိုး . . . ဦးငယ်ရဲ့၊ ဒါပေမဲ့ ရုံတော့ ဘယ်ပြီးဘဝင်မကျလှပါဘူး. . . ဒင်းက သိပ်ပြီးလူလည်ကျတာ . . . စကားတွေက ခပ်ကြောကြောနဲ့ . . . တင်လည်း တင်စီးပါ့"

"ဟ . . . သိပ်မတုံးနဲ့လေ . . . မိရုံကလေးရဲ့ . . . ညည်းကချွဲချွဲပျစ်ပျစ်ပြောပြီး ကဗျာဆန်ဆန်နဲ့နေမှ ကြွေတာလို့ထင်နေတာလား . . . ဟင်၊ မှားသွားမယ်၊ မိရုံ . . . အဲဒါမျိုး က ယောက်ျားမပီမသ ပျော့ညံ့နုံ့နဲ့တဲ့ လူတွေပဲပြောမယ်. . . ခုလိုပြောတာကမှ မိုက်တာကွ၊ မျက်လုံးတွေ လေသံတွေကကွာ . . . ညည်းကို ကြွေနေတာအသိသာကြီးပဲ၊ ညည်း တော်တော်ညံ့သေးတာပဲ၊ ဒီလိုသာဆို ဦးငယ်တူမ လုပ်မနေနဲ့တော့၊ ညံ့လို့ပယ်တယ်"

"ဦးငယ်နော် ရုံ့ကို အဲဒီလောက် အထင်မသေးပါနဲ့၊ ရုံ သိပ်မကြိုးစားရဘဲ သူ့ဘက်က ဒီလောက်ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



. . . အဲဒါ ရှုံတော်လို့ပေါ့"

ရှုံတို့ တူဝရီးနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် စကားနိုင်လုကြရင်း နောက်ဆုံးမှာတော့ . . . ရှုံး အနိုင်ရခဲ့ပါသည်။ ဦးငယ်ရဲ့မျက်နှာသည် ကျေနပ်စွာ ပြုံးရွှင်နေသည်။ အဲဒါကို ရှုံအကျေနပ်ဆုံးပဲ၊ ဦးငယ်ရဲ့ မျက်နှာထားတင်းတင်းကို အမြဲပျော့ပျောင်းနူးညံ့သွားအောင် သင့်သွေးကို ရှုံအမြဲ အနိုင်ရနေမှပါပဲ။

"ကဲ ပြောတော့ဦးငယ် . . . ရှုံဘာဆက်လုပ်ရမလဲ ဆိုတာ"

"ဟား ညှို့လှချည်လား ရှုံကလေးရဲ့ . . . ဦးငယ်ပြော စရာလိုသေးလို့လား"

"လိုတာပေါ့ . . ရှုံက ဦးငယ်ညွှန်ကြားတဲ့အတိုင်း လုပ်ရမှာ"

"ကောင်းပြီ ဒီလိုဆို ဦးငယ်ပြောမယ် . . . မနက်ဖြန်ကျ လို့ သင့်သွေးနဲ့တွေ့ရင် . . . ရှုံက ရှက်ချင်ယောင် ဆောင်ပြီး စကားနည်းပြလိုက် မကြာပါဘူး . . . ဒီ ကောင် ရှုံကို ရည်းစား စကားထပ်ပြောလာလိမ့်မယ်





. . . အဲဒါဆို တစ်လလောက် စဉ်းစားအချိန်ယူပြီး ရှုံအဖြေပေးလိုက်တော့ပေါ့"

"အား . . . ရှုံ မပြောချင်ပါဘူး . . . ရှုံ ရှက်တာပေါ့ ဦးငယ်ရဲ့၊ ပြီးတော့ တကယ်လည်း မချစ်ဘဲနဲ့"

"လွယ်ပါတယ်၊ သူ့ရှေ့မှာ မပြောချင်ရင် သူ့လိုပဲတီဗွီဖန်သားပြင်က တစ်ဆင့်ပြောပေါ့ . . . အင်း တစ်ခုတော့ရှိတယ် . . . ရှုံ သရုပ်ဆောင်တော့ ကောင်းရမယ်"

"ရှုံ ကြိုးစားကြည့်တာပေါ့"

ဦးငယ်အပေါ် ထားရှိခဲ့သော ကရုဏာစိတ်က ဦးငယ်ရဲ့ လိုဆန္ဒမှန်သမျှကို အသာတကြည်ဖြည့်ဆည်းပေးဖို့သာ တော့သည်။ ပြီးတော့ ရှုံရဲ့မာနတွေ အာဃာတတွေကလည်း အဖြစ်အပျက်များဖြစ်ပွားရန် တွန်းအားပေးခဲ့တာဖြစ်သည်။ သော် . . . ဒီလိုလုပ်နေရတာကို ရှုံ တစ်နည်းနည်းတော့ ကျသားရှင် . . .၊ ရှုံ့တွင် အတွေ့အကြုံမရှိတာကလည်း နည်းအားဖြင့် တွန့်ဆုတ်စေခဲ့သည်ပင်၊ ချွေကြည့်ပြီးကတည်း ရဲ့မျက်နှာဟာ ထူပူနေခဲ့တာခုထိ အရှိန်မသေသေး။ အဲဒါကို ဦးဦးငယ်ကို ပြောပြလို့မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အောင်တိုး . . . အောင်တိုး နောက်ဆုံးတော့ မင်းရဲ့ သားကလေးဟာ ငါ့တူမလေးရှေ့မှာ ဒူးထောက်ရမှာ ပါပဲကွာ၊ ငါ့ရဲ့အရှုံးကြွေးကို မင်းတို့သားအဖမကြာခင် လက်ခံရလိမ့်မယ်"

သင့်သွေးက ရုံ့ကို ဖိနပ်စီးပေးပြီး ဒူးထောက်အညံ့ လိုက်ကြောင်း သိလိုက်ရစဉ်က ဟားတိုက်ရယ်မောခဲ့သော ဦးဦး ငယ်သည် ခုလည်းပဲ အခွေကို အထပ်ထပ်ရစ်ကြည့်ကာ ပြုံးရွှေ ထေ့နှင့် ရေရွတ်ကျေနပ်နေလိုက်သည်မှာ မေမေပြန်လာသည် အထိပင်။ ရုံကတော့ ကားသံကြားသည်နှင့် အထိတ်တလန့်ဖြစ် သွားကာ . . .

"ဦးငယ် . . . ဦးငယ် . . . မေမေပြန်လာပြီ၊ ပိတ်တော့ ပိတ်လိုက် တော့လေ . . ."

ဦးဦးငယ်က မကျေမနပ်နှင့်ပင် တီဗွီပိတ်ပစ်လိုက်သည်။ ရုံကတော့ မလုံမလဲမျက်နှာကလေးဖြင့် "မေမေ့" တံခါးပြေးဖွင့်ပေးလိုက်သည်။

"သမီးတို့ ဗီဒီယိုကြည့်နေတာ ထင်တယ် . . . တည် လား၊ ဘာခွေလဲသမီး၊ ဒီမှာမာမီလည်းငှားလာသေး တယ် . . နှစ်ခွေတောင်"





မေမေက အိမ်ထဲဝင်လာရင်း လှမ်းမေးတော့ ရုံချောက် သွားသည်။ မေမေသိမှာ သိပ်ကြောက်တာပဲ၊ ရုံတို့ အကြံ သည်ကို မေမေသိလို့ မဖြစ်ပါ။

"ဟို ဒမေမေ . . . ဟို ဥစ္စာက ဘာခွေမှ မဟုတ်ပါဘူး"

ရုံသည် အရေးထဲကျမှ လျှာခလုတ်တိုက်နေသေးသည်။

"ဟဲ့ . . . အဲဒီဟာ ဘာစကားလဲ . . . အဓိပ္ပာယ်မရှိ တာတွေ . . . ဘာခွေမှ မဟုတ်ဘူးရယ်လို့ ရှိဦးမလား၊ သဒ္ဒါရုံ . . . သမီး ဘာဖြစ်နေတာလဲ"

"အဟင်း . . . ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ ရုံကတီဗွီ ကြည့်ရင်း အိပ်ငိုက်နေတာနဲ့ ကယောင်ချောက်ချား ဖြစ်သွားတာပါ"

"အင်း အဲဒီလိုလုပ်စမ်းပါ . . . ရုံကလေးရဲ့ . . . သမီး စကားက မေမေတောင်နားထောင်ရတာ မျက်စေ့လည် တယ် . . . မင်းဒင်ရေ ရီမု(တ်) မင်းဆီမှာလား . . . ဆက်ဖွင့်လေကွယ် . . . မမလည်း အညောင်းဖြေရင်း ကြည့်ရတာပေါ့"

အဲဒါမှ ပြဿနာပဲ ဦးငယ်ရေ . . . မေမေတစ်ယောက် . . . တော်တော်လေးလည်း စပ်စုနိုင်ပါ့ . . . ။ ရုံသည် တီဗွီရှေ့



www.burmeseclassic.com

www.burmeseclassic.com



က ဆိုဖာပေါ် အိခနဲထိုင်ချလိုက်သော မေမေ့ကိုလှမ်းကြည့်ရင်း မျက်နှာလေးငယ်ကျသွားသည်။ ပြီးတော့ ဦးဦးငယ်ရဲ့ မျက်နှာ အားကိုးတကြီး လှမ်းကြည့်လိုက်သည်။

"မမတို့ မိန်းမတွေဟာ တော်တော်လေးလည်း စပ်စု တယ် . . . ကျုပ်တို့ဘာသာ ဘာအခွေကြည့်ကြည့် ဗျ . . . မမ ဒီလောက်စစ်ဆေးနေစရာမလိုပါဘူး"

"ဘုရားရေ . . . မောင်လေးရယ် မင်းစကားက ရှင်း လိုက်တာ၊ ဒါစပ်စုတာမဟုတ်ဘူးကွ၊ စစ်ဆေးနေတာ လည်း မဟုတ်ဘူး၊ အိမ်ပြန်ရောက်ချိန်မှာ အမော ထိုင်ပြီး ကိုယ့်သွေးသားတွေကို အလာပသလ္လာပ နေတာ၊ အတင်းအကျပ် စေခိုင်းနေတာလည်း မဟုတ် ဘူး . . . ဒါကို မင်းနားလည်ဖို့ ကောင်းပါတယ်ကွယ်"

"နားမလည်ဘူးဗျာ . . . ကျုပ်တို့တူဝရီး အေးအေး ဆေးဆေးနေနေတာကို မမကြားဝင်နှောင့်ယှက်တာ လို့ပဲ မှတ်တယ် . . . မမဘာသာကြိုက်တဲ့ အခွေ ကြည့် . . . ကျုပ်တို့ အခွေတော့ ဖွင့်ကြည့်စရာမလို . . . ဟော့ မိရဲ့ သွား ခွေထုတ်လိုက်စမ်း၊ အဲဒီ အခွေ ဦးငယ်ပဲ သိမ်းထားလိုက်မယ်၊ . . . ဒီကိုယူခဲ့"





ရှုက ဦးဦးငယ်ရဲ့ အော်သံကြီးကို လန့်ဖျပ်ကာ ခိုင်းသည့် အတိုင်း တစ်သဝေမတိမ်းလုပ်ပေးရလေသည်။ မေမေက ရှုတို့ နှစ်ယောက်ကို တစ်လှည့်စီ အေးအေးဆေးဆေးအကဲခတ်နေပြီး . . .

"မင်းတို့နှစ်ယောက်က တစ်ကိုယ်တည်း တစ်ဉာဏ် တည်းပဲ . . . ဆိုတာ မမသဘောပေါက်ထားတယ် . . . ခုကိစ္စမှာလည်း တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ရိပ်မိတယ် . . . မင်းတို့ အမူအရာတွေကို ကြည့်ရုံနဲ့ သိပါတယ်ကွယ် . . . မမ ဒီလောက်မအပါဘူး . . . ဒါပေမဲ့ မင်းတို့မသိစေချင်တာကို မမအတင်းအကျပ် မမေးဘူး . . . ဩော် သမီးကိုတော့ မေမေတစ်ခု မှာထားရဦးမယ် . . . ဘယ်ကိစ္စမဆို ကိုယ်ပိုင်ဆုံးဖြတ် ချက်နဲ့လုပ်တာ အကောင်းဆုံးပဲ . . . ၊ အဲဒါကို သမီး ကြပ်ကြပ်သတိထားပါ။ ညည်းကလေးက သူများစကား ဆို နားယောင်တတ်လွန်းလို့"

မေမေက ပညာသားပါပါစကားတွေပြောပြီး အိမ်ထဲ သွား၏။ ဦးဦးငယ်ကတော့ တောက်တစ်ချက် ခပ်ပြင်းပြင်း တ်ကာ သူ့ဝှီးချက်လ်ကို ခပ်မြန်မြန် လှိမ့်တွန်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုံ တစ်ယောက်တည်းသာ ညော့်ခန်းထဲတွင် ငူငူကြီးထိုင်ကျန်နေ
သည်။ မွေးသမိခင်နှင့် မွေးသမိခင်၏မောင်တော်တို့ နှစ်ယော
ကြားတွင် ဗျာများကာ ရှုံ့စိတ်တွေ ထွေကျန်ခဲ့သည်။

"ကဲ ကောင်း ကြသေးရဲ့လား"







"ကွန်ကရက်ကျူလေးရှင်းပဲ ငါ့သား"

ဒယ်ဒီရဲ့အသံက သင့်သွေးရဲ့အတွေးတွေကို အနှောင့်
ယှက်ပေးနိုင်ခဲ့သည်။ မှန်ထဲကကိုယ့်ပုံရိပ်ကို မျက်တောင်
တ်တမ်း စိုက်ကြည့်ရင်း သူ့စိတ်တွေ တင်းကျပ်ဆို့နင့်လာခိုန်
င် သူဘယ်သူနဲ့မှ စကားပြောချင်စိတ်မရှိပါ။

မှန်ထဲက သူ့မျက်ဝန်းတွေဟာ စူးရဲတောက်ပနေသည်။
နှစ်ဖက်ကိုလည်း သူက မကြာ. . . မကြာ ပွတ်သပ်ကြည့်ရင်း
ခမ်းဖျားတွန့်ရုံ ပြုံးတတ်ခဲ့တာကြာပြီ. . . မင်းပေးခဲ့တဲ့ ဒဏ်
တွေကို ငါဘယ်တော့မှ မမေ့ဘူး သဒ္ဒါရုံ။

သင့်သွေးက ဆံပင်တွေကို လက်နှစ်ဖက်နှင့် သပ်တင်
ပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။ သူ့ဒယ်ဒီက ခပ်ပြုံးပြုံး
နှာထားနှင့် သူ့ထံ လက်ကမ်းပေးနေသည်။ အဲဒါ ဘာ
ဘာလဲ . . . သူနည်းနည်းလေးမှ နားလည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လဲ ဒယ်ဒီ"

ဟု သူဇဝေဇဝါ မေးခွန်းပြန်ထုတ်လိုက်သည်။ ဒယ်ဒီက ပြုံးပြုံး ကြီးပြုံးကာ . . .

"မင်းရဲ့အောင်မြင်မှုအတွက်ပေါ့"

"ကျွန်တော်နားမလည်ဘူး ဒယ်ဒီ"

"ကိုယ့် . . . အောင်မြင်မှုကို ဒီလိုမေ့မထားကြေးလေ . . . မင်းရဲ့ခြေလှမ်းတွေကို ဒယ်ဒီသိပြီးနေပြီကွာ . . . မင်းဘာဂြင်းဦးမလဲ . . . တကယ်ဆို ငါဝမ်းသာရ အောင် မင်းကြိုပြောထားသင့်တယ်လို့ မထင်ဘူးလား"

"ဒယ်ဒီပြောတာတွေ သိပ်များနေပြီ၊ ဒါပေမဲ့ ခုထိ ကျွန် တော်တစ်လုံးမှ နားမလည်သေးဘူး"

"မင်း မသိချင်ယောင်ဆောင်နေတာလို့တော့ ငါမစွပ်စွဲ ချင်ဘူး . . . သင့်သွေး . . . မင်းဘာမှ ဖုံးကွယ်ထား စရာအကြောင်းမရှိဘူးနော် . . . ဂုဏ်ယူစရာတော့ ကောင်းသေးတယ်။ ကိုယ့်ရန်သူမိန်းကလေးတစ်ယောက် ကို အချိန်တိုတိုအတောအတွင်း ဆွဲဆောင် သိမ်းသွင်း နိုင်တာ မင်းသိပ်တော်လို့ပဲ . . . အဲဒီ အတွက် မင်းကို ဒယ်ဒီကျေးဇူးတင်တယ်"





သူက ချက်ချင်းပင် သဘောပေါက်သွားကာ ဆံပင်မွှေး တွေ ထောင်ထသွားသလို အထိတ်တလန့်ဖြစ်သွားသည်။

"ဟင့်အင်း . . . မဟုတ်ဘူး ဒယ်ဒီ . . . ဒယ်ဒီမှား နေပြီ . . . ကျွန်တော့် လုပ်ရပ်တွေဟာ ကျွန်တော့် အတွက်သက်သက်ပဲ၊ ဒယ်ဒီ့ဆန္ဒကို အကောင်အထည် ဖော်ပေးတာမှ မဟုတ်တာပဲ"

"မင်းနဲ့သဒ္ဒါရုံကို ငါအမြဲချက်ခ်လုပ်နေခဲ့တာပဲကွာ . . . မင်းတို့နောက်မှာ ငါ့တပည့်တစ်ယောက်ကို အမြဲလွှတ် ထားခဲ့တယ်"

ဒယ်ဒီက အောင်မြင် ခန့်ထည်စွာ ပြုံးနေပြန်သည်။ ဒယ်ဒီ အပိုင်တွက်ထားပုံရပါသည်။ သင့်သွေးသည် ခပ်ယဲ့ယဲ့ ပြုံးကာ . . .

"ဒယ်ဒီ တစ်ခုတော့စိုးရိမ်သင့်တယ်နော်"

"ဘာကိုလဲ"

"သဒ္ဒါရုံနဲ့ ကျွန်တော် တကယ်ချစ်သွားမှာကိုလေ"

"ဒါ စိုးရိမ်စရာမှ မဟုတ်တာ . . . မင်းမာနကို ငါယုံပြီး သားပဲ . . . မင်းလိုယောကျ်ားတစ်ယောက်က ကိုယ့်ကို နာကျင်အရှက်ရအောင် အကြိမ်ကြိမ်လုပ်ခဲ့တဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဘယ်တော့မှ အရှုံးမပေးဘူး ... အဲဒါကို ငါယုံတယ် ... ဘယ်လိုလဲ ဒယ်ဒီအထ မမှားဘူး မဟုတ်လား"

သိပ်မှန်တာပေါ့ ဒယ်ဒီ။ သင့်သွေးသည် နှုတ်ခမ်း တင်းတင်းစေ့ကာ ငြိမ်သက်သွားပါသည်။ ချက်ချင်းပင် သူ့ပါးတွေ ကျိန်းစပ်လာသည့်ထင်ရသည်။ သူ့ဆံပင်တွေကို သပ်တင်မိတော့ ပိုဆိုးသွားသည်။ ပြီးတော့ သူ့ခန္ဓာကိုယ်ဟာ အင်းလျားကန် အကြိမ်ကြိမ်ပစ်ကျနေသလို ပေါ့ပါးလစ်ဟာနေသည်။ သူ့မေ တွေ ဖျဉ်းခနဲတင်းသွားသည်။

သဒ္ဒါရုံကတော့ သူကို အကြွင်းမဲ့ယုံကြည်နေခဲ့ပါသည် မိန်းမတွေဟာ ဒီလိုပဲနည်းနည်းလေး အလျှော့ပေး ဖြားယောင်း လိုက်တာနဲ့ ချက်ချင်းပျော့လာတော့တာပဲ၊ ပြီးတော့ သူတို့ကို သူတို့လည်း အဟုတ်ကြီးထင်နေမှာ သေချာသည်။

သူ ... ဗီဒီယိုအခွေပေးလိုက်ပြီး နောက်ပိုင်းအချိန် တွေမှာ သူမက သိသိသာသာ ရှက်ရွံ့နှုတ်ဆိတ်နေခဲ့သည် ... သူနဲ့တွေ့သောအချိန်တိုင်းလိုလို ... မျက်လုံးချင်းဆုံတဲ့ အချိန်တိုင်း ဖျတ်ခနဲမျက်လွှာချကာ ... ရင်ခုန်သွားပုံရသော အမူအရာကို သူအရယ်ချင်ဆုံး ...။





အခွေပေးပြီး နောက်တစ်နေ့မှာ ... သူက သူမထံမှ အဖြေတောင်းမိခဲ့တာ ဖြစ်သည်။

"သဒ္ဒါရုံ ကိုယ်ပေးလိုက်တဲ့အခွေကြည့်ပြီးပြီလား ... ဘယ်လိုလဲ မင်းသားကချောတယ် မဟုတ်လား"

"အိုး ... ဘယ်ကလာချောရမှာလဲ ... နည်းနည်းလေးမှလည်းမလှ၊ အဲဆိုးဆုံးက စကားပြောရင် အပေါ်စီးက သိပ်ပြောတာပဲ၊ မင်းသမီးကို ချစ်ရေးဆိုတာတဲ့ရှင်၊ ဝေ့လည်ကြောင်ပတ်နဲ့ ... သူကချစ်တယ်လို့ မပြောဘဲ သူ့ကိုချစ်လားမေးနေတာ ... သိပ်မုန်းဖို့ကောင်းတဲ့ မင်းသား အဲဒီလိုလူမျိုးကို ဘယ်မိန်းမက ပြန်ကြိုက်မှာတဲ့လဲ"

"ဟာကွာ ... ရုံကလည်း မင်းက မင်းသားရင်ထဲအထိ မှဝင်မကြည့်တာ၊ သူ့မျက်လုံးတွေလေ မင်းမြင်တယ် မဟုတ်လား ... မျက်လုံးဆိုတာ စိတ်ရဲ့ တံခါးပေါက်ပဲကွ ... သူ့ မျက်လုံးတွေကြည့်ရုံနဲ့ သူ့ရင်ထဲအထိ သိနိုင်တာပဲ ... သူပြော တဲ့စကားတွေဟာ အမှန်ပဲ လို့ မင်း ယုံမပေးနိုင်ဘူးလား"

"ဟင့်အင်း ... မယုံနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ရှက်စနိုးဟန်ဖြင့် ခေါင်းငုံ့သွားခဲ့သည်။ အဲ
အခိုက်မှာပဲ သူ့စိတ်တွေ ပေ့ါပါးပျော်ရွှင်လာသည်။ သေချာ
သည်။ ဒီပွဲမှာ သူ အနိုင်ရတော့မှာ . . . မိန်းမတစ်ယောက်
ကိုယ်မုန်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရှေ့မှာဘယ်တော့မှ ခု
မျိုးရှက်ရွံ့ သိမ်မွေ့နေမှာ မဟုတ်ပါ။ သူ့ကို သဒ္ဓါရုံ မုန်းမနေ
ဆိုတာ . . . သူအသေအချာတွက်ဆမိခဲ့သည်။

သူက ပထမဆုံးသွေးတိုးစမ်းသည့်အနေဖြင့် သူမ
ပေါ်တွင်ထောက်လျက် . . . ကော့ပျံနေသော ဆံပင်တွေ
ခပ်သာသာ့ကိုင်တွယ်လိုက်ခြင်းဖြင့် ရှေ့သို့ခြေတစ်လှမ်းတိုး
လိုက်သည်။

အိုကေ . . . သူမထံမှ ဆိုးဆိုးရွားရွားတုံ့ပြန်မှုမရှိ သူ
ဆံပင်တွေကို သိမ်းပေးလိုက်တော့ သူမက သူ့ကို ဖျတ်ခနဲ မျ
ဝန်းဝေ့ကြည့်သည်၊ နောက်မျက်လွှာပြန်ချ . . . ခေါင်းကတော့
ငုံ့သထက် ငုံ့သွားသည်။ သင့်သွေးသည် သူမမျက်နှာကို မရှေ
လိုက်ငုံ့ကြည့်ကာ . . .

"ဘာလို့ မယုံတာလဲ"

"ယောကျ်ားစကားဆိုတာ ယုံရခက်သားပဲရှင် . . . ဟန်
ဆောင်ခြင်း ပညာကိုဘယ်ကမှ မသင်ရပဲ သူတို့





ကျွမ်းကျွမ်းကျင်ကျင်တတ်နေကြတာ . . . ပြီးတော့
အဲဒီပညာကို မိန်းကလေးတွေနဲ့ ဆက်ဆံတဲ့အခါ . . .
လက်တွေ့အသုံးချတတ်တာပဲ မဟုတ်လား"

ထိုစကားက သူ့ကို နည်းနည်းတော့ စိုးထိတ်သွား
စေသည်။ သူ့ရဲ့ဟန်ဆောင်မှုတွေကို သူမရိပ်မိသွားပြီလား
. . . ဟင့်အင်း . . . မဖြစ်နိုင်ပါ။ ဒါဟာ စကားတိုက်ဆိုင်မှုပဲ
. . . သူမရဲ့ မျက်နှာဟာပကတိအတိုင်း ရိုးစင်းသိမ်မွေ့နေသည်။
သူ့ကို မသင်္ကာဟန်မျိုးရှိမနေပါ။

"ယောကျ်ားမှ ဟန်ဆောင်တတ်တာတော့ မဖြစ်နိုင်ဘူး
သဒ္ဓါရုံ . . . အချို့မိန်းကလေးတွေဆို ကိုယ်တို့
ယောကျ်ားတွေထက်တောင် ဟန်ဆောင်ကောင်းနေ
တတ်ကြသေးတာ . . . ကိုယ်တစ်ခု ဆုတောင်းတယ်
. . . ဟန်ဆောင်တတ်တဲ့ မိန်းကလေးမျိုးနဲ့ မတွေ့ပါ
စေနဲ့လို့၊ ကိုယ် အခုတွေ့ထားတဲ့ မိန်းကလေးကတော့
ဟန်ဆောင်လိမ်ညာတတ်တဲ့ မိန်းကလေးမျိုး မဖြစ်နိုင်
ဘူးလို့၊ ကိုယ်ယုံကြည်ထားတာပဲလေ . . . တကယ်
ဟုတ်မဟုတ်ကတော့ ကိုယ့်ကံကြမ္မာအတိုင်းပဲပေါ့ . . .
မင်းကော ဘယ်လိုထင်သလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဘာကိုထင်ရမှာလဲ"

"ကိုယ့်မိန်းကလေးက ဟန်ဆောင်လိမ်ညာတတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာကိုလေ"

"အို . . . ရုံ ဘယ်သိမှာလဲ"

သူ . . . တစ်ချက် ရယ်သွမ်းသွေးရင်း သူမကိုငေးကြည့်နေလိုက်သည်။ ခဏကြာတော့ သူမက . . . သည်းမခံနိုင်တော့သည့်ပုံဖြင့် . . . လှုပ်လှုပ်ရှားရှားဖြစ်လာကာ . . .

"သင့်သွေး . . . ရှင် သိပ်လူလည်ကျတယ်သိလား . . . စကားကိုလည်း အမျိုးမျိုးလှည့်ပတ်ပြောတတ်တယ် . . . ဝေ့လည်လည်တွေလည်း မေးတတ်သေးတယ်၊ ရှင်မေးတာကို ရုံ ဘယ်တော့မှ မဖြေဘူးသိလား . . . ပြီးတော့ ရှင်မြဲမြဲမှတ်ထားဖို့က . . . ဘယ်မိန်းကလေးကမှ ကိုယ့်ကိုချစ်တယ်မပြောဘဲ ချစ်သလားလို့မေးတဲ့ယောကျ်ားတစ်ယောက်ကို ခေါင်းညိတ်အဖြေမပေးဖူးဆိုတာပဲ"

သူမနှုတ်ခမ်းစူဆောင့်အောင့်လျက် ထိုင်ရာမှထထွက်သွားသောအခါ သူလက်ပိုက်ရပ်ကျန်ခဲ့ရင်း ပြုံးထေ့နေခဲ့သည်။ သူမေးစေ့ကို ခပ်ဖွဖွပွတ်သပ်ရင်း နှစ်သိမ့်ကျေနပ်နေခဲ့သည်။





ကိုယ်က မင်းကိုအနိုင်ရချင်လို့ အရှုံးပေးနေရတဲ့ အချိန်တွေမှာတောင် . . . ပညာသားပါပါနှိပ်ကွပ်ချင်သေးတာလေ။

ထိုနည်းဖြင့် သဒ္ဒါရုံရဲ့ အတွင်းအရှုတ္တကို ဆွပေးခဲ့သော သင့်သွေးသည် နောက်တစ်နေ့တွင် အတန်းတက်နေသော သဒ္ဒါရုံ့နံဘေးသို့ ခပ်တည်တည်ဝင်ထိုင်ရင်း . . .

"သဒ္ဒါရုံ"

ဟု ခပ်တိုးတိုးခေါ်တော့ . . . သူမက စာသင်နေသော ဆရာ့ကိုတစ်လှည့် သင့်သွေးကို တစ်လှည့် . . . အထိတ်တလန့်ကြည့်ရင်း မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်နေခဲ့သည်။

"သင့်သွေး . . . ရှင်ဘာလာလုပ်တာလဲ . . . ဒီမှာ ရုံ စာလိုက်ကူးနေရတာ . . . ဆရာ့ရှေ့မှာ ခပ်တည်တည် ဝင်ချလာလိုက်တာ ရှင်သိပ်အတင့်ရဲတာပဲ"

"ကိုယ်ပြောစရာလေး နည်းနည်းရှိလို့ပါ"

"ဘာလဲ . . . ဘာလဲမြန်မြန်ပြော . . . ပြီးရင် မြန်မြန်ထွက် . . . ဒုက္ခပါပဲ၊ ရုံ့ကိုတော့ အတန်းထဲက လူတွေ တစ်မျိုး ထင်ကုန်တော့မှာပဲ"

"အဲဒါတွေ လျှောက်ပြောမနေစမ်းပါနဲ့ကွာ၊ စိတ်ဆိုးလောက် ကိုယ်ပြောတာပဲ နားထောင်နေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူကခေါင်းကိုညွှတ်နိမ့်ကာ . . .

"ယုန်ကလေး"

ဟု . . . လေသံဖြင့်ခေါ်လိုက်ပြီး . . .

"ယုန်ဖြူကလေးလို သိပ်ချစ်ဖို့ကောင်းတဲ့မင်းကို ကို သိပ်ချစ်တယ် သဒ္ဒါရုံ . . . ကဲ အခုကိုယ်စပြောလို ပြီနော်. . . ပြီးရင် အဖြေပေးရမှာက . . . ယုန် လေးရဲ့တာဝန်ပဲ . . . ကိုယ်ကတော့ ယုန်ကလေး က အဖြေမရမချင်း ခုလိုပဲ . . . အတန်းတက်နေ အချိန်တွေမှာ လာလာမေးနေမှာပဲ . . . ကိုယ်ကြို တယ်နော် . . . သတိသာထားပေတော့"

ပြောပြီးသည်နှင့် သူလှစ်ခနဲ ထထွက်လာခဲ့သည် နောက်ပိုင်းအချိန်များမှာတော့ သူဟာနည်းမျိုးစုံသုံးလျက် သူ တိမ်းညွှတ်မှုကို အရယူခဲ့တာဖြစ်သည်။ ချစ်စကားဆိုပြီး လေး နွယ်ရက်တန်သည် ကိုယ်ယောင်ဖျောက်ရှောင်ဖယ်နေလို သော နည်းလမ်းက သူမရဲ့ဦးခေါင်းလေးကို ဟိုဟိုသည်သ လှည့်ပတ်ရှာဖွေအောင် ဖန်တီးပေးခဲ့သည်။ အဲဒီအချိန်မှာ သူ တော့ ကွယ်ရာတစ်ထောင့်ကနေ . . . သူမကို တိတ်တ စောင့်ကြည့်ပြုံးထေ့နေခဲ့သည်။





နောက်တစ်နည်းကတော့ . . . သူမမြင်သာအောင် ယ်ယောင်ပြကာ အဝေးမှငေးကြည့်နေသော နည်းဖြစ်သည်။ ဒီနည်းက သူမရဲ့သနားကရုဏာကို ခြွေယူရမည့်နည်းဖြစ် ည်။ မိန်းမသားတွေရဲ့ နှလုံးသားကို သနားကရုဏာသက်ခြင်း နုးညံ့အောင် စွမ်းဆောင်နိုင်မှာ သေချာသည်။

တတိယ နည်းလမ်းတစ်ခုရှိသေးသည်။ အဲဒါကတော့ အတန်းထဲ ခပ်တည်တည်ဝင်သွားပြီး သူမနံဘေးမှာ ်ထိုင်၊ စကားတွေ တီးတိုးပြော . . . စာရွက်ပေါ်မှာ "သိပ်ချစ် ာပဲ ယုန်ကလေး"ဟု အထပ်ထပ်ရေးပြ၊ အဲဒီလို ဇရှတ်သုတ်ခ ဆုစေသော နည်းလမ်းဖြင့် မိန်းမသားတွေအတွက် အထိတ် လန့်ခံစားမှုမျိုးကို ဖန်တီးပေးနိုင်ပါသည်။ မိန်းမအတော်တော် ားများဟာ အဲဒီလိုအထိတ်တလန့် ရင်ခုန်ရခြင်းမျိုးကို ကြောက်ရွံ့ မလိုလိုနှင့် မသိစိတ်က နှစ်ခြိုက်ချိုမြိန်နေတတ်သည်။ သောအရသာကို လူတော်တော်များများကြိုက်နှစ်သက်တာ ာမှုမဆန်းပါ၊ သို့သော် အဲဒီအချိုသက်သက်ကို ဘယ်သူကများ လမ်းလမ်းရှိကြသလဲ၊ အခါးကိုကျတော့ မကြိုက်ဘူးလိုလိုနှင့် သောက်ရမနေနိုင်အောင် စွဲကြတာပဲမဟုတ်လား၊ သူဟာ သူမ အတွက်တော့ ကော်ဖီခါးခါးတစ်ခွက် ဖြစ်ချင်ဖြစ်နေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော့မစောင့်လိုက်ရပါ။ သူ့နည်းလမ်းတွေက စွမ်းသလားမသိ၊ နောက်တစ်လအကြာမှာပဲ သူမထံမှ တုံ့ပြန်မှု တစ်ခုကို လက်ခံရရှိခဲ့ပါသည်။ ထိုတုံ့ပြန်မှုမှာ သူ့တုန်းကလို အခွေတစ်ခွေပေးလာခဲ့ခြင်း ဖြစ်သည်။

"ရော့"

ဟု တစ်ခွန်းတည်းပြောကာ ကမ်းပေးလာသော အခွေကို သူက ချက်ချင်းမယူသေးပဲ၊

"ဘာခွေလဲ . . . ကိုယ်ပေးတဲ့အခွေကို ပြန်ပေးတာဆို ရင်တော့ မယူနိုင်ဘူးနော်"

"မဟုတ်ပါဘူး၊ ဒါကသတ်သတ်"

"ဘာခွေလဲ ပြောကွာ . . . ပေါက်ကရအခွေဆိုရင် တော့ . . . ကိုယ်မကြည့်ချင်ဘူးနော် . . . ကိုယ်က သန့်သန့်လေး"

"အင့်သွေး ရှင်နော် . . . မဟုတ်တာတွေ ပြောမနေစမ်း နဲ့၊ ကျွန်မစိတ်ဆိုးလာရင် ဒီအခွေမပေးဘဲ နေလိုက်မှာ"

"မပေးရင် ကိုယ်လိုက်လုမှာပေါ့ . . . ဘရုတ်သုတ် မဖြစ်ချင်ရင် အသာတကြည်ပေးခဲ့ . . . တစ်ခုတော့ ဖြေရမယ်နော် . . . ဒါဟာ မင်းသမီးက အဖြေပေးတဲ့





အခွေမဟုတ်လား . . . မင်းသား အဖြေတောင်းတဲ့ အခွေက ယုန်ကလေးဆီမှာနော် . . . ဟုတ်တယ် ဟုတ်"

"ရှင် လူလည်ကျပေါင်းများပြီ အင့်သွေးရဲ့ . . . ကျွန်မ ကို ဘာမှ လာမမေးနဲ့ . . . ကျွန်မ မဖြေနိုင်ဘူး . . . ရှင့်ဘာသာသိချင်ရင် အိမ်ကျမှ ဖွင့်ကြည့်ပေါ့"

သူမက ပြောပြောဆိုဆိုဖြင့် လှည့်ထွက်သွားသောအခါ အင့်သွေးသည် နောက်မှ တရွှတ်ရွှတ်လှမ်းခေါ်ရင်း . . .

"ဟိတ် ယုန်ကလေး . . . ဒီအခွေကို ကိုယ်တစ်ယောက် တည်းပဲ ကြည့်ပါလို့ မင်းမပြောခဲ့တာ သေချာတယ် . . . ညကျရင် ရပ်ကွက်ထဲက ကလေးလူကြီးတွေစုပြီး ကြည့်လိုက်မယ်နော် . . . ဘယ်လိုလဲ . . . သူတို့က တော့ မင်းသမီးလှရင်ကြိုက်ကြမှာပါ"

"အစုတ်ပလုတ်ကောင် . . . ငါ့အခွေပြန်ပေးခဲ့"

ခွါရုံက ဒေါသတကြီး ပြန်လှည့်လာလျှင် . . .

"ဪ သိပြီ . . . သိပြီ၊ အဲဒီလိုကြည့်ရင် မကြိုက်ဘူး ပေါ့၊ ကိုယ်တစ်ယောက်တည်းပဲ အခန်းတံခါးပိတ်ပြီး တိတ်တိတ်ကလေးကြည့်ရမယ်ပေါ့၊ ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော်တော်မုန်းဖို့ကောင်းပါလား သင့်သွေးရဲ့ . . . ပေး . . . ကျုပ်အခွေပြန်ပေးခဲ့ . . . ရှင်နဲ့ အဲဒီအခွေနဲ့ မတန်ဘူး"

"ဟား ဟား ဘာလို့ပြန်ပေးရမှာလဲ . . . ပေးပြီးသားပြန်တောင်းရင် မျက်ခမ်းစွံတတ်တယ် သူငယ်မရဲ့ . . . ကိုယ်လစ်ပြီနော်၊ သတ္တိရှိရင် လိုက်လုပေါ့"

သင့်သွေးသည် ချက်ချင်းပင် ဆိုင်ကယ်စက်နှိုးကာ အိမ်သို့တန်းပြန်လာခဲ့သည်။ အိမ်ရောက်လျှင် အခန်းတံခါးကို သေချာစွာပိတ်ပြီးလျှင် သူ့ခုတင်ခြေရင်းက အောက်စက်ထဲတွင် အခွေထည့်ပြီး သူက ခုတင်ပေါ်တွင် လဲလျောင်းရင်း အခွေကို စိမ်ပြေနပြေကြည့်ခဲ့ခြင်း ဖြစ်သည်။

"သင့်သွေး တကယ်တော့ ရှင်ဟာ မိုက်မိုက်ကန်းကန်း ကောင်ကလေးပဲ"

ဆိုဖာရှည်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ အနက်နှင့် အဝါစင်းကျား အမွေးပွပွကျားရုပ်ကို ရင်ခွင်ထဲပိုက်ထားသော သူမ ပုံရိပ်ကလွန်စွာ ချစ်စရာကောင်းသည်ဆိုတာ ဘယ်လိုလူမျိုးကမှ မငြင်းနိုင် . . . သူမကို မုန်းတီးစွာအနိုင်ယူမည့် သူကိုယ်တိုင်လည်း မငြင်းနိုင်။



BURMESE CLASSIC .com



ဖွေးဖွေးဆွတ်နေသော ဂါဝန်ပျော့ပျော့ကလေးသည် အနီရင့်ရောင် ဆိုဖာပေါ်တွင် ပုံအိကျနေသည်။ ပခုံးပေါ်တွင် ကြိုးကလေးနှစ်ချောင်းချည်ထားပြီး ထိုပခုံးကြိုးကလေးက လက်မောင်းဝင်းဝင်းကလေးပေါ် ခွေခေါက်၍ တင်နေသည်။

ခပ်ကော့ကော့ဆံပင်ကလေးတွေသည် ရင်ညွန့်ပေါ်မှာတချို့၊ ပခုံးပေါ်မှာတချို့၊ မျက်နှာပေါ်မှာတချို့ ကျားရုပ် ဦးခေါင်းပေါ် မေးစေ့ကလေးမှေးတင်ကာ ကင်မရာဘက်သို့ မကြည့်ဘဲ ခပ်တိုးတိုးခပ်မှန်မှန်ပြောနေပုံကလေးကို သူတစိမ့်စိမ့် ငေးကြည့်ခဲ့မိသည်။ သို့သော် ဒါဟာလှတာမြင်လျှင် ငေးချင်တတ်သော ယောကျ်ားတိုင်းရဲ့ သဘာဝပေပဲ . . . သူမမို့လို ကြည့်မိခြင်းမဟုတ် . . . သူက သူ့စိတ်ကိုသူ ချက်ချင်းပင် ဆင်ခြေပေးလိုက်သည်။

"ရှင် . . . သိပ်အတ္တကြီးတယ် . . . တစ်ဇွတ်ထိုးလည်း ဆန်တတ်တယ် . . . ကျွန်မကိုလည်း အနိုင်ကျင့်တယ် . . . ရှင်ဟာသိပ်မုန်းဖို့ကောင်းတဲ့သူပဲ . . . ဒါပေမဲ့လေ . . . အဲဒီ လို မုန်းစရာကောင်းတဲ့ လူတစ်ယောက်ကို ချစ်မိတဲ့သူလည်း ရှိနိုင်တာပဲနော် . . . ရှင်ပျော်နိုင်အောင် သတင်းကောင်းတစ်ခုတော့ပြောလိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



"...အရင်က ရှင့်ကိုသိပ်မုန်းခဲ့တဲ့မိန်းကလေးတစ်ယောက်က အခုရှင့်ကို မမုန်းတော့ပါဘူးတဲ့ ... ပြီးတော့ ရှင့်ရဲ့တောင်းဆိုမှုတစ်ခုကိုလည်း ခါးခါးသီးသီးဖြစ်မသွားဘူး ... အဲဒါဆို ရှင်တစ်ခုခုကို တွက်ဆမိမှာပါ ... ဒါပဲနော် ကျွန်မဘက်က ဒီလောက်ပဲပြောနိုင်မယ်"

"ဟာကွာ"

စကားလည်းဆုံး၊ သူမပုံရိပ်ကလေးလည်း ဖျတ်ခနဲ ပျောက်သွားသည်။

သူ တကယ်ပဲ မချင့်မရဲဖြစ်သွားခဲ့ကာ ခုနပုံရိပ်ကို မျက်ဝန်းထဲမှ တော်တော်နဲ့ မဖျောက်နိုင်ခဲ့။

"အဟင်း မင်းကလည်း ပညာပြတတ်သားပဲကိုး"

နောက်ဆုံးမှာတော့ သူက စီးကရက်တိုကို လက်နှင့်တောက်ထုတ်လိုက်ရင်း မဲ့တဲ့တဲ့ပြုံးမိခဲ့သည် ..."ချစ်တယ်" ဆိုတဲ့ စကားတစ်ခွန်းမှမပါဘဲ ဝေ့လည်လည် ဖြေထားသော သူမ စကားသံကို သူခဏခဏတော့ ကြားယောင်မိတတ်သား၊ အဲဒီ ခဏမှာ ... သူ အနိုင်ရပြီဟု ခံစားရသည်။ သို့သော်





...ပြည့်အဝတော့မဟုတ် ... သူမမှာ တစ်စုံတစ်ရာ ကြေကွဲ...ယ်ရာ မဖြစ်သရွေ့ သူ့အောင်ပွဲဟာ မသေချာသေးပါ။

ဘာပဲပြောပြော ... ခုချိန်မှာတော့ သင့်သွေးဟာ သူမ...ချစ်သူဖြစ်ခဲ့ပြီ ... သူမနံဘေးမှာ အမြဲတတွဲတွဲရှိခဲ့ပြီ။ သူမရဲ့...ယ်လျှားသွယ်မျောတဲ့ လက်ချောင်းကလေးတွေကို ဆုပ်ကိုင်နိုင်...ခဲ့ရှိခဲ့ပြီ ... ဘာမှ မကြာလိုက်သောအချိန်အတိုင်းအတာ...ခုအတွင်း ... သူ့အောင်ပွဲက သေချာလာတော့မှာပဲ။

သို့သော် ... ဒီအကြောင်းတွေကို ဒယ်ဒီမသိအောင်...ဖုံးကွယ်ထားချင်ခဲ့သည်။ သူ့ဆန္ဒနှင့် သူဖန်တီးခဲ့သည့် ကိစ္စကို...ယ်ဒီအလိုအတိုင်း လုပ်ခဲ့တာဟု အထင်မခံချင်။ သူဟာသူများ...တိုင်း ဆင်ကန်းတောတိုးလုပ်မည့် ယောကျာ်းမျိုးမဟုတ်ပါ။

ခုတော့ ဒယ်ဒီက သူ့နည်းသူ့ဟန်ဖြင့် သိနှင့်နေခဲ့ပြီ ပြီးတော့ ... ကျေးဇူးစကားပင် ဆိုနေသေး ... သူ...နည်းနည်းမှ မခံချင်ပါ။

"ဒယ်ဒီ အရမ်းကျေးဇူးတင်တယ်ကွာ ... ဒယ်ဒီအဖြစ်ချင်ဆုံး အခြေအနေတစ်ခုကို ဖန်တီးပေးခဲ့တဲ့အတွက် မင်းလိုတာ ရစေမယ် ... BMW ကား မင်းစီးချင်တယ်ဆို ... မနက်ဖြန်ဘက်မှာ ရွေးသွားထုတ်



www.burmeseclassic.com

www.burmeseclassic.com



. . . တစ်ခါတည်းဝယ် . . . မင်း မိန်းမခိုးတော့လည်း ဒယ်ဒီဝယ်ပေးတဲ့ကားနဲ့ခိုးပေါ့ကွာ . . . မဟုတ်ဘူး လား၊ ဟား ဟား ဟား"

ဒယ်ဒီ့ရယ်သံကျယ်ကြီးက အင်မတန်ချောက်ချား . . . ကောင်းသည်။ ပြီးတော့ ဒယ်ဒီသည် ရယ်ရင်းကပင် . . .

"ဒီမှာကွ . . . မင်းဝှက်ထားတဲ့အခွေ ငါတွေ့ပြီးပါ . . ." ဟုပြောကာ . . . သူ့ကုတ်အင်္ကျီအိတ်ကြီးထဲက အခွေ ကို မြှောက်ပြပြီး အောက်စက်ထဲထည့်လိုက်သည် . . . သင့်သွေး ခုတင်ပေါ် ပစ်လှဲကာ ရီမုတ်(တ်)နှိပ်၍ ဖွင့်လိုက် ပြီး စိမ်ပြေနပြေကြည့်နေသည်။ ဒယ်ဒီ့မျက်နှာ . . . အောင်နိုင်သူအပြုံးမျိုးကို ခပ်ကြာကြာတွေ့ . . . သောအခါ သူနည်းနည်းခံပြင်းလာပြီး . . .

"ဒယ်ဒီမွေးထားတဲ့ ဒယ်ဒီ့သားက မိဘဘာပဲခိုင်းခိုင်း ဘုမသိ ဘမသိ လိုက်လုပ်တတ်တဲ့ ခပ်ညံ့ညံ့သား . . . မဟုတ်တာတော့ ဒယ်ဒီသိပြီးဖြစ်မှာပါ . . . ကျွန်တော် ဒီကိစ္စကို ဖန်တီးခဲ့တာဟာ ဒယ်ဒီ့ဆန္ဒကို ဖြည့်ဖို့ သာ . . . သက် မဟုတ်တာတော့ သေချာတယ်"





"ဘယ်လိုပဲဖြစ်ဖြစ်လေကွာ . . . ဒီကောင်မလေး ရင်ခွင်ထဲက ကျားဟာ ကြောင်ကလေးဖြစ်မသွားရင် ပြီးတာပဲပေါ့ကွာ . . . မဟုတ်ဘူးလား"

ဒယ်ဒီကကျားရုပ်ကြီးကို ပွေ့ပိုက်ထားသော သဒ္ဒါရဲ့ . . . ရိုပ်ကိုလက်ပိုက် ပြုံးထေ့ကြည့်လျက် အေးစက်စွာပြော . . . လသည်။





www.burmeseclassic.com

www.burmeseclassic.com



"မင်းဆံပင်တွေက အမြဲကော့ပျံနေတာပဲ ယုန်ကလေး
ရှာ . . . ကြက်မွေးပျံကျနေတာပဲ . . . တိုရင်လည်း
. . . ရှည်ရင်လည်းရှည်၊ ဒီလိုမဟုတ်ဘူး စတော
. . . ရှည်သလို တိုသလို . . . ပခုံးမှာ ထောက်နေ
လှည့် . . . လှည့်၊ ဟိုဘက်ကိုလှည့်၊ ကျွှဲ်ဖြီးပေး
မယ်"

ရုတ်တရက် ရှုံသည် ဘယ်လိုတုံ့ပြန်ရမည် မသိစွာ . . . ယောင်နနဖြစ်သွားသည်။ အဲဒီလိုလက်ပွန်းတတီး ရင်းနှီးမှု ရှုံလက်ခံသင့်သလား . . . မသင့်ဘူးလား ဝေခွဲရခက် သည်။ ရှုံလက်ဖျားကလေးတွေကို သူလာဆုပ်ကိုင်လျှင် တော ရှုံမှာတွန့်တိုလှပြီ . . . သို့သော် . . . သူ့ကို အယုံသွင်း သူ့ရဲ့စွဲလမ်းမှုကို ရယူနိုင်ဖို့ရာ ဒီလောက်ကလေးကို လိုက်လျောရမှာပဲ . . . ဟု ရှုံ့ ဦးဦးငယ်က သင်ပေးခဲ့ပါသည်။





"ညည်းကို ဒီကောင်များများချစ်မှ . . . များများစွဲလမ်းမှ
ညည်းနဲ့ကွဲတဲ့အခါ . . . များများ ခံစားရမှာ"

ဦးဦးငယ်စကားကို ကြားယောင်သောအခါ ရှုံသည် . . သင့်သွေးကို နူးညံ့ညှို့ဝင်စွာ ပြုံးပြလိုက်ပြီး . . . ခေါင်းကလေးကို ငုံ့စောင်းပေးလိုက်သည်။ သူ့လက်ချောင်းများက ရှုံ့ဆံပင်များကို ညင်သာစွာထိတွေ့လာသောအခါ . . . ရှုံ့ ရင်ထဲစိမ့်ခနဲဖြစ်သွားသည်။ အဲဒီလိုပဲ ရှုံ့လက်ဖျားတွေကို ဆုပ်ကိုင်ခံရစဉ်ကလည်း . . . ရှုံ့တစ်ကိုယ်လုံး ချွေးစေးတွေ စိမ့်ထွက်လာခဲ့တာ ထိုဒုက္ခကို ကြိတ်မှိတ်ခံနေရသည်မှာ ရှုံ အနိုင်ရဖို့အတွက် ဦးဦးငယ်ပျော်ဖို့အတွက် . . . ဟုတွေးပြီး ရှုံစိတ်ကို ဖြေရပါသည်။

သင့်သွေးကို အနိုင်ရဖို့အတွက် ရှုံ့မှာ ခက်ခဲသည့် အလုပ်တော်တော်များများကို လုပ်နေရတာကတော့ တော်တော်ပဲ စိတ်ညစ်စရာကောင်းသည်။

ဦးငယ်ချိန်ရွယ်ထားသော ဗွီဒီယိုကင်မရာရှေ့တွင် ထိုင်ပြီး ဦးဦးငယ်သင်ပေးထားသော စကားတွေကို ပြောခဲ့ရစဉ်ကလည်း ရှုံ တော်တော်စိတ်ဒုက္ခရောက်ခဲ့ရသည်။

"မိရှုံ . . . ကင်မရာကို တည့်တည့်ကြည့်ပါ . . .
ညည်း မျက်လုံးတွေကို နူးညံ့နိုင်သလောက် နူးညံ့



www.burmeseclassic.com

www.burmeseclassic.com



. . . ကျွတ် . . . မိရှုံရာ . . . ကြောက်နေတဲ့ပုံကြီး ဖြစ်မနေအောင် ကြိုးစားစမ်းပါ”

ဦးဦးငယ်က ကင်မရာရှေ့တွင် မနေတတ် မထိုင်တတ် အချိုးမကျဖြစ်နေသော ရှုံ့ကို စိတ်မရှည်နိုင်အောင် ရှိခဲ့သည်၊ ရှုံ့သည် စိတ်ညစ်လာကာ ငိုသံပါနှင့် . . .

“ရှုံ့မှ မနေတတ်တာ ဦးငယ်ရဲ့ . . . ရှုံ့ဓာတ်ပုံအရိုက်ခံရင်တောင် ဘယ်တော့မှ ကင်မရာဘက်တည့်တည့်မကြည့်တာ ဦးငယ်လည်းသိသားပဲ . . . ခုဥစ္စာက တော်တော် အရဲစွန့်နေရတာ၊ ရှုံ့ ရှက်လည်းရှက်နေတာ . . . လွယ်လွယ်နဲ့တော့ ဦးငယ် စိတ်ကြိုက်ဖြစ်အောင် ဘယ်လိုလုပ်နေတတ်ပါ့မလဲ . . . ဒါပေမဲ့ ရှုံ့ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ် . . . ကဲ ဒီလိုနေပြီး ဟိုဘက်ကိုငေးပြီး ပြောမယ် . . . အစက ဘာ”

“သင့်သွေး တကယ်တော့ ရှင်ဟာ . . .”

“အင်း . . . အင်း မှတ်မိပြီ၊ ရှင်ဟာ မိုက်မိုက်ရိုင်းရိုင်းကောင်ကလေးပဲ . . . မှန်လား . . . ဦးငယ်”

“မမှန်ဘူးကွ . . . မိုက်မိုက်ရိုင်းရိုင်း မဟုတ်ဘူး၊ မိုက်မိုက်ကန်းကန်း . . .”





“ဟင် . . . ဘာထူးလို့လဲ . . . အဓိပ္ပာယ်ချင်းက အတူတူပဲ မဟုတ်လား”

“နိုး . . . မတူဘူး၊ မိုက်ရိုင်းတာကတစ်မျိုး၊ အဲဒါက ရိုင်းစိုင်းကြမ်းတမ်းတာ . . . အောက်တန်းကျတာမျိုးပေါ့၊ အဲဒီ အသုံးအနှုန်းကို သုံးလိုက်ရင် ဟိုကောင်ဆတ်ဆတ်ခါနာသွားမှာ သေချာတယ်”

“မိုက်ကန်းတာကျတော့ရော”

“အဲဒါက တစ်ဇွတ်ထိုးဆန်ဆန် မိုက်ရူးရဲဆန်တာကို ပြောတာ”

“အဲဒီလို ပြောရင်ကော . . . ဖြစ်ပါ့မလား . . . ဦးငယ် ဥစ္စာက အဖြေပေးရမယ်လည်း ပြောသေး၊ မိုက်ကန်းတာကြီးနဲ့လည်း စပြီးဆော်သေး”

“ညည်း ဘာနားလည်လို့လဲ မိရှုံရဲ့၊ စကားပြောတယ်ဆိုတာ ပညာသားပါရတယ် . . . အနိမ့်ဆုံးကနေ တဖြည်းဖြည်းမြှင့်ပေးရမှာပေါ့ . . . အဲဒါပိုပြီး Feel ဖြစ်တာ . . . ကဲ ဆက်ပြောလေ”

“အင်း . . . ဘာလဲ . . . ဪသိပြီ၊ ရှင် သိပ်အတ္တကြီးတယ် တစ်ဇွတ်ထိုးလည်းဆန်တယ်၊ ဒီလို မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်"

"ဟုတ်တယ် . . . ဟုတ်တယ် . . . အိုကေ၊ မှတ်မိ

ဆို . . . စရိုက်ပြိုနော် . . . ကဲ"

ရုံသည် ကျားရုပ်ကြီးပေါ် ခေါင်းကလေးငုံ့တင်ကာ မ

တရဲလေသံဖြင့် . . .

"ရှင် သိပ်အတ္တကြီးတယ် . . . တစ်ဇွတ်ထိုးလည်းဆ

တယ် . . . ပြီးတော့ အဲ . . . မေ့သွားပြီ ဦးငယ် . . .

ပြီးတော့ ဒုက္ခပါပဲ ခဏနေပါဦး၊ စာရွက်ကော ဦးင

ရေးပေးထားတဲ့စာရွက်၊ ရုံ့ကို ပေးပါဦး . . . ရုံ

ကျက်လိုက်ဦးမယ်"

"ကျွတ် ငါ စိတ်မရှည်တော့ဘူးနော် မိရုံ"

ရုံသည် ထိုအစီအစဉ်ဖြစ်မြောက်ဖို့ မနည်းကြိုးစား

စားဖန်တီးခဲ့ရတာဖြစ်ပါသည်။ ဦးငယ်ကိုလည်း

ကြောက်ရ၊ အခွေကြည့်မည့် သင့်သွေးကိုလည်း ရှ

. . . ရုံစမိသောဇာတ်ကိုနိုင်အောင် ရုံ ပင်ပန်းတ

က ရတော့မှာပါပဲဟု စိတ်ကိုတင်းခဲ့ရလေသည်။

"ယုန်ကလေးကလည်းကွာ . . . မိန်းကလေးဖြစ်ပြီး

ဆံပင်လေးတောင် သပ်ရပ်အောင် မလုပ်တတ်





အုံ့ပါရဲ့ . . . ကျုပ်မြင်ဖူးပါတယ် . . . ခင်ဗျားတို့ မိန်းမ

တွေသုံးတာ ပလတ်စတစ်အလိပ်လေးတွေလေ . . .

အဲဒါနဲ့လိပ်ထားပါလား . . . သေသေသပ်သပ်ကလေး

ကုပ်ဝင်သွားအောင်"

"ရှင် ဘာသိလို့လဲ . . . အဲဒါစတိုင်လ်ကွ . . . အဲဒီလို

ဆံပင်ကော့ကော့ပျံ့ပျံ့က သူများနဲ့မတူတဲ့ ရုံ့ရဲ့ စတိုင်လ်

လေ"

"ဘာစတိုင်လ်လဲ၊ ကြက်မွေးပျံ့စတိုင်လ်လား"

"သင့်သွေး . . . ရှင်နော် . . . လူကိုချိုးချိုးဖဲ့ဖဲ့ မပြော

စမ်းပါနဲ့"

ရုံသည် ထိုစကားကိုပြောရင်း အလိုလိုမျက်စောင်းထိုးမိ

သွားသည်။ သင့်သွေးကတော့ အော်ဟစ်ရယ်နေသည်။ ရုံ့ဆံပင်

အဖျားတွေကို ဘီးနှင့် ဖိဖိဖြီးနေသည်။

"ဟိတ် တအားမဖြီးနဲ့ . . . ဒီမှာ နာလို့သေတော့မယ်"

"အဲဒီလို တအားဖိဖြီးပြီးမှ စန့်မှာပေါ့"

"သူ့ဘာသာကော့နေတာ ဘာဖြစ်လဲ . . . တစ်သက်

လုံးက ကော့နေတာ ဖြီးမနေနဲ့ . . . ဖိပြီးဖြီးလေ

ပိုကော့လေပဲမှတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ရုံက သူ့လက်ထဲမှ ဘီးကိုလှမ်းယူပြီး ခေါင်းကိုယိမ်း၍ ရှောင်ဖယ်လိုက်လေသည်။ ရုံ တာဝန်ကျေပါတယ်နော် . . . ဦးငယ် . . .

ရုံသည် ဦးငယ်ကို တိုင်တည်လိုက်မိပြီး သင့်သွေးကို စေ့စေ့စိုက်ကြည့်မိပြန်သည်။ ဟိုအရင်က . . . ပျော့ပျော့စင်းစင်းကလေး ဝေ့ဝဲနေသော သူ့ဆံပင်တွေဟာ ရုံ့လက်ချက်မိပြီးကတည်းက တိုကပ်ကပ်ဖြစ်နေသည်။

ဆိုးထားသော ဆေးရောင်မှာ မှေးမှိန်ပျောက်ကွယ်လုပြီ။ နီကြင်ကြင်အရောင်ကလေး နည်းနည်းတော့ ကျန်နေသေးသည်။

"သင့်သွေး ရှင် ဒီတစ်ခါ ဆံပင်ညှပ်ရင် အရောင်တွေ မဆိုးနဲ့တော့သိလား"

ရုံသည် . . . သူ့ကို အမှတ်တမဲ့ ငေးနေမိရင်းက သွက်ခနဲ ပြောမိသွားခဲ့သည်။

"ဘာဖြစ်လို့လဲ"

"ဆံပင်ဆိုတာ အနက်ရောင်ပဲ ကောင်းတယ်။ ရှင်နဲ့လည်း ကြည့်လို့ကောင်းတယ် နီကြောင်ကျားတွေက ဂျလေဘီဆန်ပါတယ်ရှင်"





"ကောင်းပြီလေ . . . ယုန်ကလေး မကြိုက်ရင် ကျုပ် မဆိုးတော့ဘူး"

"နောက်ပြီး တစ်ခုရှိသေးတယ်"

"အင်း . . . ဆိုပါဦး"

"စပို့ရှပ်ကြောင်ကျားတွေနဲ့စာရင် ရှပ်အင်္ကျီတွက်စိပ်ကလေးတွေက ရှင်နဲ့ ပိုပြီးကြည့်ကောင်းမလားလို့ . . . စပို့ရှပ်ဆိုလည်း အရောင်ဖျော့ဖျော့ကလေးတွေလေ၊ အဲဒါလေးတွေက ယဉ်တယ်ရှင့်"

"အဲဒါမျိုးတွေ ဝတ်စေချင်တယ်ပေါ့"

ရုံ ခေါင်းညိတ်ပြတော့ သူက ပြုံးစိစိလုပ်ကာ . . .

"မောင့်ကို ချစ်တယ်လို့ ဆယ်ခါပြောရင် ဝတ်မယ်လေ"

"ဟင် . . . ပေါတောတောနဲ့ . . . ရှက်လည်းမရှက်ဘူးတော့"

ရုံက မျက်နှာကို လက်ချောင်းများဖြင့် အုပ်ကွယ်လိုက်ရင်း . . . တကယ်ပဲ ရှက်သွားခဲ့ရလေသည်။ ထိုအခိုက်မှာပဲ ရုံသည် တစ်စုံတစ်ရာကို သတိရကာ ရင်ထဲတင်းကျပ်သွားခဲ့သည်။ ပေါ့ပါးရွှင်မြူးနေသောစိတ်တွေကို ရုံ အထိတ်တလန့် သတိပြုမိသွားသည်။ အဲဒီခဏမှာ . . . ရုံက ရှက်ပျက်ဆင်းမျက်



www.burmeseclassic.com

www.burmeseclassic.com



ချော်လဲခဲ့ရသော ပုံရိပ်တွေ . . . စင်မြင့်ပေါ်မှာ သတိမေ့လဲကျသွားခဲ့ရသော အဖြစ်အပျက်တွေကို ပြန်မြင်ယောင်ကြည့်လိုက်သည်။ ထိုအခါ ရှုံ့စိဘ်တွေ ပြန်လည်မာကျောလာခဲ့သည်။ သင့်သွေးရဲ့ တကယ်တော့ ရှင်ဟာ သိပ်နာကြည်းစရာကောင်းတဲ့သူ . . . ရှုံ့ကို အကြိမ်ကြိမ်အရှက်ခွဲခဲ့တဲ့သူ၊ ရှင်အသည်းကွဲရင် ကျွန်မသိပ်ပျော်မှာပဲ . . . သေချာတယ် . . .။

အမှန်ကို ဝန်ခံရလျှင် ရှုံသည် သင့်သွေးနှင့်အတူရှိနေသော အချိန်များစွာကို သတိနှင့် ကျော်ဖြတ်ခဲ့ရတာဖြစ်သည်။ သိပ်မကြာခင်ကာလတစ်ခုအတွင်းမှာ ပြောင်းလဲတော့မည့် အခြေအနေတစ်ခုကို ရှုံမမှန်းဆနိုင်ခဲ့၊ အဆိုးဝါးဆုံး အခြေအနေတစ်ခုကို ရင်ဆိုင်ရလိမ့်မည်ဟုလည်း ရှုံနည်းနည်းလေးမှ ရိပ်စားမိခြင်းမရှိခဲ့ပါ။

သင့်သွေးကတော့ ရှုံ့ကို အရူးအမူးစွဲလမ်းနေပြီဟု ယုံကြည်နေခဲ့သည်။ ရှုံ ယုံလောက်သောအပြုအမူများကို သူပြုမူခဲ့သည်။

ရှုံ့ကို ဆံပင်ဖြီးပေးအပြီး နောက်တစ်နေ့တွင် ရှုံ့ကို သူလက်ဆောင်ပေးခဲ့တာက ဆူးကလေးများတန်းစီနေသော ဆံပင်လိပ်သည့် အလိပ်ကလေးနှစ်လိပ် ဖြစ်သည်။

သိန်းမင်း စာပေ



"ရော့ . . . အိမ်မှာနေရင် အဲဒါလေးနဲ့လိပ်ထား၊ ကျုပ်မှာခင်ဗျားအတွက် တကူးတက ရှာဝယ်ထားရတာ"

ရှုံသည် အလိပ်ကလေးနှစ်လိပ်ကို လှမ်းယူရင်း အံ့ဩ. . .သွားခဲ့သည်။ ဒါလေးတွေကို သူဘယ်လိုများ ရှာဖွေဝယ. . .သည်မသိပါ။ အဲဒီအတွက် ရှုံ့တုံ့ပြန်မှုမှာ အိမ်နေသည့်အခါ. . .င်း ထိုအလိပ်ကလေးဖြင့် ဆံပင်ဖျားတွေကို လိပ်ထားခြင်းဖြစ်. . .သည်။ နောက်တော့ . . . သင့်သွေး အင်မတန်ကုပ်စေချင်သော . . .ပင်တွေကို အမြဲတမ်းကုပ်ဝင်နေအောင် . . . ဆေးဖြင့်. . .စေ . . . ဒရိုင်ယာဖြင့်ဖြစ်စေ . . . ဖြူတီပါလာတွင် ဖြစ်စေ . . . ပြုပြင်တတ်လာခဲ့သည်။ ရှုံသိပ်မှားတာပဲ . . . အဲဒီ. . .ာက်အထိ ရူးနှမ်းဖို့ မကောင်းပါ။ ရှုံအခါခါ နောင်တပြန်ရခဲ့. . .သည်။

ရှုံ . . . မိုက်မဲစွာ ကျူးလွန်ချင်မိသော နောက်ဆန္ဒ. . .ခုမှာ သူ့ဆံပင်တွေကို ဖြီးသင်ပေးချင်မိသော ဆန္ဒတစ်ခု. . .ာမကြာရှန်းကြွလာခဲ့ခြင်း ဖြစ်ပါသည်။



သိန်းမင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သင့်သွေး တစ်ဆိတ်လောက် . . . ခေါင်းငုံ့ လိုက်ပါ၊ ရှင့်ဆံပင်တွေကို ရှူဖြီးချင်လို့"

စကားသံမှာ ခပ်တိုးတိုးပင် ဖြစ်သော်လည်း . . . သင့်သွေးကတော့ ဆတ်ခနဲဖြစ်ကာ ထိတ်လန့်သွားခဲ့သည် ဟင့်အင်း . . . ငါ့ဦးထိပ်ဆံစကို ဘယ်မိန်းမကိုင်တာမှ [illegible] ဖူးကွ။

သူဖျတ်ခနဲ မော့ကြည့်မိသောအခါ . . . ရင်ဆိုင်[illegible] သည်မှာ . . . နူးညံ့သော မျက်ဝန်းတစ်စုံကို ဖြစ်သည်။ [illegible] မျက်ဝန်းတွေဟာ သူ့ကိုဘယ်လိုမှ မငြင်းနိုင်အောင် ချုပ်[illegible] ထားလိုက်သည်။ ချက်ချင်းခေါင်းမခါမိဘဲ ဇက်ခိုင်နေသော [illegible] ကိုယ်သူ တော်တော် သောက်မြင်ကတ်သွားသည်။





ကိုဦးအစ်မ မမမေကိုတောင် သူပြတ်ပြတ်သားသား ငြင်းခဲ့သေးတာပဲ . . . သူမှန်းတီးနေသော ဒီဟာမလေးကို ဘာမှမငြင်းနိုင်စရာအကြောင်း မရှိပါ။

"နည်းနည်းငုံ့ပေးလေ . . . ရှင့်အရပ်ကြီး ရှုံ့မှ မမီဘဲ၊ အင်း အင်း မီတော့မယ် . . . နည်းနည်းငုံ့လိုက်ဦး ရပြီ။ . . . မီပြီရှင့်"

တဖြည်းဖြည်းနီးကပ်လာသော ကနုကမာဘီးသေးသေး လေး သူ့ဆံပင်တွေနှင့် ထိတွေ့သွားသည်ကို သိလိုက်ရပြီး နောက်မှာ . . . သူတော်တော်တုန်လှုပ်သွားခဲ့ရသည်။ တကယ်ဆို သူလွန်ဆန်နိုင်ဖို့ ကောင်းပါသည်။ ဘာမှခက်ခဲလှတဲ့ကိစ္စလည်း မဟုတ် . . . သို့သော် ဒီလိုလိုက်လျောခြင်းဖြင့် . . . သူမရဲ့ သွတ်နှူးမှုတွေကို ပိုရနိုင်တာပဲ မဟုတ်လား . . . နောင်တစ်ချိန် သူမအသည်းကွဲသည့်အခါ . . . ဒီဖြစ်ရပ်တွေကို တသသနဲ့ မမေ့နိုင်အောင် လွှမ်းဆွတ်လျက်ရှိစေ။

အရေးကြီးတာက သူမကို ပြုစားနိုင်ဖို့ပဲ၊ သင့်သွေးသည် [illegible]မ်းညွှတ်သွားသောစိတ်ကို ဖြေတွေးတွေးကာ ကျေနပ်နေ [illegible]က်သည်။ သူ . . . မျက်ဝန်းတွေကို မှေးမှိတ်ထားလိုက်သည်။ [illegible]ဖျော့ဖျော့တစ်ခုက သူနှင့် အနီးဆုံးမှာ ငြိတွယ်နေသည် . . .



www.burmeseclassic.com

www.burmeseclassic.com



လေပြည်လေးကလည်း တသုန်သုန်တိုက်ခတ်နေသည်။ မလေးရှား ပိတောက်ရွက်တွေ . . . ပွတ်တိုက်လှုပ်ရှားသံသဲ့သဲ့ကိုလည်း ကြားရသည်။ နူးညံ့သောဆံမျှင်တွေ လှုပ်ရှားဝေ့ဝဲနေမှာပဲ။ . . . သူမမျက်နှာတစ်ခြမ်းလုံးကို အုပ်ဆိုင်းနေပြီလားတောင် မသိပါ။

သူက ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်မိသောအခါ . . . မွေးညင်းစိမ်းတို့ ရေးရေးထင်သော လက်ဖျံကလေးတစ်ဖက်ကို အနီးကပ်တွေ့လိုက်ရသည်။ သူ ထိုလက်တစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်မိသောအခါ . . . သူမရဲ့ မျက်ဝန်းများ ဝိုင်းဝိုင်း လည်ကာ အံ့ဩတုန်လှုပ်နေခဲ့သည်။ ထိုမျက်ဝန်းကလေး . . . ချွန်းစ တချို့တလေသီးနေသော နှာသီးဖျားကလေး၊ ခပ်ဟဟပွင့် နေသော နှုတ်ခမ်းဖူးဖူးကလေး . . . ဘဲဥပုံမျက်နှာဝန်းဝန်း ကလေး၊ ကြည့်စမ်း . . . အဲဒီလောက်လှသည့် မိန်းမငယ်က လေးဟာ သူ့ကို နာကျင်အရှက်ရအောင် အကြိမ်ကြိမ် ဖန်တီးခဲ့ သတဲ့။

သူက သူမမျက်နှာကို မျက်တောင်မခတ်တမ်း စိုက် ကြည့်နေခဲ့မိသည်။ ခုနေများ သူမပါးပြင်ကလေးကို သူနမ်းလိုက် လျှင် မိုက်ရူးရဲဆန်ရာများကျသွားမလား . . . နှစ်နှစ်ကျော် တစ်ညမှာတော့ သူ ဒီထက်တောင် မိုက်ရူးရဲဆန်ခဲ့သေးသည်။





အဲဒီအချိန်တုန်းကတော့ ဒေါသတရားက သူ့ကို သွေးဆူစေခဲ့ တာ ဖြစ်သည်။ သူတော်တော်လွန်ခဲ့တာပဲ . . .

သူမအပေါ် မတရားရာကျနေပြီလားဟု တွေးမိသည်။ သို့သော် သူမကလည်း သူ့ကို ရန်စခဲ့တာပဲ မဟုတ်လား။

တစ်ချိန်တည်းမှာ ဝေခွဲရခက်မှုတွေနှင့် ဒွိဟဖြစ်ရခြင်း တာ အင်မတန် ကသိကအောက်နိုင်လွန်းလှသည်။ ဖြတ်သား သော သူ့စိတ်တွေ ဒီလောက်ထိ တွေဝေတွန့်ဆုတ်ဖို့ မကောင်း ပါ။

သဒ္ဒါရုံကတော့ သူမလက်ကို ရုန်းဖယ်ခြင်းမရှိခဲ့ . . . သူတို့နှစ်ဦးဟာ တစ်စုံတစ်ရာရဲ့ ချုပ်ကိုင်မှုအောက်မှာ တွေဝေ ငြိမ်သက်နေခဲ့တာ သေချာသည်။

နောက်ဆုံးမှာတော့ သင့်သွေးသည် သက်ပြင်းရှိုက် လိုက်မိပြီး သူမမျက်နှာပေါ် တစ်ဝက်တစ်ပျက်အုပ်ဆိုင်းနေသော ဆံပင်တွေကို အသာအယာ သပ်တင်ပေးပြီး သူမလက်ကို လွှတ် ပေးလိုက်သည် . . . ပြီးတော့ သူ့ကိုယ်သူ သတိပေးလိုက်ပါ သည်။ သဒ္ဒါရုံဟာ သူအင်မတန် မုန်းတီးတဲ့မိန်းကလေးပဲ၊ ဒါကို သူအမြဲနှလုံးသွင်းနေသင့်သည်။





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှစကာ သင့်သွေးသည် စိတ်လှေ့ကျ
ခန်းတစ်ခုကို မဖြစ်မနေ လုပ်ရတော့သည်။ ပထမဦးဆုံး စာရွ
တစ်ခုပေါ်တွင် ရုပ်ပုံပေါင်းများစွာကို ဆွဲလိုက်သည်။

သူ ပထမဦးဆုံး ရေးဆွဲခဲ့သောပုံမှာ ရှစ်နှစ်အရွ
ကောင်မလေးတစ်ယောက် ဘောလုံးတစ်လုံးကို မြေဆွသ
ခက်ရင်းဖြင့် ထိုးစိုက်နေသော ပုံဖြစ်သည် . . . သူကျွမ်းကျ
သော ကေရိကေချာပုံဖြစ်သဖြင့် ထိုကောင်မလေးရဲ့ ဆံပင်
ဟာ ကြက်မွေးပျံ့လို ကော့ပျံလန်နေသည်။ မျက်လုံးကို တအ
ပြူးဝိုင်း နှာခေါင်းကို တအားလုံးချွန် . . . နှုတ်ခမ်းကျ
ထူထူကြီးကြီး၊ အရပ်ကိုကျတော့ ရှည်မျောကလန်ကလား
အမြင်ကတ်ကတ်နှင့် သဒ္ဒါရုံပုံကို ပုံဖော်လိုက်သည်။

ဟား ဟား တော်တော် သောက်မြင်ကတ်စရာကော
တဲ့ ရုပ်။ နောက်တစ်ပုံကတော့ ကွန်ပါဘူးတစ်ဘူးကို ကိုင်





ဘားတိုက်ရယ်မောနေသော ပုံဖြစ်သည်။ အဲဒီပုံဟာ သူ့ရဲ့
ဒေါသကို နည်းနည်းတော့ ဆွပေးနိုင်သား။ ခေါင်းပေါက်ကာ
သွေးတွေမျက်နှာပေါ်ဖြာကျလာသော အဖြစ်ကို သူဘယ်တော့မှ
မေ့။

သင့်သွေးသည် အိပ်ရာထက်တွင် ဝမ်းလျားမှောက်ကာ
ုပ်ပုံပေါင်းများစွာကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထိုရုပ်ပုံများ ရေး
ဆွဲခြင်းဖြင့် အချိန်တော်တော်များများကို ဖြုန်းတီးပစ်ခဲ့သည်။
အရုပ်တွေများလာလေလေ . . . သူ့ဒေါသတွေ ပွားပွားလာ
လေဖြစ်အောင် သူဖန်တီးနေမိတာ ဖြစ်သည် . . . ဒါဟာ တ
ယ်တော့ သူ့ကိုယ်သူ ကုခြင်းပဲ မဟုတ်လား . . . ဤနည်း
ဖြင့်ပင် . . . သူ့ရဲ့ဒွိဟစိတ်ကို မောင်းနှင်ထုတ်ပစ်ရမည်။

သူမရဲ့ ယုယမှုတွေထဲမှာ နစ်မျောသွားချင်တိုင်း . . .
ာကြည်းစရာတွေကို ပြန်ပြန်တွေးရလိမ့်မည် သူမရဲ့ ပါးပြင်း
ွန်းနှစ်ဘက်ဆီမှ သွေးကြောစိမ်းစိမ်းကလေးတွေ၊ လည်တိုင်
ယ်သွယ်ကလေးဆီမှ တလှုပ်လှုပ်ခုန်နေသော အကြောစိမ်းက
းတွေ . . . သွားစမ်းကွာ၊ အဲဒါတွေဆီမှာ သူ့အကြည့်တွေ
ွယ်ဘဲ ပြတ်ပြတ်သားသား အကြည့်လွှဲဖို့ သူ့စိတ်ကို မာ
ာနိုင်သမျှ မာကျောအောင် ဖန်တီး၊ ပြီးတော့ တစ်ခုရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပိုးသားလို နူးညံ့ပျော့ပျောင်းသည့် ဆံနွယ်မျှင်တွေ သူမမျက်နှာပေါ်မှာ ဘယ်လိုပဲ လူးလွန့်လှုပ် ရှားနေစေဦးတော့ သူနဲ့ မသက်ဆိုင်သလို ဥပေက္ခာပြုနိုင်ရမည်။ ဒါဟာ သူ့သန္နိဋ္ဌာန် ပဲ။

သင့်သွေးသည် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ ဘောလ်ပင်ကို တအားဖိလျက် သူ့ကို သူမက ပါးရိုက်နေသော ပုံ . . . ရေထဲတွန်းချနေသောပုံတွေကို ခပ်ကြမ်းကြမ်း ဆ လက်ရေးခြစ်လိုက်ပါသည်။

နောက်ဆုံး . . . သူ့ဆံပင်လေး သူမကတ်ကြေး သွားပုံကတော့ သူ့စိတ်တွေကို ဆွပေးနိုင်ခဲ့သည်။

သင့်သွေးသည် ဒေါသဖြင့် ဝုန်းခနဲ ထရပ်လိုက်သည် မျက်ဝန်းတွေကတော့ ရုပ်ပုံချပ်များဆီ စူးစိုက်နေသည်။ နောက် သူ့မျက်လုံးတွေ မှန်ချပ်တစ်ခုဆီ ရွေ့လျားသွားကာ . . .

"ဟော့ကောင် . . . သင့်သွေး၊ မင်းယောကျ်ား မ ဘူးလား။ ယောကျ်ားဆိုတာ စိတ်ဓာတ်ကြံ့ခိုင်ရ ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်တတ်တာဟာ လိုမိန်းမရစိတ်ပဲ၊ သိပ်ရှက်ဖို့ကောင်းတာကွ . ယောကျ်ားတစ်ယောက် ဖြစ်ရက်နဲ့ ကိုယ့်စိတ်ကိုမှ





မနိုင်၊ ဒူးထောက်အရှုံးပေးလိုက်ရတဲ့ အခြေအနေ မျိုးကို မင်းလုံးဝလက်မခံသင့်ဘူး . . . အဲဒါကို မင်း အမြဲအမှတ်ရနေရမယ် . . . ဆုံးဖြတ်ပြီးသားကိစ္စ တစ်ခု ဖြစ်မြောက်အောင်လုပ် . . . ပြတ်ပြတ်သား သားလုပ် . . . ဘယ်တော့မှ မတွေဝေနဲ့ . . . ဘယ် လိုအကြောင်းကြောင့်မှ နောက်မဆုတ်နဲ့၊ ဒူးထောက် အညံ့မခံနဲ့ . . ."

သူ့ကိုယ်သူ သတိပေးသံတွေဟာ ဦးနှောက်ထဲမှာ ပဲ့ တင်ညံနေသည်။ သေချာတယ်၊ အဲဒီအမိန့်ပေးသံကို သူ့ ဦး နှောက်က မဖြစ်မနေ လက်ခံရတော့မှာပဲ။ ဒါဖြင့် နှလုံး သားကကော။ သူသိနေသားပဲ မဟုတ်လား။ ခေါင်းခါငြင်းဆန် နေမယ့် သူ့နှလုံးသားကိုလေ။ သို့သော် နှလုံးသားရဲ့ အလိုဆန္ဒ သက်သက်အတွက်တော့ သူ့ရဲ့မာနတွေ အတ္တတွေကို စတေး ပစ်လို့ မဖြစ်ပါ။ သင့်သွေးဟာ ဘယ်တော့မှ ခပ်ညံ့ညံ့ယောကျ်ား တစ်ယောက် မဖြစ်စေရ။

သင့်သွေးရဲ့ မျက်ဝန်းတွေဟာ သိမ်းငှက်လို စူးရှဲနေ သည်။ ကင်းတင်းစေ့နေသော နှုတ်ခမ်းတွေဟာ ပြတ်သားမှုရဲ့ ပုံရိပ်ယောင်ပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သင့်သွေးသည် သူ့ကိုယ်သူ Training အကြိမ်ကြိမ်ပေးကာ ဆန့်ကျင်ဘက်စိတ်ဆန္ဒတစ်ခုကို မောင်းထုတ်ပစ်ခဲ့ရလေသည်။ ဆန္ဒကို မလွန်ဆန်နိုင်တဲ့ ယောကျ်ားတစ်ယောက်ဟာ နွားတစ်ကောင်နဲ့ ဘာများထူးလို့လဲ . . . သူကတော့ ဘယ်သောအခါမှ နွားတစ်ကောင်အဖြစ်ခံမည် မဟုတ်ပါ။

စိတ်ကိုလျှော့ချလိုက်သောအခါ သင့်သွေးသည် သက်ပြင်းတစ်ချက် ခပ်ကြမ်းကြမ်းရှိုက်လိုက်သည်။ သူ့ဆံပင်စတွေဟာ နဖူးပြင်ပေါ် ခပ်ရိုင်းရိုင်းပြိုဝဲကာ ချွေးများဖြင့် စိုထိုင်းနေသည်။

အဲကွန်းတပ်အခန်းဖြစ်ပါလျက် သူ့တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျနေသည်။ သူအနက်ရောင်စပို့ရှပ်လက်ရှည်ကို ဖျတ်ခနဲ ဆွဲချွတ်ကာ ခပ်ဝေးဝေးကို လွှင့်ပစ်လိုက်သည်။ ပြီး . . . အိမ်ရာပေါ် ဝရုန်းသုန်းကား ပစ်လှဲလိုက်မိလျက် . . . ခေါင်းဦးနှင့် မျက်နှာတင်းတင်းဖိအပ်ကာ . . . သူ့စိတ်တွေ ပျံ့လွင့်နေခဲ့တော့သည်။







ဘဲဥပုံရှည်မျောမျော မှန်ချပ်ရဲ့ရှေ့တွင် မိန်းမငယ်လေးတစ်ဦး ခပ်နွဲ့နွဲ့ ရပ်လျက်ရှိသည်။ သူမကလေးရဲ့ နှုတ်ခမ်းဖူးလေးသည် ပြုံးတော့မလိုလိုနှင့် တကယ်တမ်းမှာတော့ ပြုံးချင်သော စိတ်ဆန္ဒကိုထိန်းချုပ်ကာ တလှုပ်လှုပ်ကျော့ညွတ်မယောင်သည်။ ပြီးတော့ ပခုံးတွင် ထောက်နေသော ဆံပင်ပျော့ပျော့တွေကို လက်တစ်ဖက်နှင့် ဆွဲယူကာ . . . မျက်နှာပေါ်သို့ တစ်ချက်တစ်ပျက် ဖိအုပ်လိုက်သည်။ နောက်နှုတ်ခမ်းနှစ်ခုကြား . . ကပ်ညှပ်သွားသော ဆံမျှင်တွေကို နှုတ်ခမ်းနှင့် ဖိကပ်ထားကာ တဖြည်းဖြည်းကိုက်ဝါးရင်း ပြုံးယောင်သမ်းနေပြန်သည်။ ထိုသို့ စိုက်ကြည့်နေလျက်က ချက်ချင်းပင် ကော့ညွှတ်နေသော မျက်တောင်စိပ်စိပ်တွေ စင်းကျကာ တစ်စုံတစ်ခုကို ငြိုးသယောင် ငေးရီသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ လှစ်ခနဲပြုံးကာ ပခုံးတစ်ချက်တွ
နေသည်။ တကယ်တော့ အဲဒါဟာ တစ်စုံတစ်ရာကို စဉ်း
ရင်ခုန်နေတဲ့ မြီးကောင်ပေါက်ကလေးတစ်ယောက်ရဲ့ စိတ်
ရှားမှု ပြယုဂ်တစ်ခုသာ ဖြစ်သင့်ပါလျက် . . . ခုတော့ဖြင့်
မိန်းမငယ်လေးဟာ သဒ္ဒါရှုံပဲဖြစ်လို့နေခဲ့သည်။ ဟင့်အင်း
မဖြစ်သင့် . . . တစ်ခုခုတော့ လွဲမှားနေတာ သေချာသည်

သဒ္ဒါရှုံသည် ချက်ချင်းပင် အသိတရားဝင်လာ
မျက်နှာပေါ်က ဆံပင်တွေကို ဆတ်ခနဲပင့်ခါလျက် မျက်နှာ
ကို တင်းပစ်လိုက်မိသည်။ ဒီဆံပင်တွေကို ဒီလိုပဲပင့်ခါနေ
ယောကျ်ားတစ်ယောက်ရဲ့ ယုယမှုတစ်ခုကို သူမ မြင်ယော
တပ်မက်နေစရာအကြောင်း မရှိပါ။

စကားသံတချို့ကို ကြားယောင်ရင်း . . . ရင်ခုန်တ
လောက်အောင်လည်း သူမ မိုက်မဲဖို့ မသင့်ပါ . . . တ
တော့ ဒီလိုအဖြစ်မျိုးတွေကို သူမကိုယ်တိုင်ပဲ ဖန်တီးခဲ့သ
ကမိသည့်ဇာတ်ကို ပြီးအောင်ဆက်ကရမှာက သူမ တာဝ
သူမကို ညွှန်ကြားမည့် ဒါရိုက်တာ ဦးဦးငယ်ရဲ့အလိုကျ။ ပြီး
သူမပိုင်ဆိုင်ထားသော မာနတရား၏ အလိုကျ သဒ္ဒါရှုံ
တော့မည်။ ခုမှ ပွဲကစရုံပဲ ရှိပါသေးရဲ့ . . . မင်းသမီး





အလုပ်သဘောတွဲရမည့် မင်းသားအပေါ် စိတ်ယိုင်လာတာမျိုး
ကတော့ အင်မတန်ရှက်ဖွယ်ကောင်းလေ၅။

အလုပ်သဘော . . . ဒါဟာ အလုပ်သဘော၊ အဲဒီလိုပဲ
သူမ ခံယူမှုဖြစ်မည်။ သူမရဲ့ စိတ်နှလုံးကို နည်းနည်းလေးမှ
အစွန်းအထင်းခံလို့ မဖြစ်ပါ။





www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် ချစ်မြတ်နိုးကြသော အစစ်အမှန်ချစ်သူ နှစ်ဦးကြားသို့ သဝန်တိုခြင်းဟူသော အရိပ်အငွေ့များ ဝင်ရောက်လာသောအခါ ချစ်ခြင်းသည် ရှေ့ကထက်ပို၍ သက်ဝင်လှုပ်ရှားလာမှာ သေချာသည်။ စိတ်ညစ်စရာကောင်းမလိုလိုနဲ့ တကယ်တော့ အဲဒီလို ဝန်တိုဂြူစူမှုဟာ ပျော်စရာပဲ မဟုတ်လား။

ချစ်ခြင်းကို အေးခဲငြိမ်သက်မသွားအောင် "ဝန်တိုခြင်း" ဟူသော ပူလောင်လှုပ်ရှားမှုက လှုံ့ဆော်ပေးနိုင်သည်ဟု သဒ္ဒါ အတပ်ပြောရဲသည်။ သို့သော် ချစ်သူမမည်သော သူမနှင့် သင့်သွေးတို့ရဲ့ ဟန်ဆောင်ပွဲတွင်းသို့ အဲဒီဝန်တိုမှုက မဖိတ်ခေါ်ဘဲ ဝင်လာခဲ့တာဟာ တစ်ဆိတ်တော့ သွေးလန့်ချင်စရာကောင်းပါရဲ့။

ထိုအဖြစ်အပျက် အစပျိုးခဲ့တာက နှင်းမှုန်များပါးပါး နေသော ဆောင်ဦးကာလ၏ နံနက်ခင်းတစ်ခုမှာ ဖြစ်သည်။





အဲဒီနေ့က သဒ္ဒါရုံနဲ့ သင့်သွေးတို့နှစ်ဦးသည် ပထမဦးဆုံးအကြိမ် ဦးငယ်မသိသော အလုပ်တစ်ခုကို ခိုးလုပ်ခဲ့မိသောနေ့လည်း ဖြစ်ခဲ့သည်။

"ယုန်ကလေး မင်းတော်တော်အိပ်ပုပ်ကြီးတယ်ကွာ။ မနက်စောစောချိန်းထားရင် ဘယ်တော့မှ အချိန်မှန်မှန် ရောက်မလာဘူး . . . နာရီဝက်လောက်တော့ အမြဲ နောက်ကျတာပဲ၊ ဒီကြားထဲ အိပ်မှုန်စုံမွှားနဲ့ . . . မျက်နှာပြောင်ကလေး ဖြစ်လာသေးတယ်၊ မင်းကိုတော့ စည်းကမ်းလုပ်မှ ဖြစ်တော့မယ် . . . မနက်ဖြန်ကစပြီး နံနက် (၆)နာရီဆို အိပ်ရာကထရမယ် . . . (၇)နာရီ ကန်ပေါင်ပေါ် ရောက်အောင်လာခဲ့ . . . ကိုယ်စောင့်နေမယ် . . . စက်ဘီးလည်း ယူခဲ့မယ် . . . ယုန်ကလေးက စက်ဘီးစီးချင်တယ်ဆို . . . ကိုယ်သင်ပေးမယ် ဟုတ်လား"

ဟု သင့်သွေးပြောခဲ့စဉ်က တကယ်ပဲ ရုံ ပျော်ရွှင်သွားသည်။ ရုံနေထိုင်ရာ ခုနစ်မိုင်ဘက်နှင့် အင်းလျားကန်ဆိုတာ သိပ်လောက်မှ ဝေးလှတာလည်းမဟုတ် . . . ထိုခရီးလောက်ကိုတော့ဖြင့် ဘတ်စ်ကားနှင့်လည်း သွားရဲပါသည်။ သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုတော့ အကြောင်းပြရခက်လှသည်။

သူမသည် အတော်အတန် သတ္တိရှိလာခဲ့ပြီ ဖြစ်သည်။ အဲဒါဟာ ဘယ်လိုစွမ်းအားကြောင့်များပါလိမ့် . . . ရှုံမစဉ်းစား ချင်၊ ရှုံသည်ဖြစ်များဖြစ်နိုင်လျှင်ဖြင့် လက်ရှိယခုရောက်နေသော အချိန်ကာလကွက်ကွက်ကလေးကိုပဲ စဉ်းစားနေချင်မိပါရဲ့ . . . ကုန်လွန်ခဲ့တဲ့ကာလတွေဆီက အမုန်းတွေ၊ အငြိုးအတေးတွေ . . . အင်း . . . အဲဒါတွေကို ရှုံမေ့ထားလို့ မဖြစ်တာတော့ သေချာသည်။ တကယ်တော့ သင့်သွေးဟာ ရှုံကလဲ့စားချေရမည့် ရှုံအမုန်းဆုံး ယောကျ်ားတစ်ယောက်ပဲ မဟုတ်လား။ သူ[illegible] ပတ်သက်ပြီး လိုက်လျောညွှတ်ပျောင်းမိတာတွေဟာ အတ္တသ[illegible] သက်ပဲ ဖြစ်ရမည်။ ဟန်ဆောင်မှုတစ်ခုပဲ ဖြစ်ရှင့်သည်။ [illegible] များတောင် ရှုံသည် ဘာကိုမှန်းမသိ၊ စောဒကတက်ချင်နေ[illegible] သေးသည်။

နောက်တစ်နေ့ မနက်စောစောတွင် အိပ်ရာမှ စော[illegible] ထလျက် အပြင်သွားရန် ပြင်ဆင်နေသော ရှုံ့ကို မေမေ[illegible] အံ့ဩထူးဆန်းစွာ ကြည့်လျက် . . .

"အလို . . . ထူးထူးဆန်းဆန်း၊ စောစောစီးစီး အိပ်[illegible] *ထလို့ပါလား သမီးရဲ့ . . လှလို့ပလို့ ဘယ်သွားမလို့[illegible]*





ဟု မေမေက မေးလာခဲ့သောအခါ ဂျင်းဘောင်းဘီ [illegible]ိုးပြာရောင် အနားပွပွကလေးနှင့် ကော်လံပတ်လည် အပြာကြီး ကြီးကို နှစ်ခေါက်ခေါက်၍ ဝတ်ရသော ခေါင်းစွပ်ဆွယ်တာ အဖြူပွပွကလေး ဝတ်လျက် ထိပ်ဖျားတွင် ဖုသီးကလေးပါသော သိုးမွေး ခေါင်းစွပ်ကလေးစွပ်ထားသော ရှုံသည် ဘာဖြေရမှန်း [illegible]သိ ထိတ်လန့်သွားခဲ့ရသည်။ မေမေကတော့ ရှုံ့ရဲ့ အိပ်ရာထစ [illegible]မျက်နှာကြည်ကြည်လင်လင်ကလေးကို ချစ်မြတ်နိုးစွာ စိုက် ကြည့်နေသည်။

ရှုံသည် ဟန်ဆောင်ခြင်းအတတ်ပညာကို တတ်မြောက် [illegible]အားတာ မကြာသေးတာမို့ . . . မေမေ့ရဲ့ ကိုယ်လုံးအိအိကြီးကို [illegible]ပြေးဖက်ပစ်လိုက်ရင်း . . .

"အိပ်ရာစောစောထတော့ မကောင်းဘူးလား မေကြီးရဲ့၊ ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့ . . . ရှုံက သိပ်အိပ်ပုပ် ကြီးတာလေ၊ တော်ကြာ ဖက်တီးကြီးဖြစ်လာမှာစိုးလို့ မနက်စာစောစော လမ်းလျှောက်ထွက်မလို့"

"ဟဲ့ ဖြစ်ပါ့မလား . . . သမီးရဲ့၊ တစ်ယောက်တည်း အဖော်လည်းမပါဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ ရှုံ ပြည်လမ်းအတိုင်းလျှောက်မှာ၊ လူလည်း မပြတ်ပါဘူး၊ ဒီအချိန်ဆို လမ်းလျှောက်တဲ့သူတွေ ပြေး တဲ့သူတွေ ရှိပါတယ်"

"သမီး သူငယ်ချင်းတစ်ယောက်ကို ဖုန်းဆက်ပြီး ခေါ် လိုက်ပါလား အဖော်ရအောင်လေ"

"သူတို့က ရှုံ့ထက်တောင်ဆိုးသေး . . . နေဖင်ထိုး တောင် ထိုးမှာ မဟုတ်ဘူး . . . ညဘက် အခွေ ခွေလောက် ထိုင်ကြည့်ပြီး မနက်ဆို အပျင်းထူ ကြတာ"

ရှုံက ဆင်ခြေတစ်ခုကို မဆိုင်းမတွပြန်ပေးနိုင်ခဲ့သည်။ တကယ်ဆို ရှုံ့သူငယ်ချင်းတွေကို ရှုံအနိုင်ကျင့်လို့ရသားပဲ။ တွေ တဂွမ်ဂွမ်ခေါ်ကာ . . . "ဟိတ် လာဆိုလာခဲ့၊ ဒါပဲ" တစ်ချက်လွှတ် အမိန့်ချရုံနဲ့ . . . ရှုံ့သူငယ်ချင်းတွေဟာ အိပ် စုံမွှားနဲ့ပဲ ဖြစ်ဖြစ် ထလာကြမှာ သေချာသည်။ သို့သော် ရှုံ အမှန်အတိုင်းပြောချင်သည်မှာ ခုလိုအချိန်မျိုးတွင် သူတို့ အလို မရှိခြင်းပါပဲ။

ရှုံသည် ကျောင်းပိတ်ရက်များကိုလည်း မသိ မုန်းတီးစပြုလာပြီဖြစ်သည်။ ဘုရားရေ . . . အဲဒါဟာ





ကြောင့်များပါလိမ့်၊ ရှုံက အထိတ်တလန့်တွေးမိသည်။ တကယ်တော့ ရှုံ သူနဲ့ခဏခဏတွေ့ချင်နေတာ၊ သူ့စကားတွေကို နားခံနေမိတာတွေဟာ ရှုံရဲ့လှည့်စားဖြားယောင်းမှုတွေ ပိုမိုအသက်ဝင်လာဖို့ပဲ၊ သူနဲ့များများတွေ့ရမှ သူ့ရဲ့သံယောဇဉ်ကို ရှုံများများရမည်။ ဒါဆို သူ့ကို များများအနိုင်ရဖို့သေချာသည်။

"မေမေလည်း ရှုံကလေးနဲ့ အဖော်လိုက်ပေးချင်ပါတယ်။ ဒါပေမဲ့ ခုနစ်နာရီခွဲလောက်အရောက်သွားရမယ့် အလုပ်ကိစ္စတစ်ခုကလည်း ရှိနေတယ်"

"ရပါတယ် မေမေရဲ့ . . . ရှုံ့အတွက် စိတ်ချ၊ မေမေ သွားစရာရှိတာသာ ဖြောင့်ဖြောင့်သွား၊ ရှုံက သူငယ်နှပ်စားလေးမှ မဟုတ်တော့တာ၊ ရှုံသွားတော့မယ်နော်မေ့"

"ကဲ သွား . . . သွား . . . သိပ်ဝေးဝေးမသွားနဲ့နော် . . . အပြန်တက္ကစီဖြစ်ဖြစ် ငှားပြန်လာခဲ့"

"ဟုတ်"

မေမေသည် ရှုံကို စိတ်မချလက်မချနှင့်ပင် ခွင့်ပြုလိုက်သည်။ ရှုံက မေမေ့ကို ဖျတ်ခနဲ နမ်းပြီး အိမ်ပေါ်မှ ခုန်ပေါက်ပြေးဆင်းလာသည်။ သို့သော် ရှုံ့ခြေလှမ်းတွေသည် ဦးဦးငယ်ကို တွေ့သည်နှင့် ရုတ်တရက် တုံ့ဆိုင်းသွားသည်။ ရှုံ့ထံအေးစောစီး



www.burmeseclassic.com

www.burmeseclassic.com



စွာ နိုးထတတ်သော ဦးဦးငယ်သည် ရှုတို့ခြံထောင့်ပန်းခြံထဲက ရေပန်းမွှားလေးကို စိုက်ကြည့်ရင်း ဘီးတပ်ကုလားထိုင်ထက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်။

ဦးဦးငယ်ကို လျစ်လျူရှုဖို့ရာ ဘယ်တုန်းကမှ မကြိုးစားခဲ့သော ရှုသည် ဦးဦးငယ်ရဲ့နောက်ကျောဘက်မှ တိတ်တဆိတ် ထွက်ခွာသွားလျှင်ဖြစ်သော်လည်း ထိုသို့ မလုပ်ရက်၊ ရှုသည် ဦးဦးငယ်နံဘေးရှေ့တွင် သွားရပ်မိပြီး . . .

"ဦးဦးငယ် ရှုလမ်းလျှောက်ထွက်မလို့"

"တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"သေချာတယ်နော်"

"ဦးငယ် ဘာဖြစ်လို့ အဲဒီလိုမေးတာလဲ"

ရှုက ဦးဦးငယ်ကို စောဒကပြန်တက်လိုက်သည်။ သူ့ညွှန်ကြားချက်ဖြင့် ရည်းစားထားနေရသော ရှုကို အခုလို မယုံသင်္ကာတွေ မေးစရာမှ မလိုဘဲ . . .

ရှု သင့်သွေးနဲ့သွားရင် ဦးဦးငယ် ပိုကျေနပ်ရမှာ မဟုတ်လား။





"ရှုကို ဦးဦးငယ်တစ်ခုတော့ သတိပေးချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ သင့်သွေးကို လှည့်စားတယ် ဆိုတဲ့နေရာမှာ ပါးရေနပ်ရေရှိဖို့ပဲ . . . သူ့ဆီက ငြိတွယ်မှုကို လိုအပ်တာ မှန်တယ်၊ ဒါပေမဲ့ သူနဲ့ အချိန်တိုင်း တတွဲတွဲရှိနေဖို့တော့ မလိုဘူး . . . သူ ချိန်းတိုင်း သွားဖို့လည်း မလိုဘူး၊ ရှုနစ်နာမှာကိုတော့ ဦးငယ် မလိုလားတာ အမှန်ပဲ၊ အခု ရှုစောစောထပြီး လမ်းလျှောက်ထွက်မယ်ဆိုတော့ ဦးငယ်စိတ်ထဲ ထူးဆန်းနေတယ် . . . အန္တရာယ်ရဲ့ အငွေ့အသက် တစ်ခု ရလိုက်သလိုပဲ၊ ရှု မှန်မှန်ဖြေစမ်း၊ အခု သင့်သွေးနဲ့ ချိန်းထားလား"

"အို မဟုတ်ပါဘူး ဦးငယ်ရဲ့"

ရှုက အင်မတန်လျင်မြန်စွာ ငြင်းဆိုလိုက်ပါသည်။ သို့သော် ရင်ထဲမှာတော့ ဦးငယ်ကို ကြောက်ရွံ့ကာ လိပ်ပြာငယ်နေသည်။ ရှုကို စိုက်ကြည့်နေတဲ့ ဦးငယ်ရဲ့ မျက်ဝန်းတွေဟာ သင်းယုန်တစ်ကောင်လို စူးရဲလွန်းသည် . . . ရင်မဆိုင်ရဲ။

"ရှုကလေးကို တစ်ခုတော့ သတိပေးလိုက်မယ် . . . ညည်းနဲ့ သင့်သွေးရဲ့ သမီးရည်းစားဘဝဟာ ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှု သက်သက်ပဲ၊ အဲဒါကို ရုံကလေး အမြဲသတိရ နေရမယ်”

“ဟုတ်ကဲ့ပါ”

“သိပ်မကြာခင်ကာလတစ်ခုမှာ ရုံ သင့်သွေးကို အဆက် ဖြတ်ရတော့မယ်ဆိုတာကိုလည်း ရုံ့ခေါင်းထဲ အမြဲထည့် ထား”

“ဟုတ်ကဲ့”

“အိုကေ . . . ဒါဆို ရုံသွားလို့ရပြီ၊ ရုံ ဦးဦးငယ်ကိုတော့ မညာရက်ဘူးဆိုတာ ဦးငယ်ယုံတယ် . . . ရုံ့ရဲ့ လှုပ် ရှားမှုတွေဟာ ဦးငယ်ရဲ့ ညွှန်ကြားမှုအောက်မှာပဲ ရှိရ မယ် . . . ဦးငယ်ကို ကျော်ပြီး ရုံကလေး ဘာတစ်ခု မလုပ်နဲ့ . . . ဩော် . . . တစ်ခုတော့ရှိတယ် . . . ရုံ သူ့ကိုပြုစားနိုင်သမျှပြုစား ကြားလား။ သူသဝန်တို အောင် တစ်ခုခုဖန်တီးပေးဝေ့၊ အဲဒါဆို သူရုံ့ကို ဘယ် လောက်ချစ်နေပြီဆိုတာ ခန့်မှန်းနိုင်တယ်။ သူ့ရဲ့ ပေါက် ကွဲမှုများလေ ရုံ့ကို သိပ်ချစ်တယ်ဆိုတာ သေချာလေ”

တစ်ခါတစ်ခါတော့ ဦးငယ်ရဲ့အယူအဆတွေကို ရုံနိုင် ပျက်သည်။ ရုံ့ရဲ့အဖြူထည်စိတ်ကို ဦးဦးငယ်ပဲ ဆေးဆိုးပေး





တာ မဟုတ်လား။ ဦးဦးငယ်ကို သနားစိတ်ဖြင့် ဦးဦးငယ်အလိုကျ သရုပ်ဆောင်ခဲ့သော၊ ဦးဦးငယ်ကို ဘယ်တုန်းကမှ လိမ်ညာဖို့ စိတ်မကူးခဲ့သော ရုံသည် ဒီတစ်ခါ ဦးဦးငယ်ကို ပထမဆုံးအကြိမ် လိမ်ညာခဲ့ခြင်းလည်း ဖြစ်သည်။

အဲဒီနေ့က သင့်သွေးဆီသို့ သွားခဲ့မိခြင်းက ရုံ့ကို ဝန်တို ဒေါသထွက်အောင် ဖန်တီးမည့်အခြေအနေတစ်ခုကို ပက်ပင်း တိုးစေခဲ့တာ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ပါးပါးဝေ့ဝဲနေသော နှင်းမှုန်များကြားသို့ သင့်သွေးရဲ့ ပြိုင်ဘီးအနီလေးက တရိပ်ရိပ်တိုးဝင်နေသည်။ လမ်းမီးတွေပင် မပိတ်သေး။ သူကစောစီးစွာ ဝီရိယကောင်းနေခဲ့သည်။ သဒ္ဒါနဲ့ တို့ အိမ်ရှေ့ကအဖြတ်မှာ အိမ်ဘက်သို့သူလှည့်ကြည့်ခဲ့သေး သည်။ သို့သော် အုတ်တံတိုင်းမြင့်မြင့်က သူ့မြင်ကွင်းတွေကို ပိတ်ဆို့ထားသည်။ သင့်သွေးတို့ဘက်မှ ခြံစည်းရိုးကိုပင် ပုဏ္ဏရိုက် ပင်တန်းအစား အုတ်ရိုးဖြူမြင့်မြင့် အစားထိုးခဲ့တာ သဒ္ဒါနဲ့ ဦးငယ်ရဲ့စနက်ပဲဖြစ်မှာ သေချာသည်။

သို့သော် . . . ခင်ဗျားကြီး အခုဘာတတ်နိုင်သေးလဲ သင့်သွေးက ခေါင်းမော့ကာ တဟက်ဟက်ရယ်သည်။ သို့သော် ရယ်သံက ခြောက်ကပ်ကပ်နိုင်ပြီး စိတ်ထဲမှာ ဘယ်လိုမှ မပျော် နိုင်တာ ထူးဆန်းသည်။





"ခင်ဗျားကြီး ဘယ်လောက်ပဲမုန်းခိုင်းမုန်း . . . ခိုင်း ခင်ဗျား တူမက အခုကျုပ်ကိုချစ်နေပြီလေ" . . . ဟု သူပျော်ရွှင်စွာ အောင်ခံပွဲခံနိုင်ဖို့သင့်သည်။ သို့သော် . . . အဲဒီလိုစဉ်းစားတိုင်း သူ့ရင်ထဲမှာလေးပြီး မွန်းကျပ်လာသည်။

သင့်သွေးသည် စက်ဘီးကို ကန့်ပေါင်ပေါ်သို့ နင်းတက် လာခဲ့သည်။ ခြံချင်းကပ်ဖြစ်ပါလျက် အတူလာခွင့်မရခဲ့။ ယုန် ကလေးက သူ့မေမေတွေ့သွားမှာကို အသေကြောက်ရသူ ဖြစ် သည်။

"မေမေနဲ့တိုးရင် မလွယ်ဘူး သင့်သွေးရဲ့ . . . ရှင်နဲ့ ကျုပ်တွေ့ရင် ဒီအနီးအနားမှာ တွေ့လို့မဖြစ်ဘူး၊ အတူ သွားကြဖို့ဆိုတာ ဝေးရော"

ဟု ပြောခဲ့စဉ်က သင့်သွေးက နည်းနည်းအံ့သြသွားကာ . . .

"ယုန်ကလေးက မေမေ့ပဲကြောက်တာလား၊ ဦးဦးငယ် က သိပ်ဒေါသကြီးတာဆို၊ ဦးဦးငယ်ကိုကောမကြောက် ဘူးလား"

"ကြောက်တော့ကြောက်ပါတယ် ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ သူက ရှုံ သင့်သွေးနဲ့ တွဲနေတာကို ကြိုက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာကွာ"

"ဖြစ်နိုင်လို့ပြောနေတာ၊ တော်တော့ ရှင်ဦးငယ်နဲ့ပတ်သက်ပြီး ဘာမှလာမပြောနဲ့ . . . တော်ပြီ ဒီစကား ဒီ တင်ရပ် . . . ရှင့်လျှာကလေး အစသိပ်ရှည်တာပဲ"

ရုံက အဲဒီလို မိန်းကလေးဖြစ်သည်။ သူမပိတ်ပင်ထားတာကို သင့်သွေးနာခံခဲ့ရပေါင်းများပြီ ဖြစ်သည်။

သင့်သွေးသည် ကန်ပေါင်ပေါ်တွင် စက်ဘီးကို ခေါက်တံ့ခေါက်ပြန်နင်းရင်း သဒ္ဒါရုံကို ကြိုစောင့်နေခဲ့သည်။ အတန်ကြာလျှင် သွယ်သွယ်မြင့်မြင့်ပုံရိပ်ကလေးတစ်ခုသည် တံတားဖြူ လေ့ကားထစ်များကိုနင်း၍ တက်လာသည်ကို လှမ်းမြင်လိုက်သည်။

သိုးမွေးခေါင်းစွပ်အဖြူလေးအောက်မှ ဆံမျှင်စတွေ ဝေ့ဝဲလျက် အာငွေ့ဖြူဖြူတွေကို ပါးစပ်ဟ၍ မှုတ်ထုတ်ရင်း တက်လာသောသူမကိုတွေ့သည်တွင် သူစက်ဘီးကိုခြေထောက်ရပ်လိုက်ရင်း . . . ထိုမိန်းကလေးကို သတိလက်လွတ် ငေးကြည့်လိုက်မိသည်။ ဒီမိန်းကလေးနဲ့ မကြာခင်ခွဲရတော့မှာပဲ၊ သူတို့ယောက်ကို ခွဲမည့်အရာက သူ့ရဲ့ယောက်ျားမာနဖြစ်သည်။







ထရက်ဆုဘောင်းဘီရှည်နီညိုရောင်က သင့်သွေးနဲ့ သိပ်ကိုကြည့်ကောင်းတာပဲ။ ဂျာကင်အိတ်ထဲ လက်နှိုက်လျက် မှိုင်ဘီးပေါ်မှ ခြေတစ်ဖက်ထောက်ရပ်ရင်း ရုံ့ကို လှမ်းငေးနေပုံမှာ ဆွေးဆွေးမြည့်မြည့်ရှိလှသဖြင့် သူကို မော့ကြည့်နေရင်းကပင် ရုံ့ရင်သည် စည်းချက်မှန်မှန်ခုန်လာသည်။ သို့သော် အဲဒီရင်ခုန်သံသည် သဒ္ဒါရုံအတွက် မလိုအပ်ပါ။ ရုံသည် ရင်ခုန်သံမလိုသော ဘွဲ့ရားတစ်ခုကို ဆောင်ရွက်နေခြင်း ဖြစ်သည်။

သူက ရုံ့ကို စိုက်ငေးရီကြည့်ရင်းက သတိဝင်လာပုံနှင့် စက်ဘီးကို လွှားခနဲ ကျော်ဆင်းလာသည်။ ပြီး လမ်းမီးတိုင်ကို မှီရပ်ထားခဲ့ကာ ရုံ့ထံလက်ကမ်းကြိုလေသည်။ သူ့လက်ဖဝါးထဲ လက်ကလေးနစ်ဝင်သွားလျှင် ရုံ့ရင်ထဲ နွေးသွားရပါရဲ့။

"ယုန်ကလေးက ချစ်ဖို့ကောင်းတယ် . . . သိပ်လှမှာပဲ ပြောစကားနားထောင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်တော် . . . ရှင့်စကား နားထောင်ရတာ မဟုတ်ပါဘူး၊ ကျုပ်အာသာစက်ဘီးစီးသင်ချင်လို့ စောစောထလာရတာ . . . ရှင်ပဲ ကျုပ်ကို စက်ဘီးစီးသင်ပေးမယ် လေးဘာလေးနဲ့ ဖြားယောင်းသွေးဆောင်ပြီးတော့မျှား"

"အကြောင်းမပြပါနဲ့ကွာ . . . ကိုယ်နဲ့တွေ့ချင်ရင် တွေ့ချင်တယ်ပေါ့ . . . ချစ်သူတွေချင်း . . . ပဲမျှားမနေပါနဲ့တော့"

"ရှင်သာပဲမျှားတာ . . . ကျုပ်က ပဲမမျှားဘူး"

"မျှားပါတယ်"

"မျှားရင်လည်း အဲဒီပဲတွေ ရှင်ပဲ ချက်စားလိုက်တော့"

"ရုံ ချက်ပေးရမှာလေကွာ၊ အိမ်ရှင်မက ချက်ပေးမှ အိမ်ဦးနတ်က စားရမှာပေါ့"

"လဲသေလိုက်"

"ယုန်ကလေးပဲ မုဆိုးမဖြစ်မှာနော်"

"အစုတ်ပလုတ်ကောင် ရှင်သာမုဆိုးဖို"

"ဟာ . . . မသေပါနဲ့ဦး ယုန်ကလေးရာ . . . ငယ်ငယ်လေးပဲရှိသေးတယ်လေ"

နှုတ်ခမ်းက ကဗျာတစ်ပုဒ်လို လှုပ်နေသည်။ တကယ်





တော့ . . . ဒါဟာ ရုပ်ရှင်ကားတစ်ကားရဲ့ ဇာတ်ဝင်ခန်းတစ်ခုပဲဆိုကြပါစို့ . . . ဟန်ဆောင်ထားကြသည်ဆိုဦးတော့ ဒီမြင်ကွင်းဟာ လောလောဆယ်မှာ ကြည်နူးစရာကောင်းနေတာတော့ သေချာသည်။ ကလက်ကိုရှမရိုက်ခင်အချိန်လေးထိဆိုပါတော့ . . .

စက်ဘီးပေါ်တွင် ကယိုင်ကထိုးဖြစ်နေသော သဒ္ဒါရုံ့ကို သင့်သွေးက သူ့ရင်ခွင်ဖြင့် မှေးထိန်းထားခိုက်မှာ ရုံသည် ရင်ခုန်ရင်းနှင့်ပင် ငိုချင်လာခဲ့သည်။ ရုံ့ကိုလွှတ်ပေးပြီး သူတဘေးမှ ပြေးလိုက်နေသောအချိန်များမှာတော့ ရုံနှစ်နှစ်မြိုက်မြိုက် ရယ်မောရင်း . . . စက်ဘီးလမှာကို မကြောက်မိတော့။ ရုံ့ကို အကွယ်ပေးနိုင်မည့် သင့်သွေးကို ရုံ ယုံကြည်အားကိုးထားသည်။

"စိတ်ချ ယုန်ကလေးအနာတရမဖြစ်အောင် ကိုယ် သေသေချာချာ သင်ပေးမယ်"

သူက ကတိပေးခဲ့သေးသည်။ ရုံ ကြောက်နေစရာမှ မလိုတော့တာ။

"အိုကေ . . . အိုကေ . . . ဟုတ်ပြီ ရဲရဲနင်း၊ ကြော် . . . ဟာ ဒီခါးလေးကစောင်းစောင်းမသွားစမ်းနဲ့ကွာ၊ ဟန်ဒယ်ကို တည့်တည့်ကိုင်လေ၊ ဟော စောင်းသွားပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ခါးကစောင်းလိုက်၊ ဟန်ဒယ်ကစောင်းလိုက်နဲ့ ကျွ... စိတ်တိုလာပြီနော် . . . ခင်ဗျား အဲဒီခါးက ဘာဖြစ်... ဒီလို ဒီလို လိမ်တွန့်လိမ်တွန့်ဖြစ်နေရတာလဲ၊ ကျွ... . . . ကျုပ်ကိုင်ပြီး တည့်ပေးရမှာ အားနာလို့နော် . . . အသည်းယားလာပြီကွ ဆင်း. . . ဆင်း. . . ပြန်ဆ... ဦး၊ ကျုပ်စီးတာပြန်ကြည့်၊ သေသေချာချာကြည့်" သူ့ခါးကို လိမ်ပြပြီး ရှုံ့လုပ်သလိုလုပ်ပြနေပုံကိုကြည့်... ရုံက ခပ်ကျယ်ကျယ်အော်ရယ်လိုက်လေသည်။

"ဟိတ် ဘာရယ်တာလဲ"

"ရယ်ချင်လို့ပေါ့ . . . ရှင့်ပုံက ဖြစ်နေတာ . . . အခြောက်ကြီးကျနေတာပဲ ရောင်းစားပါလား"

"ဘာကိုလဲ"

"ရှောက်သီးဆေးပြားကိုလေ. . .၊ သေချာတယ်. . . အဲဒီရုပ်ရည်ကလေးနဲ့ရောင်းရင်. . . ပြိုက်ခနဲကုန်..."

"ယုန်စုတ်မ"

"ဟယ်ပြောရင်းဆိုရင်း . . . မိန်းမကြီးလို ပြော..."

"ယုန်ကလေးနော် . . . ကျုပ်ကို အသည်းယား... လာလုပ်မနေနဲ့ ကိုက်စားပစ်မယ် ဘာမှတ်လဲ"





"ကြောက်စရာ၊ ကျုပ်က ရေမချိုးရသေးဘူးတော့"

ဇရုတ်ကျကျစကားတွေပြောရင်း ပေ့ါပါးရွှင်မြူးနေမိတာကို ရုံဝန်မခံချင်လည်း မရတော့. . .။ သို့သော် ဒါဟာ တဒင်္ဂသာယာမှုပဲဖြစ်ရမည်။ ဆန့်ကျင်ဘက်ဆိုတာ ဘယ်လိုကြောင့်ပဲ . . . ပတ်သက်ပတ်သက် အနည်းနဲ့အများဆိုသလို မသိစိတ်ကသာယာမှာပဲ အဲဒီယစ်မူးမှုကို အချစ်လို့ယူဆလို့ မဖြစ်နိုင်ပါ။

ရုံမုန်းတီးသော လက်စားချေရန် ရည်ရွယ်ပြီးတေးထားသော ယောက်ျားတစ်ယောက်အပေါ် အင်မတန်ပြင်းရှုလောင်သော ဝန်တိုခြင်းတွေကို လက်ခံရရှိလိမ့်မည်ဆိုတာကို ရုံ ဘယ်...ုန်းကမှ မျှော်လင့်မထားခဲ့မိပါ။

သို့သော် . . . ထိုနေ့မနက်ခင်းမှာပဲ အဲဒီခံစားမှုကို ရုံ ...ပြတကြီးလက်ခံလိုက်ရလေသည်။

အဲဒီအခိုက်မှာပင် ရုံ မတတ်တတတ် စက်ဘီးစီးနေ...သည့်နောက်သို့ တဖုတ်ဖုတ်ပြေးလိုက်ထိန်းကိုင်ပေးနေသော ...င့်သွေးနှင့် မျက်နှာချင်းဆိုင်အရပ်မှ ဘောင်းဘီတိုအနက်...ောင်. . . စပို့ရှပ် ကြက်သွေးရောင်ဝတ်လျက် တရွေ့ရွေ့ပြေး...ာနေသော မိန်းကလေးသည် သင့်သွေးကိုမြင်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . . ဟိတ် ယူ ကြိုးစားလှချည်လား . . . ဒါ သွေး စက်ဘီးကလေးလား အနီရောင်ကလေး ကိုယ့် အကျီ အရောင်အတိုင်းပဲ၊ ဘရဏီသိပ်ကြိုက်တဲ့ အရောင်ကလေးပေါ့ . . . အဲဒါမျိုးဘီးကလေးစီးချ တာ ကြာပြီ၊ မာမီတို့က ကားတော့ဝယ်ပေးပြီး စက်ဘီး ကလေးတစ်စီး ဝယ်ပေးဖို့ကျ ကပ်စေးနည်းနေလို့ တာ . . . သွေး ဘရဏီကို ခဏပေးစီးကွာ"

သင့်သွေးနံဘေးမှ ပြန်ပြေးလိုက် ပြီးတော့ သင့်သွေး၏ လက်မောင်းကိုပင် ဆွဲထားလိုက်သေး . . . သိပ်ကို ရင်းနှီး တယ်ပေါ့လေ . . . ရှုံသည် စက်ဘီးကို အာရုံစိုက်စီးနေရာ အာရုံတွေ ထွေပြားကာ ဟန်ဒယ်ကခါးယမ်းချင်လာသည်။ သင့်သွေးက ဘရဏီနှင့်အတူ နောက်ချန်နေခဲ့ခြင်းက ရှုံကို ဒေါ သောက်တည်ရာမဲ့စေသည်။

ရှုံ့နောက်မှာ သင့်သွေးပါမလာတော့ဘူးဟူသော အသိ က ရှုံ့ကို အားငယ်စေသည်။ ဒေါသကလည်း တစ်ငွေ့ငွေ့ ထွက် လာပြန်သေးသည်။

ရှုံသည် ဖျတ်ခနဲ နောက်သို့လှည့်အကြည့်တွင် . . .

"အံမယ်လေး သေပါပြီ"





"ဟာ . . . ရှုံ လဲပြီ"

စက်ဘီးမှာအရှိန်သေ . . . ဟန်ဒယ်ခေါက်ကာ . . . ချွန်းသုန်းကားလဲပြိုသွားပြီး . . . ရှုံ့ကိုယ်လေးမှာ စက်ဘီး အောက်တွင် ပိနေသည်။ သင့်သွေးသည် ရှုံထံသို့ တစ်ရှိန်ထိုး ပြေးလာသည်၊ သို့သော် ရှုံ့ဒေါသက အထွင့်အထိပ်သို့ ရောက် နေပြီ။

"ဘာခုမှ အပိုတွေလာလုပ်နေတာလဲ၊ မထူနဲ့ . . . သွား . . . ရှင့်ဟာမဆိပဲသွား၊ အဲဒီစက်ဘီးလည်း သူ့ကိုပဲ ပေးစီးလိုက်"

ရှုံက ရှုံ့ကိုထူမပေးမည်ပြင်သော သူ့ကို တွန်းထုတ် လိုက်တာမို့ သူကမြက်ခင်းစပ်သို့ ဖင်ထိုင်လဲကျသွားသည်။

"ဟာ ယုန်စုတ်မ . . . အဲဒါက ဘာဖြစ်ရတာလဲ၊ ဘရဏီက သူငယ်ချင်းကွ၊ ရှုံလည်း သိသားပဲ"

"သိတယ် . . . သိတယ် အီစီကလီသူငယ်ချင်းဆိုတာ လဲ သိနေတယ်"

"အေး . . . သိရင်ပြီးတာပဲ"

"ဩော် . . . သင့်သွေးစုတ် ရှင်ကအဲ့လိုလား"

ရှုံသည် . . . ဒေါသနှင့် နာကျည်းလာသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲဝမ်းနည်းလာကာ ချက်ချင်းပင် မျက်ရည်ဝဲလာသည်။ ရှုံ့ မျက်ရည်တွေကိုမြင်တော့ သင့်သွေးသည် ဖုတ်ဖက်ခါထထိုင်ရင်း က ပြုံးစေ့စေ့လုပ်ရင်း . . .

"ယုန်ကလေးကကွာ. . . စ လို့လည်း စမှန်းမသိ"

"ဒီမှာ သေသေချာချာနားထောင် . . အဲဒီသူငယ်မက

"ခေါ်ခေါ် . . . သူငယ်မတို့ ကလေးမတို့ အဲဒီလို ခေါ် စနိုးသာခေါ် ကျွန်မကိုတော့ ယုန်စုတ်မလို့ခေါ်"

"တဲ့ကွာ . . . ဒါဆို ယုန်ကလေး မကြိုက်တာမခေါ်ဘူး . . . အဲဒီမိန်းမက တဲ့ အဲဒီလိုပြောမယ်"

"ဟုတ်တာပေါ့ . . . ကိုယ့်မိန်းမဆိုတာ အဲဒီလိုပဲ ပိုင် ပိုင်နင်းခေါ်ရတယ်"

"တဲ . . . အဲဒီကောင်မကကွာ . . . ကိုယ့်ကိုအ ဆွဲထားတယ်ကွာ ပတ်ချွဲနပ်ချွဲတွေ ပြောတယ်ကွာ . . . ကိုယ်မကြိုက်ဘူးကွာ။ ပေးမစီးနိုင်ဘူး . . . ယု လေး စီးနေတာအချိန်မရလို့ ဆောရီးပဲလို့ အား လျှာမကျိုးပြောခဲ့တယ်ကွာ . . . အဲဒါတွေကျ မကြားဘဲ၊ မသိဘဲနဲ့ လျှောက်ပြောမနေနဲ့"





"ရှင်က အားနာချင်သေးလို့လား . . . အဲဒါနဲ့ပဲ ရှုံ့ကို ဒီအတိုင်းပဲ လွှတ်ပေးရက်သလား . . . ရှုံ့လဲတာ ရှင့်ကြောင့် ရှင်မွှန်နေလို့"

"ဟာ ရှုံ့ကလဲကွာ. . . ဟိုသူငယ်မက အဲဆောရီး ဟိုကောင်မက အတင်းကြီး ဒီလို ဒီလိုဆွဲထားတာကွာ . . . ကိုယ်အတင်းရုန်းလို့ကောင်းမလား . . . ပြီးတော့ ရှုံ့လည်း တော်တော်စီးတတ်နေတာ၊ မလဲနိုင်ဘူး ထင်တာပေါ့"

"မဟုတ်ပါဘူး ရှင့်ကိုက မရုန်းချင်တာနေမှာ"

ရှုံ့က ကပ်သီးကပ်ဖဲ့တွေပြောနေတာမို့ . . . သင့်သွေး ာ လက်မြှောက်အရှုံးပေးရင်းက သဘောကျအော်ရယ်လေ သည်။ ပြီး ရှုံ့မျက်နှာကို ညှို့ငင်ရီဝေစွာ စိုက်ကြည့်ရင်း . . .

"ယုန်ကလေးရာ . . . သဝန်တိုတတ်လိုက်တာကွာ"

ာ ခပ်တိုးတိုးပြောလေသည်။ ထိုစကားကို ကြားလျှင် ရှုံ့သည် ပ်မက်မှ လန့်နိုးသူလို ဆတ်ခနဲတုန်ရင်သွားသည်။ "ဟင့်အင်း . . . မဟုတ်ဘူး၊ ရှုံ့ သဝန်တိုတာမဟုတ်ဘူး" ရှုံ့က ငွတ်ငြင်းဆန် တ်သည်။ သို့သော် ရှုံ့ရဲ့ ရင်ဘတ်ထဲက ပြင်းပြသော ပူလောင် နစ်မှုကို ဘယ်လိုများလျစ်လျူရှုရပ့် . . .



www.burmeseclassic.com

www.burmeseclassic.com



ရှုံသည် . . . တစ်စတစ်စနှင့် အစိုးမရသော စိတ်တို့အတွက်ကိုယ့်ကိုကိုယ်မယုံရဲတော့ . . .

သင့်သွေးကတော့ သဒ္ဒါရှုံမျက်နှာကလေးကို ငေးကြည့်ရင်း သူ့စိတ်ထဲကတော့ ကြည်နူးစိတ်ဖြင့် ပျောင်းညွတ်နေသည်။ သူမကလေးရဲ့ သဝန်တိုမှုအတွက် သူအလွန်အမင်း ကျေနပ်ပျော်ရွှင်သည်။

မင်း ဘာမှမသိဘဲကိုး သဒ္ဒါရှုံရယ် . . . မင်း သိပ်ချစ်နေတဲ့ ယောက်ျားတစ်ယောက်ရဲ့ လှည့်စားဖြားယောင်းမှုကို သိပ်မကြာခင် လက်ခံရတော့မယ်ဆိုတာကိုသာ မင်းသိခဲ့ရင် . . . ကိုယ်မတွေးပါရစေနဲ့တော့ . . .

သူတို့နှစ်ဦးသည် ချက်ချင်းလိုပင် . . . အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားခဲ့သည်။

အရှေ့ကန်ရေပြင်ဘက်မှ ထွက်ပြူလာသော နေလုံးနီနီကို ငေးကြည့်ရင်း ကိုယ်ပိုင်ဆုံးဖြတ်ချက်တစ်ခုစီအတွက် ကြေကွဲနာကျင်နေရတာတော့ သေချာသည်။ သူတို့နဘေးတွင် လဲပြိုနေသော စက်ဘီးကလေးတစ်စီး လဲလျောင်းနေသေးသည်။







ရှုံသည် ကိုယ့်ကိုကိုယ်လှည့်စားရင်းကပင် သင့်သွေးကို သိပ်ချစ်မိပြီဆိုတာ သေချာသောနေ့တွင် ရှုံ့ကိုချစ်သော သူ့ရဲ့ ချစ်ခြင်းပမာဏကို သိချင်လာခဲ့သည်။ သူ့ရဲ့သဝန်တိုခြင်းတွေကို ခပ်များများလိုချင်ပြီဟုဆိုလျှင် ရှုံများသောဘကြီးရာကျနေမလား . . .

"သူသဝန်တိုအောင် ရှုံတစ်ခုခုဖန်တီးပေးပေါ့ . . .
အဲဒါဆို သူရှုံ့ကို ဘယ်လောက်ချစ်နေပြီဆိုတာ ခန့်မှန်းနိုင်တယ် . . . သူ့ရဲ့ပေါက်ကွဲမှုများလေ . . . ရှုံ့ကို သိပ်ချစ်တယ်ဆိုတာ သေချာလေပဲ . . ."

ဦးဦးဝယ်ရဲ့ တိုက်တွန်းမှုကလည်း ရှုံ့ရဲ့စိတ်ဆန္ဒကိုပို၍ ပြင်းပြစေခဲ့သည်။ ရှုံကတော့ သူသဝန်တိုတာကို သိပ်မြင်ချင်တာပဲ။ သင့်သွေးဟာ ပေါက်ကွဲသွေးဆူလွယ်သော စရိုက်ရှိသည့် ကောင်ကလေးတစ်ယောက်သာ ဖြစ်သည်။ သူဒေါသဖြစ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဘယ်တော့မှ မှိုသိပ်ဟန်ဆောင်နိုင်မည် မထင်ပါ . . . သူ့ရဲ့ ရုပ်ပျက်ဆင်းပျက် ဒေါသထွက်မှု . . . အဲဒါကို ရုံသိပ်လိုချင်တာပဲ၊ ဒေါသတွေ တရှူးရှူးထွက်ရင်း . . . သဝန်တိုစကားတွေ ဆိုနေမည့်သူ့ကို ကြည့်ရင်း ရုံကြည်နူးချင်သည်။

တိုက်ဆိုင်စွာပင် အထက်တန်းကျောင်းကတည်းက ရုံ့ကို ပိုးပန်းခဲ့သော ဖရက်ဒီဘာသော်နှင့် ပြန်ဆုံရသောအခါ ရုံက ခပ်ရှောင်ရှောင်နေဖို့ စိတ်ကူးနှင့် နည်းနည်းလေးမှ ကြည့် မရသော အမြင်ကပ်မှုများကို ခဏဘေးဖယ်ထားလိုက်ပါသည်။ ရည်ရွယ်ချက်ကတော့ . . . သင့်သွေးကို သဝန်တိုစေအောင်လုပ် ဖို့ တစ်ခုတည်းဆိုတာ ရုံ ကျိန်ဆိုရဲသည်။

"ယူ . . . သိပ်လှနေပါလား . . . သဒ္ဓါရုံရယ် . . . စတိတ်တုန်းကထက် ပိုလှလာတာသေချာတယ်၊ ကိုယ် တောင် မမှတ်မိချင်ဘူး . . . မင်းကသိပ်ပြောင်းလဲနေ တယ်၊ အရင်ကဆို ပိန်တာရိုးကလေး . . . ခုမှ စထရော် ချာက အမိုက်စားလေးဖြစ်လာတာ၊ မင်း ဘာ လေ့ ကျင့်ခန်းတွေယူသလဲ . . . ကိုယ် LA မှာနေတုန်း ကတော့ မင်းတို့အရွယ် မိန်းကလေးတွေ ဝိတ်ပြားမတာ တွေ့ဖူးတယ် . . . စင်ဒီကရောဖို့ဒ်ရဲ့ လေ့ကျင့်ခန်း





စာအုပ်တွေ ကိုယ် LA က မှာပေးမယ်လေ . . . မင်းလိုချင်တယ်ဆိုရင်ပေါ့"

ဖရက်ဒီဘာသော်ရဲ့ စကားတွေက နည်းနည်းမှ ရင်ခုန် ချင်စရာမကောင်း . . . ရုံကတော့ . . . ဒင်းကိုရယ်များတောင် ရယ်ချင်မိပါရဲ့ . . . LA မှာ ကျောင်းသွားတက်ပြီး ပြန်လာ ခါစမို့ . . . ဒင်းရဲ့လေသံက ခပ်မြင့်မြင့် . . . ရုံကတော့ အဲဒီလို ခပ်ကြွားကြွားယောကျ်ားမျိုးကို ယောင်လို့တောင်စိတ်မကူး . . . သို့သော် အသုံးချလိုမှုတစ်ခုအတွက် အလိုက်သင့်နေလိုက်ရပါ သည်။

"ရှင်ကတော့ နည်းနည်းလေးမှ မြန်မာနဲ့မတူတော့ဘူး ဖရက်ဒီ ရှင့်ရဲ့အပြောအဆို၊ အနေအထိုင်တွေ ရှင့်ရဲ့ ဝတ်ပုံ၊ စားပုံတွေ အားလုံးပဲ အနောက်တိုင်းဆန်နေပြီ၊ အဆိုဆုံးက ရှင့်စိတ်ဓာတ်ပါ အနောက်ဆန်နေတာပဲ"

"ကိုယ်က LA မှာ အနေကြာခဲ့တဲ့သူပဲ၊ ဒီလောက် တော့ရှိမှာပေါ့ သဒ္ဓါရုံရဲ့"

သူက ခပ်ကြွားကြွားပြောရင်းကပင် မြိန့်မြိန့်ကြီးပြုံးနေ လိုက်ပါသည်။ အဲဒီနောက်မှာတော့ သူက ရုံ့ထံမကြာခဏ ရောက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ရှုံက သင့်သွေးနှင့်အတူ စကားပြောနေရင်း

"ရှုံ့သူငယ်ချင်းတစ်ယောက် LA မှ ပြန်လာတာ သွေးနဲ့မိတ်ဆက်ပေးရဦးမယ် သူက အရမ်းပြောင်း လာတာ သိလား"

"ကိုယ် ဘယ်သိပါ့မလဲ ယုန်ကလေးပြောမှသိရမှာ"

"ကြည့် စကားကို ကပ်ပြောပြန်ပြီ . . . ရှုံက စကား အဖြစ်ပြောနေတာ လျှောက်မနောက်နဲ့ကွာ"

"ကဲ ပြော မနောက်တော့ဘူး၊ ယုန်ကလေး စကား နားထောင်တော့မယ်နော် . . . ဒြော် အဲဒီသူငယ်ချင်း က ရှုံ့လောက်လှရဲ့လား ကိုယ့်မျက်စိထဲမှာတော့ ဘယ် မိန်းကလေးမှ ကိုယ့်ရဲ့ယုန်ကလေးလောက် မလှနိုင် တာသေချာတယ်"

"ရှုံ့ သူငယ်ချင်းက ယောက်ျားလေးရှင့်"

"ဘာရယ်"

သင့်သွေးသည် ရယ်မောနောက်ပြောင်နေရင်းက မ မဆောင်နိုင်အောင်ပင် မျက်မှောင်ကုတ်လိုက်ကာ လေသံ တင်းတင်းထွက်လာသည်။

"သူက စတိတ်ကတည်းက ရှုံ့ကို ချွဲမတတ်ကြိုက်





တာ . . . ခု ပြန်တွေ့တော့ တမ်းတမ်းစွဲပဲ၊ ရှုံ့ဆီ ခဏ ခဏလာနေတာ . . . သူ့မိဘတွေက မေမေနဲ့သူငယ် ချင်းတွေလေ . . . အရင်ကဆို နှစ်အိမ်တစ်အိမ်နေကြ တာ . . . သူတို့မိသားစု LA ပြောင်းသွားပြီးမှ အဆက် အသွယ်ပြတ်သွားတာ"

"ဪ . . . ခုမှ ပြန်တွေ့ပြီး အလွမ်းသယ်ရတယ်ဆို ပါတော့"

"အင်းပေါ့"

"သိပ်မကြာခင် မိဘတွေချင်း စေ့စပ်ကြောင်းလမ်းတာ မျိုး လုပ်မလာဘူးလို့ မင်းပြောနိုင်မလား"

သူ့မျက်နှာမှာ . . . တဖြည်းဖြည်း တင်းမာလာသည်။ သူ့ဆံပင်တွေကို လက်နှစ်ဘက်နှင့် သိမ်းဖယ်ရင်း အံကြိတ်လိုက် တာကို တွေ့တော့ ရှုံ့ရင်ထဲ လက်ခုပ်သံတွေညံသွားသည်။ ရှုံက မြူးစိစိကလေးလုပ်ကာ . . .

"ဒါတော့ ရှုံ ဘယ်သိပါ့မလဲရှင်"

ဟု ပြောလိုက်လျှင် . . . သူက ရှုံ့ကို ဆတ်ခနဲမော့ကြည့်လိုက် သည်။ ရှုံက မသိဟန်ပြုကာ . . .

"ဦးဦးငယ်ကတော့ သူ့ကို သိပ်သဘောကျနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်း ခင်ဗျားဦးငယ်စကားကို နားထောင်တတ်တာနဲ့ အတော်ပဲပေါ့"

"ဘာကိုလဲ . . ."

"ခင်ဗျားဦးလေးက အဲဒီကောင်နဲ့ ခင်ဗျားကို ပေးစားချင် ယူလိုက်တော့ပေါ့ . . . ခင်ဗျားက ခင်ဗျားဦးလေးက ခိုင်းရင် ယောကျ်ားတစ်ယောက်ကို မုန်းလို့လည်းရ . . . ချစ်လို့လည်းရ . . . ဟုတ်တယ် ဟုတ်"

"သွေး . . . ရှင်နော် . . . ကျွန်မကို မခနဲ့စမ်းပါနဲ့"

သူ့ကို ဒေါသထွက်အောင်လုပ်ရင်း ရှိုင်ချင်လာသည်။ အဲဒီခိုက်မှာပဲ ဖရက်ဒီကားကိုလှမ်းပြီး မြင်လိုက်ရသည်။ ရုံ[illegible] စိတ်ကိုပြန်တင်းကာ . . .

"ဟိုမှာ . . . ဖရက်ဒီ ရုံ့ကိုလာကြိုပြီ။ ဦးဦးငယ်ကြိုခိုင်းလိုက်တာ ထင်ပါတယ်၊ သွေးနဲ့မိတ်ဆက်ပေးရမယ်"

"မလိုဘူး ယုန်ကလေး . . . ကိုယ့်အပြင် မင်းနဲ့နီးစပ်နေတဲ့ ဘယ်လိုယောကျ်ားမျိုးကိုမှ မိတ်ဆွေဖြစ်ဖို့ ကိုယ်မလိုလားဘူး၊ အဲဒါကိုယ့်ဆုံးဖြတ်ချက်ပဲ၊ ဆုံးဖြတ်ပြီးမပြင်တတ်တာက ကိုယ့်အကျင့်၊ သူများပြောရင် နားယောင်တတ်တာက မင်းအကျင့်ပဲ မဟုတ်လား"





"သွေး . . . ရှင် ရုံ့ကို မစော်ကားနဲ့ . . . ရုံက သူများခိုင်းတိုင်းလုပ်တဲ့ မိန်းမမဟုတ်ဘူး သိလား . . ."

"ဘာလို့မဟုတ်ရမှာလဲကွ၊ ဟုတ်တယ် . . . မင်းကိုယ်မင်း မသိဘူးလား။ အထူးသဖြင့် မင်းရဲ့ ဦးဦးငယ်ခိုင်းတိုင်း မင်းလုပ်ခဲ့တယ် . . . အသေးအမွှားကိစ္စကလေးတွေကအစ . . . စာကျက်တာလည်း ဦးဦးငယ်ကျက်ခိုင်းလို့ . . . ဘယ်လမ်းကိုတော့ ဦးဦးငယ်သွားခိုင်းလို့ ဘာကိစ္စကိုတော့ ဦးဦးငယ်လုပ်ခိုင်းလို့ . . . ဘယ်သူငယ်ချင်းကိုတော့ ဦးဦးငယ်က မပေါင်းခိုင်းလို့ . . . ထမင်းစားတာကော ဦးဦးငယ် စားခိုင်းတိုင်းစားနေတာလား . . . ဟုတ်လား"

"သွေး . . . ရှင် စကားနာမထိုးနဲ့နော် . . . ရုံက သူများခိုင်းတိုင်းလုပ်တဲ့ မိန်းမမျိုး မဟုတ်ဘူးသိလား၊ မတတ်သာလို့လုပ်ခဲ့ရင်တောင် ရုံ့ရဲ့စိတ်ဆန္ဒမပါဘဲ ဘယ်တော့မှ မလုပ်ဘူး"

"ကိုယ်ကတော့ . . . ဘယ်အလုပ်မဆို . . . ကိုယ့်ဆန္ဒသက်သက်ကြောင့်ပဲ လုပ်ခဲ့တယ် . . . ယုန် . . ."

သူက အေးစက်စွာပြောရင်း ယုန့်နံဘေးမှ ထွက်ခွာဖို့



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းပြင်သောအခါ ရှုံဆတ်ခနဲပင် တုန်ယင်သွားသည်။ သူ့ရဲ့ စိတ်ဆိုး . . . စိတ်ပျက်မှုကို မခံမရပ်နိုင်အောင် ဝမ်းနည်းလာရခြင်းက ရှုံကြုံတွေ့ရသော ချစ်ခြင်းရဲ့ နက်ရှိုင်းမှုတစ်ခုလည်း ဖြစ်သည်။

"ပြီးတော့ ကိုယ့်သဘောနဲ့ကိုယ် လုပ်ခဲ့တဲ့အလုပ်အတွက် လက်ခံရရှိတဲ့ အကောင်းအဆိုးတွေကို ကိုယ်ခံနိုင်ရည်ရှိဖို့ ကြိုးစားနေတယ်။ လောကမှာ ဘယ်အရာကိုမှ သေချာပေါက်တွက်လို့မရဘူး ရှုံ၊ အဲဒီမသေချာခြင်းတွေထဲမှာ . . . သေချာတာတစ်ခုတော့ ရှိတယ် . . . အဲဒါဘာလဲဆိုတော့ ရှုံ့ကို ကိုယ်သိပ်ချစ်သွားတယ်ဆိုတာပဲ"

ဘာတွေလဲ . . . ဘာတွေလဲ သွေးရယ်၊ ရှုံဖြင့် နားလည်နိုင်တော့ဘူး။ သို့သော် ရှုံ့ကို သိပ်ချစ်သွားတယ်ဆိုသော စကားသံအက်ကွဲကွဲက ရှုံ့နှလုံးသားကို တုန်ခါစေခဲ့ပါသည်။

သူကျောခိုင်းသွားသောအခါ ရှုံ့မျက်ဝန်းထဲမှ မျက်ရည်တွေ ရစ်ဖွဲ့လာသည်။ ရှုံမှားပြီ ထင်ပါရဲ့ကွယ်၊ ရှုံ့ကို အဲဒီလောက်ချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်ကိုမှ ရှုံက လှလှပပလည်စားခဲ့မိပြီ၊ ဦးဦးငယ်ရဲ့ "သင့်သွေးကို ဖြတ်လိုက်တော့"ဟု အမိန့်





ချလိုက်မည့် ရက်တစ်ရက်ကို ကြိုတွေးကာ ရှုံသွေးပျက်လာသည်။ ဟင့်အင်း . . . မောင့်ကို ရှုံတကယ်ချစ်သွားခဲ့တာပါ။ လှည့်စားအသည်းခွဲဖို့သက်သက် မဟုတ်ခဲ့ပါဘူး မောင်ရယ်။





www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက ရုပ်ပျက်ဆင်းပျက် ပျက်ယွင်းနေမှာကို သူအသေအချာသိနေသည်။ သင့်သွေးမသိခဲ့တာတစ်ခုကတော့ ဒယ်ဒီရဲ့ စောင့်ကြည့်အကဲခတ်ခံနေရခြင်းကိုသာ ဖြစ်သည်။

ရင်ခွင်တစ်ခုလုံး ပူလောင်ကျွမ်းမြေ့လျက် . . . အိမ်ထဲ ကို ကမူးရှူးထိုးဝင်လာခဲ့တော့ ဒယ်ဒီက သူ့ကို စောင့်ကြိုနေပုံ ဖြင့် . . .

"ဘယ်လိုလဲဟေ့ ကောင်မလေးဆီက ပြန်လာခဲ့တာလား၊ မင်းမဆိုးဘူးကွ . . . ခြေလှမ်းအကျဲသားပဲ ကောင်းတယ်ကွာ၊ အဲဒီလို ခဏခဏချိန်းသာတွေ့ . . . ရနိုင်သမျှအခွင့်အရေးကို ရအောင်သာယူ၊ မိန်းမ တစ်ယောက်ရဲ့ စွဲလမ်းမှုကို နီးစပ်မှုနဲ့လည်း ရနိုင်တယ်ကွ"

သူ ဒယ်ဒီ့ကို စိတ်ပျက်လက်ပျက် တစ်ချက်လှည့်ကြည့်





ခဲ့ပြီး . . . အခန်းထဲသို့ တန်းဝင်လာခဲ့သည်။ သူ့မှာ စကားပြောချင်စိတ်မရှိတော့. . . သူ့အပြင် တခြားယောက်ျား တစ်ယောက်အကြောင်း စကားစပ်ဟပ်ပြောလိုက်သော . . . ကားနှင့်လာကြိုတာကိုပင် လက်ခံနေသော၊ သူမုန်းရမည့် မိန်းမတစ်ယောက်ရဲ့ စွန့်ခွာမှုကို သူဘယ်လိုမှ မခံရပ်နိုင်တာ . . . သေချာနေခဲ့ပြီ . . . အဲဒါ သူကြိုတွက်မထားမိသည့် ဝှက်ဖဲတစ်ချပ်ဖြစ်သည်။ အမုန်းဆိုတာ . . . တစ်ချိန်ချိန်မှာ အချစ်ဖြစ်သွားမည်ဆိုတာ သူဘယ်လိုတွက်ဆခဲ့မိမှာလဲ . . .

အိပ်ရာပေါ် ပစ်လှဲ၊ နောက်တော့ ဂနာမငြိမ်သော စိတ်ကို စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် မီးညှိရှိုက်ဖွာခြင်းဖြင့် ကုစား . . . သူ ဘယ်လိုပဲ ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေပေမဲ့ သူမကို ချစ်ခဲ့မိပြီဆိုတာ . . . တစိမ့်စိမ့်သဘောပေါက်လာသည်။

သို့သော်. . . သူဟာ စိတ်ဓာတ်ခိုင်မာသည့် ယောက်ျား တစ်ယောက်သာ ဖြစ်သည်။ လူပျော့လူညံ့မဟုတ်တာလည်း သေချာသည်။ ချစ်ခြင်းရဲ့ခြေရင်း၊ သူမုန်းခဲ့သော မိန်းမတစ်ယောက်ရဲ့ ခြေရင်းမှာ ဝပ်စင်းခယရမည့် အခြေအနေတစ်ခုကိုတော့ သူအလွယ်တကူ လက်သင့်ခံလိုက်လို့ မဖြစ်ပါ . . . သူ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ရှက်ရမှာက သူ့သိက္ခာ၊ ပြီးတော့ ဒက်ဒီ၊ သူ့ရဲ့ ပျော့ညံ့မှုကိုသာ ဒယ်ဒီသိလျှင် ဟားတိုက် လှောင်ပြောင်တော့မှာပဲ . . .

သူက မီးခိုးငွေ့ဖြူဖြူတွေကို ဖွဖွမှုတ်ထုတ်ဆဲတွင် . . . ဒယ်ဒီက သူ့အခန်းဝသို့ရောက်လာကာ . . . အပြာရင့်ရောင် လိုက်ကာစကို ပင့်တင်လိုက်ပြီး တံခါးပေါင်ကို မှီရပ်ကာ

"မင်း တစ်ခုခုဖြစ်လာပုံပဲ"

"ဟုတ်တယ် ဒယ်ဒီ၊ ကျွန်တော်စိတ်အနှောင့်အယှက် ဖြစ်စရာတစ်ခုနဲ့ ကြုံလာလို့"

"မင်း သဒ္ဓါရုံနဲ့တွေ့ပြီး ပြန်လာတာတော့ သေချာတယ် နော်"

"ဟုတ်ပါတယ်၊ ကျွန်တော်သူ့ဆီက ပြန်ခဲ့တာ . . . အဲဒါထက် သေချာအောင်ပြောရရင်တောင် သူ့ကို ပိုးပန်းပြီး လာကြုံတဲ့ငနဲကိုပါ လှမ်းတွေ့ပြီး ပြန်လာခဲ့ တာ"

"မင်းက အဲဒီအတွက် စိတ်တိုလာတာလား . . . စိတ် တိုနဲ့ကွ၊ ဒီနေရာမှာ စိတ်တိုဖို့တာဝန် မင်းမှာ မရှိဘူး။ လိုလည်းမလိုအပ်ဘူး"





"စိတ်က သူ့ဘာသာဖြစ်လာတာပဲ ဒယ်ဒီ၊ ကျွန်တော် ဘာတတ်နိုင်မှာလဲ"

"အဲဒီစိတ်ဟာ ဘာစိတ်လဲဆိုတာ မင်းသေသေချာချာ သိရဲ့လား"

သူက အဖြေမပေးဘဲ ဒယ်ဒီကို မော့ကြည့်လိုက်သည်။ ဒယ်ဒီမေးခွန်းအတွက် အဖြေအဆင်သင့်ရှိသော်လည်း သူမဖြေ ချင်ပါ။

"အဲဒါ သဝန်တိုတာကွ၊ သဝန်တိုစိတ်ပဲ၊ အဲဒီစိတ်ကို မင်းလက်မခံနဲ့၊ မင်းရဲ့ မူလအစီအစဉ်ထဲမှာ အဲဒီစိတ် မပါတာ ဒယ်ဒီသိပါတယ်"

"စိတ်ဆိုတာ ထိတွေ့ကိုင်တွယ်လို့မှ မရတာပဲ ဒယ်ဒီ . . . စိတ်ကို ဘယ်လိုအစီအစဉ်ချရမလဲ . . . သူ့ဘာ သာ အလိုလိုဖြစ်တည်လာတဲ့ စိတ်ကို ကျွန်တော် တား ဆီးဖို့ မဖြစ်နိုင်ပါဘူး"

"အဲဒါဆိုရင်တော့ . . . မင်းရဲ့ ရည်ရွယ်ချက်တွေအား လုံး ကမောက်ကမ ဖြစ်တော့မှာ သေချာတယ် . . . ဒယ်ဒီလောင်းရဲတယ်"

ဒယ်ဒီက သူ့ကို လှောင်ပြောင်သရော်နေသလို ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒယ်ဒီသည် အခန်းဝမှ လှည့်ထွက်မည်ပြင်ရင်း . . . သူ့ကို ပြန်ငဲ့ပြီး ကြည့်ကာ ပြုံးထေ့ထေ့ဖြင့်,

"သဒ္ဒါရုံ့ ရင်ခွင်ထဲ ရောက်နေတဲ့ သတ္တဝါဟာ ကျားပဲ ဖြစ်မလား၊ ကြောင်ပဲဖြစ်မလား ငါစောင့်ကြည့်လိုက်ဦး မယ် . . . မင်းပဲပြောခဲ့တယ်နော် . . .၊ ဒယ်ဒီ့သားဟာ ခပ်ညံ့ညံ့သားမျိုး မဟုတ်ဘူးဆိုတာ. . .၊ ငါလည်း အပြောနဲ့ အလုပ်ညီတတ်တဲ့ ငါ့သားကို အမြဲအထင်ကြီး နေချင်ပါတယ်ကွာ"

ဒယ်ဒီ့ထိုးစစ်က တော်တော်ပြင်းထန်ပါသည်။ ဒယ်ဒီ ထွက်သွားတော့ သူဆောက်တည်ရာမရဖြစ်ကျန်ခဲ့သည်။ ဟင့်အင်း . . . ဒယ်ဒီရဲ့ အထင်သေးမှုကိုတော့ သူလက်မခံနိုင် ပါ။

နောက်ဆုံးမှာတော့ သင့်သွေးသည် သူ့နှလုံးသားကို မျိုသိပ်ထိန်းချုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဝေဒနာမရင့်မှည့်မီ သူ . . . သူမနှင့် ခွဲခွာမှ ဖြစ်တော့မည်။ ခွဲခွာခြင်းသာ သူ့အတွက် နောက်ဆုံး ကုထုံးဖြစ်သည်။ ဒီစစ်ပွဲမှာ သူမနိုင်လျှင်လည်း ရှုံးတော့ . . . ချစ်ခြင်း၏ခြေရင်းတွင် ဝပ်တွားခြင်းဖြင့်တော့ သူ မရှုံးနိမ့်လိုပါ။





ထိုအချိန်မှစကာ . . . သင့်သွေးသည် သူမနှင့် မတွေ့ ဆုံရန် နည်းလမ်းများကို ရှာဖွေကြံဆရတော့သည်။ ပထမဦးစွာ ခရီးရက်ရှည်ထွက်ခြင်းဖြင့် သူ့ရဲ့အကြံအစည်ကို အကောင်အ ထည်ဖော်လိုက်၏။

ပထမတစ်ရက်၊ ပတ်ဝန်းကျင်အသစ်၊ မြင်ကွင်းအသစ် များတွင် မေ့နိုင်သလိုလိုရှိ၏။ ဒုတိယတစ်ရက်၊ နေရာတိုင်းတွင် သူမနှင့်အတူဆို ပျော်စရာကောင်းမှာပဲ ဟူသော အတွေးမျိုး တွေက သင့်သွေးရဲ့ဦးနှောက်ထဲမှာ အပြည့်အသိပ်ပေါ်လာ၏။ တတိယတစ်ရက်. . . အချိန်တိုင်းသာ သတိရနေတော့၏။

တစ်လတင်းတင်းပြည့်ချိန်မှာတော့ သူဟာ ဒီမိန်းက လေးနဲ့ခွဲပြီး နေလို့မရနိုင်တာ သေချာသွားခဲ့၏။ လွမ်းဆွတ် စိတ်က စိတ်နှလုံးကို နွမ်းလျော်စေခဲ့သောအခါ သင့်သွေးသည် ကိုယ့်ကိုယ်ကိုယ်အံ့ဩကာ . . . ဒေါသထွက်ကာ နောက်ဆုံး လက်မြှောက် အရှုံးပေးလိုက်ရကာ. . . အချိန်အတန်ကြာ တွဲကွာနေခဲ့သော သူမရဲ့အပြစ်ကင်းစင်သော မျက်နှာကလေး အား မြတ်နိုးစွာ ငေးကြည့်ခွင့်ကို မွတ်သိပ်စွာ တမ်းတမိရှာမှ အစပြု၍ . . . ကြေကွဲဖွယ်ပုံပြင်တစ်ပုဒ် ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ် လေသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဟ ဖွီး . . . ခါးလိုက်တာ . . . မိရှုံ . . မိရှုံ၊ ကော်ဖီ
လေး လာစမ်း"

ဟု ဦးဦးငယ်က ဖြုန်းခနဲ ထအော်လိုက်သောအခါ ခပ်ငေးငေး ငိုင်တွေနေသော ရှုံသည် ဆတ်ခနဲတုန်သွားပြီး သတိပြန်ဝင်လာသည်။ လှမ်းကြည့်မိတော့ . . . ကော်ဖီတွေထဲ အီတာလျှံကော်ဇောပေါ် မညှာမတာ ထွေးထုတ်ပစ်လိုက်သော ဦးဦးငယ်က လက်ထဲက ကော်ဖီကြွေပန်းကန်ကို ခွမ်းခနဲ ပစ်ချလိုက်ပြီး သူ့ ဘီးတပ်ကုလားထိုင်ကို ရှုံရှိရာ တွန်းရွှေ့လာသည်။

"နင် ခုတလော ဘာဖြစ်နေသလဲ . . . မိရှုံ ငါ့ကို မေးသလို နဲ့ မှန်မှန်ပြောစမ်း . . . ငါရိပ်မိနေတာကြာပြီ နင်အရင်ကနဲ့ နည်းနည်းလေးမှမတူတော့ဘူး . . . အမြဲငူငေါင်နေတာ . . . မှိုင်တွေချနေတာ၊ ငါကြည့်လိုက်တိုင်း အဲဒီလို အမူအရာတွေပဲ အမြဲတွေ့နေရတာ

. . . ငါခေါ်လိုက်မှ ပျာပျာသလဲဖြစ်သွားတာ၊ အဲဒါ ဟန်ဆောင်နေတာ သေချာတယ် . . . မှတ်မှတ်ရရ ပြောရရင် လွန်ခဲ့တဲ့နှစ်ရက်က ငါ့ဖို့ဆိုပြီး သံပရာရည် ဖျော်ခိုင်းတာ သံပရာသီးချည်းပဲ ဖျော်လာတယ် . . . သကြားထည့်ဖို့ကို မမေ့သင့်ဘဲမေ့တယ် . . . မနေ့က တစ်ခါ အင်္ကျီပြောင်းပြန်ဝတ်ပြီး ခြံထဲမှာ လမ်းဆင်း လျှောက်နေတယ် . . . ဒီနေ့ ငါ့အတွက် ကော်ဖီကို သကြားမထည့်ဘဲ ဖျော်လာတယ် . . . ငါ့ဘလက် ကော်ဖီမသောက်တာ နင်သိရက်နဲ့ မှားယွင်းလာတာ . . . ပြီးတော့ မမှားသင့်တဲ့ အမှားအယွင်းတွေကို နင် ခဏခဏလုပ်နေတာ . . . အဲဒါစိတ်မတည်ငြိမ်တာပဲ မိရှုံ၊ အခုလည်း သီချင်းနားထောင်ရင်း ငိုင်နေတာ ဘယ်နှနာရီရှိပြီလဲ"

ဦးငယ်ရဲ့ဒေါသတကြီး ဟိန်းဟောက်သံက ကျယ်သည်ထက်ကျယ်လာသည်။ ရှုံက မျက်ဝန်းကလေး ပြူးကြောင်ကာ ဦးငယ်ကို လှမ်းကြည့်ရင်း ဘယ်လိုဖြေရမည်မသိဘဲ ကြောင်တောင်ရှိသာနေသည်။

ဦးငယ်ရဲ့အကင်းပါးမှုက ရှုံရဲ့ဟန်မဆောင်နိုင်ခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ပို၍ထင်ရှားနေစေခဲ့ပါသည်။ ရုံ တကယ်လည်း စိတ်... ဆောက်တည်ရာမရခဲ့တာ သင့်သွေးကိုပဲ အခါမလပ် လွမ်းဆွ... နေခဲ့တာ . . . ဦးငယ်ရိပ်မိမယ်ဆိုလည်း ရိပ်မိစရာပါ။

ချစ်ခြင်းကြောင့် ပျော်ငြည်ွတ်လာခဲ့တဲ့ ရုံ့နှလုံးသား ကလေးဟာ လွမ်းဆွတ်ခြင်းကြောင့် အရည်ပျော်မတတ်... တာ. . . ခွဲခွာခြင်းဒဏ်ကို ရုံမခံနိုင်ပါ။ သင့်သွေးရယ်. . . နှ... ဘာကြောင့်များ ခွဲထားခဲ့တာလဲ . . .

တစ်လတိတိ ရုံ့ကို အဆက်အသွယ်မလုပ်ခဲ့ခြင်း... ရလဒ်ကတော့ ရုံ့ရဲ့ခိုင်မာတဲ့ ချစ်ခြင်းကို ပို၍သာ ပေါ်လွင်... ရှားစေခဲ့ခြင်းဖြစ်သည်။ အသည်းခွဲဖို့ ကြံရွယ်ခဲ့သော ရုံ... ခုတော့ဖြင့် . . . ကိုယ်တိုင်အသည်းကွဲခဲ့ပြီတည်း။

သွေးကို တွေ့လျှင်ဖြင့် . . . ရုံကစကားတွေ မနာ... ပြောမိမှာပဲ၊ ရုံ့ရဲ့ဟန်ဆောင်ခြင်းကန့်လန့်ကာကြီးကိုလည်း ... ရှားပစ်လိုက်ဦးမည်။ သွေး . . . သဝန်တိုစိတ်ညစ်နွမ်း... လည်း ရုံမဖန်တီးတော့ . . . ဦးငယ်ရဲ့သြဇာကို မလွန်... သော ကြောက်စိတ်နှင့် သူ့အပေါ် ကလဲ့စားချေရန် ကြံ... သော ရုံ့မာနနှင့် အာဃာတတွေကို မြေမြှုပ်သင်္ဂြိုဟ်ကာ သူ... အတူ "အစစ်အမှန်ချစ်သူဘဝ" ကို တည်ဆောက်တော့...





...သော ဆုံးဖြတ်ချက်ချမိလောက်အောင်ပင် ရုံသတ္တိရှိ လာခဲ့ပြီ ...စ်သည်။

ခွဲခွာခြင်းက ရုံ့ကို သတ္တိရှိရှိဆုံးဖြတ်ချက်ချဖို့ တွန်းအား ...ပေးခဲ့တာဖြစ်သည်။ အဲဒီဆုံးဖြတ်ချက်ကိုသာ ဦးငယ်သိလျှင် ...တ်ပစ်မလားတောင် မသိပါ။ ရိပ်မိရုံနဲ့တောင် ဒီလောက် ...ါသူပုန်ထနေသည်။

"ပြောလေ ရုံ . . . နင်ဘာဖြစ်နေတာလဲ၊ ရည်းစားပူ မိနေတာလား . . . နင့်မှာရည်းစားစစ်စစ်ရှိတာ မဟုတ် ဘူးနော် . . . အဲဒါကို နင်ခေါင်းထဲထည့်ထားစမ်း . . . နေစမ်းပါဦး နင်တို့အခြေအနေက ဘယ်လိုလဲ၊ သင့် သွေးက နင့်ကိုတမ်းတမ်းစွဲဖြစ်နေပြီလား . . . တစ်ခုခု အပြောင်းအလဲလုပ်ဖို့ အချိန်ကနီးလာပြီနော် . . . သိပ်မကြာခင် နင် သင့်သွေးကို ဖြတ်ရတော့မယ်"

ဟင့်အင်း . . . ရုံ မဖြတ်နိုင်ဘူး ဦးငယ်ရဲ့ . . . သူ့ကို ...ိပ်ချစ်နေပြီ၊ ရုံကစိတ်ထဲမှာ ပက်ခနဲပြန်ပြောပြီး . . . နောက် ...ာ့တစ်မှိန်မှိန်ဝမ်းနည်းလာသည်။

"ဟော့ . . . ဖြေလေ . . . ငါမေးနေတယ်၊ နင်တို့အခြေ အနေဘယ်လိုရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရုံ့ကို သူအရမ်းတွယ်တာနေပြီလို့ ရုံထင်ပါတယ်"

"နင့်ဘက်ကရော"

"ရုံ့ဘက်က ရုံ့ဘက်က"

ရုံ ချက်ချင်းမဖြေနိုင်ဘဲ ထစ်အ သွားတော့ ဦးငယ်ရဲ့ သံသယမျက်နှာကြီးကို ရင်ဆိုင်ရပြန်သည်။ သို့သော် ရုံသည် အင်အားတစ်ခု၏တွန်းအားကြောင့် မုသားတစ်ခုကို ခပ်ရဲရဲ သုံးလိုက်သည်။

"ရုံ့ဘက်ကတော့ အိုကေပါပဲ၊ သူ့ကို ဖြတ်ရမယ့်အချိန် ကိုသာ ဦးငယ်ပြော၊ ရုံ့ဘက်ကအဆင်သင့်ပဲ၊ သစ်ခိုင်း ချိုးချိုးသလို ဖြောင်းခနဲ ယတိပြတ်ချိုးပစ်လိုက်နိုင်တယ်။ ရုံအမှားအမှားအယွင်းယွင်းတွေ ဖြစ်နေတာက တခြား ပါ၊ သူ့ကိစ္စနဲ့မဆိုင်ပါဘူး၊ ရုံ့သူငယ်ချင်းတွေနဲ့ စိတ် ကောက်နေလို့"

ရုံ့စကားဆုံးတော့ ဦးငယ်က ယုံကြည်သွားပုံဖြင့် သံနည်းနည်းပျော့၊ မျက်နှာကြောနည်းနည်းပြေလာသည်။ ရုံ ဦးငယ်ရဲ့ ကုလားထိုင်ကို သွားတွန်းကာ လေသံနွဲ့နွဲ့ဖြင့်

"ရုံ့အကြံက ဒီလိုဦးငယ်ရဲ့ . . . အချိန်နည်းနည်း လောက် ထပ်စောင့်ပြီးမှ သူ့ကိုဖြတ်လိုက်ရင် ကောင်း





မလားလို့ . . . ဦးငယ်က သူ့ကို အသည်းကွဲပြီး စိတ်လေ အရက်သောက် . . . ဘဝကို ရေစုန်မျှောပြီး ဒုက္ခရောက်သွားစေချင်တာမဟုတ်လား၊ အဲဒီလိုဖြစ် အောင် . . . အဲဒီ ထက်ပိုပြီး သူ့ဘဝပျက်စီးသွားအောင် ရုံထပ်ပြီး ပြုစားချင်သေးတယ် . . ပိုပြီး သေချာတာပေါ့ . . . ဦးငယ်ရဲ့"

"အင်း . . . ညည်း အကြံအစည်လည်း မဆိုးပါဘူး . . . ကောင်းပြီလေ၊ အချိန်နည်းနည်းလောက်ထပ်ယူ လိုက်ဦးပေါ့"

ရုံဘယ်လောက်ပျော်မလဲ . . . စဉ်းစားကြည့်စမ်းပါရှင် . . . သူနဲ့အတူ အချိန်ကြာကြာရှိနေခွင့်ကို ရုံသိပ်မက်မောတာပဲ၊ ဦးငယ် . . . ရုံ့အပေါ် သံသယကင်းသွားတာကိုက ရုံ့ရဲ့အခွင့် အရေးပဲ ဖြစ်သည်။

သို့သော် . . . ခဏကြာတော့ ရုံတွေဝေဝမ်းနည်းသွား ရပြန်သည်။

မင်းက ဘယ်ဆီမှာလဲမောင်။

မင်းကို တွေ့ရင်တော့ ရုံရဲ့ ချစ်ခြင်းတွေကို မင်းရင်ခွင်နဲ့ အပွေ့တပိုက် လက်ဆောင်ပေးဖို့ ယုန်ကလေးစောင့်နေတယ်။





www.burmeseclassic.com

www.burmeseclassic.com





သင့်သွေးနှင့် သဒ္ဒါရုံတို့နှစ်ဦး . . . ကိုယ့်ကိုယ်ကိုယ် လှည့်စားလိမ်ညာ၍ ခေတ္တခွဲခွာနေခဲ့ကြပြီးနောက် . . . တစ်ထ တင်းတင်းပြည့်သောနေ့တွင် ကိုယ်စီသေချာမှုများ . . . လွမ်း ဆွတ်ခြင်းများ . . . အားအင်သတ္တိများကို . . . ပိုက်ပွေ့ကာ မြ ဝန်းခိုသောအင်းလျားကန်ပေါင်သို့ အလွမ်းပြေ သွားရောက်မိခြင်း ဖြင့် ပြန်လည်ဆုံတွေ့ခဲ့ကြလေသည်။ အဲဒီနေ့က . . . ချစ်ခြင်း၏ ဂီတသံစဉ်များ ပေါက်ကွဲလွင့်စဉ်ကာ ဖြူလွသန့်စင်သော နှီး ကောင်းကင်တစ်ဆုံး ပျံလွင့်သွားခဲ့သော နေ့တစ်နေ့လည်း ဖြစ် သည်။





အဲဒီနေ့ကသာ မောင့်ကိုလွမ်းသောစိတ်ဖြင့် ကန်ပေါင် သို့လာဖို့ တစ်ရက်ပျက်ကွက်ခဲ့လျှင် မောင်နှင့် သူမ တစ် သက်လုံး ကွဲကွာသွားကြမလားဟုတောင် ယုန်ကလေးက သံသယ ဖြစ်မိ ပါသည်။ သို့သော် မောင်ကပြောတော့လည်း . . .

"ယုန်ကလေး ဘယ်မှာရှိရှိ . . . ကိုယ်လာတွေ့ဖို့ အဲဒီ နေ့ကစပြီး ဆုံးဖြတ်ခဲ့တာ . . . ကိုယ် မင်းကိုခွဲဖို့ မဖြစ် နိုင်ဘူး ယုန်ပေါက်စနလေးရဲ့"

ကဲ . . . ကဲ . . . ဘယ်လောက် အပြူးတွေပေးဖို့ ကောင်းတဲ့ မောင့်စကားလဲကွယ် . . .

ထိုနေ့မနက်က . . . ရုံသည် မောင့်အဝင်အထွက်ကို မမြင်ရတာကြာပြီဖြစ်သော မောင်တို့အိမ်ခြံဝင်းတံခါးကို ငေး မောကြည့်မိခဲ့ပြီး တစ်ယောက်တည်း ကားမောင်းကာ အိမ်မှ ထွက်လာခဲ့သည်။ မောင်တို့အိမ်ရှေ့ရောက်တော့ "ရွှေသင့်သွေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရုံ မညာမတာ နာမည်ပေးခဲ့ဖူးသော ခွေးကလေးက ရုံ့ထံ ပြေးလာကာ ခြေထောက်တွေကို လျှာနှင့်လာလျက်သည်။ ရုံက ကျွေးနေကျ သကြားလုံးကလေးကို ချပေးလိုက်တော့ သကြားလုံးကလေးဆီ အမြီးနန့်ပြီး ပြေးသွားသည်။

"ဟော့ကောင်လေး . . . မင်းသခင်ပြန်လာရင် ငါ့ကို လာပြောစမ်းပါကွာ. . . ယုန်ကလေးက အရမ်းလွမ်း နေပြီလို့"

ရုံသည် ခွေးကလေးရဲ့ခေါင်းကို ပွတ်သပ်ပေးပြီး ဝမ်း ဝမ်းတနည်း ရေရွတ်လိုက်ပါသည်။ ကျွန်မကလေ တစ်ခါတလေ . . အရူးလိုပဲ မောင်ရဲ့ . . . ရုံက စိတ်ထဲမှ မောင့်ကိုပင် ကိုင်တည်နေလိုက်မိသေးပါရဲ့ . . . ခွေးကလေးကတော့ ရုံ့ရဲ့ အသုံးချခံပစ္စည်း တစ်ခုဖြစ်သည်။ မောင့်ကို မုန်းစဉ်ကလည်း ဒီခွေးကလေးကိုပဲ အသုံးချခဲ့သည်။ မောင့်ကို ချစ်ပြန်တော့လည်း . . ဒီခွေးကလေးကိုပဲ နေ့စဉ်နှင့်အမျှ တိုင်တည်နေမိပါရဲ့. . .

ရုံက လမ်းသွယ်ကျဉ်းကလေးမှ ထွက်ကာ ပြည်လမ်း ပေါ် ရောက်လာသည်။ စပို့ရှပ်ဖြူဖြူပေါ် ရှပ်ကွက်ဖားဖားကြီးထပ် တ်လျက် မျက်နှာပြောင်ကလေးနှင့် ခေါင်းငိုက်စိုက်ချကာ ရုံက းတည်ရာမဲ့လျှောက်နေခဲ့ခြင်းသာ ဖြစ်သည်။ မောင်မြတ်နိုးတဲ့





ရုံ့ဆံပင်တွေဟာ တဖျပ်ဖျပ်လွင့်လူပ်နေကာ မောင့်ကိုယ်စား ရုံ့မျက်နှာကလေးကို ထိနမ်းကျီစယ်နေသေးသည်။ အဲဒီအချိန် မှာ မောင့်ကို သတိရစိတ်က ရုံ့ကို ကြီးစိုးနေခဲ့သည်ဆိုတာ ရုံ သစ္စာဆိုရဲပါသည်။

ရုံရဲ့ မှန်ကန်သော သစ္စာစကားကြောင့်ပဲ . . . မောင့်ရဲ့ ဦးထုပ်ကလေး လူးလွန့်လူပ်ခတ်နေဆဲတွင် . . . လေပြင်းတစ် ချက်က ရုံ့ရှေ့မှောက်သို့ ဆောင်ကြဉ်းပေးခဲ့ခြင်းပင် ဖြစ်လိမ့် မည်။





www.burmeseclassic.com

www.burmeseclassic.com



ပြည်လမ်းရဲ့ တစ်ဖက်ခြမ်းပလက်ဖောင်းနံဘေးမှကပ်ဘာ ပြိုင်ဘီးကလေးကို ခပ်သွက်သွက်နင်းလာခဲ့သော သင့်သွေးသည် ဘေးဘေးဘီဘီ ဘယ်ကိုမှ သတိမပြုခဲ့မိပါ။

မနေ့ကမှ ခရီးထွက်ရာမှ ပြန်လာကာ ယုန်ကလေးကိုတွေ့ချင်စိတ်ပြင်းပြနေသော သူက အမှတ်တရတွေ ခပ်မှားမှားပေးခဲ့ဖူးသော အင်းလျားကန်ဆီသို့ အလွမ်းပြေသွားမိခြင်းဖြင့်သူမနှင့် ပြန်လည်ဆုံစည်းခဲ့တာကတော့ သူ့ရဲ့စစ်မှန်သော ချစ်ခြင်းတရားကြောင့်သာ ဖြစ်ရပါမည်။

သူကတော့ခြံချင်းကပ်လျက် ဝေးကွာနေရသော အခြေအနေတစ်ခုကို ရိုက်ချိုးဖျက်ဆီးပစ်ဖို့ ဆုံးဖြတ်ခဲ့ပြီ ဖြစ်သည်။ ကကယ်တော့အရာရာဟာ သူတို့နှစ်ဦးအပေါ်မှာသာ မူတည်ပါသည်။ သူတို့ဝေးကွာအောင် ဖန်တီးခဲ့ရင် ဝေးသွားကြမှာပဲ၊ နီး





ကပ်လာအောင် ကြိုးစားနေသရွေ့တော့ ဘယ်တော့မှ မဝေးနိုင်ဘူး ဟု သူယုံကြည်ပါသည်။

ခပ်ပြင်းပြင်းတိုက်နေသောလေသည် သူရဲ့ဦးထုပ်ကလေးကို သယ်ဆောင်သွားခဲ့တော့ သူက စက်ဘီးပေါ်မှ အလျင်အမြန်ဆင်းခဲ့ပြီး ဦးထုပ်ကလေး ရွေ့လျားရာသို့ လိုက်ကြည့်ခဲ့သည်။ ဦးထုပ်ကလေး ရပ်တန့်သွားသည့်နေရာကတော့ စကဒ်ရှည်ပျော့ပျော့ကလေး ပုံအိကျနေသော ခြေဖမိုးတစ်စုံဖြစ်သည်။

"ယုန်ကလေး"

သူက လွှတ်ခနဲ ရေရွတ်မိကာ စက်ဘီးကလေးကိုပလက်ဖောင်းပေါ် လွှတ်ချပစ်လိုက်ပြီး သူမရှိရာလမ်းတစ်ဖက်ခြမ်းသို့ အလျင်စလိုကူးဖို့ ဟန်ပြင်လိုက်သည်။ သူမကလည်းဦးထုပ်ကလေးကို ကောက်ယူကာ ဟိုဟိုသည်သည်ကြည့်ရင်းသူ့ကို မြင်သွားကာ နှုတ်ခမ်းကလေး ခပ်ဟဟပွင့်သွားသည်။ပြီးတော့ သူရှိရာတစ်ဖက်ခြမ်းသို့ ကူးလာဖို့ ပြင်လေသည်။

"ကျွတ် . . . ကားတွေကလည်းကွာ"

အဆက်မပြတ်သွားလာနေသော ကားတွေကိုကြည့်ရင်း . . . သူစိတ်တိုလာသည်။ နောက်တော့ကွေ့ကာ ကွေ့ကာပြေးလွှားကူးလာပြီး လမ်းအလယ်မျဉ်းဖြူပေါ် မှာ ရပ်တန့်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အဲဒီအခိုက်မှာပဲ သူမက ရှပ်အင်္ကျီလေး တလွင့်လွင့်ဖြင့် သူ့ရှိရာသို့ အပြေးအလွှားရောက်လာသည်။

"မောင် . . . ရှင် . . . ရှင်"

သူမက သူ့ကို မေးမော့ကြည့်ရင်း စကားတွေထစ်ငေ့နေသည်။ သိပ်လှတဲ့ ပန်းနုရောင်မျက်နှာကလေး။ မျက်ဝန်းဝိုင်းဝိုင်းကလေးထဲမှာ မျက်ရည်ကြည်ကလေးတွေ ဝေ့ဝဲနေပါသည်

"ယုန်ကလေး . . . ဘယ်သွားမလို့လဲ"

ဟု . . . သူကမေးမိတော့

"အင်းလျားကို"

"ဟာ . . . အဝေးကြီး လမ်းလျှောက်လာတယ်"

"ရှုံ . . . ဒီလိုပဲ လျှောက်ခဲ့ဖူးပါတယ်"

သူ . . . အတိုင်းမသိ ကြေကွဲသွားကာ သူမရဲ့လက်ဖျားကလေးကို ဆွဲယူလိုက်ပြီး ပါးမှာအပ်မိသည်။

"ပေား . . . လမ်းလယ်ကြီးမှာ . . . ရှပ်ရှင်ရိုက်မနေ နဲ့လေ"

ကားတစ်စီးထဲမှ လှမ်းအော်သွားသော်လည်း သူက မစိုက်မိတော့၊ သူမရဲ့မျက်နှာကလေးကိုသာ မြတ်နိုးစွာကြည့်ရင်း . . .





"ကိုယ် . . . ရတ်တရက် ခရီးထွက်ခဲ့တာ . . . ယုန်ကလေးကို မပြောခဲ့မိဘူး . . . ယုန်စိတ်ပူနေမှာပဲ နော် . . . အခု ကိုယ်ပြန်ရောက်ရောက်ချင်း ယုန့်ကို သတိရတာနဲ့ အင်းလျားဘက်ထွက်လာတာ . . . ယုန့်အိမ်ဘက်လှမ်းကြည့်တော့လည်း အရိပ်အယောင် မမြင်ရဘူးလေ"

"ယုန်လည်း ရှင့်ကိုလွမ်းတာနဲ့ ထွက်လာခဲ့တာ . . . အင်းလျားက ယုန်တို့အတွက် အမှတ်တရတွေ အများကြီးပေးခဲ့ဖူးတယ် မဟုတ်လား"

ကဲ . . . ဘယ်လောက်အပြစ်ကင်းစင်လိုက်တဲ့ ယုန်ဖြူကလေးလဲလို့ . . .။ ဟန်ဆောင်မှုမရှိတာလေးကိုက . . . အားနာစရာကောင်းလှသည်။ သူရဲ့လိမ်ညာမှုတွေအတွက် သနားအားနာချင်စရာကောင်းသော ချစ်သူကလေး . . . သူမကလေး ကတော့ သူရဲ့အကြံအစည်တွေကို နည်းနည်းလေးမှ ရိပ်မိခဲ့ပုံ မရပါ။

သူတို့ရန်တွေ့ရကောင်းမှန်းပင်မသိသော . . . သူက မချော့ရသေးပဲ ခွင့်လွှတ်နေနှင့်ပြီးသော . . . သူရဲ့အကြံအစည်ကို ကြိုတင်မမှန်းဆနိုင်သော သူမကလေးကို သူက သူပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သော ချစ်ခြင်းတွေကိုပဲ အတိုးနှင့်ဆပ်ရလိမ့်မည်။

သူတို့နှစ်ယောက်လက်ချင်းမြဲမြဲစွာတွဲကာ လမ်းတ ဘက်ခြမ်းဆီကူးလာခဲ့တော့ သူမက ကားတွေကိုမကြည့်အား သူ့မျက်နှာကို မော့ကြည့်ကာသာ ...

"ယုန်ဖြင့် ရှင့်ကို သိပ်လွမ်းတာပဲ မောင်ရဲ့ ... လွမ်း လွမ်းနဲ့ ဒီတစ်ခါ ရှင်နဲ့တွေ့ရင် မောင်လို့ကနွဲ့ကလျ မယ်လို့ ဆုံးဖြတ်ထားတာ၊ တကယ်တော့ ရှင်လုပ်ပုံက စိတ်ကောက်ချင်စရာ ကောင်းတာရှင်၊ ဒါပေမဲ့ အကြာ ကြီးခွဲနေပြီးမှ တွေ့တွေ့ချင်း စိတ်ကောက်နေရင် ဘယ် ကောင်းပါ့မလဲနော် ... ဘယ်လိုလုပ် ကြည်နူးနိုင် တော့မလဲ၊ အဲဒါကြောင့် မောင့်ကို တွေ့တွေ့ချင်း တွေ အေးလိုက်တာ ... မောင့်ကျောကုန်းကို တဖုန်းဖုန်း ထုချင်စရာကောင်းပေမယ့် မောင့်ရင်ခွင်မှာပဲ တပြုံးပြုံး မှေးမှိတ်တော့မယ် သိလား"

ဟု သူမက တတွတ်တွတ်ပြောသောအခါ ... သူ ဘဝင်ခိုက်သွားသည်။ မာနတွေ အာယာတတွေ၊ ကလဲ့စားတွေ ကို မေ့သွားသည်။ ပြီးတော့ သူ လူအလစ်ကို တစ်ချက်ကြည့်ကာ သူမရဲ့ပါးပြင်ကလေးကို လှစ်ခနဲ ခိုးနမ်းလိုက်သည်။ သူမက





ဝေ့ခနဲမျက်စောင်းထိုးသောအခါ ... သူက ကောင်းကင်ပြာ လွှလွှကို မော့ကြည့်ကာ ... သဘောတကျ ရယ်မိလေသည်။





www.burmeseclassic.com

www.burmeseclassic.com



မောင့်ကျောပြင်မှာ အပ်ထားတဲ့ ရှုံ့ပါးပြင်ကလေးဟာ နွေးတေးတေးလေး ဖြစ်နေသည်။ မောင်နင်းသော စက်ဘီးကို လိုက်စီးရတာ လေတိုက်ပေမယ့် ရှုံ့ကိုယ်ကလေး အေးမသွားဘဲ နွေးနေသည်။ မောင်က သီချင်းကလေးတစ်ပုဒ်ကိုပင် ခပ်တိုးတိုး ညည်းနေသေးရဲ့ ...

"မောင့်ကြည့်ရတာ ခုမှပိုပြီး ကဗျာဆန်လာသလိုပဲ ပြီး ပျော့ပျောင်းနူးညံ့နေတယ်"

ဟု ရှုံ့ကပြောတော့ မောင်ကအော်ရယ်လေသည်။

ရှုံ့ကတော့ ... မောင့်ကို ရင်ထဲမှ တောင်းပန်နေ သည်။ ရှုံ့ရဲ့ ဟန်ဆောင်ခဲ့မှုတစ်ခုအတွက် မောင်ခွင့်လွှတ်နိုင်ပါ စေ။ အခု မောင့်ကို ယုန်ကလေးချစ်နေတဲ့ ပမာဏဟာ မောင် ကို ရှုံ့မုန်းခဲ့မိတာထက် အဆရာထောင်ပိုပါသည်။





"စိတ်ကောက်ပြီးမှ ပြန်ချစ်ရတဲ့ အရသာရယ်၊ ခွဲခွာပြီးမှ ပြန်တွေ့ကြရတဲ့ အရသာရယ် ... မုန်းနေပြီးမှ ချစ် သွားရတဲ့ အရသာရယ်၊ အဲဒီခံစားချက်သုံးမျိုးက အချိုး ညီတယ် ... ယုန်ကလေးရဲ့"

ဟု ... မောင်က ညီမျှချင်း ချပြလိုက်သေးသည်။

အဲဒီနေ့က ရှုံ့တို့နှစ်ယောက်ဟာ မြည်လမ်း တစ်နံ တစ်လျား စက်ဘီးလျှောက်စီးခဲ့ကြသည်။

မောင် ... တဖွဖွနမ်းလာသော ရှုံ့ပါးပြင်ကလေးတာ ပန်းသွေးစိုစိုနှင့်နွေးနေခဲ့သည်။

ရှုံ့က ခြေဖျားကလေးထောက်ကာ ရင်ထဲကလှိုက်လှဲ သော မြတ်နိုးမှုဖြင့် မောင့်နားသယ်စပ်ကလေးကို ဖွဖွနမ်းခဲ့သည်။ သိပ်ချစ်တာပဲ မောင်ရဲ့ ... ရှုံ့မောင့်ကို အကောက်ကြဲဖို့ ရည် ရွယ်မိတာတွေအတွက် အားနာမိပါရဲ့ဟု တွေးကာ မောင့်ရင်ခွင် ထဲ မှေးမှိုရင်း မောင့်ကိုဖွဖွဖက်တွယ်ရင်း ဦးငယ်ကို ရှုံ့မေ့သွားခဲ့ သည်။ အမြဲမေ့နေရင်တော့ ရှုံ့တို့နှစ်ယောက်အတွက် ဝမ်းသာ စရာကောင်းပါလိမ့်မည်။

သို့သော် ... ရှုံ့က ချစ်တတ်ရှုံ့မက ကြွေကျတတ် လန့်တတ်တွေဝေတတ်သော စိတ်ပျော့ပျော့မိန်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်နေခဲ့ခြင်းက ခလုတ်ကန်သင်းတစ်ခုအဖြစ် ရောက်ရှိ စေခဲ့သည်။

ဘာပဲပြောပြော အဲဒီနေ့က ရုံတို့နှစ်ဦးဟာ ရှေးကထက် ပို၍ ပွင့်လင်းနားလည်လာသည်။ မောင့်ကို သစ္စာရှိဖို့ ရုံက ကတိ ပေးခဲ့သေးသည်။ လွန်စွာလှပ၍ ကဗျာဆန်သော အဲဒီနေ့မှာ မိုးကောင်းကင်ကလည်း နှစ်သက်စဖွယ် ကြည်စင်နေခဲ့ကာ ရုံတို့ အနီးတစ်ဝိုက်မှာတော့ ချစ်ခြင်း၏ဂီတသံစဉ်များ စည်းချက်ညီညီ ကခုန်မြူးတူးခဲ့ကြပါသည်။







"မောင်ရေ . . . မီအောင်လိုက်နော်"

ဟု အော်ကာ ရုံကကားလေးကို ခပ်ဖြည်းဖြည်းမောင်း သာတော့ မောင်က စက်ဘီးဖြင့် အမီလိုက်လာသည်။ ပြီးတော့ ရုံ့ကားနှင့် ဘေးချင်းယှဉ်ကာ နင်းရင်း . . .

"ယုန့် ဆံပင်တွေ . . . ဆံပင်တွေ ဖယ်လိုက်ပါဦး"

"ဘာဖြစ်လို့လဲ"

"ယုန့်မျက်နှာ မမြင်ရဘူးကွ၊ ကွယ်နေတယ်"

"ယုန့်မျက်နှာ မမြင်ဖူးတာကျနေတာပဲ၊ ဘယ်တော့ ကြည့်ကြည့်"

"ဟာ အခုပဲကြည့်ချင်တာ . . . လုပ်ပါကွာ ဖယ်လိုက် စမ်းပါ"

"အသည်းအသန်ပဲ"

ဟု ရုံက ရေရွတ်လိုက်ရင်း ခေါင်းကိုဆတ်ခနဲမော့ကာ



www.burmeseclassic.com

www.burmeseclassic.com



မောင့်စကားကို နားထောင်လိုက်သည်။

"ဒီလိုမှပေါ့"

"ဟိတ် . . . တိုက်မိမယ်လေ . . . မငေးနဲ့ရှင့်"

မောင်က အဲဒီလို အဖြစ်သည်းတတ်သော ကောင်ကလေးလည်းဖြစ်သည်။ မောင့်ရဲ့ တစ်နေ့ထက်တစ်နေ့တိုးပြီး ရှုံကို ယုယချစ်ခင်လာပုံဟာ တစ်ချိန်တုန်းက ရှုံ့ကို မုန်းခဲ့တာ သူ မဟုတ်တဲ့အတိုင်း . . .။

ရှုံတို့နှစ်ယောက်ဟာ ဘယ်လောက်အထိ အဖြစ်သည်းကြသလဲဆိုရင် ခွေးကလေးရော်ကီကို ခွေးစေတမန်လုပ်မိကြသည်အထိ . . .။

ကျောင်းပိတ်ရက်အတွင်း မောင်က ရှုံ့ကို တွေ့လိုလျှင်ပဲဖြစ်ဖြစ်၊ ရှုံက မောင့်ကို လွမ်းဆွတ်လာလျှင်ပဲဖြစ်ဖြစ်၊ ရော်ကီ လည်ပတ်ကလေးမှာ စာခေါက်ကလေးညှပ်ကာ ဆက်သွယ်ခိုင်းဆိုကြပါသည်။

တစ်ညတွင် ရှုံသည် အိပ်မပျော်နိုင်ဘဲ မောင့်ကို သတိရလာကာ အခန်းပြတင်းဝတွင် မေးတင်ငေးမော၍ နေသည်။ ခန်းဆီးစကလေးဟာ ရှုံ့ပါးပြင်ကို တဖပ်ဖပ်ရိုက်နေပြီး ရှုံ အကြည့်တွေကတော့ မောင့်တို့အိမ်ခေါင်မိုးချွန်ချွန်ကလေးကို





အမိပ္ပါယ်မဲ့ ငေးနေသည်။ ပြီးတော့ တစ်ခုစိတ်ကူးယဉ် ရှူးနှမ်းလိုက်သေးတာက ခုနေမောင်သာ ရှုံထံရောက်လာခဲ့လျှင် ရှုံက မောင်မတောင်းဆိုဘဲနှင့် မောင့်ရဲ့ဆံပင်တိုတိုလေးကို ဖွဖွနမ်းမိမှာ သေချာသည်။ ပြီးတော့ ရှုံတို့နှစ်ယောက် ညမွှေးပန်းရုံအောက်မှာထိုင်ကာ စကားတွေတဝကြီး ပြောကြမည်။

ရှုံတမ်းတဆဲတွင်ပင် . . . ဖြူဖြူလှုပ်လှုပ်သဏ္ဌာန်ကလေးမှာ ရှုံမြင်ကွင်းထဲ တိုးဝင်လာသည်။ ရှုံက ဆတ်ခနဲခေါင်းထောင်ကာ စူးစိုက်ကြည့်မိတော့မှ ခွေးကလေးရော်ကီဆိုတာ သိလိုက်ရသည်။

"ရော်ကီ . . . လာခဲ့ အို့ . . . အို့"

ရှုံ အသံခပ်အုပ်အုပ်ဖြင့် လှမ်းခေါ်ဆဲ . . . ရော်ကီက ရှုံ့အခန်းပြတင်းပေါက်အောက်သို့ ရောက်လာကာ ရှုံ့ကို မော့ကြည့်ရင်း . . .

"ဝု . . . အု"

ဟု ခပ်အုပ်အုပ်အသံပြုနေသည်။ မော့နေသော ခွေးကလေးရဲ့ လည်တိုင်လည်ပတ်ကလေးကြားမှ စာခေါက်ဖြူဖြူကလေးကိုမြင်တော့ ရှုံပျော်သွားပြီး ပြတင်းပေါက်ဘောင်အပိမ့်နိမ့်ကို လှားခနဲကျော်ကာ မြေပြင်ဆီခုန်ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရော်ကီ လည်ပင်းက စာကို အလျင်စလိုဖြုတ်ယူ ဖြန့်နေ ဆဲတွင်ပင် ရှုံ့ရှင်ခုန်သံတွေ ပုံမှန် မဟုတ်တော့ . . .

ယုန်ကလေး . . .

လဝန်းထဲမှာ မင်းကိုပဲမြင်နေတယ်

ခုလို လသာညတွေမှာ မင်းနဲ့အတူရှိနေခွင့်ရရင် သိပ်ကို

ကြည်နူးစရာကောင်းမှာပဲ

ယုန်ကလေးရဲ့မောင်

စာဆုံးလျှင် ရှုံ့ကစာခေါက်ကလေးကို မျက်နှာနှင့် အပ် ကာ အားပါးတရပြုံးလိုက်သည်။ ပြီးတော့ . . . ရော်ကီ ခေါင်းက လေးကို ပွတ်ကာ ဝပ်တွားနေစေပြီး . . .

"ခဏနေဦး ကောင်လေး . . . ကျုပ် ခုပဲ ပြန်လာမယ်"

ဟု တိုးတိုးပြောကာ ရှုံ့ရှပ်အင်္ကျီအိတ်ထဲမှာ အသင့်ပါ လာသော စားလက်စချောကလက်ကို ချကျွေးခဲ့ပြီး ပြတင်း ပေါက်ကိုကျော်ကာ အခန်းထဲပြန်ဝင်လာသည်။

မောင် . . .

ယုန်ကလေးကတော့လေ လဝန်းထဲမှာတင်မဟုတ်ဘူး

လှမ်းမြင်နေရတဲ့ မောင်တို့အိမ်အမိုးပေါ်မှာပါ

မောင်ရပ်နေတယ်လို့မြင်နေတာ . . . အဲဒီကနေ





ရှုံ့ဆီ ခုန်ပျံကျော်လွှားလာပါစေလို့ ဆုတောင်းနေတာ

မောင်သာ စူပါမင်းဖြစ်ရင် သိပ်ကောင်းမှာပဲနော် . . . ၊

မောင့်လိုပဲ သတိရနေတဲ့

မောင့်ရဲ့ . . . ယုန်

ရှုံ့က . . . စာရွက်လွှတ်ပေါ်မှ ရေးချလိုက်ပြီး ပစ်ုံးတွန့် ဘာ ဟိခနဲ ရယ်လိုက်မိသေးသည်။ တကယ်တော့ ရှုံ့တို့နှစ် ယောက်ဟာ မျက်စိအောက်မှ အပျောက်မခံချင်လောက် အောင်ပင် . . . မခွဲနိုင်မခွာရက်ဖြစ်ခဲ့ကြပါပြီ၊ ရှုံ့တို့ရဲ့ ချစ်သူ ဘဝဟာ ခုမှပိုပြီး အဓိပ္ပာယ်ရှိလာသည်ဟု ထင်ရ၏။

ရှုံ့သည် . . . စာရွက်ကလေးကို ခေါက်လိုက်ပြီး ပြတင်း ပမှ ကျော်ဆင်းမည်ပြင်ဆဲတွင် . . .

"မိရှုံ့ . . . မိရှုံ့ အိပ်ပြီလား"

ဘုရားရေ . . . အရေးကောင်းမှ ဒိန်းဒေါင်းဖျက် . . .

ဦးငယ်ရဲ့တံခါးခေါက်သံက ရှုံ့ကို ဆတ်ခနဲတုန်သွားစေ သည်။ ပြီး စာခေါက်ကလေးကို ကပျာကယာဝှက်လိုက်သည်။

"မိရှုံ့ . . . မိရှုံ့ ဖွင့်စမ်း"

"ဟုတ် . . . လာပါပြီး ဦးငယ်"

ပထမတွင် အိပ်ချင်ယောင်ဆောင်ကာ အသံမပြုဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ဖို့ စိတ်ကူးသော်လည်း ဦးငယ်ရဲ့ ခပ်ဆတ်ဆတ်အော်သံကို ကြောက်ကာ ရှဲ့ အယောင်ယောင်အမှားမှားနှင့် ထူးမိသွားရသည်။

တံခါးဖွင့်ပေးလိုက်တော့ ဦးငယ်က ရှဲ့အခန်းထဲထိ သူ့ဝှီးချဲလ်ကို တွန်းရွေ့လာကာ . . .

"ခုန ချွေးဟောင်သံလိုလိုကြားလိုက်တယ် . . . ရှဲ့အခန်းနားကပဲလို့ ဦးငယ်ထင်လိုက်တယ်၊ ညည်းကော မကြားမိဘူးလား"

"ဟင့်အင်း . . . မကြားမိပါဘူး ဦးဦးငယ်၊ ရှဲ့ ခုပဲ အိပ်တော့မလို့ မှေးခနဲတောင် ပျော်လုလုဖြစ်နေပြီ ဦးငယ်ခေါ်လို့ နိုးသွားတာ"

ရှဲ့က ပိပိရိရိလိမ်ညာရင်း ဇောချွေးပြန်လာသည် ရော်ကီရေ . . . ကျေးဇူးပြုပြီး အသံမပြုလိုက်ပါနဲ့။

ဦးငယ်ကတော့ ရော်ကီ့ကိုပင် ချမ်းသာပေးသူမဟုတ် . . . အငြိုးနှင့် ရိုက်ရိုက်ထုတ်တတ်ပါသည်။

ရှဲ့သည် ပြတင်းပေါက်နားတွင် ပိတ်ရပ်ကာ ဦးငယ် ပြတင်းပေါက်နားထိလာမှာကို ကြောက်နေသည်။ ဦးငယ်က ရှဲ့ အခန်းထဲ ဟိုဟိုသည်သည် ဝေ့ကြည့်ကာ . . .





"ပြတင်းပေါက်တံခါးက ခုထိမပိတ်သေးဘူးလား၊ လေအေးတွေ ဒီလောက်တိုက်နေတာ"

"ဟုတ် . . . ရှဲ့ မေ့လို့ပါ၊ ခုပဲပိတ်တော့မလို့ပါ"

ချက်ချင်းတော့ ရှဲ့[illegible]မပိတ်ရဲ . . . ရှဲ့အရိပ်ကိုမြင်လျှင် ရော်ကီက အသံပြုမှာ [illegible]သည်။ ဦးငယ်က ရှဲ့ကို သေချာစိုက်ကြည့်ကာ . . .

"မိရှဲ့ အဲကွန်းဖွင့်မထားဘူးလား"

"ဖွင့်ထားပါတယ် ဦးငယ်"

"ရာသီဥတု တအားပူအိုက်နေလို့လား"

"ဟင့်အင်း မအိုက်ပါဘူး"

"အင်း . . . မပူတာတော့ သေချာတယ် . . . ဦးငယ်တောင် အခုပဲ အနွေးထည်ဝတ်တော့မလို့ . . . နည်းနည်းတောင် ချမ်းသလားလို့ . . . ညည်းကိုကြည့်လိုက်တော့ ပူလောင်အိုက်စပ် နေသလိုပဲ၊ ချွေးတွေတောင် ပြန်နေတယ် . . . ရာသီဥတုက ညည်းအခန်း တစ်ခန်းတည်းကွက်ပြီး ဖောက်ပြန်နေတာတော့ မဟုတ်ပါဘူး နော် . . ကဲ . . . ကဲ၊ အိပ်တော့ . . . ဦးငယ်လည်း အိပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်က ရှို့ရဲ့မှုပျက်မှုကို သူရိပ်မိကြောင်း သွယ်သွယ်ဝိုက်ဝိုက် ပြောသွားသည်။ ပညာသားပါလေစွ။

ရှို့ရဲ့ မှုပျက်တတ်ပုံနှင့်တော့ ရှို့စိတ်အပြောင်းအလဲကို ဦးငယ် မကြာခင်သိသွားနိုင်သည်။

တကယ်တမ်း ဦးငယ်သိသွားမှာကျတော့ ရှို့ကရှက်သေးသည်။ ကြောက်တာကတော့ ပိုပါသည်။

သင့်သွေးကို ရှို့သိပ်မုန်းကြောင်းတွေ . . . ကလဲ့စားချေမည့်အကြောင်းတွေ၊ ဦးငယ်အလိုကျ ဖန်တီးမည့်အကြောင်းတွေ ကတိရဲရဲပေးခဲ့ပြီးမှ သင့်သွေးကို ရှို့က ချစ်သွားခဲ့သည်ဟုဆိုပါလျှင် . . . ဦးငယ်ဘယ်လောက်ဒေါသဖြစ်မည်မသိ၊ ရှို့ကတော့ ငပျော့ညံ့မလေးအဖြစ် အထင်သေးခံရဦးမည်။ ရှက်ဖွယ်ကောင်းလေစွ။

သို့သော် . . . အဲဒီလို ရှက်ရတာတွေ ကြောက်ရတာတွေထက် သင့်သွေးကို ချစ်ရသည့်စိတ်က ဖုံးလွှမ်းသွားခဲ့ပါပြီ၊ ချစ်စိတ်ကပင် သတ္တိကို မွေးဖွားပေးခဲ့သည်။ ရှို့တို့ မိန်းကလေးများဟာ သဘာဝအရ နူးညံ့ပျော့ပျောင်းသော သဘောရှိသည်မှန်သော်လည်း အချစ်နှင့်ပတ်သက်လာလျှင်တော့ သူတို့ယောကျ်ားတွေထက်ပင် ပို၍ သစ္စာရှိသေး မိုက်ရူးရဲဆန်သေး။





ဦးငယ်ပြန်ထွက်သွားသောအခါ . . . ရှို့က အခန်းတံခါးပြန်ပိတ်ပြီး ပြတင်းပေါက်မှ ကျော်ဆင်းလိုက်သည်။ ပြီး ရော်ကီလည်ပတ်ကြားမှာ စာခေါက်ကလေး ထိုးထည့်ပေးလိုက်သည်။

"သွားတော့ ဟော့ကောင် ကောင်းကောင်းသွားနော်၊ မင်းသခင်ဆီဖြောင့်ဖြောင့်သွား"

ရှို့သည် ရော်ကီ့ခေါင်းကလေးကို ပုတ်လိုက်တော့ . . . ရော်ကီက မောင်တို့ခြံဘက်ပြန်ပြေးသွားသည်။ အမှောင်ထဲက ဖြူဖြူလှုပ်လှုပ် ရော်ကီ့သဏ္ဍာန်ကိုလှမ်းကြည့်နေမိရာက မောင်တို့အိမ်ကြီးဆီ လှမ်းကြည့်လိုက်မိသော ရှို့သည် နှုတ်ခမ်းများတွင် လက်ဖဝါးလေးကပ်ကာ Kiss ပေးလိုက်ပြီး လက်ဖဝါးကို ဆန့်တန်းကာ မောင့်ဆီ ဖလိုင်းကစ်စ် တစ်ချက်ပို့လွှတ်လိုက်သည်။

ဒီလိုနဲ့ပဲ ရှို့တို့နှစ်ဦးဟာ ရက်တွေကြာညောင်းလေ ချစ်ခြင်းက ခိုင်မြဲလေ . . . တစ်စက္ကန့်လေးတောင် ဝေးမနေချင်စိတ်တွေဖြင့် တနင့်တပိုး ဖိစီးလာခဲ့ကာ အတူနေခွင့်ကို ကိုယ်စီတောင့်တလာခဲ့ကြပါသည်။

မောင် . . . အမှတ်တရ အတော်များများကို ရှာဖွေကြံဆတတ်သော ကောင်ကလေးတစ်ယောက်ဖြစ်နေတာက ရှို့စိတ်ကို ပို၍ညွတ်နူးလာအောင် ဆွဲဆောင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ . . . ရုံ့မွေးနေ့ဖြစ်သော သောကြာနေ့တိုင်းမှာ ရုံ့ ပါး ကလေးကို ဖွဖွနမ်းတတ်တာမျိုး (ကျန်သည့်ရက်တွေမှာတော့ မောင်က ရုံ့လက်ကလေးကို ဆုပ်ကိုင်ကာ ရုံ့မျက်နှာကို ငေး ကြည့်ရင်း စကားပြောခွင့်ရရှိရုံလောက်နှင့် ကျေနပ်တတ်ပါသည်) မွေးရက်၊ မွေးလတိုက်သော ရုံ့ရဲ့ ဟက်ပီးဘတ်ဒေးကို ရောက်လာသောတစ်နေ့မှာ မောင်ပေးခဲ့သော အမှတ်တ လက်ဆောင်အကြောင်း ပြောရမှာတော့ ရုံနည်းနည်းရှက်သ သည်။ မောင်ကတော့ အနီရဲရဲရောင်ဆိုးထားမိသော ရုံ့နှုတ်ခမ်း ကလေးကိုပဲ အပြစ်တင်သည်။ ရုံသည် မောင့်အနမ်းကို မြ စဉ်းစားတိုင်း ရှက်ရွံ့နေသည်။ မောင်က လူလည်ကြီး သားသ ဖြစ်သည်။

တဖြည်းဖြည်းနှင့် ရုံတို့နှစ်ဦးကို မြတ်နိုးတွယ်ငြိခြင်းန နိုင်မြဲခြင်း ကြိုးမျှင်များက တစ်ရစ်ပြီးတစ်ရစ် တုပ်နှောင်လာ သည်ကို တအံ့တဩသိလိုက်ရချိန်မှာ တစ်ချိန်က အမုန်းဆိုသည် များမှာ တစ်စမကျန် ကင်းစင်လွင့်ပျောက်သွားသည်။ ရုံသည် တူနှစ်ကိုယ်တိုင်းပြည်တစ်ခုကို အိပ်မက်မက်တတ်လာခဲ့ပြီ ဖြ သည်။ ခွဲခွာခြင်းအိပ်မက်ဆိုးကို ရုံနည်းနည်းလေးမှ အလိုမရှိ တော့ပြီ။





သိပ်မကြာခင်တစ်နေ့မှာ အိပ်မက်ဆိုးတစ်ခုမက်ရတော့ မည်ဆိုတာ ရုံနည်းနည်းလေးမှ တွေးထင်မထားခဲ့မိပါ။





www.burmeseclassic.com

www.burmeseclassic.com



"မေမေက နွေဆိုရင် ရန်ကုန်မှာ မနေနိုင်တော့ဘူး မောင်ရဲ့။ ပြင်ဦးလွင်မှ အနားယူနေကျပဲလေ . . . တင် နှစ်ပတ်လုံးလိုလို အမြဲအလုပ်ရှုပ်နေတဲ့ လူတစ်ယောက် အတွက် တစ်နှစ်မှာ ဒီနှစ်လလောက်တော့ အနားယူမှ ဖြစ်မယ် မဟုတ်လား . . . အဲဒါကြောင့်ပဲ ပြင်ဦးလွင် မှာ သူ့စိတ်တိုင်းကျ တိုက်တစ်လုံး ဝယ်ထားခဲ့တာ . . . မေမေသွားတိုင်း ရုံအမြဲပါရတယ် . . . မေမေက လည်း သူ့အလုပ်နဲ့သူ ယုန်ကလည်း ကိုယ့်ကျောင်းကိစ္စ နဲ့ကိုယ်ဆိုတော့ တစ်အိမ်တည်းနေပြီး အေးအေးဆေး ဆေး အတူနေခွင့်သိပ်ရတာမဟုတ်ဘူး. . . ပြင်ဦးလွင် ရောက်မှပဲ သားအမိ နှစ်ယောက်ပျော်ပျော် ရွှင်ရွှင်နေ ကြရတာ၊ ယုန်ကလေးလည်း မလိုက်လို့မဖြစ်လို့ပါ မောင်ရယ်. . . နှစ်တိုင်းလိုက်ပြီး ဒီနှစ်ကျန်ခဲ့မယ်ဆိုရင်





မေမေက သက်မကောင်းဖြစ်တော့မှာ၊ နှစ်လကလေးခွဲရ တာပဲ . . . မြွေဟောက်ကလေးရယ်၊ ကျုပ်လည်း ရှင်နဲ့ ဘယ်ခွဲချင်ပါ့မလဲ"

ပခုံးစွန်းကို နဖူးလေးနှင့်မှီကပ် ပွတ်သပ်ချော့မော့နေ သော်လည်း သူက ကလေးဆိုးကြီးလို စိတ်ကောက်နေချင်သည်။ မြွေဟောက်ကလေးဟု သူ့ကိုစ ရင်းသူ့နားသယ်ဆပ်ဆံစတို ခပ်ဖွ ဖွဆွဲနေသော ယုန်ကလေးရဲ့လက်ဖျားကလေးတွေကို သင့်သွေး က တင်းတင်းဖွဖွ ဆုပ်ကိုင်လိုက်မိသည်။ သူလိုစိတ်ဓာတ်ခိုင်မာ တဲ့ ယောကျ်ားတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်နဲ့ နှစ်လတာခွဲခွာနေရမှုအတွက် ဒီလောက်လှုပ်ခတ်ခံစားနေရတာ . . . အံ့သြဆန်းကြယ်စရာကောင်းပါရဲ့ . . .။

မနက်မိုးလင်းတိုင်း သူမကို တမ်းတစိတ်ဖြင့် နိုးထတတ် သော၊ တစ်နေ့တစ်ခါ တွေ့ဆုံခွင့်မရသည့်ရက်များတွင် စီးကရက် တွေ ဖိဖိသောက်ကာ အခန်းအောင်းရင်း စိတ်လေနေတတ် သော . . . တစ်နေ့တစ်ခါတွေ့ရလျှင်လည်း ညတိုင်လျှင် ခွေးက လေးကို စေလွှတ်၍ စာလွှာပါးတတ်သော သူမကလေးမျက်နှာ ကို မြင်ယောင်ရင်း ငြိမ်းချမ်းစွာ အိပ်ပျော်သွားတတ်သော. . . အိပ်မက်ထဲအထိပင် သူမကို ခေါ်ဆောင်သွားတတ်သော. . .



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ချစ်ခြင်းဟာ ဘယ်လောက်တောင် နက်ရှိုင်းခဲ့ပြီလဲမသိ။

"ယုန်ကလေးဆီ ကိုယ်ဖုန်းဆက်လို့ရမလား"

"ဟာ . . . အဲဒါတော့ မဖြစ်ဘူး . . . မောင်ရဲ့၊ မမေမေက သိသွားမှာပေါ့"

"ဒါဆို စာထည့်မယ်ကွာ"

"အာ . . . အဲဒါလည်း မဖြစ်ဘူး . . . မမေက လာသမျှ စာအကုန်ဖောက်ဖတ်တာ"

"ပြင်ဦးလွင်ကို ကိုယ်လိုက်လာရင်ကော"

"ဘယ်ဖြစ်ပါ့မလဲကွယ် . . . မြို့ကလေးက ကျဉ်းကျဉ်းကလေး၊ ပြီးတော့၊ မမေ့အသိအကျွမ်းတွေလည်း ရှိနေတာ . . . ယုန်က မမေ့အနားမှာပဲ အမြဲနေရတာ။ မောင်နဲ့ ဘယ်တွေ့နိုင်မှာလဲ . . . နှစ်လဆိုတာ ခဏကလေးပါမောင်ရဲ့ . . . ယုန်ပြန်ရောက်တာနဲ့ ချက်ချင်း မောင်နဲ့တွေ့ဖို့ ကြိုးစားမှာပါ။ မောင်ပဲပြောခဲ့တယ် မဟုတ်လား . . . ခွဲခွာပြီး ပြန်တွေ့ရတဲ့ အရသာက ပိုကောင်းတယ်ဆို"

သူမက သူစိတ်ကျေနပ်အောင် အတန်တန်ချော့မော့ဖျောင်းဖျခဲ့ပါသည်။ ယုန်ကလေး ပြင်ဦးလွင်သို့မထွက်ခွာမီ





တစ်ရက်အလိုမှာ သူတို့နှစ်ယောက် တွေ့ဆုံခဲ့ကြသေးသည်။ အဲဒီနေ့က သူက သူမမျက်နှာကလေးကို နှစ်လစာ တမေ့တမော ငေးကြည့်ခဲ့မိပြီး သူမကလည်း သူ့ရင်ခွင်တွင် မှေးမှိန်ကာ သူ့မျက်နှာကို မျက်တောင်မခတ်တမ်း မော့ကြည့်နေခဲ့သည်။ ပြီးတော့ . . . သူမ မျက်ဝန်းထဲမှာ မျက်ရည်ကြည်ကလေးတွေ ဝေ့ဝဲလာသည်။

"တစ်သက်လုံးခွဲခွာသွားရတာမှ မဟုတ်ဘဲ မောင်"

ဟု သူမကပြောခဲ့သေးသည်။ အဲဒါဟာ နိမိတ်ပြေးကောင်းဆိုတာ သူရောသူမပါ ကြိုမသိနိုင်ခဲ့။

နောက်တော့ . . . သူက မျက်ဝန်းတွေကို ဖိမှိတ်ပစ်မိတာ သူမကို တင်းတင်းဖက်ပွေ့ထားလိုက်မိသည်။ သူ့ပါးပြင်ဆီ အနမ်းဖွဖွတို့ ရှည်ကြာစွာ ကျရောက်လာခဲ့တော့ သူ အံ့သြကြည်နူးစွာ မေ့မောသွားခဲ့သည်။ နူးညံ့သောလက်ချောင်းကလေးများ သူ့လည်တိုင်ဆီမှ ဖယ်ခွာသွားပြီး ခဏမှာ . . .

"ရုံသွားတော့မယ် မောင်"

ဟု နှုတ်ဆက်ကာ သူမကလေးက သူ့ကို ချန်ထားခဲ့တော့သည်။ သူကတော့ ကြည်နူးစွာပြုံးနေ၏။ နှစ်လတာကာလတွင် သူမ၏အနမ်းတို့ဖြင့် အလွမ်းများကို ဖြေဖျောက်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ယုန်ကလေးနှင့် ခွဲခွာနေရသည့် အချိန်ကာလတွေမှာ တော့ သင့်သွေးသည် နည်းမျိုးစုံဖြင့် အလွမ်းဖြေရပါသည်။ ဥပမာ . . . သူမနဲ့အတူ ကြည်နူးပျော်ရွှင်ခဲ့ရသော ပုံရိပ်တွေကို တွေးတောမြင်ယောင်ခြင်းမျိုး၊ သူမနှင့်အတူ သွားခဲ့သောနေရာ တွေမှာ သွားထိုင်နေခြင်း၊ သူမဓာတ်ပုံတွေကို တစိမ့်စိမ့်ကြည့် ခြင်း . . . ရော်ကီ့လည်ပတ်မှာ ညှပ်ပေးလိုက်သောစာ တွေကို ပြန်ဖတ်ခြင်း အစရှိသဖြင့် . . . အထိရောက်ဆုံးနှင့် နောက်ဆုံး တစ်နည်းကတော့ သူမ သူ့ကိုအဖြေပေးခဲ့သော ဗီဒီယိုခွေကို အထပ်ထပ်ဖွင့်ကြည့်ခြင်းပဲ ဖြစ်သည်။

တစ်နေ့တွင် သင့်သွေးသည် သူမကို အလွန်အမင်း သတိရလာခဲ့ကာ . . . အောက်စက်ထဲတွင် သူမပေးခဲ့သော အခွေကိုထည့်ကာ အလွမ်းပြေဖွင့်ကြည့်မိလေသည်။ ရီမု(တ်)ဖြင့်





အထပ်ထပ်ရစ်လိုက် . . . ပြန်ကြည့်လိုက် . . . ဒီလိုနဲ့ပဲ ဆယ်မိနစ်စာလောက်ရှိနေသော သူမပုံရိပ်ကလေးဟာ တီဗွီ ဖန်သားပြင်ပေါ်မှာ နာရီပေါင်းများစွာ လှုပ်ရှားနေသည်။

သူ . . . သူမကလေးထံမှာ ဘယ်လောက်တောင် ငေး မောနစ်မျောသွားသည်မသိ၊ သူ သတိပြန်ဝင်လာတော့ ဒယ်ဒီ ရယ်သံက အခန်းထဲမှာ ကျယ်လွင့်လို့ကိုခါနေသည်။

"ဟား ဟား ဟား သင့်သွေး၊ သင့်သွေး . . . တော်တော် သွေးကြောင်တဲ့ အကောင်ပါလားကွာ၊ လောကမှာ လေယူရာတိမ်းပြီး ယိမ်းနွဲ့တတ်ကြတာ . . . စိတ်ဓာတ် ပျော့ညံ့တဲ့ မိန်းမတွေပဲလို့ ထင်ထားတာ . . . ခုတော့ ကွာ . . . ဟား ဟား"

သူလှည့်ကြည့်မိတော့ အခန်းတံခါးဝမှာ ရပ်နေသော ဒယ်ဒီက သူ့ကို လက်ညှိုးထိုးကာ အားရပါးရ ရယ်မောနေသည်။ ပြီးတော့ လက်ခုပ်လက်ဝါးပင် တီးလိုက်သေးကာ . . .

"တကယ့် အာဂကောင်ပဲကွာ ဟား ဟား"

သူ အသားတွေ ဆတ်ဆတ်တုန်လာသည်။ ဒယ်ဒီ ကတော့ အခုထက်ထိ အရယ်လက်စမသတ်သေး။

"မင်း ယောက်ျားတော့ဟုတ်ပါတယ်နော်၊ သေချာတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဟား. . . ဟား. . တကယ်ရယ်ရတဲ့ကောင်တွေ"

"ဒယ်ဒီ"

သူ ဝုန်းခနဲထရပ်လိုက်မိသည်။ ဒယ်ဒီရဲ့ လှောင်ပြော ဟားတိုက်သံကို သူဆက်ပြီး သည်းမခံနိုင်တော့ပါ။ သို့သော် ဒယ်ဒီကရယ်မြဲ ရယ်၏။ ဗိုက်ကိုနှိပ်ကာ ရယ်၏။ တံတွေး သီး သည်အထိ ရယ်၏။ ချောင်းဆိုးရင်းကပင် ကိုယ်ကို ရှေ့သို့ ကိုင်း ကာ ရယ်၏။ တမင်ဖျစ်ညှစ်ရယ်နေသော ဒယ်ဒီ၏ အဓိ ရည်ရွယ်ချက်မှာ သင့်သွေးရဲ့ မခံချင်စိတ်ကို ဆွပေးနေခြင်း သက်သက်ပင်တည်း။

"ဒီလောက်ဆို တော်လောက်ပါပြီ ဒယ်ဒီ . . . ကျွန် တော့်လုပ်ရပ်က ဒီလောက်အထိတော့ ရယ်စရာ မကောင်းနိုင်ပါဘူး"

"ဟ . . . သိပ်ကို ရယ်စရာကောင်းတာပေါ့ကွ . . . မင်းဆိုတဲ့ကောင်က အပြောတခြား အလုပ်တခြား၊ မင်း ပြောခဲ့တုန်းကတော့ မင်းဆန္ဒသဘောနဲ့ မင်းဒီကိစ္စ ဖန်တီးခဲ့တာပါဆို . . . ငါခိုင်းတိုင်းလုပ်တဲ့ ခပ်ညံ့ညံ့ သားမျိုး မဟုတ်ပါဘူးတဲ့ . . . လာလာချည်သေးတယ် ကွာ . . . ခုတော့ မင်းလုပ်ပုံကို ပြန်စဉ်းစားကြည့်စမ်းပါ





ဦး . . . ဘယ်လောက်ရှက်ဖို့ကောင်းသလဲ၊ မိန်းမ တစ်ယောက်ကို မုန်းလှပါချည်ရဲ့လို့ အငြိုးအတေးတွေ ထား၊ လက်စားချေဖို့ . . . မင်းဘာသာမင်းဆုံးဖြတ် . . . ပြီးတော့ အဲဒီမိန်းမရဲ့ခြေရင်းမှာ ကျဆုံးသွားလိုက် တာများ မရှုမလှပါပဲလားကွ . . . ငါသားရယ် . . . ငါ မထင်ဘူးကွာ၊ မင်းဒီလောက်ညံ့လိမ့်မယ်လို့ ငါမထင်ခဲ့ ဘူး . . . ကျွတ် ကျွတ် မင်းရဲ့ယောက်ျားပီပီသသ စိတ် ဓာတ်ကလေးကို နှမြောလိုက်ပါဘိတော့ကွာ"

"ဒယ်ဒီဘက်က ဘာတွေကို သေချာနေလို့ ဒီလောက် တိတိကျကျစွပ်စွဲနိုင်တာလဲ . . . ဒယ်ဒီ"

"ဒီမှာ . . . အောင်တိုးတို့က မသေချာရင် မပြောဘူး၊ သင့်သွေး . . . မင်းကျဆုံးနေပြီဆိုတာ ငါရိပ်မိနေတာ ကြာပြီ၊ မင်းမှုပျက်နေတာ အသိသာကြီးပါကွာ၊ အခု လည်း ငါရိပ်ကြည့်နေတာ ကြာပြီ၊ ကောင်မလေးပုံကို မင်းကြည့်နေတာ တစ်နာရီလောက် မကတော့ဘူး . . . ဆိုတာ မင်းဘာသာပင်းသိရဲ့လား . . . ပြီးတော့ ဟောဒီမှာ သိပ်မကြာခင်ကမှ ရော်ကီ လည်းမင်းက ဖြုတ်ယူထားတဲ့စာတွေ . . . မင်းဘယ် လောက်ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



သည်းနေပြီဆိုတာ အသိသာကြီးပါကွာ"

"အဲဒါ ကျွန်တော့်ရဲ့ဟန်ဆောင်မှု လှည့်စားမှုတစ်ခုလို့ ဒယ်ဒီ မတွေးတော့ဘူးလား"

"ကောင်းပြီ ဒီလိုဆို မင်းကို ငါတစ်ခုမေးမယ် . . . မင်း သဒ္ဓါရဲ့အသည်းကို ဘယ်တော့ခွဲမှာလဲ . . . ဘယ်တော့ ကလဲ့စားချေမှာလဲ . . ."

သူခေါင်းငိုက်စိုက်ကျသွားသည်။ အဲဒီအဖြေကို သူ မပေးနိုင်ပါ။ ဒယ်ဒီက သူ့ပခုံးကိုလှမ်းပုတ်ကာ . . .

"ယောကျ်ားဆိုတာ မာနမရှိရင် အလကားပဲကွ . . . ဆုံးဖြတ်ချက်ချပြီးရင်လည်း ဘယ်တော့မှမပြင်ရဘူး စိတ်ဓာတ်ပျော့ညံ့တယ်ဆိုတာ ယောကျ်ားဆန်တဲ့သူ တွေအတွက် မဟုတ်ဘူး. . . မိန်းမတစ်ယောက်ရဲ့ ခြေ ရင်းမှာ ကျဆုံးသွားရတဲ့မင်းအတွက် ငါစိတ်မကောင်း ဘူးကွာ. . . ငါ့သားဟာ တစ်ချိန်ချိန်မှာ အလကား ယောကျ်ားတစ်ယောက် ဖြစ်သွားလိမ့်မယ်လို့ ငါ နည်းနည်းလေးမှ မထင်ခဲ့မိဘူး"

"တော်ပါတော့ ဒယ်ဒီ"





သူ ဆတ်ခနဲ ခေါင်းမော့ကာ အံတင်းတင်းကြိတ်ထားမိ သည်။ ဒယ်ဒီကတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ သရော်ပြုံး ဖြင့် သူ့ကို ကြည့်နေသည်။

နောက်ပြီး တစ်ဖက်လှည့်ကာ . . . ပြုံးစိစိလုပ်နေ သည်။ ဒယ်ဒီဟာ သူ့ပျော့ကွက်ကို နင်းကာ သူ့ကို ယောကျ်ားမပီ သသော စိတ်ဓာတ်ပျော့ညံ့နုံ့ချာသော ယောကျ်ားတစ်ယောက် အဖြစ် တစ်သက်လုံးသတ်မှတ်သွားတော့မည်။ အိုး. . . အဲဒါကို သူမခံနိုင်ဆုံး. . .။

သူဟာစိတ်ဓာတ်ပြင်းထန်သော၊ စိတ်ဆတ်သော၊ မခံ ချင်စိတ်က ရှန်းကြွလာလျှင် စိတ်အလိုလိုက်ပစ်တတ်သော တစ်ဇွတ်ထိုးဆန်တတ်သော လူငယ်စရိုက်များကို ပိုင်ဆိုင်သည့် လူငယ်တစ်ယောက်သာ ဖြစ်ပါသည်။ ပြဿနာတစ်ခုကို နား လည်ခွင့်လွှတ် သည်းခံပေးခြင်းဖြင့် မဖြေရှင်းနိုင်တာက သူ့ရဲ့ အားနည်းချက်တစ်ခုလည်း ဖြစ်သည်။

သူသည် . . . စိတ်ဆတ်သွေးကြွသော လူငယ်လေး ပီပီတစ်စုံတစ်ယောက်၏ အထင်သေးမှု၊ လှောင်ပြောင်ပြုံးထေ့မှု အပြစ်တင်ကဲ့ရဲ့မှု၊ စကားနာထိုးမှုတွေကိုလည်း သည်းခံနိုင်စွမ်း မရှိသေးပါ။ အထူးသဖြင့် သူအမြဲဆန့်ကျင်ခဲ့သည့် ဖခင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ အထင်သေးမှုများကို သူအလိုမရှိ . . .။

"ခပ်ညံ့ညံ့သားတစ်ကောင်ကို သက်စွန့်ဆံဖျားမွေးပေး သွားခဲ့ရရှာတဲ့ မင်းအမေအတွက် ငါတကယ်စိတ်မ ကောင်းပါဘူးကွာ"

"ဒယ်ဒီ"

သည်တစ်ကြိမ်တော့ သူ့ရဲ့သွေးတွေဟာ ပွက်ပွက်ဆူ လာခဲ့ပြီဖြစ်သည်။ သူက ဒယ်ဒီ့သရော်ပြုံးကို စေ့စေ့ကြည့်မိကာ

"ဒယ်ဒီသားဟာ ဒယ်ဒီထင်ထားသလို ခပ်ညံ့ညံ့သားမျိုး မဟုတ်ဘူးဆိုတာ ဒယ်ဒီ မကြာခင် သိစေရမယ်"

ဟုစကားလုံးချင်းပြောစဉ်တွင် သူ့မျက်ဝန်းတွေ တဖျပ်ဖျပ် တောက်ပနေပြီး အသံကတော့ လှိုက်ခါတုန်ယင်နေသည်။

"အဟက် . . . ဟက်၊ ကောင်းပြီ . . . ကောင်းပြီ စောင့်ကြည့်မယ်လေ. . . အပြောနဲ့အလုပ်ညီတတ်တဲ့ ယောကျ်ားမျိုးဆိုရင်တော့ ငါတို့ယောကျ်ားလောက က Welcome ပဲ. . . တစ်ခုတော့ရှိတယ်နော်. . . နောက်မှသာ ကြောင်ကလေးဖြစ်မသွားစေနဲ့ကြားလား. . . ဟော့ကောင်"





သူ ဒယ်ဒီအနားက ထွက်ခွာလာခဲ့သည်အထိ ဒယ်ဒီ့အသံကို သဲ့သဲ့ကြားနေရဆဲ . . . ဒီအချိန်မှာ သူတစ်ခုတည်းပဲ သိသည်။ အဲဒါကတော့ ယောကျ်ားတစ်ယောက်ရဲ့ ရှင်သန်ရပ်တည်မှုကို စော်ကားနှိမ့်ချမခံရဖို့သာ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ပြန်မှပဲ သမီးရေ . . . မေမေတို့ ရောက်နေတာ နှစ်လကျော်သွားပြီ"

ဟု မေမေ့ထံမှ ဆုံးဖြတ်ချက်ကျသော နေ့တွင်ရုံသည်ကလေးတစ်ယောက်လို ပျော်ရွှင်မြူးထူးနေမိပုံများ မေမေပင် သတိထားမိသည်အထိ။

"ရုံ . . . ညည်းကလေးကို ကြည့်ရတာ . . . အရင်ဇာနဲ့ မတူတော့ဘူးနော် . . . ရန်ကုန်ပြန်ကြမယ် ပြောလိုက်တာနဲ့ ရွှင်နေတော့တာပဲ၊ အရင်ကဆို မေမေရန်ကုန်ပြန်ချင်နေရင်တောင် ညည်းက ဒီမြို့လေးကို ချစ်လွန်းလို့ဆိုပြီး . . . မေမေ့ကို ဆွဲထားတတ်သေးတာ ခုတော့ ဒီလိုမဟုတ်ပါဘူး . . . ပစ္စည်းတွေ အလျင်စလို သိမ်းလိုသိမ်းနဲ့၊ သီချင်းတွေလည်းအော်ဆိုလား





ဆိုရဲ့ . . . ပျော်ယာခတ်နေတော့တာပဲကွယ်၊ ရန်ကုန်မှာ ဘာသံယောဇဉ်တွေ ကျန်ခဲ့လို့ ဒီလောက်လောနေရတာလဲ၊ ညည်းကလေး မရိုးတော့တာတော့ သေချာတယ်"

"ရုံက ဦးငယ်ကို လွမ်းတာပါမေမေရဲ့ . . . ဦးငယ်ခမျာ တစ်ယောက်တည်း ကျန်ခဲ့ရရှာတာ . . . အိမ်ကလူတွေကလည်း ဦးငယ်ကို ရုံ့လိုဂရုစိုက်နိုင်မှာ မဟုတ်ဘူး . . . ဦးငယ်အတွက် ရုံ နောက်ဆံတင်းနေရတာ"

"အင်း . . . ညည်းမှာလည်း ဒီဦးလေးတစ်ယောက်ကို ချစ်လိုက်ရတာတုန်လို့ . . . အမေအရင်းထက်တောင် ပိုမယ်ထင်ပါရဲ့"

"မေကလည်း မေက လူကောင်းလေ . . . ဦးငယ်က ချွတ်ယွင်းချက်ကြီးနဲ့ ရှင်သန်နေရတဲ့လူဆိုတော့ ရုံက သနားပြီး ပိုချစ်မိတာပေ့ါ။ မေ့ထက်တော့ ပိုချစ်တာ မဟုတ်ရပါဘူးနော် . . . နှစ်ယောက်လုံးတူတူပဲ ချစ်တာပါ"

မေမေက ရုံ့ဆင်ခြေကို ယုံကြည်သွားပုံရပါသည်။ တကယ်တော့ ရုံမှုပျက်နေရတာ. . . ရန်ကုန်ပြန်ချင်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်ကြောင့် မဟုတ်ရပါ။ ယုန်ကလေးက မြွေဟောက်ကလေးကို လွမ်းနေရတာပါ။

ရန်ကုန်ပြန်သည့်နေ့မှာတော့ ရှုံတက်ကြွပျော်ရွှင်နေသည်။ တစ်လမ်းလုံး သီချင်းတညည်းညည်းနှင့် ရှုံတို့ ခြံရှေ့ရောက်လာတော့ ရှုံက ရော်ကီကို စူးစမ်းရှာဖွေကြည့်သည် . . . ရှုံပြန်ရောက်လာကြောင်းကို ရော်ကီနှင့် စာလွှာပါးရပါမည်။

ရှုံသည် ခရီးပန်းလို့ ပန်းရမှန်းမသိ၊ အရင်ကဆို အိမ်ရောက်တာနဲ့ အိမ်ရာထဲပစ်လှဲကာ . . . တမှေ့တမော အိပ်ပစ်လိုက်သည်ချည်း . . .။ ခုတော့ ရှုံက . . . အိပ်ပစ်ဖို့ သတိမရဘဲ ခြံထဲအနှံ့ ရော်ကီကို လိုက်ရှာနေသည်။

ခဏကြာလျှင် နောက်ဖေးပေါက်မှဝင်လာသော ရော်ကီကိုတွေ့တော့ ရှုံ ဆွေ့ဆွေ့ခုန်ပျော်သွားသည်။

မြွေဟောက်ကလေး . . .

ယုန်ကလေး ခုပဲပြန်ရောက်တယ်။

ညနေ . . . အင်းလျားကစောင့်မယ်။

အရမ်းလွမ်းတယ် သိလား . . .

ယုန်





ရှုံသည် . . . စာခေါက်ကလေးကို ရော်ကီမှ တစ်ဆင့် မောင့်ထံပို့လွှတ်လိုက်ပါသည်။

ထို့နောက် . . . ရှုံသည် မောင်နှင့်တွေ့ရမည့်အရေးကို ကြိုတင်ရင်ခုန်ကာ အခန်းအောင်းအလှပြင်ရင်းကပင် ညနေကို စောင့်ကြိုနေခဲ့မိသည်။ သည်ကနေ့အဖို့ ရှုံ့ဘက်ကတစ်ခု ပျက်ကွက်ခဲ့သည်မှာ ဦးငယ်နံဘေးတွင်ထိုင်ကာ ပြင်ဦးလွင်ကအတွေ့အကြုံကို ပြောမပြခဲ့မိခြင်းတည်း။

"မိရှုံ"

ခဏအကြာတွင် ဦးငယ်ရဲ့ ခေါ်သံကျယ်ကြီးထွက်လာသည်။ ဟုတ်ပါရဲ့ . . . ဦးငယ်ကို နှုတ်ဆက်ဖို့တောင် ရှုံက မေ့လျော့နေခဲ့မိပါသည်။ မေမေကတော့ ခရီးရောက်မဆိုက်ပင် အလုပ်ကိစ္စဖုန်းဆက်သဖြင့် ကုမ္ပဏီသို့ထွက်သွားခဲ့ပြီ ဖြစ်သည်။

"လာပြီ ဦးငယ်လေးရေ"

ရှုံက . . . ဆိုးလက်စနှုတ်ခမ်းနီကို လက်စသတ်လိုက်ပြီး ပြန်အော်လိုက်ပါသည်။

"ထိုင်ပါဦး မိရှုံ"

ရှုံကို စောင့်ကြိုနေသော ဦးငယ်ရဲ့မျက်နှာထားက တင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရီးရောက်မဆိုက်ဘဲ ခိုင်းရတော့မယ် ရှံ့"

"ဘာလဲဟင် ဦးငယ် . . . ဦးငယ်ခိုင်းရင် ရှံ့လုပ်ပေးမှာပေါ့"

ရှံ့က မျက်နှာချိုသွေးလိုက်သည်။

"ကိစ္စက တခြားတော့မဟုတ်ပါဘူး၊ လုပ်လက်စအလုပ်တစ်ခုကို လက်စသတ်လိုက်ဖို့ပဲ . . . ဒီနေ့ပဲ သင့်သွေးကို ပြတ်ပြတ်သားသားပြောပြီး ညည်း အဆက်ဖြတ်လိုက်တော့ မိရှံ့"

"ရှင်"

ရှတ်တရက်အံ့သြ ထိတ်လန့်ကာ ရှံ့ပါးစပ်အဟောင်းသား ပွင့်သွားသည်။

"အချိန်တွေ မကြာသင့်ဘဲ ကြာတာမကောင်းဘူး၊ တကယ်က ရှံ့ခရီးမထွက်ခင်ကတည်းက ဖြတ်ပစ်လိုက်ဖို့ကောင်းတာ"

ရှံ့သည် ရှတ်တရက် ရင်ထဲတွင်ဆို့နင့်ကာ ငိုချင်လာသည်။ ဒီနေ့ မောင်နဲ့တွေ့ရင် သိပ်ပျော်စရာကောင်းမှာလို့ မျှော်လင့်ထားကာမှပဲ မှောင်ရယ်။

"ကျွတ် . . . ဟော့ မိရှံ့ ဒါဘာဖြစ်နေတာလဲ . . . ငါ





ပြောတဲ့စကားထဲမှာ အံ့သြစရာလည်း မပါဘူး . . . ဒီကိစ္စဟာ အရင်ကတည်းက ကြိုတင်ကြံရွယ်ထားတဲ့ ကိစ္စ . . .၊ တစ်နေ့နေ့မှာ ဒီလိုလုပ်ရမယ်ဆိုတာ ရှံ့လည်း သိပြီးသားပဲ"

ရှံ့က စကားမပြန်နိုင်ဘဲ မှုပျက်၍သာနေသည်။ ဦးငယ်သည် ရှံ့ကို စိုက်ကြည့်နေရာမှ ရှတ်တရက်မျက်နှာညိုးကျကာ ဝိုးချဲလ်ကို မှီထိုင်လိုက်သည်။ ပြီးတော့ လေသံပျော့ပျောင်းသွားကာ . . .

"ငွေ့တွေဝေနေပြီလား မိရှံ့"

"တွေဝေတာတော့ မဟုတ်ပါဘူး ဦးငယ်၊ ရှတ်တရက်ဆိုတော့ ရှံ့အံ့သြသွားတာပါ။ ပြီးတော့ ခရီးရောက်မဆိုက အလျင်စလိုလည်း ဖြစ်နေတာကိုး"

"မိရှံ့ ဒီကောင်လေးကိုမုန်းနေသေးတာ သေချာရဲ့လား"

"သေ . . . သေချာပါတယ် ဦးငယ်"

"ဪပြီး သေချာအောင် ရှံ့မသိမမိလိုက်တဲ့ အချိန်တုန်းက အကြောင်းတွေကို ဦးငယ်ပြောပြမယ် . . . ဦးငယ် ဘာဖြစ်လို့ ..ကိုမိသားစုကို မုန်းရတယ်ဆိုတာ ရှံ့ သေသေချာ.. ..ထားမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှုံသည် . . . အသက်ပင်ရှဲရဲ မရှုရဲဘဲ ဦးငယ်ရဲ့မျက်နှာကိုကြည့်ကာ ငြိမ်သက်နေသည်။ ဦးငယ်ရဲ့မျက်နှာမှာ ချက်ချင်းပိုပင် ဖြူဖျော့လာကာ . . .

"သင့်သွေးရဲ့ အဖေ အောင်တိုးဟာ ဦးငယ်ရဲ့ဘဝကို နာလန်မထူအောင် နှိပ်စက်ခဲ့တယ် . . . ဦးငယ်ရဲ့ ချစ်သူကို သိမ်းပိုက်ခဲ့ရုံမကဘူး ဦးငယ်ကိုအလဲထိုးခဲ့တယ် . . . နောက်တော့ ဦးငယ်ကို စိတ်ညွှတ်နေပုံရတဲ့ အောင်တိုးနှမ မွန်မွန်လေးနဲ့ဦးငယ် မေတ္တာမျှခဲ့တယ်၊ အဲဒီတော့လည်း သူက ဦးငယ်တို့ကို မရအရခွဲပြန်တယ်၊ နောက်ဆုံးမွန်မွန်လေးက အိမ်ကထွက်ပြေးပြီး ဦးငယ်ကိုလာခေါ်တာနဲ့ ဦးငယ်တို့ကားနဲ့မန္တလေးကို ထွက်ပြေးရင်း ကားအက်ဆီးဒင့်ဖြစ်ခဲ့တယ် . . . မွန်မွန်လေးက ပွဲချင်းပြီး၊ ဦးငယ်ကတော့ ရှင်လျက်နဲ့ သေခဲ့ရတယ်"

ဦးငယ်စကားဆုံးတော့ ရှုံက ရှိုက်၍ပင်ငိုနေပြီ၊ ဦးငယ်ကို သနားတာလည်းပါသည်။ ပြီးတော့ ရှုံအဖြစ်ကို ဝမ်းနည်းတာလည်းပါသည်။ မင်းကို အသည်းမခွဲရက်ပါ မွေ့ဟောက်ရယ် . .။

"သူ့ရဲ့ မျိုးဆက်ကလေး လေလွင့်ပျက်စီးသွားတော့မှပဲ ဦးငယ်ဖြေသာနိုင်မယ် မိရှုံ . . . ကိုဥပဒေကို ဦးငယ်





သိပ်ကြိုက်တယ် . . . မျက်လုံးတစ်လုံးဆုံးရင် . . . မျက်လုံးတစ်လုံးအစား ပြန်လော်ကြေးလေ . . . ဦးငယ်က အသည်းနှလုံးရော ဘဝပါဆုံးရှုံးခဲ့တယ်၊ အဲဒီအတွက် အောင်တိုးရဲ့ မျိုးဆက်သစ်ကလေးဆီက အသည်းနှလုံးနဲ့ ဘဝကိုပြန်အစားပြန်ရမှ နေ့ဆက်ရမယ့်ဘဝမှာ ဦးငယ် နေပျော်တော့မယ်"

ရှုံဦးနှောက်တွေ ပွက်ပွက်ဆူနေသည်။ ရှုံဘာလုပ်ရမည် သိပါ။

"ရှုံ . . . ဦးငယ်ကို ကတိပေးတော့လေကွာ"

ဦးငယ်ရဲ့ အရှိန်အဝါကို မလွန်ဆန်ရဲသော ရှုံသည် . . . နောက်ဆုံးမှာတော့ ရင်နင့်စွာပင် ကတိပေးလိုက်ရတော့သည်။

"ရှုံ ကတိပေးပါတယ် ဦးငယ် . . . ဦးငယ်စိတ်တိုင်းကျ ဖြစ်ရပါစေမယ် . . ."

ပြောပြီး ရှုံအခန်းထဲဝင်ကာ အားရပါးရ ငိုရှိုက်မိပါသည်။ ရှုံ ခေါင်းအုံးထက်မှာ နှုတ်ခမ်းနီတွေကော၊ မျက်ရည်တွေ တွေပါ ပေပွနေသည်။

ညနေတွင် ရှုံသည် သင့်သွေးနှင့်ချိန်းဆိုထားရာ အင်း ားကန်ဘက်သို့ ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျစ . . . ထိုနေ့က ကောင်းကင်တစ်ပြင်လုံး အုံ့မှိုင်းနေကာ မိုးတစ်ဖြိုက် နှစ်ဖြိုက် ရွာစပြုပြီ ဖြစ်သည်။



သီန်းမင်း စာပေ



မခံချင်စိတ်ဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ချမိပြီး မကြာခင် ...ပင် သူမထံမှ စာတစ်စောင်ကို လက်ခံရရှိခဲ့တော့သည်။ ...င့်သွေးက ရုတ်တရက် လှုပ်ရှားသွားသောစိတ်ကို အားတင်း ...ဆာက်တည်ရသည်။ လှုပ်ခနဲဖြစ်သွားသော ပျော်ရွှင်မှုကို မာန ...ဖြင့် ဖုံးဖိထားရသည်။ သွားစမ်း . . . ဒီအချိန်မှာ သူ့စိတ်တွေ ...ပြောင်းလဲသွားလို့ မဖြစ်ပါ။

သူမရဲ့ စာကို သူတိုက်ရိုက်ရရှိခဲ့တာမဟုတ် ဒယ်ဒီက ...ချာ်ကို့လည်ပင်းမှ ဖြုတ်ယူကာ ပြုံးစစနှင့် သူ့ထံကမ်းပေးလာ ...င်း . . .

"ကောင်မလေးကတော့ မင်းအပေါ်တော်တော် ကြွေ နေတာပဲ၊ မင်းပါရောပြီး ကြွေမနေနဲ့ဦးနော် . . . စာဖတ်ပြီး မင်းစိတ်က ပြန်ပျော့ချင်ပျော့သွားမှာ . . . သိပ်စိတ်ချရတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့ကို သူစကားပြန်ပြောချင်စိတ်မရှိပါ။ သူ့ဆုံးဖြ
ချက်က ခိုင်မာပြီးသားဟု သူယုံကြည်သည်။

ဆုံးဖြတ်ချက်ခိုင်မာအောင် သူ့ဘက်က ရင်းနှီးခဲ့ရသ
မှာ သူ့နှလုံးသားပင်ဖြစ်သည်။

ညနေတွင် သင့်သွေးသည် သူ့ရဲ့ Time ကား
အင်းလျားဘက်သို့ မောင်းနှင်လာခဲ့ပါသည်။

သူမကို စောင့်မျှော်နေချိန်တွင် သူ့စိတ်တွေ အပြ
အထန်လှုပ်ရှားလာပါသည်။ ကားပေါ်တွင်ထိုင်လျက် ...
စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ်သောက်ရင်း သက်ပြ
ဘယ်နှခါချမိသည်မသိ။

ခဏအကြာတွင် သူ့ကားဆီသို့ ပျော်ရွှင်စွာအပြေ
တစ်ပိုင်း လျှောက်လာနေသော သူ့ရဲ့ယုန်ကလေးကို တွေ့လိုက်
လေသည်။

ယုန်ကလေးကိုယ်ပေါ်မှ အဖြူလွလွ ဂါဝန်ရှည်
ကလေးသည် လေအဝှေ့တွင် ကိုးရိုးကားရားလွင့်နေသည် ...
ဦးခေါင်းထက်မှ အနားဝိုင်းဝိုင်းဦးထုပ်ဖြူကလေးကို လက်တ
ဖက်နှင့်ဖိရင်း ကျန်လက်တစ်ဖက်ဖြင့် ဂါဝန်ကလေးကို သေ
အောင်ဖိကာ လျှောက်လာနေသော သူမကလေးက အဖော



ပင် သွားကလေးအဖွေးသားပေါ်သည်အထိ ရယ်ပြနေသည်။
ပြီးတော့ ဒေါက်ဖိနပ်အဖြူကလေးကိုမှ အားမနာဘဲ မပြေးရဲ့
တမယ် လျှောက်လာနေသည်။ ကျနေ၏ ဖျော့တော့တော့ နေ
ရောင်အောက်တွင် သူမရဲ့အသွင်သဏ္ဌာန်မှာ ဝင်းပ၍နေသည်။

သူ့ကားပေါ်မှဆင်းကာ ကားနံဘေးတွင် ရပ်မိတော့
သူမကလေးက ဦးထုပ်ကိုချွတ်၍မြှောက်ပြရင်း ... သူ့ဆီတစ်
လှစ်လှစ်ပြေးလာတော့သည်။ သူ့နားရောက်သည်နှင့်သူ့ခါးကို
သိမ်းကျုံးဖက်ကာ လက်မောင်းတွင် မျက်နှာအပ်ရင်း ...

"အား ... အလွမ်းကို ပြေသွားတာပဲ မောင်ရယ်"

သူ့ရင်ထဲတွင် ကျဉ်သွားသည်။ သူက မတုန်မလှုပ်ရပ်နေ
မိတာဖြစ်သည်။

"မြွေဟောက်ကလေးက သိပ်ဆိုးတာပဲ၊ ယုန်ကလေး
လာနေတာမြင်ရက်နဲ့ လာကြိုဖော်မရဘူး ... ကားနား
မှာပဲ ရပ်နေတယ်၊ သူ့ကားကို လူခိုးသွားမှာကျလို့"

ရုံသည် ... အပူရှပ်ကို ဟန်လုပ်ကာ မောင့်ကိုချွဲနွဲ့နေမိ
သည်။ တကယ်လည်း မောင့်ကိုမတွေ့ခင်က ရုံ့ရဲ့သောကတွေ
ကို ... မောင့်ကို လှမ်းမြင်လိုက်ရသည့်အချိန်မှစကာ ရုံ့
မေ့လျော့သွားခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာ ဦးဦးငယ်ကို ပေးခဲ့သည့်ကတိကိုပင် မေ့သွားခဲ့သည်။ သို့သော် မောင်က ရှုံထင်သလို လှိုက်လှိုက်လှဲလှဲမရှိ . . . ကျောက်ရုပ်လို ငြိမ်နေသည်။ ရှုံအံ့သြကာ မောင့်မျက်နှာကို မော့ကြည့်မိသည်။

"ဟင် . . . ရုပ်တည်ကြီးနဲ့ ဘာဖြစ်နေတာလဲမောင်ရဲ့ . . . ဘာလဲ မောင်က ရှုံ့ကိုမလွမ်းဘူးပေါ့ . . . ရှုံကို တွေ့ရတာ ဝမ်းမသာဘူးပေါ့"

သင့်သွေးရဲ့ စိတ်တွေဟာ တဖြည်းဖြည်းယိုင်နဲ့ချင်လာသည်။ သူမကို ကျစ်ကျစ်ပါအောင် ဖက်ပွေ့ကာ သူ့ရင်ခွင်ထဲတွင် သိမ်းထား၍ အလွမ်းဖြေချင်သည်။ သို့သော် . . . သူမကို သူ . . . မတို့ရက်၊ မထိရက်၊ သူ့တွင် အပြစ်ရှိသလို ခံစားရသည်။

"ဟိတ် မြွေဟောက်ကလေး . . . မျက်နှာကြီးက ရှုံ တည်တည်ကြီးနဲ့ ဘာဖြစ်နေတာလဲ၊ ဩော် သိပြီ၊ သိပြီ ရှုံခရီးထွက်သွားတာကြာလို့ စိတ်ကောက်နေတာထင် တယ် . . . မောင့်ကို ပြောခဲ့တဲ့ နှစ်လထက်သုံးရက်ပဲ စွန်းတာပါရှင်"

"ယုန်ကလေး . . . မင်းကို ကိုယ်မခွဲနိုင်တော့ဘူး"

"ရှင်"





ရှုံသည် မောင့်စကားကို ကြားလျှင် ထိတ်လန့်တုန်ယင်သွားသည်။ မောင့်စကားက ရှုံကို အိပ်မက်မှလန့်နိုးစေခဲ့ပါသည်။ မောင့်ကိုအတွေ့တွင် ရုတ်တရက်မေ့လျော့သွားခဲ့ရသော . . . (ဦးငယ်ထံပေးခဲ့မိသော) ကတိကို ရှုံပြန်သတိရလာသည်။ ဟင့်အင်း . . . မောင် ယုန်တို့တစ်တွေ မခွဲလို့မဖြစ်တော့ဘူး။

"ယုန်ကလေး . . . မင်းနဲ့ခွဲလို့မဖြစ်တာ . . . ကိုယ့်ဘက်က သေချာနေပြီ၊ ကိုယ်တို့တတွေ ထွက်ပြေးကြရအောင်"

သင့်သွေးသည် သူမမျက်နှာကို စေ့စေ့ကြည့်ကာ တောင်းဆိုလိုက်သည်။ သူ့ရဲ့လိမ်ညာမှုတစ်ခု . . . ။

သိပ်မကြာခင်ကာလမှာ သူမကို သူလှလှပပလှည့်စားရတော့မည်။

"မောင် . . . ရှုံ . . . ရှုံ ကြောက်တယ် . . . ဟင့်အင်း ရှုံ အဲလို မလုပ်ရဲဘူး"

ရှုံသည် အကြောက်အကန်ငြင်းဆန်ရင်းကပင် စိတ်သည် မောင့်ဘက်သို့သာ ညွတ်လာ၏။ ရှုံ့ကို မခွဲနိုင်လောက်အောင် ချစ်နေသော မောင့်ကို ရှုံသနားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်ရဲ့အမိန့်အရ . . . သည်ကနေ့အဖို့ ရုံ့တာဝန်မှာ မောင့်ကို အဆက်ဖြတ်လိုက်ရန်ပင် ဖြစ်သည်။ သို့သော် ယခုမူ ရုံသည် မောင့်ကို ပစ်ပစ်ခါခါပြောရန် ဝန်လေးလှချေသည် တကား။

"ယုန် မောင့်ကို ချစ်တယ်ဆို . . . မောင်နဲ့လိုက်ခဲ့ပါကွာ နော်"

သူမစိတ်ကို ညွတ်ယိုင်လာအောင် ဆွဲဆောင်ရတာ လောက် လွယ်ကူသောအရာရှိမည် မထင်ပါ။ အဲဒီလောက် စိတ်ထားနူးညံ့ပျောင်းညွတ်သော သူ့ရဲ့ချစ်သူလေးကို လှည့်စား အသည်းခွဲရမည့်အတွက် သူ့ရင်ထဲ နာကျင်နေခဲ့သည်။

သူမသည် မျက်ဝန်းဝိုင်းဝိုင်းကလေး တလည်လည်နှင့် သူ့မျက်နှာကို မော့ကြည့်ရင်း တွေဝေကြောက်ရွံ့နေသည်။ တစ်ခု သေချာသည်မှာ. . . သူမ သူ့ကို ပစ်ပစ်ခါခါ မငြင်းနိုင်ခြင်း တည်း။

"ယုန်ကလေး လိုက်မယ် မဟုတ်လားဟင်"

သူက သူမပခုံးကိုညင်သာစွာ ဖက်ပွေ့လိုက်သည်။ သူမ သူ့ပခုံးပေါ် အလိုက်သင့် ခေါင်းမှီကာ . . .

"ယုန်လည်း မောင့်ကို မခွဲနိုင်ပါဘူး၊ ဒါ. . . ဒါပေမဲ့





"မောင်တို့တွေ မခွဲနိုင်တာ သေချာနေပြီပဲ . . . တခြား ဘာတွေကို ထည့်တွက်ဦးမှာလဲ . . . မေ့ပစ်လိုက်ပါ ကွာ၊ ခုချိန်မှာ မောင့်ကို ချစ်တာတစ်ခုတည်းပဲ သတိရ . . . အဲဒါဆို ယုန် သတ္တိရှိလာမှာ သေချာတယ်"

"မောင်ရယ်၊ ယုန် . . . ယုန် မဆုံးဖြတ်တတ်တော့ဘူး"

"ကဲ . . . ယုန်ကို တစ်ခုမေးမယ် . . . ယုန် ကိုယ့်ကို ချစ်တယ် မဟုတ်လား"

"ချစ်တယ်"

"ကိုယ့်ကို မခွဲနိုင်ဘူး မဟုတ်လား"

"အင်း"

"ကိုယ်နဲ့အတူတူနေရရင် ပျော်မယ် မဟုတ်လား"

"ဟုတ်"

"အိုကေ . . . ဒါဆို သေချာပြီ၊ ကဲ ယုန်ကလေး . . . ခုချိန်ကစပြီး ဘာစကားမှ မပြောနဲ့တော့ . . . ကိုယ့် နောက်အေးအေးဆေးဆေး လိုက်ခဲ့တော့နော်"

ရုံသည် . . . မောင့်မျက်နှာကို တစိမ့်စိမ့် မော့ကြည့်ရင်းကပင် အားလုံးကိုမေ့ကာ ခေါင်းညိတ်ခဲ့မိပြီတည်း၊ ရုံတို့ မိန်းမတွေဟာ ချစ်မိပြီ ဆိုရင်ဖြင့် ဒီလိုပဲ မိုက်ရူးရဲဆန်တတ်ကြသည် ထင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



. . . ရှံ ချစ်ခင်သနားခဲ့သော ဦးငယ်ကိုပင် ရှံသတိမရနိုင်တော့ ပါ။

ရှံသည် မိန်းမတစ်ယောက်ရဲ့မာနနှင့် ကတိတစ်လုံးကို ချိုးဖျက်ကာ မောင့်ခြေရင်းတွင် ကျဆုံးခဲ့ရလေသည်။ သို့သော် အဲဒီအတွက် ရှံ ဝမ်းမနည်းမိပါ။ မောင့်ထံမှ ရရှိသည့်ချစ်ခြင်းတစ် ခုတည်းသာ အရာအားလုံးထက် တန်ဖိုးရှိသည်သာတည်း။

ရှံသည် မောင်ကမ်းပေးနေသောလက်ထဲသို့ ယုန့် လက် ဝါးလေးကို ယုံကြည်စိတ်ချစွာ ထည့်လိုက်ပါသည်။

ရှံတို့ နှစ်ယောက်ရဲ့ကြည်နူးဖွယ် အနေအထားနှင့် လိုက်ဖက်စွာ ပတ်ဝန်းကျင်တွင် အခြေအနေက အုံ့မှိုင်းညို မှောင်နေခဲ့တော့ . . . ယုန် စိတ်ထဲ ရာသီဥတုကို အပြစ်တင် မိုက်သည်။ ရှံက သည်ကနေ့မှာ ပန်းကလေးတွေကိုလည်း ခန်းဆန်းစွာ ပွင့်ကြစေချင်သည်။ ကောင်းကင်တစ်ခွင်ကိုလည်း ကြည်စင် ဝင်းပနေစေချင်သည်။ လေပြေလေညှင်းကိုသာ သွင်သွင် တိုက်ခတ်နေစေချင်သည်။ ရှံတို့ရဲ့ မင်္ဂလာဦးမှာ ကောင်းသောနိမိတ်များဖြင့်သာ ဝန်းရံနေစေလိုပါသည်။ သို့ သော် ဘာကြောင့်ရယ်မသိ . . . သည်ကနေ့ကျမှ . . . ကောင်းကင်ကလည်း အုံ့မှိုင်းမှုနကာ ရာသီဥတုကလည်း မသာ





ယာ၊ တစ်ချက် တစ်ချက် လေပြင်းကလည်း တဝှီးဝှီး တိုက်လိုက် သေးရဲ့ . . .

ယုန်သည် မောင့်နံဘေးတွင်ထိုင်လိုက်ခဲ့ရင်း . . . ကား မောင်းနေသော မောင့်မျက်နှာကို မျက်တောင်မခတ်တမ်း ကြည့် ရင်း . . . မောင့်ရင်ခွင်မှာ စိတ်ချလက်ချ မှေးမှိန်နေခဲ့သည်။

ယုန်ကလေးရဲ့ မောင်ဟာ ယုန်ကလေးအပေါ် ဘယ် တော့မှ မရက်စက်သူလို့ ယုံကြည်ခဲ့မိပါသည် မောင်။





www.burmeseclassic.com

www.burmeseclassic.com



သင့်သွေးရဲ့ ကားကလေးဟာ မြို့ပြင်ဘက်သို့ ဦးတည်ပြေးလွှားနေသည်။ တကယ်တော့ သူက ဦးတည်ရာမဲ့မောင်းနှင်ရင်း စိတ်တွေ ကယောက်ကယက်ဖြစ်နေခဲ့ခြင်းသာ ဖြစ်သည်။ သူမမျက်နှာကို တစ်ချက်ငုံ့ကြည့်မိတိုင်း သူ့ရဲ့ရက်စက်နိုင်စွမ်းတွေ တစ်ရစ်လျော့လျော့သွားခဲ့သည်။ မင်း ဘာမှ မသိပါလား ယုန် . . .

"မောင် ဘယ်ကိုသွားမှာလဲဟင်"

"ပဲခူး ကို"

"ဩော် . . . ဒါဆို အဝေးကြီးလိုသေးတာပဲ၊ ယုန် အိပ်ပြီးလိုက်ခဲ့မယ် . . . မောင် ကားကိုဖြည်းဖြည်း မောင်းနော် . . . မှောင်လည်းမှောင်နေပြီ၊ ဟား . . . တကယ်အိပ်ငိုက်လာပြီ၊ ပဲခူးရောက်ရင်နှိုးနော် . . . ဩော် . . . ကျုပ်ဦးထုပ်ကလေး ဘယ်ရောက်သွား





တယ်မသိ . . . ဩော် ပါတယ် . . . ပါတယ် . . . ကားနောက်ခန်းထဲမှာ၊ အဲဒီဦးထုပ်ကလေးက ရှင်ဝယ်ပေးထားတာလေ . . . ကျုပ် သိပ်ကြိုက်တာ . . . နေပူပူ မပူပူ အမြဲဆောင်းဆောင်းထားတာ၊ အဲဒီဦးထုပ်ကလေး ဆောင်းထားလိုက်ရင် ရှင့်လက်ဖဝါး နွေးနွေးကြီးက ကျုပ်ခေါင်းကို အုပ်ကိုင်ထားသလိုပဲ ခံစားရတယ် . . . သိလား"

တော်ပါတော့ ယုန် . . . ကိုယ့်ကို တွေဝေစေမယ့် စကားတွေကို ကျေးဇူးပြုပြီး မပြောဘဲနေပါကွာ . . . အပြစ်ကင်းတဲ့ အပြောအဆိုအပြုအမူတွေနဲ့ ကိုယ့်ကို နောင်တရအောင် မလုပ်ပါနဲ့။

"ကဲ ယုန်ကလေး အိပ်ပြီဟေ့ . . . ကားကို ဒက်စတော့ မအုပ်လိုက်နဲ့နော် . . . သတိပေးလိုက်ပါရဲ့ . . . တော်ကြာ ကျုပ်နဖူးကွဲနေပါဦးမယ် . . ."

ခုချိန်မှာ သူ့မျက်နှာတစ်ခုတည်း အားကိုးကာ သူမက အပူအပင်ကင်းမဲ့နေပုံရလေသည်။ ဘာကိုမှ အတွေ့ထူး မမေးမြန်းဘဲ သူ့နောက်သို့ မိုက်မဲစွာလိုက်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အြော် . . . အိမ်မပျော်ခင် . . . ရှင်သိအောင် တစ်ခု ပြောရဦးမယ်၊ ကျုပ်လေ . . . ကြောက်သလိုလို့ တကယ်တမ်းကျတော့ ပျော်နေတယ်သိလား . . . ဇာ အိပ်ပြီ။ ဘာမှ ထပ်မမေးကြေး"

ယုန့်ရယ် . . .

သင့်သွေးရဲ့ စိတ်ဓာတ်တွေဟာ တစ်စချင်းတစ်ဖွဲ့ချင်း အရည်ပျော်ခဲ့ရပြီဖြစ်သည်။ သူချစ်မြတ်နိုးသော သူ့ကို ချစ်မြတ်နိုးသော မိန်းမကလေးတစ်ယောက်ရဲ့ဘဝကို သူ ဘယ်လိုသတ္တိမျိုးနှင့် ဖျက်ဆီးရမှာပါလိမ့်။ ဒီမိန်းကလေးကို လှည့်စားဖို့အထိ ဆုံးဖြတ်ချက်ချခဲ့မိခြင်းသည်သာ သူ့ရဲ့မိုက်ရိုင်း တစ်ကိုယ်ကောင်းဆန်မှုတစ်ခု ဖြစ်သည်။

သင့်သွေးသည် နှုတ်ခမ်းငုံလေးပွင့်လျက် သူ့ပခုံးကို မှီကာ ကလေးတစ်ယောက်လို အိပ်ပျော်သွားပြီဖြစ်သော သူမရဲ့ မျက်နှာကို တစ်ချက်ငဲ့ကြည့်ရင်း ကားဘရိတ်ကို ညင်သာစွာ နင်းလိုက်ပါသည်။

သူတို့ရဲ့ကားကလေးသည် မြို့ပြင်တစ်နေရာ လမ်းဘေးတွင် ရပ်တန့်သွားခဲ့သည်။ ပတ်ဝန်းကျင်သည် အဆုံးအစမရှိ မှောင်မိုက်နေသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် လယ်





ကွင်းပြင်များသာ တစ်မျှော်တစ်ခေါ် ရှိနေသည်။ မလှမ်းမကမ်း လယ်ကွင်းစပ်မှာတော့ လယ်စောင့်တဲ ဝင်းဝင်းကလေးတစ်လုံးဆီမှ မီးရောင်လက်လက်ကလေးကိုသာ လှမ်းမြင်နေရသည်။ တဝိုးဝိုးတိုက်ခတ်နေသော လေပြင်းကြောင့် ကားမှန်အပြည့်တင်ထားခဲ့သည်။ ကားထဲမှာတော့ အဲကွန်းကြောင့် အေးစိမ့်စိမ့် ဖြစ်နေသည်။

သူ . . . တိတ်ဆိတ်စွာထိုင်ရင်း သူမမျက်နှာကို အဓိပ္ပာတမောကြည့်နေမိသည်။ သူ သစ္စာဆိုရဲသည်မှာ . . . ခုလို အချိန်တွင် သူမအပေါ် စိတ်နှင့်ပင်မဖြစ်မှားခြင်းပင်တည်း . . .။ လက်ဖျားကလေးနှင့်ပင် မထိရက်၊ မတို့ရက်။ သူ့ဘာသာ လန်းဆန်းစွာ ပွင့်နေသော ပန်းကလေးကို သူခြွေမခူးရက်ပါ။ ပြီးတော့ ဒါဟာ သူချစ်သောပန်းပွင့်ဖြူဖြူကလေး . . . ။

သို့သော် . . . တစ်ချိန်တည်းမှာပင် ဒယ်ဒီ့ရယ်သံကြီးက သူ့ကိုခြိမ်းခြောက်နေပြန်သည်။

"ယောကျ်ားဆိုတာ မာနမရှိရင် အလကားပဲကွ၊ ဆုံးဖြတ်ချက်ချပြီးရင်လည်း ဘယ်တော့မှ ပြောင်းရဘူး၊ စိတ်ဓာတ်ပျော့ညံ့တယ်ဆိုတာ ယောကျ်ားဆန်တဲ့ သူတွေအတွက် မဟုတ်ဘူး၊ မိန်းမတစ်ယောက်ရဲ့ ခြေရင်းမှာ ကျဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားရှာတဲ့ မင်းအတွက် ငါစိတ်မကောင်းပါဘူးကွာ”

သင့်သွေးရဲ့စိတ်သည် ဆန့်ကျင်ဘက်နှစ်မျိုးအကြား တွင် လွန်ဆွဲနေဆဲဖြစ်သည်။ သူ . . . တစ်ခုခုကိုတော့ ဆုံးဖြတ်မှ ဖြစ်လိမ့်မည်။

“အင် . . . ဟင် . . . အို . . . မောင်၊ ဟင် . . . ကားကြီးကလည်း ရပ်လို့ . . . ဘယ်ရောက်ပြီလဲဟင်၊ ပဲခူးရောက်ပြီလား၊ ခဏလေးရယ်နော် . . . ယုန်လည်း အိပ်ပျော်သွားလိုက်တာ တစ်လမ်းလုံးပဲ”

ရှုံသည် . . . အိပ်မှုန်စုံမွှားနှင့် မျက်နှာကို ပွတ်သပ်ရင်း မောင့်ကို မေးမိလေသည်။ သို့သော် . . . မောင်က ရှုံမေးခွန်းကိုမဖြေ . . . ။

ရှုံ့ကိုသာငေးစိုက်ကြည့်နေသည်။ ထိုအခိုက်မှာပင် ရှုံသည် ခိုးရာလိုက်လာမိသောအဖြစ်ကို သတိရကာ ရင်တဒိန်းဒိန်း ခုန်လာသည်။

“ဘာကြည့်နေတာလဲ . . . ဘာမှန်းလဲမသိဘူး”

ရှုံသည် ရှက်ရွံ့စွာဖြင့် မျက်လွှာချလိုက်သည်။ ပြီးတော့ မောင့်ပခုံးကို နဖူးနှင့်တိုက်ကာ ရှက်ရှက်နှင့်ရယ်မိလေသည်။ ရှုံ ဒီလောက်ယုံစားအားကိုးလာတဲ့ ရှုံ့ရဲ့ချစ်သူကို တစ်ချိန်တုန်းက





ကလဲ့စားချေဖို့ အကြံနဲ့ ချစ်တန်းဆောင်မိခဲ့တယ်ဆိုတာ . . . ၊ ခိုးရာ လိုက်လာတဲ့နေ့ဟာ မောင့်ကိုအညည်းခံဖို့လာတဲ့နေ့ပဲဆိုတာ၊ မောင်စိတ်ကြည်လင်တဲ့ တစ်နေ့နေ့မှာတော့ ယုန်ရိုးသားစွာ ဝန်ခံရလိမ့်ဦးမည်။

ရှုံသည် ခေါင်းငုံ့ရှက်ရွံ့နေရင်းကပင် မောင့်ရင်ခွင်နွေးနွေးကို တမ်းတနေမိသည်။ မောင့်အနမ်းဖွဖွကို ကြိုဆောင့်နေမိသည်။ သို့သော် မောင်က ရှုံ့ပခုံးကလေးကို ပွေ့ဖက်မလာခဲ့ဘဲ . . .

“သဒ္ဒါရှုံ”

ဟု စိမ်းကားပြတ်တောက်စွာ ခေါ်လေသည်။

ရှုံ အံ့ဩမှင်တက်စွာ ဆတ်ခနဲခေါင်းမော့၍ မောင့်မျက်နှာကိုကြည့်မိ၏။ မောင် . . . ဘယ်လိုများ ခေါ်လိုက်တာပါလိမ့် . . . ။

“မောင် . . . ဘယ်လိုခေါ်လိုက်တာလဲဟင် . . . အဲလိုနာမည်အရင်းကြီး မခေါ်ပါနဲ့ မောင်ရဲ့၊ ယုန်ကလေးပဲ ခေါ်စမ်းပါ။ အဲဒီခေါ်သံကြားရတိုင်း ယုန်ကြည်နူးလွန်းလို့ပါ”

ယုန်က မောင့်လက်မောင်းကို ကိုင်လှုပ်ကာ ဆိုဖွဖွပြော



www.burmeseclassic.com

www.burmeseclassic.com



ရင်း တစ်စုံတစ်ခုကို သံသယရှိလာပါသည်။ မောင် ပုံမှန်မဟုတ်တော့တာတော့ သေချာသည်။ ယုန့်ကို ဇွတ်အတင်းခေါ်ခဲ့သော မောင်သည် ခုတော့ဖြင့် ယုန့်ကို အလိုမရှိတော့သလို စိမ်းပြတ်ပြတ်ကြီး ဖြစ်နေသည်။

"သဒ္ဒါရှံ . . . မင်းရဲ့ဦးငယ်ခိုင်းတိုင်း လိုက်လုပ်မိခဲ့တဲ့ တစ်ချိန်က မင်းရဲ့အမှားတွေအတွက် နောင်တမရဘူးလား"

"မောင် . . . ရှင် ဘာတွေမေးနေတာလဲ . . . ယုန် ရှင့်ကို အခုသိပ်ချစ်မိနေပြီလေ . . . ခုပဲ ရှင့်နောက်ကို လိုက်ခဲ့တာလေ . . ."

"ယောကျ်ားတစ်ယောက်ဟာ သူ့ရဲ့မာနတွေကို ချိုးဖွဲ့ခံလိုက်ရတဲ့ အရှက်ရမှုအတွက် လွယ်လွယ်နဲ့ ကြေပျက်နိုင်မယ် ထင်သလား"

"ရှင် ဘာတွေပြောနေတာလဲ မောင်ရယ် . . . ကျေးဇူးပြုပြီး ယုန့်ကို မကျီစားပါနဲ့"

"ကိုယ်အတည်ပြောနေတာပဲ သဒ္ဒါရှံရဲ့။ မင်းဆီက အချစ်ကိုရရုံနဲ့ မင်းရဲ့အပြစ်တွေကို အလွယ်တကူ ခွင့်လွှတ်ဖို့မလွယ်တာ သေချာတယ်"





"မောင်"

ရှံသည် . . . ရုတ်တရက် လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားသည်။ ရှံ့မျက်နှာမှာ လူသေလို ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ပြီးတော့ မောင့်မျက်နှာကို စေ့စေ့ကြည့်ရင်း ရှံရင်ထဲအဆမတန် လှုပ်ရှားနေခဲ့သည်။ မောင်က တစ်ဖက်သို့မျက်နှာလွှဲကာ

"တကယ်တော့ . . . ငါ့ရဲ့ရှုံးနိမ့်မှုတွေအတွက် လက်စားချေဖို့ မင်းကို ငါချစ်ခဲ့တာပဲ သဒ္ဒါရှံ"

"ဟင်"

"ဟုတ်တယ် . . . ခုတော့ မင်းငါ့ညွှတ်ကွင်းမှာ မိပြီလေ . . . မစိုးရိမ်ပါနဲ့ . . . မနက်ကျ မင်းကိုပြန်လွှတ်ပေးမှာပါ"

မောင့်စကားသံတွေသည် ရှံရင်ထဲတွင် တော်လည်းသလို ဆူညံမြည်ဟည်းနေသည်။ ဟင့်အင်း . . . ဟင့်အင်း မဟုတ်ဘူး၊ အဲဒါ မောင်ညာတာပဲ ဖြစ်ပါစေ။

သင့်သွေးသည် သွေးဆုတ်နေသော မျက်နှာကလေးကို ကြည့်ရက်ဘဲ မျက်နှာလွှဲနေလိုက်သည်။

သူ့ရဲ့မာနသရဖူကာကွယ်ပွဲအတွက် သူနှလုံးသားကို တေးလိုက်မိပြီ ဖြစ်သည်။ သို့သော် . . . သူမဟုတ်တော့ သူလက်



www.burmeseclassic.com

www.burmeseclassic.com



ဖျားနှင့်ပင် တို့ထိလိမ့်မည် မဟုတ်ပါ။

အဲဒါကတော့ ဒယ်ဒီမသိနိုင်သော သူ့ရဲ့ဝှက်ဖဲတစ်ချပ်ဖြစ်သည်။

“မင်းတစ်ခုတော့စိတ်ချထားပါ သဒ္ဒါရုံ . . . မင်းကို မသန့်စင်တဲ့စိတ်နဲ့ ငါမပြစ်မှားဘူး . . . အဲဒါ မင်းယုံပါ . . . ငါမင်းကို လက်ဖျားနဲ့တောင် မတို့ပါဘူး . . . ဒီည မင်း . . . ကားထဲမှာ လော့ခ်ချပြီးအိပ် . . . ငါ . . . အပြင်ထွက်အိပ်မယ်”

ရက်စက်လိုက်တာ မောင်ရယ် . . . ရှင် လက်ဖျားနဲ့ မတို့ဘဲ ပြန်ပို့တော့ရော . . . ကျွန်မအိမ်က လူကြီးတွေက ကျွန်မရဲ့ သန့်စင်မှုကို ယုံကြည်နိုင်ပါတော့မလား။

ရုံသည် . . . နှုတ်ခမ်းကို တင်းတင်းစေ့ကာ အားတင်းလိုက်ပါသည်။ ရုံတွင်လည်း မာနဆိုတာရှိသည်ပဲ . . . သူ့ရဲ့ တစ်ဖက်သတ်ကြောသွားခြင်းကို ခေါင်းငုံ့မခံနိုင်ပါ။ သို့သော် ဦးငယ့်ရဲ့အမိန့်ကို ဆန့်ကျင်ကာ တစ်ဇွတ်ထိုးစိတ်ဖြင့် မောင့်ထံလိုက်ခဲ့မိသော သူမရဲ့သတ္တိတွေကို နှမြောလှပါသည်။

ရုံသည် ခဏကြာလျှင် စိတ်ကိုတည်ငြိမ်အောင်ထိန်းကာ မျက်နှာကို မော့လိုက်သည်။ ပြီးတော့ ပြုံးထေ့ထေ့အ





ရာဖြင့် . . .

“အဟင်း . . . ရှင်ကတော့ ရှင့်ကိုရှင် . . . ဟုတ်လှပြီလို့ အထင်ကြီးနေမှာပဲနော် . . . ကျွန်မဆီက အချစ်ကို ရလိုက်တယ်ထင်ရင်တော့ . . . ရှင်မှားမယ်၊ ထူးဆန်းတာတစ်ခုက ရှင်နဲ့ကျွန်မ . . . အကြံတူနေခဲ့တာပဲ”

“ဘာ . . .”

သူ့ရဲ့အော်ဟစ်သံ . . . ပြီးတော့ တောက်ပစူးရဲတဲ့ မျက်ဝန်းတွေ . . .

ရုံ . . . နာကျင်စွာပြုံးလိုက်မိပါသည်။ ရုံသည် . . . ကျားနာတစ်ကောင်လိုဖြစ်ခဲ့ပြီတည်း။

ရုံရဲ့လှပခမ်းနားသောချစ်ခြင်းတွေအတွက် . . . အလှည့်စားခံရမှုအတွက် . . . ရုံ့ရဲ့ ဂုဏ်သိက္ခာအတွက် . . . ရုံလိမ်ညာရတော့မည်။ သို့မဟုတ်လျှင်ဖြင့် ယောကျ်ားတစ်ယောက်ကို ယုံစား မြတ်နိုးမိခဲ့မိတဲ့ ရုံ့ရဲ့အဖြစ်ဟာ . . . တစ်ဆိတ်တော့ ရှက်စရာကောင်းလွန်းသည်။

“ကျွန်မ ရှင့်ကို နည်းနည်းလေးမှ မချစ်ခဲ့တာ သေချာပါတယ် သင့်သွေးရဲ့”

“သဒ္ဒါရုံ”



www.burmeseclassic.com

www.burmeseclassic.com



သင့်သွေးသည် သူမမျက်နှာကို စိုက်ကြည့်ရင်း တုန်အက်အက်အသံဖြင့် အော်လိုက်မိသည်ထင်ရဲ့ . . . ဟား . . . မင်း . . . မင်း . . . လှည့်စားရက်တယ် ယုန်ကလေးရယ် . . .

သူမ မသိနိုင်သော သူ့ရင်ထဲက ချစ်ခြင်းတွေကို သူမက စော်ကားခဲ့ပြီ။ မာနရဲ့ ဦးဆောင်စေခိုင်းမှုကြောင့် ဆေးမိနေသူတစ်ယောက်လို ထင်ရာစိုင်းနေခဲ့သော သူ့ကို သူမရဲ့ဝန်ခံမှုတွေက အထိနာစေခဲ့ပါသည်။

သူက ဘယ်လိုအခြေအနေပဲရှိစေ . . . သူမထံသို့ လှိုက်ဝှက်နက်ရှိုင်းစွာ ပေးအပ်ထားသောချစ်ခြင်း၊ သူမထံမှ လက်ခံရရှိခဲ့သော ချစ်ခြင်း . . . အဲဒီအပြန်အလှန် ချစ်ခြင်းတွေအတွက် . . . သူတိတ်ဆိတ်စွာ ရောင့်ရဲပီတိဖြစ်နိုင်မည်ဟု ယုံကြည်ထားမိသူ ဖြစ်သည်။

"သဒ္ဒါရဲ့ . . . ဒါဆို မင်းဘာဖြစ်လို့ ငါနဲ့လိုက်ခဲ့တာလဲ"

ချစ်လို့ပေါ့ . . . သိပ်ချစ်ခဲ့လို့ပေါ့မောင်ရယ် . . . ရှုံ့သည် ရင်တွင်းမှ တိုးတိတ်စွာဖြေလိုက်ပါသည် . . . ပြီးတော့ မောင့်ကို မဲ့ပြုံးတစ်ခုလက်ဆောင်ပေးလိုက်ပြီး . . .

"အဲဒါကတော့ . . . မိန်းမတစ်ယောက်ရဲ့ သာယာတပ်မက်မှုပဲ ဖြစ်မှာပါ သင့်သွေး . . . ကျွန်မရဲ့ပျော်ရည်





တွေဝေမှုတွေကြောင့် မငြင်းဆန်နိုင်အောင် မိန်းမောသွားခဲ့ရတယ်လေ"

"ဘာ . . . ဘာပြောတယ်"

သူ့နှလုံးသားဟာ . . . ဓားထက်ထက်နှင့် ထိုးသွင်းခံလိုက်ရလို့ အငိုက်မိသွားခဲ့ရသည်။ သူက သူမပခုံးနှစ်ဘက်ကို ခပ်ကြမ်းကြမ်းခါယမ်းကာ သွေးရူးသွေးတမ်းဖြင့် . . .

"ပြန်ပြောစမ်း . . . ပြန်ပြင်ပြောစမ်း သဒ္ဒါရဲ့ . . . အဲဒါ မဟုတ်ဘူးလို့ ပြင်ပြောစမ်း"

ဟု အော်လိုက်သည်။

သူမက နှုတ်ခမ်းတင်းတင်းစေ့လျက် အေးစက်စွာ ပြုံးရင်း အသာအယာခေါင်းယမ်းပြလိုက်သည်။

"ပြင်ပြောဖို့ မလိုအပ်ဘူးလေ . . . ကျွန်မပြောခဲ့တာ အမှန်တွေချည်းပဲ၊ ကျွန်မကိုယ်ကျွန်မ သေချာပါတယ် သင့်သွေးရဲ့"

ရှုံသည် တုန်လှုပ်ချောက်ချားနေသော သူ့အသွင်ကို ကြည့်ကာ ဝမ်းသာဖို့ကြိုးစားကြည့်သော်လည်း မအောင်မြင်ပါ။

မိန်းကလေးတစ်ယောက်ကို ချစ်ဟန်ဆောင်ခဲ့တဲ့ ယောကျ်ားတစ်ယောက်က အဲဒီမိန်းကလေးဆီက အစစ်အမှန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကို လိုချင်သေးသတဲ့လား . . . ရှင်တရားပါရဲ့လား မောင် . . . ဒီလောက်တော့ လောဘမကြီးသင့်ပါဘူးကွယ်။

"မင်း . . . မင်း သဒ္ဒါရုံမှ ဟုတ်ရဲ့လားဟင် . . . ငါ့ချစ်သူဖြစ်ခဲ့ဖူးတဲ့ သဒ္ဒါရုံက . . . ယုန်ကလေးတစ်ကောင်လိုပဲ . . . အဆိပ်မဲ့တယ်၊ သိမ်မွေ့နူးညံ့တယ်။ ကြောက်တတ်၊ ရှက်တတ်တယ်၊ ငါ့ကို ဖြူဖြူစင်စင် ချစ်မြတ်နိုးခဲ့တဲ့ မိန်းကလေးပဲ"

"အရာရာတိုင်းဟာ . . . တည်မြဲလို့လား သင့်ဧသွး . . . အမြဲပြောင်းလဲနေခဲ့တာပဲ မဟုတ်လား။ ရှင် ကြားဖူးမှာပါ . . . ပြောင်းလဲခြင်းသည်သာ . . . မပြောင်းလဲသော တည်မြဲခြင်းပဲ . . . ရှင်လည်း ပြောင်းလဲခဲ့တယ်လေ . . . ကျွန်မရော ပြောင်းလဲသွားတာ ဆန်းသလား . . . ဒီမှာ သင့်ဧသွးရဲ့ . . . လောကမှာ လူတွေဟာ ကိုယ်ပေးလိုက်တဲ့အရာနဲ့ ထိုက်တန်တဲ့ တုံ့ပြန်မှုကို ရနေကြတာပဲ မဟုတ်လား"

ရုံသည် စကားဆုံးလျှင် . . . ရင်ခွင်တစ်ခုလုံး တဖြုတ်ဖြုတ်ကြွေမွသွားပါသည်။ မာနကလေးတစ်ခုသာ တောင့်ခံမထားပါက ခုချက်ချင်းပင် လဲပြိုသွားမလား အောက်မေ့ရသည်။





ဒီကနေ့ကစပြီး . . . ရှင့်ကို မုန်းဖို့ . . . မေ့ဖို့ ကြိုးစားရတော့မှာပဲ သင့်ဧသွး။ ကျွန်မပေးခဲ့တဲ့ ချစ်မြတ်နိုးခြင်းတွေအတွက် . . . ရှင့်ဘက်က ထိုက်တန်တဲ့တန်ပြန်မှုက ရက်ရက်စက်စက် အရှက်ခွဲရက်ခြင်းတဲ့လား မြွေတောက်ရယ် . . .

မင်း . . . တကယ်အဆိပ်ပြင်းပါတယ် . . . ကျွန်မနှလုံးသားတစ်ခုလုံးပြာနှမ်းအဆိပ်သင့်သွားအောင် . . . ပေါက်သတ်လိုက်တော့တာပါပဲ။

ကျွန်မရင်းနှီးခဲ့ရတဲ့ သတ္တိတွေ . . . စွန့်စားခြင်းတွေ . . . မိုက်ရူးရဲဆန်မှုတွေအတွက် ရှင်ပြန်ပေးခဲ့တာက . . . ကလဲ့စားချေလိုခြင်း တစ်ခုတဲ့။

တကယ်တော့ ဆင်ကန်းတောတိုး ရူးသွပ်ခဲ့တဲ့ ကျွန်မသာလျှင် အပြစ်ရှိပါတယ်။ ကျွန်မက ရှင့်ရဲ့ မာနတွေကို လျှော့တွက်ခဲ့မိတာကိုး။

ကျွန်မရဲ့ မှုသားတစ်ခွန်းအတွက် ရှင်အထင်သေးချင်လည်း အထင်သေးနိုင်ပါတယ်။ အဲဒီမုသားဟာ ကျွန်မရဲ့ ကျဆုံးခြင်းကို ကျားကန်ထူမပေးတဲ့ အရာတစ်ခုအဖြစ် အသုံးချလိုက်ခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သင့်သွေးကတော့ စကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ ကားစတီးယာရင်ပေါ်သို့ ခေါင်းငိုက်စိုက်ကျနေသည်။ အံတင်းတင်းကြိတ်ကာ သူ့ရင်သည် မောပန်းဖိုလှိုက်နေပါသည်။

အရာအားလုံးဟာ . . . သူထင်ထားတာတွေနဲ့ တခြားစီ ဖြစ်ပျက်ပြောင်းလဲခဲ့သည်။ တကယ်တမ်းကျတော့ . . . သူဟာ . . . သူမထံမှ ချစ်မြတ်နိုးခြင်းကို မရခဲ့ပါလား။

သာယာတပ်မက်မှုတဲ့ . . . တွေဝေမိန်းမောမှုတဲ့ . . . သူသိပ်ချစ်ခဲ့တဲ့ ဒီမိန်းကလေးထံမှာ . . . ပူလောင်တဲ့ ရမ္မက်တွေ ရှိမနေဘူးဟု သူယုံကြည်ခဲ့ပါသည်။ သူ့ချစ်သူကလေးဟာ သူ တွေ့ဖူးသမျှ မိန်းမတွေထဲမှာ အဖြူစင်ဆုံး၊ အနူးညံ့ဆုံး။

အံချိန်သည် . . . လျင်မြန်စွာကုန်ဆုံးနေခဲ့ပါသည်။ သူမက နောက်မှီကို ခပ်မတ်မတ်မှီထိုင်လျက် သူကစတီးယာရင် ပေါ်မျက်နှာမှောက်အပ် ငြိမ်သက်လျက်ရှိနေကြရာမှာ . . . ပထမဆုံး သတိဝင်လာခဲ့သူက သင့်သွေးဖြစ်သည်။

"မင်းအိပ်တော့. . . လော့ခ်ချလိုက်ပေါ့ . . . မနက်ကျ မင်းအိမ်နားထိ ငါပြန်ပို့ပေးမယ်"

သူက သူမကိုလှည့်မကြည့်ဘဲပြောခဲ့ပြီး ကားတံခါးဖွင့်၍ ဆင်းလိုက်သည်။





လေအေးတစ်သုတ်က သူ့ကို ဆီးကြိုဖက်ပွေ့လိုက်တော့ စိမ့်ခနဲချမ်းသွားသည်။ ကောင်းကင်ကို ကြေကွဲစွာမော့ကြည့်မိသောအခါ . . . ခပ်မှိန်မှိန်ကြယ်ပွင့်တွေကို မြင်ရပါသည်။ သူက မျက်တောင်တစ်ချက် နှစ်ချက်ခတ်ပစ်လိုက်သည်။ ကြယ်ပွင့်တွေတောင်မှ . . . အစဉ်အမြဲ မလင်းနိုင်ဘဲလေ . . .

သူက ကားနံဘေးတွင် ကောက်ရိုးများကို ရှာဖွေစုပုံကာ မီးပုံတစ်ခုကို ဖန်တီးခဲ့သည်။ ချက်ချင်းပင် မီးတောက်မီးညွန့်များတက်လာကာ . . . ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားခဲ့သည်။ သူသည် မီးပုံရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပါသည်။

မီးပုံရဲ့အခြားတစ်ဖက်မှာတော့ မှန်အပြည့်တင်ထားသော ကားကလေးတစ်စီးရပ်တန့်နေသည်။ လူးလွန့်နေသော မီးတောက်များက ကားမှန်တွင် ထင်ဟပ်ယိမ်းထိုးနေကြသည်။

သူက ဒူးခေါင်းပေါ် မျက်နှာမှောက်ချကာ လက်နှစ်ဖက် ကွေးတင်ပြီး လက်တွေပေါ် မျက်နှာမှောက်အပ်လျက် . . . တစ်ညတာ ကုန်ဆုံးဖို့ ကြိုးစားလေသည်။

ထိုစဉ်ကားမှန်တစ်ချပ်မှာ လျှောခနဲကျသွားခဲ့ပါသည်။ ရုံသည် သူရှိရာသို့ နာကြည်းဆွတ်ပျံ့စွာ လှမ်းကြည့်နေခဲ့သည်။ မီးပုံရဲ့အခြားတစ်ဖက်မှ လူငယ်လေးတစ်ယောက်မှာ အဆုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပေးပြီး အကောင်းတွေကိုသာ ပြန်ရချင်သော အတ္တကြီးကြီး ကောင်လေးတစ်ယောက်သာ ဖြစ်ပါသည်။

သူက သူမအတွက်ရှက်ရွံ့ဒေါသထွက်စေသည့်နေ့ရက်များ၊ ကြည်နူးပျော်ရွှင်ဖွယ် နေ့ရက်များကို ဖန်ဆင်းပေးခဲ့သူလည်း ဖြစ်သည်။ ကိုယ်ယုံကြည်ရာကို ဇွတ်လုပ်တတ်သော သူတစ်ပါးရဲ့ စော်ကားနှိမ့်ချမှုကို ဆတ်ဆတ်ထိမခံ တုံ့ပြန်ချင်သော မိုက်သွေးရဲခဲ့သူဖြစ်သည်။ အမှတ်သညာကြီးသူလည်း ဖြစ်သည်။ ပြီးတော့ မာနကို ကိုးကွယ်ချင်သူလည်း ဖြစ်သေးသည်။ ဒါတွေကို သိလျက်နှင့် ချစ်မြတ်နိုးစွာ ယုံစားခဲ့မိသူက သူမ ကိုယ်တိုင်ဖြစ်သည်။

ရှုံသည် မီးညွန့်များနောက် သူ့ထံမှ မျက်နှာလွှဲခဲ့ကာ မှောင်မိုက်နေသော ကောင်းကင်မှ ကြယ်ပွင့်ကလေးတွေကို မော့ကြည့်ရတွက်ရင်း မျက်တောင်တဖျပ်ဖျပ်ခတ်ကာ အားတင်း လိုက်ပါသည်။ သူမရဲ့နှုတ်ခမ်းအစုံကတော့ တင်းတင်းစေ့ နေဆဲဖြစ်သည်။

မနက်ဖြန်ကို ရှုံမကြာခင်ကြေကွဲနာကျင်စွာ ရင်ဆိုင်ရတော့မည်။



**သိန်းမင်း** စာပေ



"ခွေးထက် မိုက်တဲ့ကောင်မ"

ဒီယောက် ရုန့်ရင်းကြမ်းတမ်းသည့် စကားလုံးမျိုးအား ဦးဦးငယ်လို ဂုဏ်သရေရှိ ယောက်ျားတစ်ယောက်ရဲ့ နှုတ်ဖျားမှ ပွင့်ထွက်လာသည်ဆိုတာ ယုံနိုင်စရာပင် မရှိပါ။

ရှုံ့ကို ချော့တစ်ခါခြောက်တစ်လှည့် စေခိုင်းခဲ့သော ဦးငယ်ကတော့ အပြစ်ကင်းသတဲ့လား။

ရှုံသည် ပထမဦးဆုံးအကြိမ်အဖြစ် ဦးငယ်ကို ရွံရှာ စက်ဆုပ်သွားခဲ့ပါသည်။ ဦးငယ်ဟာ လူကြီးပီသတဲ့သူ တစ်ယောက်မဟုတ်ဘူး။

ဦးငယ် ရက်စက်တယ် . . . ပြောရက်တယ် . . . ဦးငယ်ခိုင်းသမျှ လိုက်လျော့ခဲ့တဲ့ ရှုံ့ရဲ့သနားချစ်ခင်မှုတွေကိုမှ မထောက် . . .

**သိန်းမင်း** စာပေ

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းစအချိန်တွင် နွမ်းယိုင်သောခြေလှမ်းများဖြင့် ခြံထဲသို့ ဝင်လာသော ရုံသည် ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးငယ်ကို တွေ့လျှင် အားကိုတကြီးပြေးဖက်ကာ ငိုချခဲ့မိပါသည်။ သို့သော် ဦးငယ်သည် ရုံ့ကို အားကုန်တွန်းထုတ်လိုက်ပြီး သူ့ဝှီးချဲကို နောက်သို့ လှိမ့်တွန်းကာ . . . ရှုံ့ရှင်းကြမ်းတမ်းစွာ အော်ဟစ်လိုက်ခြင်း ဖြစ်သည်။

"နင် . . . ငါ့အနားမကပ်နဲ့ မိရုံ . . . နင့်ကို ငါရွံတယ် အလကားအသုံးမကျတဲ့ဟာမ၊ ယောကျာ်းတစ်ယောက်ရဲ့ ညွှတ်ကွင်းမှာ မိန်းမောကျဆုံးခဲ့တဲ့မိန်းမ . . . အခု နင်ရှုံးခဲ့ပြီ မဟုတ်လား . . . သင့်သွေးခြေရင်းမှာ ဒူးထောက်ပေးခဲ့ရပြီ မဟုတ်လား၊ အရှက်ကွဲခဲ့ပြီ မဟုတ်လား . . . နင်က နင့်ကိုယ်နင် အရှက်ခွဲရုံမကဘူး . . . ငါ့အရှက်ကိုပါ ခွဲခဲ့သေးတယ်၊ ခုပဲ သင့်သွေးအဖေ . . . ငါ့ခြံထဲက ထွက်သွားတယ်၊ အောင်မြင်မှုတွေ တပွေ့တပိုက်နဲ့ . . . ငါ့ကို လှောင် ပြောင်သရော်သွားခဲ့သေးတယ် . . . ဘယ်လောက်ရှက်ဖို့ကောင်းလိုက်သလဲ . . ." နင့်အတွက် ငါဘယ်လောက် ရှုံးနိမ့်ခဲ့ရသလဲ . . . လဲသေဖို့ပဲ ကောင်းတော့တယ်၊ ယောကျာ်း





တစ်ယောက်နဲ့ တစ်ညအချိန်ကုန်ခဲ့ပြီးမှ ငါ့အရှက်ကို ခွဲဖို့ ပြန်လာခဲ့တာလား မိရုံ"

"ဦးဦးငယ်"

ရုံသည် ရှေ့ဆက်မကြားနိုင်တော့ဘဲ . . . အာခေါင်ခြစ်၍ အော်ဟစ်လိုက်မိသည်။ တစ်ပြိုင်တည်း လက်သီးတွေ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ ဦးဦးငယ် မတရားလိုက်တာ . . .

"ရုံ့ကို စွပ်စွဲလိုအားရပြီလား . . . ကျေနပ်ပြီလား ဦးငယ်၊ အဲဒါဆို ရုံပြောတော့မယ်။ ဒီအဖြစ်အပျက်တွေဟာ ဘယ်သူစတင်ခဲ့တဲ့ အဖြစ်အပျက်တွေလဲ . . . ဘယ်သူမှိုင်းတိုက်ပေးခဲ့တာလဲ . . . ဟိုး . . . ငယ်ငယ်ကလေးတည်းက ရုံ့အသိဉာဏ်ထဲကို သင့်သွေးကို မုန်းရမယ်ဆိုတာ ဦးငယ်ရိုက်သွင်းပေးခဲ့တယ်။ ရုံ ကလည်း ဦးငယ်ကို ချစ်တော့ ဦးငယ်ပြောသမျှ လိုက်နာခဲ့တယ်။ သိပ်အန္တရာယ်များတဲ့ သင့်သွေးနဲ့ ချစ်သူတွေဖြစ်အောင် ကြိုးစားဖို့ကိုလည်း ဦးငယ်ပဲ ခိုင်းခဲ့တယ် . . . ရုံက . . . သက်မဲ့အရုပ်မှ မဟုတ်ဘဲ ဦးငယ်ရဲ့ . . . ရုံ့မှာ အသွေးအသားနဲ့ နှလုံးသားနဲ့ . . . ရုံ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွားခဲ့တာ ဆန်းသလား . . . ဒါပေမဲ့ ရှုံချစ်ခြင်းကို သူမသိအောင် ဖုံးကွယ်ခဲ့ပါတယ် . . . ရှုံကံဆိုးခဲ့ပါတယ် ဦးငယ်၊ ဦးငယ်ရဲ့ မုန်းတီးမှုကိုလည်း ခံရတယ် . . . တစ်ချိန်တည်းမှာ . . . သင့်သွေးရဲ့ လှည့်ဖြားမှုကိုလည်း ခံရတယ် . . . ရှုံတစ်ခုတော့ သစ္စာဆိုရဲတယ် ဦးငယ် . . . ရှုံ့ခန္ဓာကိုယ်ဟာ ခုချိန်ထိ သန့်စင်နေဆဲပဲ ဖျက်မရတော့အောင် ညစ်နွမ်းစွန်းထင်းခဲ့ရတာက ရှုံ့နှလုံးသားပါ"

"မင်းဒှင်"

"ဟင် . . . မေမေ"

ရှုံ့နောက်နားဆီမှ ဟိန်းထွက်လာသော မေမေ့အသံမှာ ကျယ်လွင့်လိုက်ခါနေသည်။ ရှုံအလန့်အကြား လှည့်ကြည့်မိတော့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း . . . ဦးငယ်ကို . . . စူးစူးရဲရဲစိုက်ကြည့်နေသော မေမေ့ကို တွေ့ရလေသည်။

ရှုံသည် မေမေ့ရင်ခွင်ထဲသို့ အားကိုးတကြီး ပြေးဝင်ရင်း တရှိုက်ရှိုက်ငိုကြွေးမိတော့သည်။ မေမေက ရှုံ့ကျောပြင်ကလေးကို ဖွဖွပွတ်သပ်၍ ကြင်နာစွာ နှစ်သိမ့်ပေးရင်း . . .





"အလုပ်တွေထဲနစ်ပြီး . . . သမီးအတွက် အချိန်မပေးမိတာက မေမေ့အမှားပဲကွယ် . . . ပြီးတော့ . . . မင်းဒင်နဲ့ ပတ်သက်ထဲ့အဖြစ်အပျက်တွေကိုလည်း မင်းဒင်အပေါ် ငဲ့ညှာစိတ်နဲ့ သမီးမသိအောင် လျှို့ဝှက်ထားခဲ့မိတယ် . . . မင်းဒင်က ဒါကို ခုတုံးလုပ်ပြီး သမီးကို အခွင့်ချခဲ့တာပဲ၊ တကယ်တမ်းအပြစ်ရှိသူ . . . မိုက်မဲမှားယွင်းသူက မင်းဒင်ပဲ သမီး၊ ကိုအောင်တိုးမှာလည်း အပြစ်မရှိဘူး၊ မွန်မွန်လေးမှာလည်း အပြစ်ရှိခဲ့တာ မဟုတ်ပါဘူး . . . ပြဿနာက ကိုအောင်တိုးနဲ့ သူ့ မိန်းကလေးတစ်ယောက်ကို အပြိုင်ပိုးရာက စခဲ့တာပဲ။ သူပိုးနေတဲ့ မိန်းကလေးက သင့်သွေးအမေပဲ ဆိုပါတော့ကွယ် . . . အဲဒီ မိန်းကလေးက ကိုအောင်တိုးနဲ့ ချစ်ကြိုက်သွားတော့ သူကမနာလိုဖြစ်တယ်။ အောင်တိုးကို ရန်ငြိုးထားပြီး ကိုအောင်တိုးနှမကို ဖြားယောင်းခဲ့တယ်။ မွန်မွန်လေးက မေမေ့သူငယ်ချင်းပဲ၊ သိပ်သဘောထားဖြူစင်တဲ့ မိန်းကလေးပါကွယ်။ သူ့ခမျာ မင်းဒင်လှည့်ကွက်မှာ မရှူမလှနစ်ခဲ့ရတယ်။ မင်းဒင်က အောင်တိုးကို အရှက်ခွဲချင်ရုံသက်သက်နဲ့ မွန်မွန်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို နိုးပြေးတာ . . . ကံဆိုးချင်တော့ ကားအက်ဆီးဒင့် ဖြစ်ပြီး မွန်မွန်လေးလည်း ပွဲချင်းပြီး၊ သူလည်း အောက်တစ်ပိုင်းသေသွားတယ် . . . ဒါကို သူက သူ့ဒီလို ဖြစ်ရတာ အောင်တိုးကြောင့်ဆိုပြီး အခဲမကြေ ဖြစ်ရပြန်တယ်။ ကဲ . . . ငါပြောတာအမှန်တွေပဲ မဟုတ်လား မင်းဒင်၊ မင်းဘာဖြစ်လို့ ငါ့သမီးလေးကို လုပ်ကြံလီဆည်ပြောပြီး သိမ်းသွင်းခဲ့တာလဲ၊ မင်းဟာ ငါ့မောင်ဖဲကွယ်၊ ငါမင်းကိုချစ်ခဲ့ပါတယ်။ ဒါပေမဲ့ မင်းရဲ့ စိတ်ဓာတ်ကို မပြုပြင်သရွေ့ ငါမင်းကို ရွံကြောက် ကြောက်နေတယ်။ မောင်နှမပေမယ့် စိတ်ချင်းဝေးနေတယ်။ ဒါပေမဲ့ ငါရော၊ သမီးရုပ်ပါ မင်းကို သနားစိတ်နဲ့ ဂရုတစိုက် ဆက်ဆံခဲ့တယ်။ ဒါကို အခွင့်ကောင်းယူပြီး အပြစ်မဲ့တဲ့ ငါ့သမီးလေးကို မင်းရဲ့အတ္တတွေ၊ အာယာတတွေအတွက် အသုံးချရက်တဲ့ မင်းစိတ်ဓာတ်ကို ငါ အံ့သြပါရဲ့ကွယ်"

မေမေ့စကားဆုံးတော့ ဦးငယ်က ခေါင်းငိုက်စိုက်ကျ ငြိမ်သက်နေသည်။ ရှုံသည် . . . ဦးငယ်ထံ . . . နာကြင်ကြေကွဲစွာ လှမ်းကြည့်လိုက်မိသည်။



ရှုံသည် . . . ရှုံချစ်သောသူနှစ်ဦးရဲ့ . . . လှည့်စားဖြားယောင်းမှုကို တစ်ပြိုင်နက်တည်း လက်ခံရရှိလိုက်သော . . . လွန်စွာကံခေသည့် မိန်းမတစ်ယောက်ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက် ဖြစ်ပွားပြီးနောက် ရက်ပေါင်းများစွာ အခန်းအောင်းရင်း အလူးအလဲခံစားရပြီးနောက် ရှုံရဲ့ ပထမဆုံး ဖြေသိမ့်ခြင်းမှာ ရှုံသည် ဖရက်ဒီဘသော်ကို အစားထိုးရန် ကြိုးစားကြည့်ခြင်းဖြင့် သင့်သွေးကိုမေ့နိုင်ရန် ကြိုးစားခဲ့ခြင်း ဖြစ်ပါသည်။

"မင်း ဘယ်သွားချင်လဲ . . . ဘာလုပ်ချင်လဲ . . . ဘာလိုချင်လဲ . . . အားလုံးပြည့်ဝစေရမယ် သဒ္ဒါရုံ . . . ကိုယ်အစွမ်းကုန် ကြိုးစားပေးမယ်။ မင်းက ကိုယ့်အတွက်တော့ သိပ်လှတဲ့ နတ်သမီးလေးတစ်ပါးပါကွာ နတ်သမီးလေး ကိုယ်ယောင်ဖျောက်သွားမှာကို . . . ကိုယ်သိပ်ကြောက်တယ်၊ ကိုယ်မင်းကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး။ တစ်နေကုန် မင်းမျက်နှာ





လေး ထိုင်ကြည့်ပြီး ကြည်နူးနေချင်တယ်။ ဂီတသံတွေလို သာယာတဲ့ မင်းရဲ့အသံကို နားထောင်နေချင်တယ်။ တကယ်ပါ၊ ကိုယ် သဒ္ဒါရုံကို . . ."

"ကဲ . . . တော်ပါတော့ ဖရက်ဒီရယ် . . . ရှင့်စကားတွေက သိပ်ကဗျာဆန်လွန်းနေပြီ"

"ချစ်ခြင်းဆိုတာ ကဗျာတစ်ပုဒ်ပဲ သဒ္ဒါရုံလေးရဲ့"

"စိတ်ညစ်ပါတယ်နော်"

ရှုံတကယ်ပဲ ဖရက်ဒီကို စိတ်ပျက်လာသည်။ ယောကျ်ားဖြစ်ပြီး ဒီလောက်နုနွဲ့ကဗျာဆန်နေတာမျိုးကို ရှုံသဘောမကျပါ။ ရှုံက ဖရက်ဒီလို လူကြီးလူကောင်းဟန်ပန်မပျက်တတ်ဘဲ . . . ရိုးသားအရိုင်းဆန်စွာ နေထိုင်သွားလာတတ်သော၊ မှန်တယ်ထင်လျှင် ရဲရဲဝံ့ဝံ့လုပ်ရဲသော၊ အခါအားလျော်စွာ ရှုံ့ရဲ့ ပျော့ညံ့မှုတွေကို အတိုက်အခံပြုငြင်းဆန်ရဲသော ချစ်သူမျိုးကိုသာ အလိုရှိသည်ဆိုတာ သေချာသည်ထက် သေချာလာပါသည်။

ဖရက်ဒီသည် ရှုံက ငါးသလဲထိုးကလေးကို လက်ညှိုးထိုးကာ . . .

"အဲဒါ ငါးသလောက်ကြီးပဲ"

ဟုဆိုလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဟုတ်တယ် . . . ရှုံပြောတာမှန်တယ်၊ အဲဒါ ငါးသလောက်"

ဟု မှားယွင်းစွာ ထောက်ခံပေးမည့်သူ ဖြစ်သည်။ ရှုံ တကယ်လိုချင်တာက . . .

"ပေါက်ကရတွေ လျှောက်မပြောနဲ့ကွာ၊ ငါးသလဲထိုး လေးတွေ့ရဲ့သားနဲ့"

ဟု ကလန်ကဆန်ပြောတတ်သော၊ တဟားဟားအော်ရယ်မောတတ်သော၊ ဟန်ဆောင်ခြင်းကင်းသည့် လူငယ်လေးတစ်ဦးကိုသာ ဖြစ်သည်။

"ရှုံဘယ်သွားချင်လဲဟင်၊ ရုပ်ရှင်ကြည့်ချင်လား၊ ကိုယ်လိုက်ပို့ပေးရမလား၊ ရှုံ့ကိုကြည့်ရတာ ခုတလော နည်းနည်းပိန်နေသလိုပဲ၊ ထမင်းစားမကောင်းဘူးလား၊ ဘာစားချင်လဲ၊ ဟိုတယ်တစ်ခုခုမှာ ကိုယ်လိုက်ကျွေးမယ်လေ"

အဲဒီလောက် ပျာယာခတ်နေတာမျိုးကို ရှုံမကြိုက်ပါ။

"တစ်ဆိတ်လောက် ငြိမ်ငြိမ်လေးနေပါ ဖရက်ဒီရယ် ဒီအချိန်မှာ ရှင်စကားမပြောဘဲ ငြိမ်ငြိမ်လေးထိုင်နေလိုက်တာက ကျွန်မကို ကူညီတာနဲ့ တူပါတယ်"





ဖရက်ဒီက ရှုံဘယ်လောက်ပြောပြော အမှတ်မရှိ။ ရှုံ့ထံ သို့ ချောင်းပေါက်မတတ် လာမြဲလာနေခဲ့သည်။

ကြာတော့ မေမေကပင် ဖရက်ဒီကို သဘောကျလာခဲ့ ပါသည်။

"ကောင်လေးက မဆိုးဘူး သမီးရဲ့၊ သဘောအေး တော်သည်းခံတယ်၊ စဉ်းစားထိုက်တယ်နော် . . . မိဘချင်းလည်း ဒီလောက်ခင်နေတာ"

ရှုံသည် မေမေ့စကားကို ခေါင်းလည်းမညိတ်၊ ခေါင်း လည်းမခါပေ။ တကယ်တော့ ဘာကိုမှ တိတိပပ မဆုံးဖြတ်ချင် လောက်အောင် ရှုံစိတ်လေနေခဲ့ခြင်း ဖြစ်သည်။

ဖရက်ဒီကို ရှုံစိတ်ပြေလက်ပျောက် တွဲခဲ့သည်။ ဖရက်ဒီ ကတော့ အဲဒီအတွက် အင်မတန် ဝမ်းသာနေပုံရပါသည်။ ရှုံသည် သူနှင့်တွေ့လျှင် အမြဲပြောဖြစ်သော စကားမှာ သင့်သွေ မကောင်းကြောင်းသာ ဖြစ်သည်။

"အဲဒီကောင်ကို ကျွန်မသိပ်မုန်းတာ ဖရက်ဒီရဲ့ . . . သူ့ကို ရှင်သိတယ် မဟုတ်လား။ ဆံပင်ပျော့ပျော့ စင်းတွေနဲ့လေ . . . အရပ်က ရှုံ့ထက်ငါးလက်မလောက် မြင့်တာ၊ အတူ ယှဉ်ရပ်ရင် ရှုံ့ခေါင်းက သူ့ပခုံး



www.burmeseclassic.com

www.burmeseclassic.com



ပုံစံက ဆောင်ကြွားကြွား ဂျစ်ကန်ကန်နဲ့ ထောင့်မကျိုးပါဘူး၊ ဒါပေမဲ့ကြည့်လို့တော့ ကောင်းတယ်၊ မိန်းကလေးတွေ တော်တော်များများက သူ့ကို သိပ်ကြိုက်တာပေါ့။ အလင်္ကာမှန်းဖို့ကောင်းတဲ့ ကောင်လေးပါ။ ရုံဖြင့်ကြည့်လို့မရပါဘူး"

ဟု ရုံက မကြာခဏပြောမိသည်။ ပြီးတော့ တိုက်ဆိုင်မှုရှိသည့်အခါတိုင်း . . . .

"ဟယ် . . . ဟိုကလေး ဘောလုံးကန်နေတာ သူ့ဘောလုံးက ဟိုဘက်ခြံထဲဝင်သွားပြီ။ ရုံ ငယ်ငယ်တုန်းကလေ ဟိုကောင် သင့်သွေးရဲ့ ဘောလုံးကြီး ရုံတို့ခြံထဲဝင်လာတော့ မုန်းမုန်းနဲ့ ခက်ရင်းကြီးဆွဲပြီး ထိုးဖောက်ပစ်လိုက်တာ ရုံဖြင့် ပျော်လိုက်တာလေ"

"ကြည့်စမ်း ဖရက်ဒီ. . . ကန်ပေါင်မှာ ဒီအချိန် စက်ဘီးစီးနေကြတာ ပျော်စရာကြီးနော်၊ ရုံလည်း ကန်ပေါင်မှာ စက်ဘီးစီးဖူးတယ်သိလား၊ ဟိုကောင်ပေါ့ ဟို အယုတ်တမာ ကောင်လေး သင်ပေးတာ။ ဟင်း . . . ဒင်းကို စကားထဲတောင် ထည့်မပြောချင်ပါဘူး၊ တိုက်ဆိုင်သွားလို့သာ ပြောနေရတာ၊ အဲဒီတုန်းက ရုံက ခါးစောင်းပြီး





တော်တော်နဲ့ စီးတတ်တာမဟုတ်ဘူး၊ အဲဒီ ကောင်ပြေးလိုက်လာမှ စီးရဲတာ၊ အဲဒီကောင်က အကျင့်မကောင်းပါဘူး၊ သူ့ဟာမတွေ့တာနဲ့ ရုံ့နောက်က ဆက်လိုက်မလာတော့ ရုံချော်လဲပြီး ဒူးပြဲတာပေါ့"

"ဆိုင်ကယ်သရဲတွေကလည်း သောင်းကျန်းလိုက်တာနော်၊ ဟိုကောင့်အတိုင်းပဲ"

"ဟိုမှာ ကြည့်စမ်းပါဦး ဖရက်ဒီရယ်၊ ဟိုကောင်လေးရယ် သူ့ကောင်မလေးအင်္ကျီမှာ စာကပ်လိုက်တာတွေ့လား ဒါကျွန်တော့်ချစ်ချစ်တဲ့၊ ကြဲကြဲဖန်ဖန် လျှောက်နောက်နေတာ၊ ကောင်မလေးသိရင် တော်တော်ဒေါကန်မယ်၊ ရုံတော့ ကိုယ်ချင်းစာတယ် ဟိုကောင်ရုံ့ကို နှင်းဆီပန်းထဲ ဖားထည့်ပေးပြီးစတုန်းက ရုံအရမ်းစိတ်ဆိုးတာ၊ မုန်းလည်းအရမ်းမုန်းတာ"

ဟု ပြောသောအခါ ဖရက်ဒီက မှုန်ကုပ်ကုပ်မျက်နှာနှင့်

"နေစမ်းပါဦးရုံရာ . . . ကိုယ့်စိတ်ထဲ မရှင်းလို့ မေးစမ်းပါရစေဦး၊ ရုံအဲဒီကောင်ကို မုန်းနေတာမှ ဟုတ်ရဲ့လား"

"အို မုန်းတာပေါ့. . တူးခါးနေအောင်ကို မုန်းတာ၊ မုန်းလွန်းလို့သာ ဒီလောက် အပုပ်ချနေတာပေါ့ ဖရက်ဒီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ၊ ကိုယ့်စိတ်ထဲ မရှင်းလို့မေးကြည့်တာပါ။ ကိုယ်နားလည်ထားတာက သိပ်ချစ်တဲ့ ချစ်သူတွေတောင် ဒီလောက်အခါမလပ် သတိရမနေနိုင်ဘူးလား လို့၊ ပြီးတော့ ရှုံက သူ့အကြောင်းလည်း တဖွဖွ ပြောနေသေးတာနော်"

ရှုံသည် ဖရက်ဒီရဲ့ ခနဲ့တဲ့တဲ့စကားကြောင့် ဖျတ်ခနဲ သတိဝင်လာသည်။ ဟုတ်ပါရဲ့ . . . ရှုံဘာကြောင့် ဒီကောင့်ကို အမြဲသတိရနေမိတာပါလိမ့်။ ရှုံသည် ချက်ချင်းပင် အားတင်းကာ လှပဆိုလျော်သော ဆင်ခြေတစ်ခုကို ရွေးချယ်လိုက်ပါသည်။

"ဒါကတော့ကွယ် . . . အမုန်းဆုံးလူကိုလည်း အမြဲသတိရနေနိုင်တာပဲ မဟုတ်လား"

"အင်း ဒီလိုပဲ ဖြစ်ပါစေလို့ ကိုယ်ဆုတောင်းပါတယ် သဒ္ဓါရှုံ"

အဲဒီနောက်ပိုင်းအချိန်တွေမှာတော့ . . . ဖရက်ဒီသည် ရှုံ့နှုတ်ဖျားမှ သင့်သွေးအုံသံကြားတိုင်း မျက်နှာကြီးညိုမည်းလာတတ်ပြီး ခနိုးခနဲ့ စကားတွေ ပြောတတ်လာသည်။ ပြီးတော့ ရှုံ့ကို ရှေးကထက်ပိုပြီး ပျာပျာသလဲ ဂရုစိုက်တတ်လာသည် . . . ရှုံတစ်ခုမကြိုက်သည်မှာ ဖရက်ဒီရဲ့ အရင်းတနှီးနိုင်မှုကိုဖြစ်သည်။





"ရှုံ့ အင်္ကျီကလေး တွန့်နေတယ်"

ဟုဆိုကာ ရှုံ့အင်္ကျီလက်ဖျားကလေးကို လာဆွဲချပေးတာမျိုး၊ လမ်းသွားလျှင် အလျှင်စလို ပုံဖမ်းကာ ရှုံ့လက်ကိုဆွဲသွားတာမျိုး . . . သူ့မျက်လုံးတွေကိုလည်း ရှုံမကြိုက်ပါ။

ဟိုင်မိုက်သားလေးတောင်မှ . . . ဖရက်ဒီလို အကြည့်မရိုင်းတတ်။ ဘယ်လိုပဲရှိပါစေ . . . ရှုံရဲ့မပြောင်းလဲသောစိတ်ကတော့ ဖရက်ဒီရဲ့အပြုအမူ၊ အပြောအဆိုအားလုံးကို အကောင်းမြင်၍ မရနိုင်ခြင်းတည်း။

ခန့်ထည်၍ လူကြီးလူကောင်းဆန်သော သူ့အသွင်အပြင်သည် ရှုံ့ကို မလွှမ်းမိုးနိုင် . . . သူဘယ်လောက်ပဲ ယဉ်ကျေးလိုက်လျောနေပါစေ၊ ရှုံ့စိတ်သည် သူ့ထံတွင် မယစ်မူးနိုင်။ တဖြည်းဖြည်းနှင့် ရှုံသည် ဘာကိုအမှန်တကယ်လိုအပ်သောဆိုတာကို သိမြင်လာချိန်တွင် အကြီးအကျယ်တုန်လှုပ်သွားရပါသည်။

ရှုံ့အပေါ် ရမ်းကား အရှက်ခွဲရက်သော ရှုံ့ရင်သွေးယောကျ်ားတစ်ယောက်ကိုမှ လိုအပ်နေသည်ဆိုတာဟာ ဘယ်လောက်ရှက်စရာကောင်းလိုက်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ရှိ ဘုရားရှိခိုးတိုင်း တစ်ခုဆုတောင်းမိသည်မှာ ရှိ အင်မတန် မုန်းချင်သောသူကို မုန်းနိုင်မေ့နိုင်သော ကိုယ်ဖြစ်ရပါ လို၏ ဟူ၍သာတည်း။







"ဟော့ကောင် သင့်သွေး တံခါးဖွင့်စမ်းကွာ"

အခန်းတံခါးကို တဝုန်းဝုန်းထုသံနှင့် တစ်ဆက်တည်း . . . မိုးကြီးရဲ့ အသံပြဲကြီးကို ကြားလိုက်ရသည်။

"ကျွတ် . . . မြွေပဲကွာ"

အိပ်ရာပေါ် ကန့်လန့်ဖြတ်၍ လှဲနေသော သင့်သွေးက စီးကရက်တိုတွေကိုနင်းကာ အိပ်ရာမှကုန်းထပြီး တံခါးကို ခပ်မြန်မြန်သွားဖွင့်ပေးလိုက်ရသည်။ အခန်းထဲဝင်လာသော မိုးကြီးက သူ့ကို စိုက်ကြည့်လာပြီး . . .

"မင်း၊ သတင်းတွေ ငါကြားပြီးပြီ ဟော့ကောင် . . . အခန်းအောင်းပြီး ငါ့ရဲ့ Questions တွေကို ရှောင်တိမ်းဖို့ ကြိုးစားမနေနဲ့"

"မင်းကို ငါကဘာကိစ္စရှောင်ရမှာလဲ . . . ဘာခဲ့လေ၊ ဘာမေးခွန်းတွေလာမလဲ ကိုယ့်ဘက်က ရယ်ဒီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မေးရတာပေါ့ကွာ . . . မင်း မောင်ဦး အစ်မ မမမေနဲ့အိုကေနေတာ . . . ဘယ်လောက်ကြာပြီလဲ၊ မင်းအပြောင်းအလဲမြန်တာ ဘာကြောင့်လဲ . . . သဒ္ဒါရုံ့ကို ဘာဖြစ်လို့ ဖြတ်လိုက်ရတာလဲ၊ သဒ္ဒါရုံမှာ အပြစ်မရှိတာတော့"

"တော်ပြီ . . . Stop . . . Stop ။ ခဏနေ ငါအကုန်ဖြေမယ် . . . တစ် မမမေနဲ့အိုကေနေတာ သဒ္ဒါရုံနဲ့ ပြတ်ပြီးကတည်းကပဲ၊ အပြောင်းအလဲမြန်တာကတော့ ငါရဲ့တစ်စုံတစ်ခုသော အကြောင်းကြောင့်လို့ မင်းမှတ်ထားနိုင်တယ်။ သဒ္ဒါရုံကို ဖြတ်လိုက်ရတာလည်း အဲဒီအတိုင်းပဲ . . . ကဲ . . . ရှင်းတယ်နော်"

"မင်းတို့ နှစ်ယောက်ကိုကြည့်ပြီး ငါတောင် ရှုံးချင်လာတယ် . . . သဒ္ဒါရုံကလည်း ဖရက်ဒီနဲ့တတွဲတွဲ . . . မင်းကလည်း မမမေနဲ့တွဲ၊ ဘာတွေလဲကွာ အပြောင်းအလဲတွေ မြန်လိုက်ကြတာ"

"နေစမ်းပါဦး၊ ဟိုကောင်ဖရက်ဒ်နဲ့ သဒ္ဒါရုံက တော်တော်ပဲ ခရီးရောက်နေကြပြီလား"





"အဲဒါကတော့ ငါလည်းမပြောတတ်ဘူး . . . တွဲတော့ တွဲနေတာပဲ၊ မင်းကောဘာထူးလဲ၊ မမမေနဲ့ ဒီလောက် တွဲနေတာ မင်းတို့အခြေအနေကကော ဘယ်လိုလဲ"

"ဒီလိုပါပဲ"

"ဟေ့ကောင် . . . ဆင်ဝှေ့ရှိန်ရှောင်တွေ [illegible] သဒ္ဒါရုံလည်း ဒီအတိုင်းပဲ၊ မေးလိုက်ရင် [illegible] . . . ပြုံးနေတယ်၊ ပါးစပ်က အဖြေမထွက်ဘူး . . . ပြီးတော့ သင့်သွေးနဲ့ မမမေနဲ့ တော်တော်ခင်နေနောက် နေပြီ ထင်ပါရဲ့နော်တဲ့၊ ခနဲ့သလို ရွဲ့သလို ပြောသေး လာသေးတယ်"

မင်းတကယ်ပဲ ကိုယ်တို့အကြောင်းကို စိတ်ဝင်စားသွားလား . . . သဒ္ဒါရုံရယ်။ သင့်သွေးသည် ရုတ်တရက် စိတ်ထဲတွင် မှိုင်းဖျသွားခဲ့ပါသည်။ တကယ်တော့ . . . သူက ဟန်ဆောင်ခြင်းများဖြင့် သူ့ရဲ့ချစ်ခြင်းကို ဖုံးကွယ်ပစ်ဖို့ ကြိုးစားနေရခြင်းသာ ဖြစ်ပါသည်။ ပြီးတော့ သူတစ်ခုယုံကြည်နေသည်မှာ သူမတတ်က လည်း သူ့အပေါ် ဘယ်တော့မှမေ့နိုင်မည် မထင်ခြင်းတည်း သူမသည်လည်း သူ့နည်းတူ ဟန်ဆောင်မှုတစ်ခုကို ပိုင်ဆိုင်သွား လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သင့်သွေးသည် စိတ္တဇဆန်သော နေ့ရက်တချို့ကို သူမနှင့် ကင်းကွာစွာ ဖြတ်သန်းရင်း တစ်စတစ်စနှင့် အမှန်ကိုသုံးသပ်နိုင်ခဲ့ပြီဖြစ်သည်။ သူတို့နှစ်ဦးသည် ဘေးပယောဂများကြောင့်သာ ဝေးကွာခဲ့ရခြင်းတည်း။ ခုချိန်မှာတော့ သင့်သွေးနှင့် သူမတို့နှစ်ဦးသည် စိတ်ချင်းယှက်နွယ်ကာ နားလည်မှုတစ်ခုကိုရဖို့ တော်တော်ကြိုးစားရလိမ့်ဦးမည်။ ဒီနေရာမှာ မာနတွေကို မေ့ထားနိုင်လျှင် အကောင်းဆုံး။

သူ့စိတ်တွေ ထွေပြားကာ သူမထံသို့ လွင့်ထွက်သွားခဲ့သည်။ (အဲဒီစိတ်ကို ပြန်ပြန်ဖမ်းထားရတာကလည်း ဒုက္ခတစ်မျိုးဖြစ်ပါသည်။) အဲဒီအခိုက်မှာပဲ တယ်လီဖုန်းသံမြည်လာခဲ့တော့ . . . သူက စိတ်လေလေနှင့် မသိချင်ယောင် ဆောင်နေလိုက်သည်။ မိုးကြီးက သူ့ကို ခပ်စောင်းစောင်းလှမ်းကြည့်ပြီး တယ်လီဖုန်း သွားကိုင်သည်။

"ဟော့ကောင် . . . မမမေဆီကကွ"

"ဟာ . . . မရှိဘူး ပြောလိုက်ကွာ"

"ဟ . . . မင်းကဒီလိုပဲလား . . . သူများအစ်မကို ကြိုက်တုန်းက ကြိုက်ထားပြီးတော့ . . ."





"မင်း မသိပါဘူး မိုးကြီးရာ . . . မမမေက တကယ့် မြွေမင်းသမီးကွ . . . ရစ်တာမှ ဘာရစ်သလဲမမေးနဲ့ . . . တစ်နေ့တစ်နေ့ ငါ့စိတ်နဲ့ ငါ့ကိုယ်နေရတယ်ပဲ မရှိဘူး၊ တစ်ချိန်လုံး သူခိုင်းတာပဲ လုပ်နေရတာ၊ ဩဝါဒကလည်း ပေးတတ်သေးတယ်၊ သူ့လိုအင်ချည်းပဲ . . . လူကိုယ်တိုင် ဂဂျီဂဂျောင်လုပ်ရင်လုပ် . . . မလုပ်ရင် တယ်လီဖုန်း တဂွမ်ဂွမ်နဲ့ဆက်ပြီး တစ်မျိုးပြီးတစ်မျိုး ဩဝါဒပေးနေတာ၊ ခုလည်း . . . ဘာ ဩဝါဒပေးဦးမလဲ မသိဘူး၊ ပြောလိုက်စမ်းပါကွာ . . . အပြင်သွားတယ်လို့"

"ဒီလိုဆရာကြီးလုပ်တတ်တဲ့ မိန်းမမျိုးကို သိသိကြီးနဲ့ ကြိုက်ထားပြီးမှတော့ ဒီလောက်ခံရတာ နည်းတောင်နည်းသေးတယ်၊ ဒီမှာဟော့ကောင် မင်းပြောသမျှ ပုတ်သင်ညိုလေးလို ခေါင်းညိတ်နာခံတတ်တဲ့ . . . ယုန်ကလေးလို ဝပ်စင်းသိမ်မွေ့တတ်တဲ့ သဒ္ဓါရုံလိုမိန်းမဆိုလို့ လောကမှာ သဒ္ဓါရုံတစ်ယောက်ပဲရှိတယ်လို့ . . . ငါ ထင်တယ်"

"သွားစမ်းပါ . . . ပေါပါတယ် . . . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်းပဲ အပြောကြီး၊ ပြီးတော့. . . ဟာ. . . ကျွတ်. . . တယ်လီဖုန်းက ကြာနေပြီကွ. . . ဟဲလို . . . ဟဲလို. . . မမမေလား. . . ခဏလေးနော် . . ဟိုကောင်ကြီး Toilet ဝင်နေလို့"

"ကျွတ်. . . တကယ့်ဖြွပဲကွာ"

မတတ်သာသည့်အဆုံးတွင် သင့်သွေးသည် မိုးကြီး လက်ထဲမှ ဖုန်းကို ဆောင်ဆောင့်အောင့်အောင့်နှင့် ဆွဲယူလိုက်သည်။ ဒီအချိန်ကစပြီး သူစိတ်ရှုပ်ရပါတော့မည်။

"ဟဲလို. . . မမမေ"

"ဟေ့. . . . . သွေး. . . မင်းက အချိန်မတော်ကြီး Toilet ဝင်လို့ပါလား၊ ဝမ်းသွားနေတယ်ထင်တယ်. . ဟုတ်လား။ ခု မနက်ဆယ်နာရီလောက် ဖြစ်နေပြီနော်၊ ဒီအချိန် Toilet ဝင်တဲ့အချိန် မဟုတ်တော့ဘူး၊ မနက် စောစောဝင်မှ ကျန်းမာရေးနဲ့ ညီညွတ်တာ. . ."

သေစမ်းကွာ။ သင့်သွေးမျက်နှာမှာ ရုတ်ရက် ညိုမည်းသွားသည်။ အဲဒီလောက်ထိ ဆရာလုပ်ရအောင် အိမ်သာတက်တာ သူ့အရာလား။ မိုးကြီးကတော့ တယ်လီဖုန်းလိုင်းခွဲ တစ်ခုကိုပြေးကိုင်ကာ တခွီးခွီးရယ်နေသည်။





"ကဲ. . . မမမေပြောတာ နားထောင်၊ အခု မမမေသွားစရာရှိတယ်၊ ဒီမနက် သူငယ်ချင်းတစ်ယောက်အိမ်ကို သွားရမယ်။ နေ့လယ်ကျရင် ပါရီကပြန်လာတဲ့အသိတစ်ယောက်အိမ်မှာ အကျီစတွေ သွားရွေးရမယ်။ ညနေကျရင် ဒင်နာတစ်ခုသွားစရာရှိတယ်၊ အဲဒါ သွေးရဲ့ဂျူတီတွေ ပဲနော်။ သွေးခုချက်ချင်းထွက်လာခဲ့ မမမေစောင့်နေမယ်။ ဪ. . . တစ်ခုအရေးကြီးတာက မင်းအဝတ်အစားကို ဂရုတစိုက်ဝတ်တတ်ဖို့ပဲ. . . ဒီမနက် သွားစရာတွေပြီးရင် ရုပ်ရှင်တစ်မဲကြည့်ဦးမှာနော် . . . Fancy လေးတွေပဲ ဝတ်လာလို့ရတယ်။ ဒင်နာအတွက်က အနက်ရောင် အနောက်တိုင်းဝတ်စုံ ဝတ်ရမယ်၊ ဆံပင်တွေကို သိပ်ပွယောင်းယောင်းဖြစ်မနေအောင် ဂရုစိုက်ရမယ်. . . မမမေ နံဘေးကယောက်ျားဟာ Handsome ဖြစ်နေတာကိုပဲ လိုချင်တယ်ကွယ်"

အဲဒီလောက် လိုအင်ဆန္ဒတွေများနေရင်လည်း စက်ရုပ်တစ်ရုပ်ဝယ်ပြီး အဝတ်ဆင်ပြီး ခေါ်သွားတော့ဗျာ. . . .

သူ့မျက်နှာကြီး ပုပ်သိုးလာတာကိုကြည့်ကာ မိုးကြီးက ပါးစပ်ပိတ်၊ ဗိုက်နှိပ်၍ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမမေရဲ့ တောင်းဆိုချက်တွေပြီးဆုံးရင် ကျွန်တော် ပြောတော့မယ်နော်. . . နံပါတ်တစ် ကျွန်တော်ဒီမနက် သူငယ်ချင်းတစ်ယောက်နဲ့ လွတ်လပ်ပေါ့ပါးစွာသွား စရာတစ်ခုရှိနေတယ်။ နံပါတ်နှစ်. . . အဲဒီလိုသွားနေ ရတဲ့ အချိန်တွေမှာ ကျွန်တော်စိတ်တွေ ကျဉ်းကျပ်မနေ မှာ သေချာတယ်။ နံပါတ်သုံးကတော့. . . ကျွန်တော့် ကို ဘယ်သူကမှ ချုပ်ကိုင်ဩဇာပေးမှာမဟုတ်တာပါပဲ၊ ကျွန်တော်က လွတ်လပ်မှုကိုပဲ မြတ်နိုးတယ် မမမေ၊ အထူးသဖြင့် စိတ်ရဲ့လွတ်လပ်မှုပဲဆိုပါတော့၊ လူဆိုတာ ကိုယ့်စိတ်ကိုကိုယ်ပိုင်တာ အကောင်းဆုံးပဲ မဟုတ်လား၊ ဒါပဲနော် မမမေ . . . ဘိုင့်"

သူက တယ်လီဖုန်းကို ချပစ်လိုက်သည်။ ဒီတစ်ခါတော့ သည်းမခံနိုင်တော့ပါ။ မမမေရဲ့ ဩဇာတွေကို အောင့်သက် သက်နဲ့ နာခံခဲ့ရပေါင်း များပြီ။

"တင်းလှချည်လားကွ၊ မင်းတို့ချင်းက ချစ်သူတွေမဟုတ် လား"

"နိုး. . . ဒီနေ့ထိ မမမေကို ငါ့ဘက်က ချစ်ပါတယ်လို့ တစ်ခွန်းမပြောမိသေးဘူး"





သူက စိတ်ပျက်လက်ပျက်နှင့် ဆံပင်တွေထဲ လက်ဆယ် ချောင်းသွင်းကာ ဆွဲဖွပစ်လိုက်တော့သည်။ ပြီးတော့ ခုတင်ပေါ် ဝုန်းခနဲပစ်လှဲလိုက်သည်။ မျက်နှာကျက် မီးဆိုင်းကို အဓိပ္ပာယ် မဲ့ ငေးကြည့်ရင်း သူ့စိတ်တွေနောက်ကျိနေသည်။

သဒ္ဒါရုံကလွဲပြီး ဘယ်လိုမိန်းမမျိုးကမှ သူ့ကိုစိတ်ကြည် လင်လာအောင် မလုပ်နိုင်တာ သေချာလာခဲ့ပြီ မဟုတ်လား။ အင်မတန် အတ္တနည်းသော၊ အခွင့်အရေးမယူတတ်သော ဩဇာ မပေးတတ်သောမိန်းမငယ်လေးသည်သာ သူ့ဘဝအတွက် သူ့ နှလုံးသားအတွက် အလိုအပ်ဆုံးဖြစ်သည်။

သူမနှင့် ကွဲကွာခဲ့ချိန်မှစကာ သူကစိတ်ပြေလက်ပျောက် မိန်းကလေးအတော်များများနှင့် တွဲခဲ့သည်။ ဘုရားကီလို အနု နည်းနှင့် အနိုင်ယူဗိုလ်ကျလိုသော၊ မမမေလို အထက်စီးနင်း ဩဇာပေးစေခိုင်းလိုသော မိန်းမများ၏ စိတ်ဓာတ်ကို သိလာရ သောအခါ သူ့ထံပါးတွင် ယုန်ဖြူကလေးလို ဝပ်စင်းတတ်သော မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးကို နားလည်လာခဲ့သည်။ တကယ်တော့သူ . . . သူမကို အချိန်တိုင်းမေ့မရခဲ့ပါ။

"သင့်သွေး"

မိုးကြိုးက သူ့ပခုံးကို ဆုပ်ကိုင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာဖြစ်နေတာလဲ၊ မင်းကိုကြည့်ရတာ ဂနာမငြိမ်ဘူး၊ ကြည့်လည်းလုပ်ဦးနော် . . . မမမေနဲ့ပြဿနာဖြစ်လို့ကတော့ မောင်ဦးက မင်းကိုဆွဲထိုးမှာ"

"သွားစမ်းပါကွာ. . . အဲဒီလောက်အထိ မကြီးကျယ်ပါဘူး . . . မမမေမှာက တခြားတွဲစရာတွေ အများကြီး၊ အဲဒီအထဲမှာ ငါကနောက်ပေါက်ကောင်ကလေးပါ"

"အဲဒီဆိုလည်း ပြီးတာပါပဲကွာ"

မိုးကြီးက သင့်သွေးအိပ်ရာပေါ် ပစ်လှဲချကာ အသင့်တွေ့ရသော ရီမုတ်(တ်)ဖြင့် တီဗွီကို လှမ်းဖွင့်လိုက်လေသည်။

"ဟာ . . ."

ဖန်သားပြင်ပေါ်တွင် ပေါ်လာခဲ့တာက သဒ္ဒါရှံ့ရဲ့ ရုပ်ပုံလွှာဖြစ်သည်။ မိုးကြီးသည် တီဗွီကိုတစ်လှည့် . . . သင့်သွေးမျက်နှာကိုတစ်လှည့် . . . နားမလည်စွာကြည့်နေခဲ့သည်။

"ဟော့ကောင် . . . မင်း ဒီအခွေကြည့်နေတာလား . . . မင်းပြောတော့"

မိုးကြီးစကားမဆုံးလိုက်ရပါ။ သင့်သွေးက လက်ကာပြခဲ့ကာ . . . ✓





"ကျေးဇူးပြုပြီး တိတ်ဆိတ်စွာနေခြင်းနဲ့ ငါ့ကိုကူညီပါ သူငယ်ချင်း"

ဟု တိုးတိတ်စွာ ပြောရင်း အခန်းတွင်းမှ ထွက်သွားခဲ့တော့သည်။





www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်က ပြာရီနေခဲ့ပြီး ထိုမိုးကောင်းကင်ပြာပြာအောက်တွင် သူမကလေးကို နေ့စဉ်မြင်ခွင့်ရခဲ့ခြင်းကတော့ သူ့ရဲ့ကံထူးမှု တစ်ခုသာဖြစ်သည်။

သူတို့အိမ်ရဲ့ မီးခိုးခေါင်းတိုင်လှလှကလေးကို မှီကာ . . . သူမတို့ခြံဘက်သို့ လှမ်းကြည့်မိသည့်အခါတိုင်း . . . ခြံထဲတွင် ရှိနေသောသူမကလေးကို စိုးမိုးမြင်ခွင့်ရလေသည်။ ဒီလိုအချိန်မှာ . . . သူမစိတ်ထဲ ဘာတွေရှိနေမှာပါလိမ့် . . . အဲဒါကို သူသိပ်သိချင်ပါသည်။

တစ်နေ့တွင် . . . ထပ်ခိုးမှတစ်ဆင့် အိမ်ခေါင်းမိုးပြားပြားလေးပေါ်တွင် တက်လာသောသင့်သွေးသည် သူ့ရဲ့ခွေးကလေးရော်ကီကို ပိုက်ပွေ့ထားသော သူမကိုတွေ့လျှင် ရင်ထဲဘဖျပ်ဖျပ် လှုပ်ခတ်ကြည်နူးသွားလေသည်။





သူမသည် . . . ခေါင်းတလေးငဲ့ကာ နှုတ်ခမ်းလေးတလှုပ်လှုပ်နှင့် ရော်ကီကို ဘာတွေပြောနေသည်မသိ၊ နောက်ဆုံးမှာ ရော်ကီခေါင်းကလေးကို သူမပါးပြင်နှင့် ထိအပ်ကာ ငြိမ်သက်သွားခဲ့ပါသည်။ သူကတော့ အဲဒီမြင်ကွင်းကလေးကို မလှုပ်မယှက်ငေးကြည့်နေမိသည်။

တစ်ခါတစ်ရံမှာတော့ . . . သူမကို ဖရက်ဒီနှင့်တွဲကာ တွေ့ရလေသည်။ အဲဒီအခါမှာ သူကဘာကိုမှန်းမသိ ဒေါသထွက်နေခဲ့သည်။

ဒီလိုနဲ့ပဲ . . . လပေါင်းတော်တော်များများ ကုန်ဆုံးသွားခဲ့ကာ သင့်သွေးနှင့် သဒ္ဒါရှုကတော့ ဝေးကွာနေဆဲဖြစ်သည်။ သို့သော် လှပနက်နဲသောပုစ္ဆာတစ်ပုဒ်ရဲ့ အဖြေကတော့ ထင်ရှားလာခဲ့ပါသည်။

သင့်သွေးနံဘေးတွင်ရှိသော မိန်းမကလေးတော်တော်များများမှာ သင့်သွေးရဲ့ ဥပေက္ခာပြုမှုကို မခံမရပ်နိုင်သောအခါ . . .

"ယူနဲ့တွဲရတာ . . . ကျောက်ရုပ်ကြီးကို အနားမှာထားထားရသလိုပဲ"

ဟု မကျေမနပ်ပြောကာ ဖယ်ခွာသွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုသာယာကာ လေပြည်ဝေ့ဝေ့တိုက်ခတ်နေသော ဧပြီလ၏ညနေခင်းတစ်ခုမှာတော့ . . . သင့်သွေးနှင့် သဒ္ဒါရုံတို့သည် တိုက်ဆိုင်မှုကို ဖန်တီးတတ်သော ကံကြမ္မာ၏ အလိုအရ . . . ရှောင်လွှဲမရစွာ တွေ့ဆုံခဲ့ကြလေသည်။

နှောင်းနှင့်မိုးကြီးတို့၏ မင်္ဂလာပွဲကို သူတို့နှစ်ယောက်စလုံး ဘယ်လိုအကြောင်းပြချက်နှင့်မှ ရှောင်လွှဲလို့ မရနိုင်ခဲ့ပါ။

"ကျုပ်တို့မင်္ဂလာဆောင်ကို မလာလို့ကတော့ သူငယ်ချင်းအဖြစ်က သေခန်းပြတ် ရှင်ခန်းပြတ်ပဲ"

ဟူသော ရာဇသံကိုလည်း မိုးကြီးတို့စုံတွဲထံမှ ရရှိခဲ့ပြီးဖြစ်သည်။ ထိုနေ့ညနေတွင် လပေါင်းအတော်ကြာကွဲကွာနေခဲ့သော သူမကို ပထမဦးဆုံးအကြိမ် အနီးကပ်မြင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

သူမသည် ကြွေနုရောင်တောက်ပနေသော ဝတ်စုံဖြူဖြူကို ဝတ်ဆင်ကာ လှချင်တိုင်းလှနေခဲ့သည်။ ဆံပင်တွေကို ထိပ်လည်နားတွင် ရွှေသားကွင်းဖြင့်စွပ်ကာ ခပ်မြင့်မြင့်စုစည်းထားပုံမှာ နန်းတွင်းမဟေသီတစ်ပါးလို ခမ်းနားနေခဲ့သည်။

သင့်သွေးသည် ဧည့်ပရိသတ်များရဲ့ ဦးခေါင်းတွေကို အကာအကွယ်ပြုရင်း သူမမျက်နှာကို ခိုးကြည့်ခဲ့မိတာကိုတော့





ဝန်ခံချင်ပါသည်။ နားသယ်စပ်နားတွင် ဆံစခွေခွေကလေးကျနေသော ထိုမျက်နှာကလေးထံမှ အကြည့်လွှဲရမည့် အချိန်ကို သူကြောက်ရွံ့နေခဲ့သည်။

"ဟိတ် မိရုံ . . . မိရုံ၊ ရှင့်ပုဂ္ဂိုလ်ကြီးက ရှင့်ကို ခိုးကြည့်နေတာတွေ့လား"

"အို . . . မတွေ့ပါဘူး . . . ကျုပ်မှ သူ့ကိုမကြည့်တာ"

ရုံက မိဒီရဲ့အမေးကို မျက်နှာထားတင်းတင်းနှင့် ပြန်ဆန်လိုက်ပါသည်။

မိဒီသည် ရုံကိုကြည့်ကာ ပြုံးရင်း . . .

"ကဲ . . . လာခဲ့ ဒီမှာ ထိုင်မနေနဲ့ . . . အပေါ်ထပ်မှာ နှောင်းကို မိတ်ကပ်လိမ်းနေတာ အခုလောက်ဆို အဆင်သင့်ဖြစ်နေပြီ၊ ရှင်လိုက်ခဲ့ပါဦး . . . မေရီတို့တောင် ရောက်နေကြပြီ၊ ရှင်ဒီနေ့ သိပ်လှနေတာပဲ သိလား"

"မလှလို့ကော ရလို့လား . . . ရှင်တို့ပဲ ဒီအဝတ်အစားတွေ ဝတ်ခိုင်းထားတာ . . . ကဲ ကြည့်ဦးလေရှင် . . . ရှင်တို့ပြောသလို ဆံပင်ကို လုပ်ထားတာလှရဲ့လား"

"သြော် . . . လှပါတယ်လို့ပြောနေမှ . . . အဟင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်နော် ဒီနေ့ကျမှ စိတ်ပါလက်ပါလှချင်နေတာ . . .
လုံးဝမရိုးသားဘူး၊ ဩော် ဒါနဲ့ ဖရက်ရော မပါဘူးလား”
“ဘာလို့ပါရမှာလဲ . . . ဒီလိုပွဲမျိုးကို တွဲလာရလောက်
အောင် သူက ကျုပ်အတွက် အရေးမပါသေးပါဘူးရှင်”
“အင်း . . . ဟုတ်မှာပါ၊ ရှင့်ဘဝမှာ တစ်ယောက်တည်း
ပဲ အရေးပါတာ မဟုတ်လား”
“တော်စမ်းပါရှင် . . . ကျုပ်မေ့ထားတာတွေကို အစ
လာမဖော်စမ်းပါနဲ့”
“တကယ်ရောမေ့နိုင်လို့လား”
“ဘာလို့မမေ့နိုင်ရမှာလဲ . . . မုန်းတဲ့လူတစ်ယောက်ကို
မေ့ရတာလွယ်ပါတယ်”
“ကျုပ်တော့ မထင်ဘူးရှင်”
“ဘာကိုလဲ”
“ရှင်တို့ချင်း မုန်းနေကြတယ်ဆိုတာကိုလေ . . . ဟို
တစ်ယောက်ကိုလည်း ကြည့်ပါဦး . . . ရှင့်ဘက်ကိုပဲ
အင်မတန်လွမ်းဆွတ်ဆွေးမြည့်နေတဲ့ မျက်လုံးတွေနဲ့
လှမ်းကြည့်နေတာ”
“ကျုပ် စိတ်ဝင်မဝင်စားပါဘူး”





ရုံတို့သည် စကားတပြောပြောနှင့် နှောင်းမိတ်ကပ်လိမ်း
နေသော အခန်းထဲသို့ ရောက်ရှိလာခဲ့ကြသည်။ အခန်းထဲတွင်
သူငယ်ချင်းတွေ အားလုံးစုဝေးရောက်ရှိကာ . . . နှောင်းနံဘေး
တွင် ဝိုင်းအုံနေခဲ့ကြသည်။ ရုံကိုတွေ့တော့ . . .
“နောက်ကားတွေတောင် ကျော်တက်တုန်ပြီနော် . . .
တချို့က ခုထိဟန်ဆောင်နေကြတုန်း”
ရုံက ခပ်မဲ့မဲ့ပြုံးမိပါသည်။ အဲဒီအချိန်မှာပဲ မိတ်ကပ်
ဆရာက ရုံ့ကိုကြည့်ကာ . . .
“သူလေးလား”
ဟု မိဒီကိုလှမ်းမေးတော့ မိဒီကခေါင်းညိတ်ပြသည်။
ရုံက နားမလည်နိုင်စွာ သူတို့မျက်နှာကို လှမ်းကြည့်ဆဲတွင်
မိတ်ကပ်ဆရာက ရုံ့ကိုပြုံးပြရင်း . . .
“ဒီအတိုင်းလေးလည်း အဆင်ပြေပါတယ် . . . ဒါပေမဲ့
နည်းနည်းလောက် မွမ်းမံလိုက်ရင် ပိုလှသွားမှာ . . .
လာ . . . ညီမလေး”
အိုး . . . ဘာသဘောပါလိမ့်။
ရုံသည် ကြောင်အအဖြစ်ကာ ချက်ချင်းနားမလည်ပေ။
တကယ်တော့ ရုံက မင်္ဂလာပွဲသို့ ဧည့်ပရိသတ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သာ လာရောက်ခဲ့သူဖြစ်သည်။ ရှုံကို အထွေအထူး မွမ်းမံပေးစရာမလို။

"ထိုင်လိုက်လေ မိရှုံ . . . ဒီပွဲမှာ ရှင် သတို့သမီးအရန်လုပ်ရမှာ"

"အို . . . ရှင်တို့တွေ တကယ်ဆိုးပါလား . . . ကျုပ်ကိုလည်း ဘာမှကြိုပြောထားတာ မဟုတ်ဘဲနဲ့"

"ကြိုပြောရင် ရှင်ငြင်းမှာကို သိနေလို့ပေါ့ . . . ကဲပါထိုင်စမ်းပါ ကလန်ကဆန်လုပ်ဖို့ မစဉ်းစားစမ်းပါနဲ့ . . . ရှင့် သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးရဲ့ပွဲကို မင်္ဂလာရှိစွာ ကူညီလိုက်စမ်းပါရှင် . . . ကျုပ်တို့အားလုံးထဲမှာ ရှင်တစ်ယောက်ပဲလှတာ . . . ကျန်တာတွေက ပုံမလာ၊ ပါမလုံတွေ၊ ရှင်မှမကူရင် ဘယ်သူကကူမလဲ၊ ကဲ . . . ထိုင် . . . ထိုင်၊ မာမီ ဒီသူငယ်ချင်းကို အလှဆုံးလေးပြင်ပေးနော်"

"အိုကေ"

"ဟင်း. . . မိန်းမတွေ. . ဒင်းတို့က အကြံဉာဏ်နဲ့ ကျုပ်ကို ဟိုဟာဝတ်ပါ၊ ဒီလိုပြင်ပါ ညွှန်ကြားထားကြတာ" ရှုံသည် တဖျစ်တောက်တောက်ပြောရင်းကပင် မာမီ့





၏ ဖြယ်သမှုကို ငြိမ်ခံနေရလေသည်။ ခဏကြာတော့မှ တစ်စုံတစ်ခုကို သတိရလာကာ . . .

"ဪ . . . ဒါနဲ့ သတို့သားအရန်ကကော . . . ဘယ်သူလုပ်မှာလဲ"

"သင့်သွေးလုပ်မှာပေါ့"

"ဘာ"





www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . . ဟဲ ကိုယ့်လူက တိုက်ပုံနဲ့ ဘာနဲ့ဆိုတော့လည်း ကြည့်လို့ကောင်းသား။ ကဲ . . . လာ . . . လာ . . . ထ . . . သွားမယ်"

"ဘယ်ကိုလဲကွ၊ ငါဘာသာ ဒီမှာပဲ ထိုင်ပါရစေ"

"မြင်ကွင်းကောင်းတဲ့နေရာကို ရွေးထားတာ မဟုတ်လား၊ မမျှော်လင့်နဲ့တော့ သူငယ်ချင်း၊ သဒ္ဒါရုံက ဒီနေရာမှာ လာထိုင်တော့မှာ မဟုတ်ဘူး . . . သူရှိတဲ့နေရာကို သွားမှဖြစ်မယ်"

သင့်သွေးသည် ရုတ်တရက်ရင်ခုန်သွားကာ မိုးကြီးကို မျက်မှောင်ကြုတ်၍ ကြည့်သည်။ အသစ်စက်စက် သတို့သားကလေး၏မျက်နှာက စပ်ဖြီးဖြီးနိုင်လှသည်။





"မိုးကြီး ကိုယ့်သတို့သမီးဆီသွားရင် ကောင်းကောင်း သွားကွာ၊ ငါ့ကို လာရင်မနေစမ်းပါနဲ့ . . . တော်တော် နှောက်တဲ့ကောင်၊ ကျုပ်မှာ ဒီတိုက်ပုံကြီးထဲထားကားနဲ့ ဘယ်လောက် စိတ်ညစ်ရတယ်မှတ်လဲ . . . မင်းပဲ ဒီ တိုက်ပုံမှ ငါမဝတ်ရင် သေတော့မလိုဖြစ်နေသလို တက်လာ ရတာ . . . သိပ်ကြည်တယ် မမှတ်နဲ့"

"ဟဲ . . . ဟဲ . . . အေးပါကွာ ကဲ ထကွာ . . . သွားမယ်၊ ဟိုမှာ သတို့သမီးမျှော်နေပြီ"

မိုးကြီးက ပြောပြောဆိုဆို သင့်သွေးကို အားပါပါဆွဲယူ လိုက်လေသည်။ သင့်သွေးမှာ မိုးကြီးလက်ထဲ ကသိကအောက် ပါသွားသောအခါ မိုးကြီးသည် သင့်သွေးနားနားကပ်ကာ . . .

"ဟေ့ကောင် ကူညီစမ်းပါကွာ၊ သတို့သားအရန် လုပ်ပေးကွာ. . . နော်"

"ဟာ ဟေ့ကောင် အမိပ္ပာယ်မရှိတာ. . . ဖယ်ဖယ် ငါ့လက်ကို လွှတ်စမ်းပါ . . . အတင်းကြီး မလုပ်စမ်းပါနဲ့"

"ဘာမှန်းမသိဘဲ ငွတ်မငြင်းနဲ့နော် . . . ပြီးမှ နောင်တရမယ်၊ သတို့သမီးအရန်က သဒ္ဒါရုံလေကွာ . . . ကဲ မင်း . . . မငြင်းချင်တော့ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် တွေဝေငြိမ်သက်သွားခဲ့လေသည်။ အဲဒီနောက်မှာတော့ မိုးကြီးသည် သင့်သွေးကို သတို့သားအရန်အဖြစ် သဒ္ဒါရှိနှင့်အတူ ပွဲထုတ်ရန် ကြိုးစားတော့သည်။ အဲဒီအချိန်မှာ သူ့ရင်တွေတထိတ်ထိတ်ခုန်နေခဲ့သည်မှာ ရည်းစားထားခါစ လူပျိုပေါက်ကလေးအတိုင်း ...။

သူမကိုကြည့်ရတာတော့ ကြည်ဖြူပုံမရပေ ... သူမတို့ အလှပြင်နေရာအခန်းရဲ့ရှေ့မှ သူဖြတ်လျှောက်မိချိန်တွင် ..

"ရှင်တို့ လုံးဝမကောင်းဘူးသိလား ... ဒါ ကျုပ်ကို အငိုက်ဖမ်းတာပဲ ... ကျုပ် သူ့ကိုမုန်းနေတာလည်း ရှင်တို့ အသိပဲ"

"ရုံရယ် ... ရှင် ကျုပ်တို့ကို မကူညီနိုင်ဘူးလားဟင်။ ခုချိန်မှာ ရှင်မှမကူညီရင် ကျုပ်တို့ပွဲမှာ သတို့သမီးအရံ မပါဘဲ ထွက်ရတော့မှာ"

သူမ ခါးခါးသီးသီး ငြင်းဆန်နေတာကိုသိလျှင် သူ့ရင်ထဲ နင့်နာကျင်သွားခဲ့သည်။

နောက်ဆုံးမှာတော့ အားလုံး၏ဝိုင်းဝန်းနားချမှုကြောင့် သည် မျက်နှာညိုညိုနှင့်ပင် သတို့သမီးအရန်လုပ်ရလေသည်။

အခါတော်ပေး သီချင်းသံကြားလျှင် သင့်သွေးမှာ မိုးကြီး





တို့ပွဲကို သူ့ပွဲအဖြစ် ထင်ယောင်မြင်ယောင် ဖြစ်လာသည်။ တကယ်တမ်း သူမနှင့် သူရဲ့ပွဲသာ ဖြစ်လိုက်ပါတော့ ...

သူမကတော့ သူ့ကိုကြည့်လည်းမကြည့် ... စကားလည်းမပြော ... သို့သော် ... သူ့နံဘေးမှာ သူမရှိနေသည့်အတွက် သူကျေနပ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ရုံ့ မကျေနပ်ပေ။

ကြည့်ပါဦး . . . ရုံက ရုံအမုန်းဆုံး ယောက်ျားနှင့်မှ တူယှဉ်တွဲပြီး ပွဲလယ်တင့်နေရပါသတဲ့ . . . ဘယ်လောက် စိတ်ကုန်ဖွယ်ကောင်းတဲ့အဖြစ်သနစ်ကြီးပါလိမ့် . . . သင့်သွေးနှင့်အတူ ဒီလိုနေရာမျိုးမှာ ကြုံဆုံရလိမ့်မယ်လို့ ရုံဘယ်တုန်းကမှ တွေးမကြည့်ခဲ့မိဖူးပါ။

"ကျေးဇူးပြုပြီး ရှင့်မျက်နှာကြောကြီးကို နည်းနည်းလောက် လျှော့ပေးပါနော်"

"ကဲ . . . လျှော့တယ် . . . လျှော့တယ် . . . သရဲမနဲ့ သရဲထီးကြီးရဲ့"

ရုံသည် ဆောင့်ကြီးအောင့်ကြီးပြောရင်းကပင် သင့်သွေးထံ တစ်ချက်စွေကြည့်မိလေသည်။ အံမယ် ဒင်းက တိုက်ပုံ





တကားကားနှင့် ခုမှလူကြီးလုကောင်း စတိုင်လ်ဖမ်းနေသည်။

ရုံသည် . . . သင့်သွေးနှင့်အတူ . . . တစ်လှမ်းချင်း လှမ်းရင်းနေစဉ်ခိုက်တွင် မင်္ဂလာအခါပေးသီချင်းသံက ကြည်နူးဖွယ်ပျံ့လွင့်နေခဲ့ပါသည်။

ရုံ့စိတ်တွေသည် အဲဒီအခိုက်မှာပဲ ဝမ်းနည်းသွတ်ပျံ့လို့ လာခဲ့သည်။ ရုံ့ဘဝကတော့ နှောင်းလိုမဟုတ်ခဲ့၊ ယောက်ျားတစ်ယောက်ရဲ့ တန်ဖိုးထားမှုကို မရရှိခဲ့ . . . ရုံလှည့်စားခံရတာက တစ်ဘဝစာဖြစ်သည်။ ရုံ့နှလုံးအိမ်ဆီက အမာရွတ် တစ်ခုဟာ ဘယ်တော့များမှ အသားသေမှာပါလိမ့်။

ရုံ့မျက်ဝန်းအိမ်တွေထဲ မျက်ရည်လည်လာကာ ညှို့ပရိသတ်များသည် အာရုံတွင် ဝေးဝါးလာခဲ့ပါသည်။

လှပသော မျက်ဝန်းတစ်စုံထံတွင် ရစ်ဖွဲ့လာသော မျက်ရည်ကြည်များသည် သင့်သွေးကို အလွန်လျင်မြန်စွာ ဖမ်းစားနိုင်လေသည်။

သူမရဲ့နှုတ်ခမ်းအစုံကတော့ တင်းတင်းစေ့ကာ မာနရဲ့ အရောင်အဝါတွေ လျှံထွက်နေသလားထင်ရသည်။ မျက်ဝန်းတွေကတော့ ကြေကွဲနေခဲ့သည်။

သူမနည်းတူ သူ့စိတ်တွင်လည်း မှိုင်းပျနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမပျော်နိုင်ပါ။ သို့သော် . . . သူမကို သူကစပြီး စကားဆိုရမှာကို တွန့်ဆုတ်နေသေးသည်။

သူတို့နှစ်ဦးသည် စိတ်ချင်းစကားများစွာပြောခဲ့မိတာသေချာသည်။ နောက်ဆုံးမှာတော့ ဆိတ်ငြိမ်စွာပင် လှပသော မင်္ဂလာပွဲတစ်ခုပြီးဆုံးသည်အထိ ဝမ်းနည်းနာကျင်စွာ ဖြတ်သန်းခဲ့လေသည်။

"ရှင်တို့ကို သတို့သား သတို့သမီး အရန်လုပ်ခိုင်းခဲ့မိတာ၊ သိပ်မှားတာပဲ သိလား"

"ဘာဖြစ်လို့တုံး"

"ရှင်တို့က သိပ်လှနေတော့ လူတွေက ရှင်တို့ပဲကြည့်နေတော့တာပေါ့"

ရယ်မောသံ . . . စနောက်သံများမှာ ဆူညံလှုပ်ရှားနေခဲ့သည်။ သူတို့နှစ်ဦးကတော့ ခပ်ယဲ့ယဲ့ပြုံးရုံမျှသာ . . .

"ကျုပ်တို့က အိမ်တန်းပြန်မှာနော် . . . ရှင်တို့ အပြန်မိုးချုပ်နေမယ် . . . မိဒီတို့ကားကလည်း လူကျပ်နေပြီ၊ သင့်သွေးရေ . . . ရုံကို ရှင့်ကားနဲ့ပဲ ထည့်လိုက်ရတော့မှာ . . . ကျုပ်အပ်လိုက်တယ်နော် . . . သေသေချာချာ စောင့်ရှောက်သွား"





မိုးကြီးနဲ့နှောင်းရဲ့ ဖန်းတီးမှုကို ရုံ ရိပ်မိသွားခဲ့လေသည်။ ရုံသည် ခါးခါးသီးသီးဖြင့် ငြင်းမည်ပြင်ဆဲ . . .

"မင်္ဂလာဆောင်ရတာ ပျော်စရာတော့ကောင်းပါရဲ့ . . . ဒါပေမယ့် ပင်ပန်းတယ်ရှင် . . . ခေါင်းထဲငြီးစီစီနဲ့ နားချင်လှပြီ . . . ကိုရေ . . . သွားကြရအောင် . . . မာမီတို့ရော ရှေ့ကားထဲမှာထင်တယ်"

မိနှောင်းသည်တတွတ်တွတ်ပြောရင်း ရုံနံဘေးမှ ခပ်မြန်မြန် ထွက်သွားသည်။ တားချိန်မရလိုက်၊ တခြားကားများမှာလည်း ဆူညံစွာနှုတ်ဆက်လက်ပြ ထွက်ခွာသွားခဲ့သည်။ နောက်ဆုံး ကျန်ခဲ့သည်မှာ ကားတစ်စီးနှင့် ရုံတို့နှစ်ယောက်ဖြစ်သည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ကားပေါ်တက်ပါ သဒ္ဓါရုံ . . . ကျွန်တော်လိုက်ပို့ပေးပါရစေ . . . အိမ်ခြံဝင်းရှေ့အထိပဲ ဖြစ်ဖြစ်ပေါ့"

"မလိုအပ်ပါဘူး၊ ကျွန်မဘာသာ ပြန်မယ်"

ရုံသည် ကြွေရောင်ဂါဝန်ရှည်ကြီးလွင့်ခနဲ ဝဲသွားသည်အထိ သင့်သွေးရှေ့မှ အပြေးတစ်ပိုင်း ထွက်ခွာသွားခဲ့လေသည်။

ကတ္တရာလမ်းမသည် နက်မှောင်နေခဲ့ပြီး ထိုလမ်းပေါ်မှာပေါ့ ကြွေရောင်ဖြူလွလွဖြင့် လှချင်တိုင်းလှနေခဲ့သော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးသည် ဂါဝန်တလွင့်လွင့်ဖြင့် ကသုတ်ကရက်လျှောက်လျက်ရှိသည်။ သူမ ပလက်ဖောင်းပေါ်သို့ လှမ်းတက်သွားချိန်တွင် သင့်သွေးရဲ့ကားလေးသည် သူမနံဘေးမှ ဘီးလိမ့်ရုံရွေ့လျားလျက်ရှိသည်။

ဧပြီလရဲ့ ညနေခင်းသည် ဒဏ္ဍာရီဆန်စွာလှပနေခဲ့သည်။

လေပြည်သည် ဝှေ့ဝှေ့ကလေးတိုက်ခတ်နေဆဲ . . . ရုံသည် အနီရဲရဲ နှင်းဆီပန်းစည်းကို ဆုပ်ကိုင်လျက်နှင့်ပင် . . . သင့်သွေးကို ဥပေက္ခာပြုကာ လျှောက်လှမ်းနေဆဲဖြစ်သည်။ သင့်သွေးကတော့ . . . သူမကို ကြေကွဲစွာလှမ်းကြည့်ရင်း ကားလေးကို တရွေ့ရွေ့ မောင်းနှင်နေသည်။ သူတို့နှစ်ဦးသည် ပတ်ဝန်းကျင်ကိုလည်း မေ့လျော့ခဲ့သည်။ ဝေးကွာခြင်းကတော့ သူတို့နှစ်ဦးကြားမှာ တည်ရှိနေဆဲ . . . ဘယ်တော့များမှ ကုန်ဆုံး ပျက်ပြယ်မည်မသိပေ။







နောက်တစ်နေ့တွင် ရုံ့ထံသို့ နီရဲရဲ ဟော်လန်သစ္စာပန်းတစ်စည်း ရောက်ရှိလာခဲ့သည်။ ပလတ်စတစ်အကြည်လေးဖြင့် ထုပ်ကာ ဖဲကြိုးအနီလေးစည်းထားသော ထိုပန်းစည်းကလေးကို ရော်ကီက ကိုက်ချီလာခဲ့ခြင်းဖြစ်သည်။

နောက်နေ့များတွင်လည်း ရော်ကီက ရုံ့ထံသို့ ပန်းစည်းများ ယူဆောင်ပေးခဲ့လေသည်။

ရက်ပေါင်းများစွာကြာလျှင် ရုံ့အခန်းထဲတွင် ရုံပစ်ထားသော ပန်းစည်းများ တောင်ပုံယာပုံဖြစ်လာခဲ့သည်။ တချို့က ပွင့်လျက်၊ တချို့က ကြွေလျက်၊ တချို့က ညှိုးခြောက်လျက် . . . တချို့ကတော့ လန်းဆန်းနေဆဲဖြစ်သည်။

ထိုပန်းစည်းများကို နေ့စဉ်ရက်ဆက် လက်ခံရရှိသည်မှာ ၂၀၀၀ ခုနှစ် ဒီဇင်ဘာ (၃၁)ရက်နေ့ အထိ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၀၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ...





၂၀၀၀ ခုနှစ်ရဲ့ ဒီဇင်ဘာသည် ရှုံ့အတွက်တော့ ဝမ်းနည်း အားငယ်ဖွယ်ရာတွေကိုသာ ဆောင်ကြဉ်းပေးခဲ့ပါသည်။

ထိုတစ်လလုံး စိတ်ကျဉ်းကျပ်ခဲ့ရသည်မှာ နှစ်သစ်ကူးည အထိဖြစ်လေသည်။ မေမေ့ရဲ့ တိုက်တွန်းနှားချမှုတွေဟာ ဘာကြောင့်များ အမှတ်ရဖွယ် ဒီဇင်ဘာကျမှ ပေါ်ပေါက်လာခဲ့ရပါလိမ့်။

"သမီးရဲ့ ဆုံးဖြတ်ချက်တစ်ခုကိုတော့ ချဖို့သင့်ပြီနော်၊ ဖရက်ရဲ့မိဘတွေကလည်း မေမေ့ကိုနားပူလှပြီ၊ ဖရက်မှာ ဘာအပြစ်ဆိုစရာရှိလို့လဲ . . . အားလုံးပြည့်စုံတဲ့ အချက်အပြင် သမီးကိုလည်း ပျာပျာသလဲ ချစ်မြတ်နိုးသေးတယ် . . . သမီး သည်းညည်းကိုလည်း ခံရသေးတယ်၊ ဖရက်ကလူကောင်းပဲကွယ် . . . သမီး သူ့ကို လက်ထပ်သင့်တယ် . . . သမီးကိုယ်တိုင်ကြည်ဖြူနိုင်လို့ပဲ တွဲနေခဲ့တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မေမေအတွက်မှားလေသည်။ ရုံရဲ့ ခံစားချက်အမှန်ကို မေမေမသိခဲ့ . . . အစားထိုးလို့ရမည်အထင်နှင့် အခွဲတိုက်ကာတွဲခဲ့မိသော ရုံရဲ့မှားယွင်းမှုတွေအတွက် ဒီလောက်ထိ ပေးဆပ်ရလိမ့်မည်ဟု မထင်ခဲ့မိပါ။

ရုံသည် မေမေနားချသည့်အခါတိုင်း ဆိတ်ဆိတ်သာနေခဲ့သည်။ ထိုအခါ မေမေကနားလည်မှု လွဲမှားစွာ ရုံနဲ့ဖရက်ကို စေ့စပ်ကြောင်းလမ်းပေးရန် စီစဉ်တော့သည်။

"ရုံရေ . . . ဖရက်မိဘတွေ ကမ်းလှမ်းတာကို မေမေ လက်ခံလိုက်ပြီကွယ့် . . . သူတို့အားလုံးစီစဉ်နေကြပြီ . . . ဇန်နဝါရီတစ်ရက်နေ့မှာ စေ့စပ်ပွဲလုပ်ကြမယ်"

ရုံကြောက်သော ကံကြမ္မာတစ်ခုသည် ရုံ့ထံသို့ ဦးတည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ရုံ ဖရက်ဒ်ကို လက်ထပ်လိုက်လျှင် ရုံနှင့်သူ ပြန်မဆုံနိုင်အောင် ဝေးရတော့မည်။ ရုံ သူ့ကို အပြီးခွဲနိုင်သလား . . . တကယ်မုန်းနေခဲ့တာ သေချာရဲ့လား၊ ရုံ မဝေခွဲတတ်ပေ၊ ရုံ့ရဲ့ပြတ်သားမှုတစ်ခုတည်းသာ ဒီပုစ္ဆာရဲ့ အဖြေဖြစ်ပါသည်။ ရုံ့ရဲ့ဆုံးဖြတ်ချက်သည် အရေးပါဆုံးဖြစ်သည်။

ဒီဇင်ဘာ ၃၁ ရက်နေ့ ညနေခင်းတွင် ရုံသည်ခြံတွင်းမှ စိန်ပန်းပင်ပျိုကလေးအောက်တွင် ငိုင်တွေစွာ ထိုင်နေဆဲ ပန်း





စည်းကလေးကို ကိုက်ချီလာသော ရော်ကီသည် ရုံ့ထံသို့ ပြေးလာခဲ့သည်။

"ရော်ကီရေ . . . မင်း သခင်ကို ပြောလိုက်စမ်းပါကွယ် . . . ငါတို့ ဇာတ်လမ်းကို ဒီနေ့ပဲ အဆုံးသတ်လိုက်ကြရအောင်လို့"

ရုံက အရူးတစ်ယောက်လို တတွတ်တွတ်ရေရွတ်ရင်း . . ပန်းစည်းနှင့် ရော်ကီကို ရောနှော၍ပွေ့ပိုက်ယားလိုက်သည်။

ညနေခင်းသည် တစ်စတစ်စ မှုန်မှိုင်းဝါးလာကာ နှင်းမှုန်များ ကျဆင်းစပြုလေသည်။

ဒီဇင်ဘာ ၃၁ ရက်နေ့ကို ရုံအထူးတလည်အမှတ်ရနေခဲ့တာဖြစ်ပါသည်။ ပြီးတော့ ရော်ကီလည်ပင်းတွင် စာ တစ်စွန်းတစ်စ ပါလိုပါငြား ရှာဖွေမိတာကိုလည်း ဝန်ခံရလိမ့်မည်။

ထိုနေ့ညဦးပိုင်းတွင် မိဒီတို့က ရုံ့ထံသို့ မနားတမ်းတယ်လီဖုန်းခေါ်ခဲ့ကာ . . .

"ဟိတ် . . . မိရုံ . . . မငြင်းနဲ့ကွာ၊ ရှင် လိုက်ကိုလိုက်ရမယ် . . . အစဉ်အလာကို ငြင်းပယ်ဖို့ မကြိုးစားနဲ့၊ နှစ်သစ်ကူးညဆို တို့တွေဒီလိုပဲပျော်နေကျပဲ . . . အိမ်ထောင်သည် နှောင်းတောင်လိုက်မှာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ကျုပ် စိတ်မပါဘူး မိဒီ . . . မလိုက်ပါရစေနဲ့"

"အို . . . ဒီလိုငြင်းရုံနဲ့ ရမယ်ထင်သလား၊ ကျုပ်တို့က လူစုလူဝေးနဲ့ ရှင်တို့အိမ်ရှေ့မှာ ကားဟွန်းသံပြိုင်တီးပြီး လာဆန္ဒပြမှာ"

"ကျုပ် ဒီညကို မုန်းတယ်"

"အမုန်းဆိုတာ အမှတ်ရခြင်းတစ်မျိုးပဲ၊ ရှင် သင့်သွေးကို အမြဲသတိရနေတယ် မဟုတ်လား . . . ရှင်တို့ နှစ်ယောက်ကို ကျုပ်နားလည်ဖို့မနည်း ကြိုးစားနေရတယ် . . . ဘာအကြောင်းပြချက်မှ မရှိဘဲ အခြောက်တိုက် မုန်းနေလိုက်ကြတာ . . . မေးလို့စမ်းလို့လည်းမရ၊ ပြီးတော့ ပါးစပ်ကသာမုန်းတယ် . . . မုန်းတယ် တဖွဖွ ပြောပြီး မျက်လုံးတွေကျတော့ ကြွေကွဲနေလိုက်ကြတာ . . . နှောင်းတို့ မင်္ဂလာဆောင်တုန်းကဆို နှစ်ယောက်စလုံး ဆို့နင့်နေတဲ့ပုံနဲ့ . . . သိပ်သိသာတာပဲ၊ ဘာတွေလဲရှင် . . . ဘာအကြောင်းမှ မသိရတော့ ရှင်တို့နှစ်ယောက်ကို ဘယ်လိုနားချရမှန်းကို မသိတော့ဘူး"

"ရှင်တို့မသိတာတွေ အများကြီးရှိပါသေးတယ် မိဒီရယ်"





"အေး . . . ကျုပ်သိတာတစ်ခုတော့ရှိတယ် . . . အဲဒါကတော့ ရှင်တို့နှစ်ယောက် သိပ်ချစ်ခဲ့ကြတယ်ဆိုတာပဲ"

မိဒီစကားက ရုံ့အရှိုက်ကို ထိလေသည်။ ရုံသည် ရင်ထဲဆို့နင့်ကာ ရုတ်တရက်စကားမပြန်နိုင်ပေ။

"ဟော့ မိရုံ . . . ရင်ကို ထိမှန်စေသောစကားတွေကို နားမခံနိုင်တော့ဘူ ထင်တယ် . . . ငြိမ်သွားလိုက်တာ . . . သက်သက်ရေ ရှင့်သူငယ်မ မူးမေ့သွားပြီလား မသိဘူး . . . လာပြောပါဦး၊ ဟဲ့နှောင်း တားသွားထုတ်ဟာ . . . သူ့အိမ်ကို သွားရအောင် . . . မလိုက်ဘူးငြင်းရင် အတင်းပွေ့ချီခေါ်မယ် . . . လာကြ လူစုသွားကြရအောင် . . . မှောင်တောင်မှောင်နေပြီ . . . ဒီအချိန်လောက် သွားရင်အတော်ပဲ"

တစ်ဖက်မှအသံများက ဆူညံလာခဲ့သည်။ သက်သက်မေရီ၊ နှောင်းတို့အသံတွေကို ကျွတ်စိကျွတ်စိကြားနေရသည်။ ရုံသည် . . . သက်ပြင်းတစ်ချက်ချကာ . . .

"ကျေးဇူးပြုပြီး ကိုယ့်ကို မနှောင့်ယှက်ပါနဲ့ . . . ကျုပ်တောင်းပန်ပါတယ် . . . နှစ်သစ်ကူးညကို . . . ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ရင်မဆိုင်ချင်ဘူး"

"ကောင်းပြီလေ . . . ရှင့်သဘောပါပဲ၊ နှောင့်ယှက်တယ် ထင်ရင်လည်း ကျုပ်တို့လာမခေါ်တော့ပါဘူး"

ရှုံသည်နှမ်းလျစွာ . . . အိပ်ရာထက်တွင် လဲလျောင်းလိုက်မိပါသည်။ ရွှေလျားနေသော နာရီလက်တံများနှင့်အတူ ရုံ့ရင်ခုန်သံတွေမြန်ဆန်လာ ၂၀၀၁ ခုနှစ်ကို ရင်ဆိုင်ရန် ကြောက်ရွံ့နေမိလေသည်။







ညဥ့်နက်လာသည်နှင့်အမျှ အအေးပိုလာကာ နှင်းမှုန်များ သိပ်သည်းလာခဲ့သည်။ သင့်သွေးရဲ့ ဆိုင်ကယ်သည် နှင်းမှုန်များကို အရှိန်ပြင်းပြင်းထိုးခွင်းဝင်ရောက်နေသည်။

သူ့မျက်နှာမှာ အေးစက်နေခဲ့ပြီး ဆံပင်များမှာ စိုစွတ်လျက် နဖူးပြင်ပေါ် အချောင်းလိုက် စင်းကျနေသည်။

ဒီအမှတ်တရ ညကို သူတစ်ယောက်တည်း တိတ်ဆိတ်စွာ ကျော်ဖြတ်ရန် အင်းလျားကန်ပေါင်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သူမကိုတော့ သူ . . . မမျှော်လင့်ရဲပါ။ သူမရဲ့ အမုန်းတွေကို သူသေသည်အထိ လက်ခံရရှိနေရတော့မည်။

သူက ကားတန်းတွေကို ဖြတ်သန်းကာ ဆိုင်ကယ်ကို ရပ်ထားခဲ့ပြီး ကန်ပေါင်ပေါ်သို့ တရွေ့ရွေ့တက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီညချမ်းတွင် သူမကို အပြင်းအထန်လွမ်းဆွတ်တောင့်တရင်း ကုန်ဆုံးရတော့မည် ဖြစ်သည်။ ကမ်းစပ်တစ်နေရာတွင် ထိုင်ချကာ ညရိပ်အောက်က ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်စဉ် အခိုက်မှာ သူ့ရင်ထဲ အပျော်ဆိုတာမရှိ။

သူ့လက်ထဲမှာတော့ ဂစ်တာတစ်လုံးပါလာခဲ့သည်။ အများတကာ ပျော်ရွှင်နေချိန်တွင် ဆိုင်ကယ်တစ်စီး ဂစ်တာတစ်လုံးကို အဖော်ပြုကာ တိတ်ဆိတ်စွာ ရောက်ရှိလာခဲ့သောသူ့ကို အင်းလျားက လျစ်လျူရှုနေမည်လား။

သူက . . . ဂစ်တာကြိုးတွေကို ခပ်ဖွဖွထိတွေ့မိသည်။ . . . ထိုအခိုက်မှာပဲ သူ့ရင်ကို ရိုက်ခတ်ခဲ့သော သီချင်းတစ်ပုဒ်ကို နာကျင်စွာဆိုညည်းမိသေးသည်။

"မင်းလေးနဲ့ဝေးပြီးနောက် . . . အမြဲတွေ့ခဲ့ကြနေ့ရက်တွေ ဒီလိုအချိန်တွေရောက်တိုင်း မင်းကို မျှော်နေမိမြဲ မိန်းကလေးရေ . . . မရှိမှန်းလည်းသိလျက်နဲ့များ တွေ့များ တွေ့မလားအတွေးနဲ့ရယ် . . . ဒီနေရာတွေရောက်တိုင်း မင်းကို ရှာဖွေခဲ့နေမိတော့တယ် . . . ကိုယ်တစ်ယောက်တည်းလေ . . . အဆင်မပြေတယ် ဒီနေရာနဲ့ ဒီအချိန်တွေရယ် သူနဲ့ဝေးနေစဉ်မှာ . . . ဘယ်လိုမှ





ရင်မဆိုင်နိုင်ထွက်ပြေး . . . အချစ်ဆုံးသူလေ . . . မရှိတော့ကွယ် . . .

မနေတတ်ဘူး ရူးတော့မယ် . . . လောင်စာအလွမ်းများနဲ့လူ . . . ပူလောင်နေပါပြီ . . . မနေတတ်ဘူး ရူးတော့မယ် . . . ဟေ . . . အတိတ်ရဲ့ ဒဏ်ရာ . . . လူ"

ကန်ပေါင်ရဲ့ တောင်ဘက်ဆီမှ လူစုစုကိုလှမ်းမြင်နေရသည်။ ကန်ပေါင်ပေါ်တွင် တစ်စတစ်စ လူများပြည့်လာသည်။

နှစ်သစ်ကူး ညသည် အတိတ်အလွမ်းများဖြင့် ပူလောင်နေသောလူတစ်ယောက်ကို ပိုက်ပွေ့ကာ တရွေ့ရွေ့ကုန်ဆုံးလျက်ရှိလေသည်။





www.burmeseclassic.com

www.burmeseclassic.com



ညှိုးခြောက်နေသော ဟော်လန်သစ္စာပန်းစည်းများကြားတွင် မျက်နှာအပ်ကာ ငြိမ်သက်နေသော မိန်းမငယ်လေးတစ်ဦးသည် လွန်ခဲ့သောနှစ်နှစ်တာကာလ နှစ်သစ်ကူးညကို အပြင်းအထန် တောင့်တရင်း ကြေကွဲနေသည်။ ဟင့်အင်း . . . ဒီလိုညမျိုးတွေ ဘယ်တော့မှ မဆုံးပါစေနဲ့ . . . ။

သူမက ဖိုန်းပလပ်ကိုဖြုတ်ကာ ဟက်ပီးနယူးရီးယားစ်ဟူသောအသံတွေကို ကာကွယ်ထားခဲ့သည်။ မေမေပေးထားသော ဟက်ပီးနယူးရီးယားစ် လက်ဆောင်ဝက်ဝံရုပ်ကြီးသည် ထားရစ်ခဲ့သောနေရာမှာပင် ရှိနေသည်။ ရှုံ လုံးဝ မတို့ရ၊ မထိရသေးပါ။





အင်း . . . ရှုံ လိုချင်တာ ဘာလက်ဆောင်များပါလိမ့်ကွယ်။ အိုး . . . မတွေးနဲ့ ရှုံသည် ရှက်ရွံ့သွားကာ ထိုအတွေးကို ဖျောက်ဖျက်ဖို့ ကြိုးစားရသည်။ ရှုံပါးပြင်ကလေးသည် ချက်ချင်းပင် ပူနွေးရှိန်းမြလာသည်။ ရှုံသိပ်ရှက်တာပဲကွယ် . . . သို့သော် ရှုံသည် ရှက်စရာကောင်းသော လက်ဆောင်တစ်ခုကိုပဲ ပြင်းပြင်းပြပြ တမ်းတနေမိတာ သေချာပါသည်။

ရှုံသည် အသက်ရှူကျပ်လာကာ ပြတင်းပေါက်ကို မြန်မြန်တွန်းဖွင့်လိုက်တော့ "ဝူ . . . အူ . . . အူ" ဆိုသည့် ရော်ကီ အသံကိုကြားလိုက်ရသည်။ ရော်ကီက ပြတင်းပေါက်အောက်ခြေ မြေပြင်မှာ ငုတ်တုတ်ကလေးထိုင်လျက် ရှုံကို မော့ကြည့်နေသည်။

ရှုံသည် . . . ချက်ချင်းပင် သတ္တိရှိလာကာ ပြတင်းပေါက်ကိုကျော်၍ မြေပြင်ပေါ် ခုန်ချလိုက်သည်။ ရှုံ ကားဂိုဒေါင်ဆီလျှောက်သွားတော့ ရော်ကီက နောက်မှလိုက်လာသည်။

ရှုံက ရော်ကီကို ပွေ့ချီကာ ကားပေါ် တင်လိုက်ပါသည်။ ပြီးတော့ ကားကို မြဝအထိ ကြိုးစားပမ်းစား တွန်းထုတ်ခဲ့သည်။ ရော်ကီက သိတတ်သလိုနှင့် ငြိမ်ငြိမ်သက်သက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံ့ ကားကလေးက အင်းလျားဆီသို့ ဦးတည်နေသည်။

တစ်ယောက်တည်းပင်ဖြစ်ပစေ . . . ရုံ့အတွက် လှပနေသောအမှတ်တရဖြစ်စေခဲ့သော နှစ်သစ်ကူးညကို အင်းလျားထဲတွင် အပ်နှံရင်း ကုန်ဆုံးစေရလိမ့်မည်။







ညို့ချက်ပြင်းသော ချစ်ခြင်း၏ခြေရင်း၌ . . . . .



www.burmeseclassic.com

www.burmeseclassic.com



သူမှတ်မိနေသော ရော်ကီ့အသံ တဝုဝုကို ခပ်သဲ့သဲ့ ကြားမိသလိုထင်ရ၏။ သင့်သွေးသည် မြက်ခင်းပေါ် ပက်လက်လဲလျောင်းကာ ကောင်းကင်ပေါ်သို့ မော့ကြည့်နေရာမှ ရုတ်တရက် ခေါင်းထောင်နားစွင့်မိ၏။ နာရီကို ငုံ့ကြည့်မိတော့ ဆယ့်နှစ်နာရီထိုးရန် တစ်မိနစ်သာလိုတော့သည်။

တဖြည်းဖြည်းနှင့် အသံသဲ့သဲ့သည် ထင်ရှားလာ၏။ သူ ဆတ်ခနဲ ထဆိုင်မိသောအခါ . . . လူစုစုကြားတွင် တရွရွ ပြေးလာနေသော ရော်ကီ့ကို တွေ့ရလေသည်။ ရော်ကီ့နောက်တွင် တရွေ့ရွေ့လျှောက်လာနေသော မိန်းကလေးမှာ . . .

"ဟာ"

သူမတ်တတ်ထရပ်လိုက်ချိန်တွင် . . . သူ့နှလုံးသားတွေ ပေါက်ကွဲလွင့်စဉ်သွားသလား ထင်ရပါသည်။ သူ . . .





မမျှော်လင့်ခဲ့၊ ဒီလိုညမျိုးမှာ ဆုံစည်းခွင့်ရလိမ့်မည်ဟု မမျှော်လင့်ခဲ့မိပါ။

သူမသည် . . . သူ့ထံသို့ တရွေ့ရွေ့နီးကပ်လာသည်။ သူက ဂစ်တာကလေးလဲလျောင်းနေရာဆီမှ တဖြည်းဖြည်း ဖယ်ခွာကာ သူမထံ သတိမဲ့စွာလျှောက်သွားမိသည်။ သူတို့နှစ်ဦး တရွေ့ရွေ့နီးကပ်လာချိန်တွင် ဆယ်နှစ်နာရီထိုးရန် စက္ကန့်အနည်းငယ်သာ လိုတော့သည်။

မဒီ၊ နွှေခွင်း၊ သက်၊ မေရီ၊ မိုးကြိုးတို့အုပ်စုသည် ကန်ပေါင်ပေါ် တစ်ယောက်တည်း တက်သွားသောသဒ္ဒါရုံနောက်သို့ အံ့သြစွာနောက်ယောင်ခံလိုက်လာရင်း . . . သင့်သွေးကို လှမ်းတွေ့ရစဉ် တခိခိနှင့် အူမြူးသွားခဲ့သည်။

ခုချိန်မှာတော့ တစ်စုံတစ်ရာ၏ တွန်းအားဖြင့် သူတို့နှစ်ဦး နောက်ဆုတ်လှည့်ပြန်ရန် သတိမရကြတော့ပါ။ မရေရာခြင်း၊ တွေဝေခြင်းများလည်း '၂၀၀၀' ခုနှစ်၏ နောက်ဆုံးစက္ကန့်များနှင့်အတူ ချုပ်ငြိမ်းသွားခဲ့ပြီ ဖြစ်သည်။

တစ်ဦးထံမှ တစ်ဦး မျက်ဝန်းလွှဲဖယ်ဖို့ စိတ်မကူးမိကြ . . . တဝုဝုနှင့်အော်ကာ ပြေးလွှားခုန်ပေါက်နေသော ရော်ကီ့ကို သတိမရ၊ မိဒီတို့ လူစုကိုလည်း မမြင်မိကြ။



www.burmeseclassic.com

www.burmeseclassic.com



"ဝေ . . . ဟေး . . . ဟေး"

"Happy New Year"

"Happy Love Year"

"သင့်သွေးနဲ့ သဒ္ဒါရုံရဲ့ Happy Love Year"

ဆယ့်နှစ်နာရီထိုးသည်နှင့် အော်ဟစ်သံများတစ်ခဲနက် ထွက်ပေါ်လာခဲ့သည်။ မီးဒီတို့ အုပ်စုရဲ့အသံက အားလုံးရဲ့အသံတွေကို ဖောက်ထွက်ပျံ့လွင့်လာသည်။

"ယုန်ကလေး"

သင့်သွေးက ခပ်ဖွဖွခေါ်ကာ . . . သူမ ပခုံးလေးကို ပွေ့၍ ပါးပြင်ကို ဖွဖွနမ်းလိုက်ရင်း . . .

"Happy Love Year အတွက် ကိုယ့်ရဲ့လက်ဆောင်နော်"

ဟု ပြောခဲ့တော့ ရုံ က သူ့ရင်ခွင်တွင် မျက်နှာအပ်ကာ တိတ်ဆိတ်စွာပြုံးလေသည်။





တကယ်တော့ . . . မထင်မှတ်ဘဲ ချုပ်ငြိမ်းသွားခဲ့သော ရုံတို့ရဲ့ အမုန်းစစ်ပွဲတွင် ရုံသည် မောင့်ထံတွင် ကျဆုံးခဲ့သည် လည်းမဟုတ် . . . မောင်သည် ရုံ့ထံတွင် ကျဆုံးခဲ့ခြင်းလည်း မဟုတ် . . ရုံတို့နှစ်ဦးသည် အင်မတန်ညို့အားပြင်းစွာ ဆွဲဆောင်တတ်သောချစ်ခြင်း၏ခြေရင်း၌သာ ကျဆုံးခဲ့ကြခြင်း ဖြစ်ပါသည် . . . ။

**ပူညခင်**





www.burmeseclassic.com